www.burmeseclassic.com

# မမသဒ္ဒါမောင်

မောင့်လက်ဖဝါးပေါ်က ကျွန်မနှလုံးသား



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မမသဒ္ဒါမောင်

## မောင့်လက်ပဝါးပေါ်က..

# ကျွန်မနှလုံးသား

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၂၈၈၁၃၁၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၇၃၀၀၆၁၀

ပုံနှိပ်ထုတ်ဝေခြင်း - ပထမအကြိမ်၊
၂၀၁၁၊ ဇန်နဝါရီ။

ထုတ်ဝေသူ - ဦးအေးလွင် (၀၄၁၅၂)
ရွှေဥစာပေတိုက်
တိုက် ၄၊ အခန်း ၁၀၊
ပြည်တော်သစ်ရိပ်သာ၊
ပုဇွန်တောင်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ - ဦးအေးလွင် (၀၈၂၁၀)
ရွှေပဒေသာအော့ဖ်ဆက်
အမှတ်၃၁/၃၃၊ ၅၃လမ်း
ဗိုလ်တထောင်မြို့နယ်၊

မျက်နှာဖုံးစာတ်ပုံနှင့်ဒီဇိုင်း - ယု၀

ဖြန့်ချေး - ၁၅၀၀ ကျပ်

အုပ်ရေ - ၅၀၀ အုပ်

၈၉၅. ၈၃
မမသဒ္ဒါမောင်
မောင့်လက်ဖဝါးပေါ်က ကျွန်မနှလုံးသား / မမသဒ္ဒါမောင်။
- ရန်ကုန်၊
ရွှေဥစာပေ၊ ၂၀၁၀။
၃၂၃ - စာ ၊ ၁၂ × ၁၈ စင်တီ။
(၁) မောင့်လက်ဖဝါးပေါ်က ကျွန်မနှလုံးသား




ဘဝဆိုတာ 'လမ်း' တဲ့။ သူရွေးချယ်ဖို့ ချပြလိုက်တဲ့လမ်းနှစ်သွယ်ရဲ့အဆုံးမှာ ရယ်ကြည့် တွေဝေနေခဲ့မိပါတယ်။ တစ်လမ်းက ချစ်သူကိုစွန့်လွှတ်ဖို့၊ နောက်တစ်လမ်းက ရှေ့ရေးအတွက် အနာဂတ်တိုက်ပွဲကိုဝင်ဖို့။ တကယ်ဆို ကိုယ့်ချစ်သူလက်ကိုတွဲပြီး ဘဝကိုရင်ဆိုင်ခွင့်ရရင် အကောင်းဆုံးမဟုတ်လား။ တကယ့်လက်တွေ့မှာ ဒီလိုအခွင့်အရေးမျိုးကို သူ့မရရှိပါလေခဲ့။ ချစ်သူကိုစွန့်လွှတ်ဖို့ စကားပြောရတဲ့အချိန်မှာ သူ့ကမ္ဘာကြီးတစ်ခုလုံး အမှောင်ကျခဲ့တာကို သူကိုယ်တိုင်ပဲ သိခဲ့ရတာပါလေ။

မင်းသူရမောင်

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



အချစ်ဆိုတာ ဘဝရဲ့အစိတ်အပိုင်းတစ်ခုတဲ့။ ဒါကို သူ သေချာမသိခဲ့ပါဘူး။ ပိုင်ဆိုင်ခွင့်ရခဲ့တဲ့မိန်းကလေးတစ်ယောက်ကို သူလက်လွှတ်ဆုံးရှုံးရလိမ့်မယ်ဆိုတာ သူ့အတွက်တော့ အိပ်မက်ဆိုးတစ်ခုပါပဲ။ နှစ်ရှည်လများ ကြိုးစားစောင့်ဆိုင်းခဲ့ရတဲ့ နှလုံးသားတစ်ခုကို သူတစ်ပါးလက်ထဲ ထည့်ပေးလိုက်ရချိန်မှာ သူ့ရင်ထဲမှာက ဗလာသက်သက်ပဲ ကျန်ရစ်ခဲ့ရတာပါ။ နောက်ဆုံးမှာ သူသေချာသိလိုက်ရတာကတော့ အချစ်ဆိုတာ စွန့်လွှတ်ခြင်းနဲ့ အမြဲတွန်တွဲနေတဲ့အရာတစ်ခုဆိုတာပါပဲ။

ထက်စည်သူအောင်





အချစ်ဆိုတာ ဘဝရဲ့အင်အားပါ။ သူ့နှလုံးသားကိုပိုင်ဆိုင်ခွင့်ရပြီးကတည်းက သူ့ရင်ထဲကို ကျွန်မဝင်ကြည့်နိုင်ခဲ့တာလေ။ ပြည့်စုံခြင်း၊ မပြည့်စုံခြင်းတွေ ဘာတစ်ခုမှ ကျွန်မ မသိချင်ဘူး။ ကျွန်မသိတာက တစ်ခုတည်းပါပဲ၊ အဲဒါကတော့ 'မောင့်'ကို ကျွန်မသိပ်ချစ်တယ်ဆိုတာပါ။ ကျွန်မရဲ့နှလုံးသားကို သူ့လက်ထဲ အပ်နှင်းလိုက်ပြီးကတည်းက ကျွန်မရဲ့ဘဝမှာ ပြီးပြည့်စုံခြင်းတွေရခဲ့ပြီလို့ ယူဆသတ်မှတ်ခဲ့တာလေ။ တကယ်တမ်းကျတော့ ကျွန်မရဲ့ထင်မြင်ချက်တွေနဲ့ လက်တွေ့ရင်ဆိုင်မှုတွေက ဆန့်ကျင်ဘက်တွေဖြစ်နေခဲ့တာ ဘာကြောင့်လဲ။

'မောင်'. . . 'မောင်'ချန်ရစ်ခဲ့တဲ့နေရာမှာ ကျွန်မ တကယ်ပဲသေဆုံးခဲ့ရတာ အမှန်ပါလေ။

ဓမ္မိမိုးလွင်

www.burmeseclassic.com




BURMESE CLASSIC .com

ကန်ရေပြင်ကို ခပ်ငေးငေးကြည့်နေမိ၏။ မနက်စောစောမို့ လူအတော်ပါးလှပါသည်။ ကျန်းမာရေးလိုက်စားသူတွေက ကန်ပေါင်ပေါ်သို့ တစ်စုပြီးတစ်စုတက်လာကာ အသက်ရှူ၊ ကိုယ်လက်လေ့ကျင့်ခန်းတွေလုပ်ပြီးသည်နှင့် ကိုယ်စီကိုယ်ငှ ပြန်ဆင်းသွားကြလေ၏။ ရေပြင်ထက် လေပြည်က ရှပ်တိုက်ကျီစယ်သွားတာမို့ လှိုင်းကြက်ခွပ်လေးတွေက ကမ်းစပ်မှဝေးရာသို့ ထွက်ပြေးသွားကြလေသည်။ မြေကြီးပေါ် ခြေဆင်းထိုင်နေရင်းမှ သက်ပြင်းကိုကျိတ်ရှိုက်လိုက်မိ၏။

နားထဲမှာ မနေ့က အိမ်အထိလာပြီး ပြောသွားခဲ့သည့် ဒေါ်သက်သက်မေ၏စကားသံတို့ကို ယခုတိုင်ကြားယောင်နေဆဲ။

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



လာခြင်းကောင်းသည့်ညွှန့်သည်မဟုတ်ပေမယ့် အားနာသမှုနှင့် ပျူငှာစွာကြိုခဲ့သည့်အဖြစ်။ အချက်အလက်နှင့် သေချာကျနစွာပြောဆိုသွားသည့် ပညာသားပါပါစကားလုံးများ။ ဂုဏ်၊ ငွေ၊ ပကာသနဆိုတာတွေကို အလိမ္မာနည်းနဲ့သုံးပြသွားသည့် ကျွမ်းကျင်မှုတွေကို သူမျက်ဝါးထင်ထင်တွေ့ခဲ့ရတာလေ။ ဒါ, သူ့အသက်မက ချစ်ရတဲ့ ‘မေ’ရဲ့ချစ်လှစွာသောမိခင်တဲ့။

“သားလည်း ပညာတတ်တစ်ယောက်ပါ။ အန်တီပြောတာတွေကို နားလည်လိမ့်မယ်လို့ယူဆပါတယ်။ သားတို့အရွယ်၊ သားတို့အသက်နဲ့ ချစ်သူရည်းစားကို အပျော်သဘောသက်သက်မထားဘူးဆိုတာကိုလည်း အန်တီသိပါတယ်။ အန်တီက သားစဉ်းစားတတ်ဖို့လာပြောတာပါ။ ဘယ်သူမဆို ကိုယ့်ချစ်သူကို အမြင့်ကနေ အနိမ့်ကို ဆွဲချရက်မှာ မဟုတ်ပါဘူး။ စိတ်ကိုအလိုလိုက်ပြီး တည်ဆောက်မယ့်ဘဝမှာ သူဘယ်လောက်ထိ ပျော်နိုင်မှာတဲ့လဲ။ နေ့စဉ်ထည်လဲဝတ်လေ့ရှိတဲ့ သမီးရဲ့နားပေါ်က နားကပ်နှစ်စုံဟာ Fancy ဆန်ဆန်ပြုလုပ်ထားတဲ့ ရတနာပစ္စည်းစစ်တွေပါ။ သမီး crazy အဖြစ်ဆုံး အသုံးအဆောင်တွေလေ။ သားအခုလက်ရှိလုပ်နေတဲ့ အလုပ်အကိုင်က သမီးရဲ့ဝါသနာကို ဘယ်လိုနည်းနဲ့မှ ဖြည့်ဆည်းပေးနိုင်





မှာမဟုတ်ဘူးဆိုတာကို သားလည်း သဘောပေါက်မှာပါ။ သမီးရဲ့အဖေက ဘယ်လိုမှသဘောမတူနိုင်ဘူး၊ မကြည်ဖြူဘူးလို့ ခါးခါးသီးသီးပြောပြီး သမီးကိုတားဆီးတာ၊ လျှောင်ပိတ်ပြီး ပြင်းပြင်းထန်ထန်ဒဏ်ပေးမှာကို သားမြင်ချင်ပါသလား။ တစ်ဟာ တစ်နဲ့ပေါင်းမှ တန်ဖိုးကြီးတဲ့ဂဏန်းကို ရတာပါ။ တစ်ထဲက ပြန်နှုတ်ခံရတာမျိုးကို ဘယ်သူမှမလိုချင်ပါဘူး။ အန်တီနောက်ဆုံးပြောချင်တာကတော့ သမီးကိုတကယ့်မေတ္တာစစ်နဲ့ချစ်ရိုးမှန်ရင် သမီးဘဝရှေ့ရေးကို ကြိုတွေးဆင်ခြင်ပြီး သားဘက်က သံယောဇဉ်အပြတ်ဖြတ်ပေးဖို့ပါပဲ”

မျက်ဝန်းအစုံကိုမှိတ်ချလိုက်စဉ် ပါးပြင်ထက်သို့ မျက်ရည်စီးကြောင်းက ပူနွေးစွာ စီးဆင်းသွားလေ၏။ ရှုံးနိမ့်ခြင်းပြယုဂ်လေလား။ ချစ်သူရဲ့အပြုံးကို ထာဝစဉ်မြင်ချင်ခဲ့တာအမှန်ပါ။ ‘မေ’ အမြဲပျော်ရွှင်စေဖို့၊ ‘မေ’ အစဉ်စိတ်ချမ်းသာနိုင်ဖို့၊ တစ်သက်တာယုယခြင်းတွေနဲ့စောင့်ရှောက်ဖို့၊ ဘယ်တော့မှပစ်မသွားပါဘူးဆိုပြီး သစ္စာပြုပြီးပေးခဲ့တဲ့ကတိတွေကို ဖျက်ဆီးပစ်လိုက်ရတော့မယ်တဲ့။

ပြောတော့ဖြင့် အလွယ်လေးပါလား။ သံယောဇဉ်အပြတ်ဖြတ်ပေးပါတဲ့။ သံယောဇဉ်ဆိုတာ အဖြတ်ရအခက်ဆုံး ကြိုးတစ်ချောင်းဆိုတာကို မသိဘူးလား။ ဒီအရွယ်ကို ဖြတ်သန်းကျော်လွှန်

www.burmeseclassic.com



ခဲ့တာပဲမဟုတ်လား။ နည်းနည်းလေးတောင်မှ ကိုယ်ချင်းစာနာမပေးနိုင်ဘူးတဲ့လား။ ငယ်သူရဲ့နှလုံးသားကို ဆုပ်ကိုင်ချေမွတဲ့လက်နက်က ‘အလှ’ တဲ့လေ။

ကြိုပြီးတွေးထားခဲ့ပါတယ်။ ဒါပေမဲ့. . . ဒီလောက်ထိ မြန်မြန်ကြီး အချိန်ကျလာလိမ့်မယ်လို့ လုံးဝကိုထင်မထားတာ တကယ်ပါ။ ဘဝထဲကိုဆွဲခေါ်ဖို့ မတွေးခဲ့တာမဟုတ်ရပါဘူး။ မဖြစ်နိုင်ဘူးဆိုတာကိုသိလို့လည်း အတတ်နိုင်ဆုံး တတ်နိုင်သလောက် ရှောင်ရှားခဲ့ပါတယ်။

မရခဲ့လို့ပါ။ ‘မေ့’ ရဲ့မျက်လုံး၊ ‘မေ့’ရဲ့အပြုံး၊ ‘မေ့’ရဲ့ညှို့ချက်နဲ့ ချစ်စရာကောင်းလွန်းတဲ့ ဟန်ပန်အမူအရာလေးတွေက သူ့နှလုံးသားကိုလှုပ်မရအောင် တုပ်နှောင်လိုက်တာလေ။ ဒီလောက်ကြွေဆည် တည်ငြိမ်စွာနေထိုင်တတ်ခဲ့ပါလျက် ‘မေ့’ရဲ့ ကပျက်ကချော်လုပ်တတ်တဲ့စရိုက်လေးတွေကြောင့် မပြုံးမရယ်ဘဲ မနေနိုင်ခဲ့ပါဘူး။ မထိတထိပြောင်တတ်တဲ့ မျက်နှာပေးလေးကို စပြီးစွဲလမ်းခဲ့တာ။ သူနဲ့ဆုံလိုက်တိုင်း ရှက်ရွံ့သလိုဟန်ပန်မျိုးလေးလုပ်ပြီး သူ့ကွယ်သွားတာနဲ့ ပြန်ချောင်းကြည့်တတ်တာလေးတွေကို ချစ်စနိုးဖြစ်ခဲ့ရတာလေ။





‘မောင်’ တဲ့။ သုံးနှစ်ကွာတာကိုတောင်မှ ‘ကိုကို’လို့မသုံးဘဲ ဒီနာမ်စားကိုပဲ ရွေးချယ်သုံးတတ်ခဲ့တာ။ အဲဒီခေါ်သံလေးထဲမှာ သူ့အပေါ် ဘယ်လောက်ထိ ချစ်ခင်စွဲလမ်းသလဲ၊ မြတ်မြတ်နိုးနိုး ချစ်သလဲဆိုတဲ့ အနှစ်သာရတွေ အများကြီးပျော်ဝင်နေတာလေ။

ခုတော့. . . ခုတော့. . . အဲဒီခေါ်သံလေးကို မေ့ပစ်ရတော့မယ်တဲ့။ ‘မေ’ ရယ် . . . လက်တွဲဖြုတ်ဖို့ဆိုတဲ့အဖြစ်ကို ယောင်လို့တောင် အိပ်မက်ထဲ မက်ခဲ့တာမှမဟုတ်ဘဲ။ တွဲလက်တွေမြဲမြဲစေဖို့ ဆုပ်ကိုင်ထားခဲ့တဲ့နေ့ကစပြီး ကတိတွေ အထပ်ထပ်ပေးခဲ့တာဟာ ခဏတာမဟုတ်တဲ့ တစ်ဘဝတာအတွက်ပါ ‘မေ’။

ထည်လဲဝတ်လေ့ရှိတဲ့နားကပ်တွေတဲ့။ ‘မေ့’နားတစ်ဖက်မှာ နားပေါက်သုံးပေါက်ဖောက်ထားတာကိုစတွေ့စဉ်က ကြည့်မရခဲ့တာ။ သူညီမသာဆိုရင် နာနာလေးရိုက်မိမှာလို့ စတွေ့ခဲ့ကတည်းက မှတ်ထားမိတာ။ ဒီလိုတစ်စက်ကလေးမှထောင့်မကျိုးတဲ့ကောင်မလေးကို ဘယ်လိုရေစက်နဲ့များ ချစ်မိသွားခဲ့မိတာပါလိမ့်။ သူတွေးမိလိုက်ချိန်မှာ သတိမထားမိတဲ့‘မေ’က သူ့နှလုံးသားအဆုံးတိုင် ဝင်ရောက်ငြိတွယ်နေရတာလေ။

မြေကြီးက မြေကြီးဘဝကို ကောင်းကောင်းကြီးသိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ရတနာပစ္စည်းတွေကို မက်မက်မောမောဝတ်လေ့ရှိတဲ့ မိန်းကလေး ရဲ့ဝါသနာကို မဖြည့်ဆည်းပေးနိုင်ဘူးတဲ့လား။ ရွှေဘုံစံမင်းသမီး လေးကို မိုးယိုတဲ့တဲလေးဆီကို သူမည်သို့ခေါ်ဝံ့ပါ့မလဲ။ ကွာဟလွန်း တဲ့အဆင့်အတန်းကြောင့် မျိုသိပ်ခံစားနေခဲ့တဲ့ ချစ်ခြင်းရဲ့လျှို့ဝှက် ချက်ကို မရမက ဖော်ထုတ်ခဲ့တာ 'မေ'ကိုယ်တိုင်ပါပဲ။ ချစ်သူဆို တာ နှစ်ကိုယ်တူသစ္စာပြုထားတဲ့ အရင်းနှီးဆုံး သူစိမ်းနှစ်ယောက် ဆိုတာကို သူရော 'မေ' ပါ နားလည်ထားခဲ့တာတွေဟာ ခုတော့ဖြင့် သဲထဲရေသွန်ချသလို အရာမထင်တော့ပြီပဲ။ 'မေ' ရယ်. . . လမ်းခွဲ ဖို့စကားကို ဘယ်လိုခွန်အားမျိုးနဲ့ပြောရပါ့မလဲ။

"မောင်. . ."

ခေါ်သံနှင့်အတူ နောက်ကျောမှ သိုင်းဖက်လိုက်ခြင်းကို ခံ လိုက်ရလေ၏။ ရောက်လာပြီပဲ။ ဆုတ်လျှော့ချင်နေသည့်ခွန်အား ကို ပြန်စုစည်းကာ ထရပ်လိုက်စဉ်၊ သူမက သူ့နောက်ကျောမှာ ပါးအပ်၍ ငြိမ်သက်နေလေသည်။

"ဘာလို့ အစောကြီး ဒီနေရာကိုချိန်းရတာလဲ"

တွယ်ဖက်ထားသည့် သူမလက်တို့ကို အသာဆွဲဖြုတ်လိုက် တော့ သူမထံမှ မျက်စောင်းတစ်ပွင့် ခုန်ထွက်လာလေ၏။ ရင်းနှီး





ပတ်သက်ခဲ့ချိန်မှစ၍ သူ့အပေါ်မှာ လိုအပ်တာထက်ပိုပြီး ယုယချွဲ နွဲ့ချင်တာ၊ သူ့ထက် အသက်ပိုငယ်နေလို့လား။ သို့တည်းမဟုတ် မိဘတွေက ဖွတ်အလိုလိုက်ထားသည့် တစ်ဦးတည်းသောသမီးဖြစ် နေ၍ပေပဲလား။ သူသေချာမသိပါလေ။

"မေ. . ."

"ဟင်"

"မောင်တို့ဇာတ်လမ်းကို ဒီမှာပဲ သိမ်းလိုက်ကြရအောင်"

"ဘယ်လို! မောင်ဘယ်လိုပြောလိုက်တယ်"

"ဟုတ်တယ်။ မောင်တို့ရဲ့သံယောဇဉ်တွေကို ဒီနေရာမှာပဲ အပြီးဖြတ်လိုက်ကြတာပေါ့"

"ဘာ! "

သူမက မယုံကြည်နိုင်သည့်မျက်နှာဖြင့် သူ့ကိုမျက်တောင် မခတ်မော့ကြည့်နေလေ၏။ အကြည့်တို့ဆုံတွေ့ချိန်မှာ ဝမ်းနည်းရိပ် မပေါ်လွင်အောင် ထိန်းချုပ်ရတာ အခက်ခဲဆုံးပါပဲ။

အားတင်းထားစမ်းပါ. . . မင်းသူရမောင်။ သူများတကာ စုံတွဲတွေ ဒီလိုပဲ လွယ်လွယ်တွေ့၊ လွယ်လွယ်ချစ်၊ လွယ်လွယ်ပဲမေ့ တတ်ကြတာကို စိတ်ထဲသွင်းမှဖြစ်မှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"မောင့်ကိုမေ့လိုက်ပါတော့"

"မောင်ဘယ်လိုပြောလိုက်တာလဲ။ ဒါ နောက်စရာမဟုတ်ဘူးနော်၊ စောစောစီးစီး ဒီကိုခေါ်ပြီး မို့မျက်ရည်ကျရအောင် မနောက်ပါနဲ့"

အကျီရင်ဘတ်စကိုဆုပ်ကိုင်ပြောရင်း မျက်ရည်တွေ ဝေ့လာတာမို့ သူ့အသက်ကိုမရှုရဲဘဲ အောင့်ထားလိုက်မိသည်။ ဝင်သက်ထွက်သက်ငွေ့ငွေ့ကို အမိပ္ပာယ်ဖော်တတ်သည့်အတတ်ပညာကို သူမက အထူးကျွမ်းကျင်နေတာလေ။

"ကိုယ်တကယ်ပြောနေတာပါ"

"မောင်"

"မင်းနဲ့ဒီလိုဆက်ပြီးတွဲလို့ မဖြစ်နိုင်တော့လို့ပါ"

"ဘာကြောင့်လဲ၊ ဘာဖြစ်လို့လဲ၊ ပြောပြပါဦး. . . မောင်ရဲ့၊ မို့က မောင့်အတွက် ဝန်ထုပ်ဝန်ပိုးတစ်ခုများ ဖြစ်နေလို့လား"

"ဟုတ်တယ်"

"ဟင်"

ပါးပြင်ပေါ်သို့ ပေါက်ခနဲကျသွားသည့်ပုလဲဥကို သုတ်ပေးလိုက်ချင်ပေမယ့် မသုတ်ဝံ့ဘဲ ဘေးချထားသည့်လက်တို့ကို တင်း





တင်းဆုပ်ထားလိုက်မိ၏။ သူမလက်တို့က ပို၍တင်းကျပ်လာလေသည်။ ရှိုက်ဖို့ကိုတောင် သတိမရဘဲ သတိလက်လွတ်ငေးမောကြည့်နေသည့်အကြည့်များထဲမှ သူ မျက်လုံးလွှဲလိုက်ပါ၏။

"မင်းရှိနေတာ ကိုယ့်အတွက် အနှောင့်အယှက်တစ်ခုဖြစ်နေတာအမှန်ပဲ။ ကိုယ့်ဘဝတက်လမ်းအတွက် လျှောက်လှမ်းနေတဲ့ ခြေလှမ်းတွေကို နှောင့်နှေးစေတာ၊ ကိုယ့်ရဲ့စဉ်းစားတွေးခေါ်တတ်လေ့ရှိတဲ့ဦးနှောက်ကို အနှောင့်အယှက်ပေးနေတာ။ ကြိုတွေးစီမံတတ်တဲ့ ကိုယ့်အစီအစဉ်မှန်သမျှကို တွေဝေစေတာတွေကြောင့် ဒီလိုဆုံးဖြတ်လိုက်ရတာပါပဲ"

"ပြောရက်လိုက်တာမောင်ရယ်။ မောင်မို့ ဒီလိုပြောထွက်ရက်တယ်။ မို့ကို. . . မို့ကို မောင့်အသက်လို တန်ဖိုးထားပြီး မြတ်မြတ်နိုးနိုးချစ်ခဲ့တာပါဆို။ မို့မျက်တောင်တစ်ခတ်မှာ မောင့်အသည်းတွေကြွေကျခဲ့ရတာပါဆို။ မို့ခြေလှမ်းတစ်လှမ်းကို စောင့်ကြည့် ရင်ခုန်တတ်ခဲ့တာပါဆို။ အဲဒီစကားတွေကို မောင်ပဲပြောခဲ့တာမဟုတ်လား"

မပြောပါနဲ့၊ မပြောပါနဲ့လား. . . 'မေ'။ မောင့်အသည်းတွေတစ်စစီကြေမွသွားရအောင် ထပ်ပြီးမနှိပ်စက်ပါနဲ့လား။ ဒီစကား



www.burmeseclassic.com

www.burmeseclassic.com



လုံးတွေကို လျှာအရိုးမရှိတိုင်း ပြောခဲ့တာမဟုတ်ပါဘူး။ ရင်ထဲက နက်ရှိုင်းတဲ့ချစ်ခြင်းတွေနဲ့ ပြောထွက်ခဲ့တာပါကွယ်။ ဒါပေမဲ့ ခုချိန်မှာတော့ ဒီစကားလုံးတွေကို လေထဲမှာပဲ လွင့်ပစ်လိုက်သင့်ပါပြီ။ အချစ်ဆိုတာ သစ်ပင်ထက်က ကြွေကျလာတဲ့ ရွက်ဝါကလေးလို ကိုယ့်အတွက်တော့ တန်ဖိုးမဲ့ခဲ့ရပါပြီ. . .'မေ'ရယ်။

"မို့နဲ့သာဝေးရရင် မောင်ရူးသွားလိမ့်မယ်ဆို။ မို့ကို. . .မို့ကို ဘယ်တော့မှုခွဲမသွားဘူးဆိုတဲ့ကတိကို မောင်ပဲ. . .မောင်ပဲ အတန်တန်ပြောခဲ့တာလေ"

". . . . ."

"ခုတော့. . .ခုတော့ အဲဒါတွေအားလုံး ဘယ်ရောက်သွားပြီလဲ မောင်ရဲ့"

လက်သွယ်သွယ်လေးတွေရဲ့ အားကုန်လှုပ်ယမ်းခြင်းကို သူငြိမ်ခံနေရ၏။ လမ်းခွဲဖို့ နှုတ်ဆက်ကြစို့. . .'မေ'ရယ်။ ရပ်တန့်ဖို့ ခြေလှမ်းတွေပြင်ဆင်တာကို ရှေ့ကိုဆက်တိုးလာဖို့ တွန်းအားတွေ မပေးပါနဲ့လား။ မောင်တောင်းပန်ပါတယ်။ အနူးအညွတ်တောင်းပန်နေတာပါ။ မာနတွေ ခဝါချပြီး ချစ်မိခဲ့တာ အပေါ်ယံပါးပါးလေးမှ မဟုတ်တာဘဲ။ 'နှစ်ကိုယ်တူ' ဆိုတဲ့ အနက်ရှိုင်းဆုံးကဗျာတစ်ပုဒ်





ကို 'မေ့'အတွက် ရည်စူးပြီး မောင်နှလုံးသွေးတွေနဲ့ စပ်ပေးခဲ့တာကို 'မေ'လည်းသိခဲ့ပါတယ်လေ။

"ကိုယ့်ကိုမေ့လိုက်ပါတော့"

"မမေ့နိုင်ဘူး! မို့အတွက် ဒီလောက်ထိမလွယ်ကူဘူးမောင်ရဲ့။ တစ်ခါမှ. . .တစ်ခါမှမချစ်ဘူးသေးတဲ့ ချစ်ခြင်းတွေနဲ့ မောင့်အပေါ် အရူးအမူးချစ်ခဲ့တာတွေကို မောင်သိနေရင် မို့ကို. . .မို့ကို အရူးမလုပ်ချင်ပါနဲ့"

"မုန်းလိုက်ပါမေ။ တစ်သက်တာအတွက် မုန်းလိုက်ပါတော့လို့ပဲ ကိုယ်နောက်ဆုံးပြောပါရစေ"

"မပြောပါနဲ့! ဆက်မပြောပါနဲ့။ မို့တောင်းပန်ပါတယ်မောင်ရယ်။ ကျေးဇူးပြု၍ မောင့်ကိုမမုန်းပါရစေနဲ့"

"မုန်းလိုက်ပါ"

"မုန်းလို့မရဘူး။ မောင့်ကိုချစ်ဖို့ ဒီလောကကြီးထဲမှာ မို့မွေးဖွားလာခဲ့ရတာပါ။ မောင့်ကိုမုန်းလိုက်ဖို့ မို့ ဘယ်တုန်းကမှတွေးခဲ့တာမဟုတ်ဘူး။ မောင့်ကို မို့သိပ်ချစ်တယ်။ မို့အသက်ထက်ကိုပိုပြီးချစ်တာကို မောင်နားလည်ပေးပါ။ လမ်းခွဲဖို့စကားတွေ ဆက်မပြောပါနဲ့တော့"



www.burmeseclassic.com

www.burmeseclassic.com



သိမ်းကျုံးဖက်၍ ရင်ခွင်ထဲမှာ ငိုရှိုက်နေသည့်ချစ်သူကို ပြန်ထွေးပိုက်ချင်စိတ်က အမြင့်ဆုံး။ တောင့်တောင့်ကြီးရပ်ကာ အံကိုတင်းတင်းကျိတ်ထားလိုက်မိ၏။ ရင်ဘတ်တစ်ခုလုံး ရွှဲရွှဲစိုသွားသည့်မျက်ရည်တွေက သူ့ဘဝတစ်လျှောက် အမြဲခြောက်လှန့်တော့မည့် အိပ်မက်တစ္ဆေတွေ ဖြစ်လာမှာအမှန်ပါလေ။

"ငါ့ကိုမုန်းမေ့ဖို့စကားကလွဲပြီး နောက်ထပ်ပြောစရာမရှိတော့ဘူး မေမို့မို့လွင်"

"ဟင်! "

ဆတ်ခနဲတုန်ရီသွားပြီး လူချင်းခွာကာ မော့ကြည့်လာသည့်ကရုဏာမျက်ဝန်းကို ပြန်မကြည့်ရဲခဲ့။ ဟိုခပ်ဝေးဝေးမှာ အပြေးနှင်လာသည့်တိမ်မည်းတွေဆီသို့သာ အကြည့်ကိုပို့ထားလိုက်မိသည်။ နာကျင်ခြင်းဆိုတာ မေတ္တာစစ်နဲ့ချစ်တဲ့သူတွေရဲ့ရင်မှာသာ ရိုက်ခတ်တတ်တဲ့ ကြာပွတ်တစ်ချောင်းပေပဲ။

"မောင်, ဒီမှာ မို့ကိုကြည့်ပါဦး။ မောင့်ဘဝအတွက် အနှောင့်အယှက်တစ်ခုဖြစ်နေခဲ့တယ်ဆိုရင်လည်း မို့တို့ နားလည်မှုတစ်ခုထားကြမယ်လေနော်။ မောင် ဘယ်အထိကြိုးစားချင်သလဲ။ ဘယ်တော့မှအောင်မြင်မယ်ဆိုတာကို ကာလအတိအကျမသိနိုင်ပေမယ့်





မို့စောင့်နိုင်ပါတယ်။ ငါးနှစ်လား. . . ဒါမှမဟုတ် ဆယ်နှစ်လား။ ဘယ်လောက်ကြာကြာ မို့စောင့်နိုင်ပါတယ်။ မောင့်ကို သစ္စာရှိရှိနဲ့ မို့စောင့်နေမှာပါ"

သူနှုတ်ခမ်းကို မဲ့လိုက်ပါ၏။ အရည်ပျော်ကျလုလုနှလုံးသားကို မာနနှင့်အေးခဲအောင်မှမလုပ်နိုင်ရင် ဒီပွဲမှာ သူကျရှုံးရတော့မှာလေ။ 'မေ'ရယ် ယုံပါတယ်။ 'မေ့' နှလုံးသားကနေ တိုးထွက်လာတဲ့ စစ်မှန်ခြင်းတွေမှန်း မောင်နားလည်ပါတယ်။ ဒါပေမဲ့. . . ဒါပေမဲ့. . . ဒါတွေကို ခေါင်းညိတ်လာခံနိုင်ဖို့ မောင့်မှာ ခွန်အားတွေ မရှိနိုင်တော့လို့ပါလေ။

"မင်းမရှက်ဘူးလား မေမို့မို့လွင်။ မင်းအစား ငါရှက်တယ်။ ယောကျ်ားတစ်ယောက်က မဖြစ်နိုင်လို့ လမ်းခွဲဖို့ပြောနေပါလျက်နဲ့ ဒီစကားတွေကို မင်းမို့ပြောထွက်ဝံ့ရတယ်လို့၊ မင်းမှာ မာနမရှိဘူးလား။ တခြားမိန်းကလေးတွေသာဆို ခုချိန်မှာ ငါ့ကိုပစ်ပစ်ခါခါပြောပြီး ကျောခိုင်းထွက်သွားလောက်ပြီ။ အရှက်ကင်းမဲ့တဲ့မျက်နှာနဲ့ မင်းလို ဘယ်သူမှတွယ်ကပ်နေမှာမဟုတ်ဘူး"

"မောင်ရယ်. . . မောင့်ကို မို့ချစ်ခဲ့တာ ဘာမာန၊ ဘာဂုဏ်ပကာသနမှထည့်မတွက်ဘဲ ချစ်ခဲ့တာလေ။ ဘာဆိုဘာမှမရှိမှန်း



www.burmeseclassic.com

www.burmeseclassic.com



သိသိကြီးနဲ့ မောင့်ကိုချစ်ခဲ့တာ။ မောင့်နှလုံးသားကို မြတ်မြတ်နိုးနိုးနဲ့ ရင်ဘတ်ထဲကနေ ချစ်ခဲ့တာပါ"

ပြောတတ်လိုက်တာ။ ကဗျာဆရာထက်တောင်မှ ပိုပြီးစကားလုံးကြွယ်ဝနေပါရောလား။ ဒီလိုစကားဆန်းဆန်းတွေကို အစက 'မေ' ပြောတတ်ခဲ့တာမှမဟုတ်ဘဲ။ သူနဲ့တွေ့မှ၊ သူနဲ့ချစ်ကြမှ၊ သူတို့ချစ်ခြင်းတွေကြောင့် 'မေ' အလိုလိုတတ်မြောက်လာခဲ့ရတာလေ။

"ငါကတော့ မင်းကိုမုန်းဖို့ ပြီးတော့. . . မေ့ဖို့ ပြင်ဆင်ပြီးနေပြီ မေမို့မို့လွင်။ ဒါကြောင့် ဒီလိုလမ်းခွဲဖို့ စပြောရတာပါ"

သူမ ရိုက်သံတို့ တိတ်သွားပါ၏။ သူ့ကိုတမေ့တမောကြည့်နေပုံက တစ်ခါမှမတွေ့ဖူးသည့် လူစိမ်းတစ်ယောက်ကို ကြည့်နေပုံမျိုး။

"မောင့်မှာ မို့အပြင် နောက်ထပ်ချစ်ရမယ့်သူရှိနေပြီလား"

နှလုံးသားက ဖျတ်ခနဲ အက်သွားရလေ၏။ ဒီလိုသစ္စာမဲ့တဲ့ အလုပ်တစ်ခုကို မိုက်မိုက်မဲမဲနဲ့ သူမလုပ်ဝံ့ဘူးဆိုတာကို 'မေ' အသိဆုံးဖြစ်မှာပါလေ။

"ဒါ. . . ငါ့ကိစ္စပါ"

"ငါးစိမ်းမြင်လို့ ငါးကင်ကိုပစ်ချစ်တဲ့သဘောပေါ့။ ဟုတ်လား





မောင်"

"အခုပြောနေတာ ငါနဲ့မင်းကိစ္စပါ မေမို့မို့လွင်။ မဆိုင်တာတွေ ထည့်မပြောပါနဲ့"

"မို့ကိုမုန်းလိုက်လို့ ခုလိုမျိုးလုပ်တာလား"

"မုန်းသင့်ပြီထင်လို့ပါ"

"မေ့ရောမေ့နိုင်မယ်ထင်ထားလား"

နှုတ်ဆိတ်သွားရပါ၏။ နှလုံးသားထက် ကမ္ပည်းတင်ထားသည့်ပုံရိပ်တစ်ခုကို ဘယ်လိုနည်းနဲ့ဖျောက်ဖျက်ပြီး မေ့ပစ်နိုင်မှာတဲ့လဲ။

"အချိန်က ဆုံးဖြတ်သွားပါလိမ့်မယ်"

"လွယ်လိုက်တာ။ မောင့်အတွက်တော့ ရေးပြီးသား ကဗျာတစ်ပုဒ်ကို မကြိုက်လို့ ဆွဲဆုတ်လုံးချေမွ လွှင့်ပစ်လိုက်သလို အလွယ်လေးပါလား။ အင်းပေါ့လေ. . . မိန်းကလေးတန်မဲ့ ကောင်လေးတစ်ယောက်နောက် ကောက်ကောက်ပါအောင် ပြုမူခဲ့တဲ့ သိက္ခာမဲ့လုပ်ရပ်တွေကြောင့် ဘယ်တန်ဖိုးထားပါ့မလဲ။ ခပ်လွယ်လွယ်ရတဲ့ အရာတစ်ခုကို လွယ်လွယ်လေးစွန့်ပစ်လိုက်နိုင်တာပေါ့လေ"

"သွားပါတော့၊ ကိုယ်တောင်းပန်ပါတယ်။ ကိုယ့်ရှေ့ကနေ



www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားပေးပါ"

သူမနှုတ်ခမ်းကို ဖိကိုက်လိုက်ပါ၏။ လက်တစ်ဖက်မြောက်တက်လာစဉ် မျက်လုံးအစုံကိုမှိတ်၍ အလိုက်သင့်ငြိမ်ပေးလိုက်ရသည်။ ရိုက်ချင်သလို ရိုက်လိုက်စမ်းပါ 'မေ'ရယ်။ စိမ်ခေါ်ပြီမှတော့ ဒီလိုဒဏ်ရာတော့ မရှိမဖြစ်လက်ခံရမယ်ဆိုတာကို မောင်ကြိုတွေးပြီးသားပါ။ တစ်ခုလေးပါပဲ။ 'မေ့'လက်ဝါးပြင်ထက် 'မေ့' နှလုံးသားလေး ပိုနာကျင် ခံစားရမှာကိုတော့ အများကြီးအားနာမိတာအမှန်ပါလေ။ သူမလက်ဝါး သူ့မျက်နှာထက်ရောက်မလာသဖြင့် မျက်စိကိုပြန်ဖွင့်လိုက်မိ၏။ တဆတ်ဆတ်တုန်ရီနေသည့် နှုတ်ခမ်းလွှာကြားမှ အက်ကွဲနေသည့်အသံတို့က ထိုးထွက်ကျလာလေသည်။

"ထင်မထားမိဘူး၊ လုံးဝကို ထင်မထားတာပါ။ မို့တို့. . . မို့တို့ချစ်သူသက်တမ်းတစ်နှစ်ပြည့်တဲ့နေ့မှာ မောင့်ဆီက ဒီလိုစကားမျိုးကို မျှော်လင့်မထားမိတာအမှန်ပါ။ ကောင်းပြီလေ. . . မောင့်ဆီက ဘာကိုပဲပေးပေး၊ မို့က ကြည်ဖြူစွာနဲ့ လက်ခံပေးရမှာပဲ။ ဘာမှမပြည့်စုံတဲ့ကောင်လေးတစ်ယောက်ဆီက ဘာတစ်ခုမှ မမျှော်ကိုးဘဲ ချစ်ခြင်းတစ်ခုကိုသာ တောင့်တမိခဲ့တဲ့. . . ကောင်မလေးတစ်ယောက်ရဲ့အသည်းကွဲဇာတ်လမ်းတစ်ခုပေါ့လေ။ ကျေးဇူးတင်ပါ





ဘယ်မောင်။ မောင်ပေးခဲ့တဲ့အချစ်တွေကိုရော၊ မောင်ချန်ရစ်ခဲ့တဲ့အလွမ်းတွေ. . . အားလုံး အားလုံးကိုသိမ်းဆည်းပေးသွားမှာပါ။ မောင့်အပေါ်မှာ ရူးရူးမိုက်မိုက်ချစ်မိခဲ့တဲ့ မို့ရဲ့အချစ်တွေကို မောင်နင်းခြေဖို့ မောင့်ခြေရင်းမှာ အပြီးတိုင်ထားပေးခဲ့ပါ့မယ်။ မောင့်ဘဝမှာ မေမို့မို့လွင်ဆိုတဲ့ကောင်မလေးကို သေသွားပြီဆိုတဲ့အသိနဲ့ခံမနိုင်ပါစေလို့လည်း မို့ဆုတောင်းပေးခဲ့ပါတယ်။ မို့သွားတော့မယ်မောင်။ ဘယ်တော့မှပြန်မဆုံနိုင်တဲ့ နှုတ်ဆက်ခြင်းမျိုးနဲ့ နှုတ်ဆက်ခဲ့ပါတယ်"

ပါးပြင်ထက်မှ မျက်ရည်တွေကို လက်ဝါးနှစ်ဖက်ဖြင့် ပွတ်သုတ်ကာ သူမတစ်ချက်ရှိုက်လိုက်လေ၏။ ရှေ့ကိုတစ်လှမ်းတိုးလာဘာမို့ သူအံ့သြသွားစဉ် မေးဖျားထက် နွေးခနဲဖြစ်လိုက်သည့်အသိကို ခံစားလိုက်ရလေသည်။

"အစစအရာရာအတွက် မောင့်ကိုကျေးဇူးတင်ပါတယ်"

ဆတ်ခနဲကျောခိုင်း၍ မျက်နှာအုပ်ကာ ပြေးဆင်းသွားသည့်သူမနောက်ကျောကို ငေးကြည့်နေမိ၏။ အသည်းကွဲဇာတ်သိမ်းတဲ့လား. . . 'မေ'ရယ်။ 'မေ'ပါမက မောင့်အသည်းလည်း ဟက်တက်ကွဲခဲ့ရတာကို 'မေ'သိအောင် ဘယ်တော့မှပြောခွင့်မရှိတော့ဘူးဆို



www.burmeseclassic.com

www.burmeseclassic.com



တာကို မောင်ပဲ သိနေတာပါကွယ်။

မျက်နှာကိုအုပ်၍ ကန့်ပေါင်ထက် ပြန်ထိုင်ချလိုက်မိစဉ် တစ်ဖက် လက်ဖက်ရည်ဆိုင်ထဲမှတေးသံက လွင့်ပျံထွက်လာလေ၏။

"မချစ်နဲ့တော့ ××× ပြေသိမ့်စရာ အငြေမရှိတော့ ××× မချစ်နဲ့တော့ ××× တိမ်တိုက်လို ထွက်သွားတော့ ××× ဒီထက်ပိုရင်ခုန်ရင် ဒီထက်ပိုကြေကွဲခြင်းနဲ့ တို့တွေ ရလိမ့်မယ် ××× မဖြစ်သင့်ပြီမို့ ××× မင်းလွတ်လပ်တဲ့ဆီသွားပါ ×××

မချစ်နဲ့တော့ ××× ဖွင့်ပြောရန်အချိန်မဟုတ်တော့ ××× မချစ်နဲ့တော့ ××× သွားပါ ချန်ရစ်တော့ ××× အနာဂတ်ကိုယုံကြည်ပါ။ လူတိုင်းဟာ ကိုယ်ကျိုးစွန့်ဖို့ တကယ်ပေးဆပ်ပို့ခက် ××× နင် တစ်နေ့နေ့မှာတော့ ××× ငါ့ဆုံးဖြတ်ချက်ကို နားလည်မယ် ×××

မဆိုင်သူတွေလိုနေမယ် ××× တို့ခြားနားခြင်း သိပ်များတယ် ××× တို့နှစ်ဦး သိပ်ခက်နေတယ် ××× ပျော်ရွှင်စွာ ဘဝခရီးသစ် ဆက်ကြမယ် ××× နောင်တစ်ချိန်မှာ ပြုံးစွင်စွာ ပြန်တွေ့မယ် ×××

မဆိုင်သူတွေလိုနေမယ် ××× တို့ခြားနားခြင်း သိပ်များတယ် ××× တို့နှစ်ဦး သိပ်ခက်နေတယ် ××× ပျော်ရွှင်စွာ ဘဝခရီးသစ် ဆက်ကြမယ် ××× နောင်တစ်ချိန်မှာ ပြုံးစွင်စွာ တွေ့ကြမယ် ×××

မချစ်နဲ့တော့ ××× ပြေသိမ့်စရာ အငြေမရှိတော့ ××× မချစ်နဲ့တော့ ×××





တိမ်တိုက်လို ထွက်သွားတော့ ××× အနာဂတ်ကို ယုံကြည်ပါ ××× လူတိုင်းဟာ ကိုယ်ကျိုးစွန့်ဖို့ တကယ်ပေးဆပ်ပို့ခက် ××× နင် တစ်နေ့နေ့မှာတော့ ××× ငါ့ဆုံးဖြတ်ချက်ကို နားလည်မယ် ×××

မဆိုင်သူတွေလိုနေမယ် ××× တို့ခြားနားခြင်း သိပ်များတယ် ××× တို့နှစ်ဦး သိပ်ခက်နေတယ် ××× ပျော်ရွှင်စွာ ဘဝခရီးသစ် ဆက်ကြမယ် ××× နောင်တစ်ချိန်မှာ ပြုံးစွင်စွာ ပြန်တွေ့မယ် ×××

မဆိုင်သူတွေလိုနေမယ် ××× နင်ကြင်နာရင်လည်း မချစ်နဲ့ ××× တို့နှစ်ဦး သိပ်ခက်နေတယ် ××× ပျော်ရွှင်စွာ ဘဝခရီးသစ် ဆက်ကြမယ် ××× နောင်တစ်ချိန်မှာ ပြုံးစွင်စွာ တွေ့ကြမယ် ×××

မဆိုင်သူတွေလိုနေမယ် ××× တို့ခြားနားခြင်း သိပ်များတယ် ××× တို့နှစ်ဦး သိပ်ခက်နေတယ် ××× ပျော်ရွှင်စွာ ဘဝခရီးသစ် ဆက်ကြမယ် ××× နောင်တစ်ချိန်မှာ ပြုံးစွင်စွာ တွေ့ကြမယ် ×××"

မှန်ပါတယ် 'မေ'. . .

မချစ်နဲ့တော့တဲ့. . .။ မောင့်ကို မင်းမချစ်ပါနဲ့တော့ကွယ်။ တကယ်တော့ မောင်ဟာ မင်းမချစ်သင့်၊ မချစ်ထိုက်တဲ့လူတစ်ယောက်ပါ။ မောင့်မှာပိုင်ဆိုင်တာဆိုလို့ သာမန်ဘွဲ့လေးတစ်ခုနဲ့ ဖြစ်စလောက်ဝင်ငွေလေးရတဲ့အလုပ်တစ်ခုပဲ ရှိတာပါ'မေ'။



www.burmeseclassic.com

www.burmeseclassic.com



အပြင်ပန်းမြင်ရုံနဲ့ သေသေသပ်သပ်နေတတ်တဲ့မောင့်အပြင်အဆင်။ သပ်သပ်ရပ်ရပ်ဝတ်တတ်တဲ့မောင့်အဝတ်အစား။ ဒါတွေကို 'မေ'အထင်ကြီးခဲ့တာလား။ ဟန်မဆောင်တတ်တာ၊ အတွင်းစိတ်ရိုးသားတာကိုပဲ 'မေ' ချစ်ခဲ့တာလား။ သူများတွေနဲ့မတူတဲ့တည်ကြည်မှုကိုမှ အထင်ကြီးလေးစားခဲ့တာလား။ 'မေ့' ကို မကြည်လင်သလို မျက်မှောင်ကြုတ်ပြီးကြည့်လေ့ရှိတဲ့ မျက်လုံးစိမ်းတွေကိုမှ ရင်ခုန်ခဲ့တာတဲ့လား။ တည်တင်းပြီး စေ့ထားတဲ့ နှုတ်ခမ်းတစ်စုံကိုမှ 'မေ့'စိတ်ကိုလှုပ်ရှားစေခဲ့တာလား။

ခွင့်လွှတ်ပါ'မေ'။ မချစ်လို့မဟုတ်ရပါဘူး။ ချစ်လွန်းလို့ စွန့်လွှတ်ခဲ့ရတာပါ။ 'မေ့'အမြင်မှာ ကတိမတည်တဲ့သူ၊ သစ္စာမရှိတဲ့သူဆိုပြီး နာကြည်းမုန်းတီးစေဖို့အတွက် ရင်ကွဲခံပြီး ရင်းနှီးပေးလိုက်ရတာပါမေ။ ဒီလိုသာ ဇာတ်သိမ်းရမယ်မှန်းကြိုသိခဲ့ရင် 'မေ့' ကို 'ချစ်တယ်'ဆိုတဲ့ စကားတစ်ခွန်းကို ဖွင့်ပြောခဲ့မိမှာ မဟုတ်ပါဘူး။ စိတ်ရဲ့စေညွှန်ရာကိုလိုက်ပြီး နှလုံးသားက ဦးညွှတ်ပြလိုက်မိမှာမဟုတ်ပါဘူးကွယ်။

ရွေးချယ်စရာက ဒီတစ်လမ်းပဲရှိခဲ့တာမို့ပါ။ မဖြစ်နိုင်မှန်းသိသိကြီးနဲ့ ဒီဇာတ်လမ်းထဲဝင်ပါမိခဲ့လို့ နောက်ဆုံးမှာ အသည်းကွဲ





ဘဲ့ဒဏ်ကို ခံရတာပါလေ။ ရင်ထဲက မပါတဲ့စကားတွေကြောင့် 'မေ' မောင့်ကိုမုန်းနိုင်၊ မေ့နိုင်၊ နာကြည်းနိုင်ပါစေကွယ်။

အစစအရာရာအတွက် ကျေးဇူးတင်ပါတယ်တဲ့လား။ ဘာကိုဆိုလိုခဲ့တာလဲ'မေ'။ ချစ်သူရည်းစားဘဝရဲ့ ပျော်ရွှင်ကြည်နူးခဲ့ရတဲ့အချိန်တွေကိုလား။ ဒါမှမဟုတ် တစ်ယောက်ကိုတစ်ယောက် အပြန်အလှန် ယုယကြင်နာခဲ့ကြတာကိုများလား။ တကယ်ဆို မောင့်ပါးကိုခပ်နာနာလေး ရိုက်ချလိုက်သင့်တာပါ'မေ'။ ဒါမှ နာကျင်မှုတွေနဲ့ ဖြေသာနိုင်ဦးမှာလေ။

ခုတော့. . . ခုတော့. . . တစ်သက်တာအတွက် တမြေ့မြေ့နဲ့ အမှတ်ရစေအောင်လုပ်ခဲ့တာလား'မေ'ရယ်။

ဝေါခနဲရွာချလိုက်သည့် မိုးစက်တွေအောက်မှာ အသည်းဘက်တက်ကွဲသွားခဲ့တဲ့ကောင်လေးတစ်ယောက်ရဲ့ ညည်းချင်းတွေကို ဘယ်သူက စာနာနားလည်နိုင်မှာတဲ့လဲ။ မိုးတွေကဖြင့် အငြိုးဘကြီးရွာချနေပါရောလား'မေ'ရယ်။ မိုးကစတဲ့ဇာတ်လမ်းကို မိုးနဲ့ပဲ ဇာတ်သိမ်းသွားစေခဲ့တာကိုတော့. . .



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# (၁၀) နှစ် ကြာပြီးသည့်နောက်···

## အခန်း ( ၁ )

ရေချိုးခန်းမှထွက်ပြီး လှေကားသုံးထစ်ကိုတက်ကာ အိမ်ထဲဝင်လိုက်၏။ မေမေက သူမအတွက် ထမင်းချိုင့်ကိုထည့်ပြီးနေလေပြီ။ ရေသုတ်ရင်း အခန်းထဲဝင်လိုက်စဉ် အဆင်သင့်သွေးထားပြီးသားကျောက်ပျဉ်ကြောင့် သက်မောကိုရှိုက်လိုက်မိပြန်၏။

အနောက်မှလိုက်ကာကိုဖယ်၍ မေမေဝင်လာလေသည်။

"ဒီလိုလုပ်မပေးပါနဲ့လို့ အတန်တန်ပြောထားရက်နဲ့ မေမေရယ်။ မို့ ငရဲကြီးနေပါ့မယ်"

"သမီး အလုပ်နောက်ကျမှာစိုးလို့ပါကွယ်။ ခုတစ်လော ညဘိုင်း OT ဆင်းနေရတာမဟုတ်လား။ အိမ်ပြန်မိုးချုပ်တော့ မနက်



www.burmeseclassic.com

www.burmeseclassic.com



စောစောအိပ်ရာမထနိုင်ဘဲနဲ့"

သနပ်ခါးလူးရန်ထိုင်လိုက်စဉ် မေမေက သူမ၏ Uniform ကို ဗီရိုထဲမှထုတ်ကာ မီးပူပြန်ထိုးပြီး ချိတ်ဖြင့်ချိတ်လိုက်ပြန်၏။

ဪ. . . တစ်ချိန်တုန်းကတော့ ဒီအလုပ်တွေကို အိမ်အကူကောင်မလေးတွေ လုပ်ပေးနေကျပါလေ။ ခုတော့ မေမေကိုယ်တိုင် လုပ်နေရတာပါလား။ စားပွဲခုံလေးထက် တင်ထားသည့်မှန်ထဲမှ မေမေ့ကိုကြည့်နေမိလေ၏။ ဘဝဆိုတာ မျက်လှည့်ပြလိုက်တဲ့ ပြကွက်တစ်ခုလိုပဲ။ သိပ်ကိုဆန်းကြယ်ပြောင်းလဲသွားရတာလေ။

"သမီးကို သူဘာပြောသေးလဲဟင်"

"ဘယ်သူလဲမေမေ"

"မောင်ထက်, ကိုပြောတာလေ"

"ဘာပြောရမှာလဲ မေမေရဲ့. . . ဒီလိုပဲ မောင်နှမလိုစောင့်ရှောက်နေတာပဲ။ သူအလုပ်သွင်းပေးထားတာပဲ မို့က ကျေးဇူးတင်နေတာပါ"

မျက်ခုံးကို brush နုနုဖြင့် ခြစ်နေစဉ် သူမနောက်ကျောကို တွေတွေကြီးကြည့်နေသည့်မေမေ့မျက်ဝန်းတွေကို မြင်လိုက်ရပါ၏။

စိတ်မကောင်းဖြစ်နေပြန်ပြီလားမေမေ။ အခြေအနေတွေက





မိုးနဲ့မြေတမျှ ကွာဟသွားပြီဆိုမှတော့ ဘာကိုများ မေမေမျှော်လင့်ချင်သေးတာလဲ။

"အင်းလေ. . . ချယ်ရီတို့က နဂိုကတည်းက အခြေခံကြီးကြီးမို့ သူတို့သားမောင်ထက်ကို ပြောထားတော့မှာပေါ့"

"အန်ကယ်ထွန်းကတော့ သဘောထားကြီးပါတယ် မေမေရဲ့။ ကိုထက်လိုပဲ သမီးအပေါ် နွေးနွေးထွေးထွေးဆက်ဆံတုန်းပါပဲ"

"သမီး သူတို့အိမ်ရောက်သေးလို့လား"

"ရောက်တယ်။ အလုပ်ကိစ္စအရေးကြီးတာမျိုးရှိရင် သွားရတယ်လေ"

"ချယ်ရီ့ဆက်ဆံရေးက ပြောင်းသွားပြီပေါ့နော်"

ဆံပင်ကိုဖြီးသင်၍ ကလစ်ဖြင့် သေသပ်စွာညှပ်ထားလိုက်ပါ၏။ အရင်တုန်းက လည်ကုတ်သာသာရှိခဲ့သည့်ဆံပင်စင်းစင်းလေးတွေက ခု (၁၀) နှစ်အတွင်းမှာ ခါးထိရှည်လျားနေခဲ့ပြီပဲ။ အရင်က ဘန်ဖိုးမထားတတ်ခဲ့တဲ့ဆံပင်တွေကို သူသိပ်မြတ်နိုးတတ်မှန်းသိခဲ့ကတည်းက ထပ်မဖြတ်ဖြစ်တော့ဘဲ ဒီအတိုင်း အရှည်ဆက်ထားခဲ့မိတာလေ။ အို! ဘယ်လိုဖြစ်ပြီးသတိရသွားမိပြန်ပါလိမ့်။ မေ့လိုက်ဖို့ပြောခဲ့ပါလျက် သူမ ဘာလို့မမေ့နိုင်ရတာပါလဲ။



www.burmeseclassic.com

www.burmeseclassic.com



Uniform ကို သပ်သပ်ရပ်ရပ်ဝတ်ကာ စိတ်မကောင်းဖြစ်သွားမိတာကို အတတ်နိုင်ဆုံးဖြေသိမ့်နေရ၏။ အရင်တုန်းကဆို စိတ်မထင်လျှင် မထင်သလို အော်ဟစ်ပေါက်ကွဲလေ့ရှိခဲ့တဲ့အကျင့်က ခုတော့ဆန့်ကျင်ဘက်ဖြစ်နေရပေပြီ။

သြော်. . . အသက်တောင်မှ (၂၇)နှစ်နီးပါးရှိချေပြီပဲ။ တည်ငြိမ်သင့်သလောက် တည်တံ့သွားရတာ သဘာဝပဲမဟုတ်လား။

အန်တီချယ်ရီရဲ့ခပ်နှိမ်နှိမ်အကြည့်တွေ၊ အပြောတွေကို ပြန်ပြောပြတော့ရော မေမေစိတ်ဆင်းရဲရုံပဲ အဖတ်တင်တော့မှာပေါ့ မေမေရယ်။

"တစ်ချိန်က ရွှေထီးဆောင်းခဲ့တာတွေကို အိမ်မက်မက်နေသင့်တဲ့အချိန်မှမဟုတ်တော့ဘဲ မေမေရယ်။ ဘဝဆိုတာ နိမ့်တစ်ခါမြင့်တစ်လှည့်ဖြစ်တတ်စမြဲပါ။ ဒါသဘာဝပဲလေ။ ဒီလိုပဲ လူတွေရဲ့စိတ်ကို တသမတ်တည်းရှိလိမ့်မယ်လို့ မေမေမျှော်လင့်မထားပါနဲ့"

"မေမေက စိတ်မကောင်းဖြစ်လို့ပါသမီးရယ်။ သမီးအတွက်ပါ။ သမီးရဲ့ဖေဖေသာ သက်ရှိထင်ရှားရှိနေရင် ခုလို သူများလက်အောက်မှာ မျက်နှာငယ်ငယ်နဲ့ သမီးအလုပ်လုပ်စရာလိုမှာမဟုတ်ဘူးလို့ တွေးမိလို့ပါကွယ်"





သူမအပြုံးက မဲ့သွားရလေ၏။ တစ်ချိန်က ထောင်လွှားခဲ့တဲ့ မေမေ့ရဲ့မာနတွေ၊ ခုတော့ အရည်ပျော်ကုန်ပါရောလား။ မေမေကိုယ်တိုင်လည်း အန်တီချယ်ရီ့လိုပဲ မောက်မာတတ်တဲ့စရိုက်တွေရှိခဲ့တာပါပဲလေ။

"လောကဓံပေါ့ မေမေ။ လောကဓံရဲ့အလှည့်အပြောင်းကို ကြံ့ကြံ့ခံနိုင်ရင် လောကကြီးထဲမှာ နေသားတကျနေတတ်သွားမှာပါ။ တိုက်အိမ်ကြီးပေါ်မှာမနေရလို့ ဝမ်းနည်းနေမယ့်အစား အခုလို သွပ်မိုးပျဉ်ထောင်နဲ့နေရတာကို ဂုဏ်ယူတတ်ပါစေလား မေမေ။ မိုးတို့ထက် ဆင်းရဲနွမ်းပါးတဲ့သူတွေ လောကမှာအများကြီးရှိနေတာကိုသိလိုက်ပါ။ ကိုယ့်ထက်သာတဲ့သူတွေကို မုဒိတာပွားပြီး ကိုယ့်ထက်နိမ့်ကျတဲ့သူတွေကို ကရုဏာထားတတ်ရမယ်ဆိုတာကို မေမေနေ့စဉ်မှတ်နေတဲ့ ဗုဒ္ဓရဲ့တရားတော်ထဲမှာ မြင်နိုင်သိနိုင်တာပဲ"

မေမေက သူမဆံပင်လေးတွေကိုသပ်တင်ပေးလိုက်လေ၏။ ကျရှုံးခြင်းဆိုတာကို မိုးအားတင်းရင်ဆိုင်နိုင်ပြီဆိုတာကို သူသိစေချင်လိုက်တာနော်။

ဟုတ်ပါတယ်။ မိုးကျရှုံးခဲ့တာ အခုမှမဟုတ်တာဘဲ။ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်ကတည်းက မေမိုမိုလွင်ဆိုတာ ပျောက်ကွယ်သွား



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရတာကြာပါပြီလေ။ ရှိစုမဲ့စုခွန်အားလေးကိုသာ တင်းမထားနိုင်ရင် ခုလိုမျိုး မေမေရှေ့မှာ မားမားမတ်မတ်ရပ်နိုင်မှာ မဟုတ်ဘူးလေ။

"မို့သွားတော့မယ် မေမေ။ နေ့လယ်အိပ်ရင် ပြတင်းပေါက်တွေပိတ်ဖို့ မေ့မနေနဲ့ဦးနော်။ တော်ကြာ မိုးပက်လို့ တစ်အိမ်လုံးရွဲကုန်ဦးမယ်"

"အင်းပါသမီးရယ်"

မေမေ့ပါးပြင်ကို နမ်းရှိုက်ပြီးမှ စတီးချိုင့်လေးကိုယူ၍ အိမ်ပေါ်မှဆင်းလာခဲ့၏။ လမ်းပေါ်ရောက်စဉ် ဖွဲခနဲကျလာသည့်မိုးကြောင့် အိတ်ထဲမှ ခိုခေါက်ထီးလေးကို ဖွင့်ဆောင်းလိုက်ရပါသည်။ ရွာပြန်ပြီလားမိုးရယ်။ တစ်ချိန်တုန်းကတော့ ဒီမိုးရေတွေအောက်မှာ အတိုင်းအဆမဲ့ပျော်ရွှင်ခဲ့ဖူးတယ်။ နောက်တော့လည်း ဒီမိုးစက်တွေအောက်မှာပဲ သူမအသည်းတွေ တစ်စစီကြေမွခဲ့ရတာလေ။

လွမ်းနေဆဲပါမောင်။ မောင်ပေးတဲ့အလွမ်းတွေကို ခုချိန်ထိ မို့ရင်ထဲမှာ သိမ်းဆည်းထားဆဲပါကွယ်။

"တီ! "

ကားဂိတ်မှာရပ်လိုက်စဉ် နောက်ဘက်မှ ဟွန်းတီးသံကြောင့်





သူမ လှည့်ကြည့်လိုက်ပါ၏။ ကိုထက်က လက်လှမ်းပြ၍ ခေါ်နေချည်ပြီ။

"လာလေ မို့ရဲ့။ မိုးတွေဒီလောက်ရွာနေတာ ရွှဲကုန်မှာပေါ့"

"ရပါတယ် MD, နေပါစေ။ မို့မလိုက်တော့ပါဘူး"

"မို့ရယ်. . . ကုမ္ပဏီပြင်ပမှာ အရင်လိုပဲခေါ်ပါလို့ မှာထားရဲ့သားနဲ့၊ သူစိမ်းဆန်လိုက်တာ"

"နှုတ်ကျိုးနေလို့ပါ. . . MD။ သာမန်ဝန်ထမ်းတစ်ယောက်အနေနဲ့ ကုမ္ပဏီ Director တစ်ယောက်ရဲ့ကားပေါ်မှာပါလာရင် တခြားသူတွေမြင်ကုန်မှာစိုးလို့ပါ။ MD ရဲ့သိက္ခာကို ထိခိုက်မှာစိုးရိမ်လို့ တောင်းပန်နေတာပါရှင်"

"မို့ရယ်. . . အရင်လို မာနတွေ ထားတတ်တုန်းပါပဲလား။ ကိုယ်က မနေ့တစ်နေ့ကမှ သိတဲ့ခင်တဲ့လူမှမဟုတ်ဘဲ။ ဒီလောက်နှစ်တွေကြာအောင်"

"မို့တောင်းပန်ပါတယ်. . . MD။ လိုင်းကားလာနေပြီ။ မို့ကိုခွင့်ပြုပါရှင့်"

မျက်နှာမကောင်းဘဲ ကျန်ရစ်ခဲ့သည့်ကိုထက်ကိုလှည့်မကြည့်တော့ဘဲ လူကြပ်ကြပ် Bus ပေါ်သို့ တိုးဝှေ့တက်လာခဲ့ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုလိုင်းကားမျိုးကို တစ်ခါမှမစီးဖူးလို့ မောင်နဲ့အတူအပျော်သဘောနဲ့လိုက်စီးခဲ့တာကို ပြန်မြင်ယောင်မိစဉ် မျက်ရည်တို့က ရစ်ဝိုင်းသွားရပါ၏။

"အိမ်လိုက်လည်ချင်တယ်"

"ကိုယ်တ အိမ်လည်မခေါ်ချင်လို့ မဟုတ်ပါဘူး။ အိမ်အမိုးမလဲရသေးလို့ပါ။ အိမ်ရောက်လို့ မိုးယိုတာနဲ့ကြုံရင် 'မေ'စိတ်ညစ်သွားမှာစိုးလို့ပါ"

"ဘာပဲဖြစ်ဖြစ် လိုက်ချင်တယ်ကွာ။ မောင်, မို့ကိုတကယ်ချစ်ရင် ခေါ်ရမှာပေါ့"

အကျပ်ကိုင်သလိုဖြစ်သွားပေမယ့် တကယ့်ကိုရောက်ဖူးချင်တဲ့ဆန္ဒနဲ့ပြောခဲ့တာပါ မောင်။ အိမ်ပေါ်တက်လိုက်တာနဲ့ ဝါးခင်း၊ ထရံကာ၊ ခနိမိုးအိမ်လေးရဲ့အားမြရိပ်ကြောင့် ပျော်ခဲ့မိတာ။ ဟိုတစ်နေရာ၊ ဒီတစ်နေရာ မိုးယိုတာကို မျက်နှာနီနီနဲ့ မိုးရေခံနေရသည့်မောင့်မျက်နှာကိုကြည့်ပြီး ကြည်နူးစိတ်နဲ့ရယ်မောမိခဲ့တာ။ တကယ့်စိတ်ရင်းအမှန်နဲ့ပါကွယ်။

"မို့က မိုးရွာတာကိုချစ်တယ်မေမေရဲ့။ မိုးရေတောထဲ ဆင်းပြီးဆော့ရတာကို သိပ်သဘောကျတာ။ ကြည့်ပါဦး. . . မောင့်အိမ်





ကိုရောက်မှ မိုးရေထဲထွက်စရာမလိုဘဲ ဆော့ခွင့်ရတော့တယ်။ ဘယ်လောက်များ ကံကောင်းလိုက်သလဲ။ ဒါကိုတောင် မေမေ့သားက မေ့ကိုအိမ်လည်မခေါ်ချင်ဘူးဆိုပြီးငြင်းခဲ့တာ ခဏခဏပဲလေ"

မောင့်မေမေရဲ့လက်မောင်းကိုမှီတွယ်ရင်းဖြင့် ပြောခဲ့သည့်စကားတို့ကို ပြန်ကြားယောင်နေမိပါ၏။ ဘာဆိုဘာတစ်ခုမှမပြီးပြည့်စုံတာမှန်ပေမယ့်၊ ဒီတဲစုတ်လေးထဲမှာ နွေးထွေးလုံခြုံတဲ့မေတ္တာတွေ ပြည့်နှက်နေတာအမှန်ပါ။ မို့ကို လှိုက်လှဲဝမ်းသာစွာကြိုခဲ့တဲ့မောင့်မေမေရဲ့ချစ်ခြင်းမေတ္တာကို နှလုံးသားနဲ့ခံစားပြီး နားလည်ခဲ့တာပါလေ။ မေမေ့ဆီက တစ်ခါမှမရရှိခဲ့ဖူးတဲ့ ယုယကြင်နာမှုမျိုးကို မောင့်မေမေထံမှ မို့ရရှိခဲ့ရတာပါ။ ခုတော့ ဒါတွေအားလုံးဟာ အိပ်မက်တစ်ခုလို ပျက်ပြယ်ခဲ့ရပြီပဲလေ။

ကားပေါ်မှဆင်း၍ ကုမ္ပဏီရှိရာဆီ ဆက်လျှောက်ခဲ့စဉ် ကိုဆက်ကားက ရောက်နှင့်နေလေပြီ။ ခန်းမထဲမှတစ်ဆင့် Lift ဖြင့် အပေါ်ဆုံးထပ်သို့တက်လာခဲ့ပါ၏။ ကြိုရောက်နှင့်နေသည့်လုပ်ဖော်ကိုင်ဖက်တွေကို ပြုံးပြနှုတ်ဆက်လိုက်ပြီး မန်နေဂျာရုံးခန်းထဲသို့ တန်းဝင်ခဲ့သည်။

လက်ထောက်မန်နေဂျာခုံမှာထိုင်ပြီး ဒီနေ့တစ်နေ့တာလုပ်ရ



www.burmeseclassic.com

www.burmeseclassic.com



မည့် List ကိုစစ်နေစဉ် ရုံးခန်းထဲသို့ မန်နေဂျာဝင်လာပါ၏။

"Good morning မို့မို့"

"Morning ပါ. . . ကိုကျော်"

"ဒီနေ့လည်း မှောင်ဦးမယ်ထင်ပါရဲ့"

"ဘယ်တတ်နိုင်မလဲရှင်။ ရုံးချုပ်ကိုအပြီးလွှဲပေးရမယ့် စာရင်းတွေကို အပြီးသတ်ချုပ်ရမှာကိုး။ ခုကတည်းက ကြိုမလုပ်ထားရင် နီးမှ မျက်ဖြူဆိုက်ရမှာလေ"

"ဒီလောက်ထိ ကြိုတွေးတတ်တာတောင် မို့မို့ ဒီနေရာမှာပဲ ရှိနေစရာလား။ တကယ်ဆို MD ရဲ့ Secretary နေရာမှာ ရှိသင့်တာပေါ့"

"ရှူး! တိုးတိုးဆရာ။ သွယ်နှင်းဖြူ ကြားသွားမှ ရှင်းမရဖြစ်ကုန်ပါဦးမယ်။ Secretary ဆိုတာ အသက်ငယ်ငယ်နဲ့ ချောမောလှပတဲ့မိန်းကလေးတွေသာ ရကြတာလေ။ သွယ်က အရည်အချင်းပြည့်မီတဲ့သူမို့ ဒီရာထူးရတာကို ကိုကျော်လည်းသိရဲ့သားနဲ့"

"ဩော်! ဒါဖြင့် မို့မို့က ဘာအရည်အချင်းမှမရှိဘူးလို့ဆိုလိုချင်တာလား။ ဒီရုပ်ရည်ကရော တော်တော်မှ အရုပ်ဆိုး အကျည်းတန်နေလို့များလားမို့မို့ရယ်"





"အသက်က မနေဘူး ကိုကျော်ရေ။ (၂၇) နှစ်ဆိုတာ နည်းနည်းနောနောဟိုင်းသွားတဲ့နှစ်မဟုတ်ဘူးရှင့်"

"မို့မို့ကတော့လေ။ အသက် (၄၀) ကျော်ကြီး ကျနေတာပဲ။ ပြောရောမယ်။ ကိုယ်တို့ပြောဖို့လည်းထားပါဦး"

"မတူဘူးလေ ကိုကျော်ရယ်။ ယောကျ်ားလေး အသက်ဘယ်လောက်ကြီးကြီး အိုဇာမှု မြန်တာမှမဟုတ်တဲ့ဟာပဲ"

"မြှောက်ထားကွ။ နေ့လယ်ကျ ကော်ဖီတိုက်မယ်ကွာ"

"သောက်ချင်လို့မဟုတ်ပါဘူးနော်"

ကျော်မျိုးသန့်က သူမခေါင်းကို ချစ်စနိုးဟန်ဖြင့် File ဖြင့် လှမ်းထုလိုက်စဉ် ချပ်ခနဲ အခန်းတံခါးက ပွင့်သွားလေ၏။ ကိုထက်ကိုမြင်လိုက်ရတာမို့ သူမရော ကိုကျော်ပါ မျက်နှာတွေ အမ်းသွားရပြီး ခပ်မြန်မြန်မတ်တတ်ရပ်လိုက်ရပါသည်။

"ဖိုးကျော်. . . စင်ကာပူကိုပို့မယ့်ပစ္စည်းတွေ ဒီနေ့အပြီးလုပ်ပေးပါ။ မို့ မနေ့က စစ်ခိုင်းထားတဲ့ File ယူပြီး ကိုယ့်နောက်လိုက်ခဲ့"

"ဟုတ်ကဲ့ပါ. . . MD"

အံဆွဲထဲထည့်သိမ်းထားသည့် အပြာနုရောင် File ကို သော့ဖွင့်ယူလိုက်ပြီး ချက်ချင်းထလိုက်ခဲ့ရ၏။ MD ရုံးခန်းထဲရောက်စဉ်



www.burmeseclassic.com

www.burmeseclassic.com



ကိုထက်က တံခါး Lock ကို ဖျတ်ခနဲချလိုက်တာမို့ သူမအံ့ဩသွားရလေသည်။ ဘာများအရေးတကြီးပြောစရာရှိလို့ Lock ကိုချလိုက်ရတာပါလိမ့်။

"ထိုင်"

"MD . . . ဒီမှာ"

"ခဏထိုင်ပါဦး,မို့။ ကိုယ်ပြောစရာရှိလို့ပါ"

"ဟုတ်ကဲ့"

မျက်လွှာကိုအသာချ၍ ထိုင်လိုက်စဉ် MD က ဆုံလည်ခုံမှာထိုင်ချလိုက်ပြီး သူမကိုစေ့စေ့ကြည့်နေလေ၏။ ဘုရားရေ! ဘာများအမှားလုပ်ခဲ့မိပါသလဲ။ ခပ်မြန်မြန်စဉ်းစားလိုက်မိပေမယ့် အဖြေက ထွက်မလာခဲ့။

"မို့ ဒီမှာအလုပ်ဝင်တာ ဘယ်လောက်ရှိပြီလဲ"

"သုံးနှစ်ပါ"

"ဒါဆို ဒီသုံးနှစ်အတွင်းမှာ ဖိုးကျော်နဲ့ ဒီလိုတရင်းတနှီးဖြစ်သွားစရာအကြောင်းရှိနေပြီလား"

"ရှင်! "

"ကျွတ်! မို့နဲ့ဖိုးကျော်ဆက်ဆံတာ သာမန်ထက်ပိုနေတယ်လို့





ကိုယ်မြင်တယ်။ ဒါကို ငြင်းချင်သေးလား"

"မို့တို့ ရိုးရိုးသားသား. . ."

"ခုနမြင်ကွင်းမျိုးက ရိုးသားတာလားမို့ရဲ့. . . ပြောပါဦး။ တစ်ယောက်နဲ့တစ်ယောက် ရိုက်ပုတ်ကျီစယ်တဲ့ အပြုအမူဆိုတာ တော်ရုံရင်းနှီးမှုမျိုးနဲ့ လုပ်လို့ရတာမျိုးမှမဟုတ်ဘဲ။ မို့မှာ ဒီလိုပုံစံမျိုး ဘယ်တုန်းက ရှိခဲ့ဖူးလို့လဲ။ နှစ် (၂၀) ကျော်ရင်းနှီးခဲ့ဖူးတဲ့ကိုယ်နဲ့တောင် ဒီလိုလက်ပွန်းတတီး မို့ဆက်ဆံဖူးသလား"

မျက်ရည်တို့ ရစ်ဖွဲ့သီလာလေ၏။ အရင်လို မဟုတ်မခံ ပက်ခနဲပြောတတ်တဲ့စရိုက်တွေ ဘယ်များပျောက်ကုန်ပါလိမ့်။ အနိမ့်ဆုံးရောက်နေတဲ့သူ့ကို ခုလိုဖိဟောက်တာမျိုး ကိုထက် လုပ်ပြနေပြီသွား။ အင်းပေါ့လေ. . . တစ်ချိန်တုန်းကတော့ မို့,ခါးခါးသီးသီးပြောဆိုငြင်းဆန်ခဲ့ဖူးတာပဲ။ ဒါကိုများ အမှတ်ထားပြီး ခုလိုပြောနေတာများလား။

"မေးနေတာကိုဖြေလေ"

"မဟုတ်ပါဘူး"

"ဘာမဟုတ်တာလဲ။ ဒီပုံစံအတိုင်း ညစဉ်ရက်ဆက် ရုံးခန်းထဲမှာ မောင်တဲ့အထိရှိနေတာကို ကိုယ်ဘယ်လိုလုပ်ပြီး စိတ်ချလို့



www.burmeseclassic.com

www.burmeseclassic.com



ရမှာလဲ။ ဒါကို မို့တွေးမိရဲ့လား"

"မှားနေပြီ"

"ဘာမှားတာလဲ"

"ကိုထက် ထင်သလိုမဟုတ်ရပါဘူး။ ကိုကျော့်ကို ကိုထက်သူငယ်ချင်းဆိုတဲ့အသိနဲ့ ကိုထက်လိုပဲ တရင်းတနှီးဆက်ဆံမိတာမျိုးပါ။ ဒီ့ထက်. . . ဒီ့ထက် ဘာမှမပိုပါဘူး"

"ကျွတ်! နှိုင်းစရာလား။ သူနဲ့နှိုင်းစရာလား မို့ရဲ့။ ဒီလောက်နှစ်ရှည်လများ ရင်းနှီးလာခဲ့တဲ့ကိုယ်နဲ့ ဒီသုံးနှစ်တာကာလလေးခင်တဲ့ဖိုးကျော်ကို နှိုင်းပြစရာ ဘာအကြောင်းမှမရှိဘူး။ ကိုယ်လုံးဝမကြိုက်ဘူး၊မို့။ ဖိုးကျော်နဲ့ဆက်ဆံတာကို မို့ဘက်က ပြင်ပါ။ ကိုယ်ဒါပဲပြောချင်တယ်"

"ဟုတ်ကဲ့ပါ. . . MD"

မတ်တတ်ရပ်လိုက်ပေမယ့် MD ထံမှ သွားခွင့်မရသေးတာကိုသိနေတာမို့ ဆက်ပြီးရပ်နေမိ၏။ ဘာပြောစရာများ ကျန်နေသေးပါသလဲ။ ကျလုလုမျက်ရည်ကို မနည်းကြီးထိန်းချုပ်ထားရတာမို့ အခန်းထဲမှ အမြန်ဆုံးထွက်ချင်လှပါပြီ။ ရက်ရွှဲ့အားငယ်စိတ်ကရင်ထဲမှာ ပြည့်နှက်နေလေ၏။





အလုပ်သမားလေး အနေအထိုင်မတတ်တာကို ရှုံ့ခန်းထဲ ခေါ်ပြီး ပြောဆိုတာတဲ့လား။ ရက်ဖို့ကောင်းလိုက်တာ။ လူမြင်ကွင်းမှာ အမြင်မတော်ပြုမူတာမျိုးမှမဟုတ်တာဘဲ။ အစ်ကိုတစ်ယောက်က ညီမတစ်ယောက်ကို ချစ်စနိုးလေးနဲ့ပြုမူလိုက်တာက ဒီလောက်ထိ အပြစ်ကြီးတစ်ခုဖြစ်သွားရတယ်လို့။ ဩော်. . . မြေနိမ့်ရာမှာ လှံစိုက်တတ်တဲ့လူ့သဘာဝကို သူမ မေ့နေမိတာပါလား။

"မို့"

"ဆင်ခြင်ပါ့မယ်. . . MD"

"မို့. . . ကိုယ်က. . . ကိုယ်က, ကိုယ့်လက်အောက်က ဝန်ထမ်းမို့ ဖိနှိပ်ပြောနေတာလို့ထင်နေသလား"

"ဟင့်အင်း"

ပါးပြင်ထက်စီးကျသွားသည့်မျက်ရည်ကို လက်ဝါးဖြင့် ဖျတ်ခနဲအမြန်သုတ်လိုက်စဉ် MD က သူမနားသို့ ဝုန်းခနဲရောက်လာလေ၏။

"မို့, ကိုယ်ဆိုလိုတာကို တလွဲမယူဆလိုက်ပါနဲ့။ ကိုယ်. . . ကိုယ်. . . မို့ကိုတစ်ခါဆုံးရှုံးခဲ့ပြီးပါပြီ။ နောက်ထပ် ဘယ်သူ့လက်ထဲကိုမှ ကိုယ်ထည့်မပေးနိုင်တော့ဘူး။ ဒါကြောင့် ဒီလိုမျိုးစိုးရိမ်



www.burmeseclassic.com

www.burmeseclassic.com



စိတ်နဲ့ပြောလိုက်မိတာကို မို့အထင်မလွဲလိုက်ပါနဲ့။ ကိုယ်. . .”

လက်ဖျားကိုတင်းတင်းဆုပ်ကိုင်ခံလိုက်ရစဉ် သူမ ငိုရှိုက်ချလိုက်ပြီး လက်ကိုရုန်းလိုက်မိပါ၏။

“မို့”

“တောင်းပန်ပါတယ်။ မို့က. . . မို့က MD ရဲ့ ကုမ္ပဏီက လခစားဝန်ထမ်းဆိုတာကို မေ့မထားလိုက်ပါနဲ့။ ခွင့်ပြုပါဦး”

ရုံးခန်း Lock ကိုဖွင့်၍ အပြေးထွက်လာခဲ့မိ၏။ အခြေအနေတွေက မတူတော့ပြီပဲ ကိုထက်ရယ်။ ဘယ်လိုမှမဖြစ်နိုင်တဲ့ကိစ္စကို ထပ်ပြီးမလုပ်ချင်ပါနဲ့လား။ မို့ရင်ထဲမှာ အချစ်ဆိုတာ မရှိတော့ပါဘူး။ ရှိရှိသမျှချစ်ခြင်းတွေအားလုံးကို မောင့်ဆီမှာ ပုံပေးခဲ့ပြီမို့ပါရှင်။

❀ ❀ ❀



## အခန်း ( ၂ )

ရုံးခန်းတံခါးကိုသော့ပိတ်လိုက်ပြီး ထွက်လာခဲ့၏။ မန်နေဂျာရုံးခန်းရှေ့အရောက်မှာ သူ့ခြေလှမ်းတွေ အလိုလိုရပ်သွားရလေသည်။ သူမနှင့်ဖိုးကျော် အတူရှိနေကြဦးမှာပါလား။ ဘယ်လိုများလုပ်ရပါ့မလဲ။ အလုပ်ပြန်ချိန်နောက်ကျသွားသည်နှင့် မေမေ၏ မသင်္ကာဖွယ်မျက်ဝန်းအကြည့်တွေကို အမြဲခံနေရတာလေ။ သက်ပြင်းကိုရှိုက်၍ တံခါးကိုတွန်းဖွင့်လိုက်စဉ် သူမစားပွဲရှေ့မှာ သူ့ Secretary သွယ်နှင်းဖြူပါ ရှိနေတာကို မြင်လိုက်ရပါသည်။

“Boss မပြန်သေးဘူးလား”

“ပြန်မှာပါ သွယ်ရဲ့။ ဖြည်းဖြည်းပေါ့”



www.burmeseclassic.com

www.burmeseclassic.com



"အန်တီချယ်ရီ့ကို. . . သွယ့်ကိုယ်စား ပြောပေးပါဦးနော်၊ အလုပ်တွေရှုပ်နေလို့ ဒီတစ်ပတ် လာမလည်အားပေးဘူးလို့"

"ဒါများ phone ဆက်လိုက်ရင်ရသားနဲ့။ ကိုယ်က မကြာခဏ မေ့သွားတတ်လို့ပါ"

"အဲဒါတွေကြောင့်ပြောတာ။ 'ကို' က အရင်နဲ့ လုံးဝကိုမတူ တော့ဘူး"

သွယ့်နှုတ်မှ 'ကို'ဟုထွက်လာတာမို့ သူ့မျက်နှာနွေးခနဲဖြင့် သွားရလေ၏။ မို့ရဲ့ရှေ့မှာ ဒီလိုသုံးလိုက်ရသတဲ့လား။ အင်းပေါ့ လေ. . . မေမေကိုယ်တိုင် သူနဲ့ပိုရင်းနှီးစေချင်လို့ သူနဲ့အနီးဆုံး နေရာကို ပို့ထားမှတော့ သွယ် မဏ္ဍပ်တိုင်တက်ပြတာကို အပြစ်တင် လို့ ဘယ်ရပါ့မလဲလေ။ MD တွေ၊ GM တွေရဲ့ Secretary တွေ အားလုံးဟာ သွယ့်လို ကိုယ်ပိုင်ကားနဲ့ အလုပ်ဆင်းနိုင်တာမှမဟုတ် တာပဲ။

မို့ကိုလှမ်းအကဲခတ်လိုက်တော့ မို့က ဘာကိုမှသတိထားမိ ပုံမရ။ စာရင်းစာအုပ်တွေနှင့်အလုပ်တွေ ရှုပ်နေဆဲ။ ကဲ! သွယ်နှ နေချိန်မှာ ဘယ်လိုပုံစံနဲ့ မို့ကို သူခေါ်ထုတ်လို့ရပါ့မလဲ။

"ကြာဦးမှာလား၊ ဖိုးကျော်"





"အင်း. . . (၈)နာရီလောက်ထိပါပဲ။ သွယ်ပြန်ချင်ရင် ပြန် လို့ရတယ်နော်။ သွယ့်တာဝန်က ပြီးနေပြီ"

"သွယ်က ကိုယ့်ကားနဲ့ကိုယ်လာတာပဲ. . . ကိုသန့်ရဲ့။ ဘယ် အချိန်ပြန်ပြန်ပေါ့"

"မင်းသွားရင် မို့ကို Taxi ပေါ်တော့ တင်ပေးလိုက်ဦးနော်"

"Taxi နဲ့ တင်ပေးစရာလားကွ။ ငါလိုက်ပို့မှာပေါ့"

သူ မျက်နှာကြောတင်းသွားရပါ၏။ ဒီကောင်နေတာက မို့ နဲ့ လမ်းကြောင်းဆန့်ကျင်ဘက်ကြီးကို ဘာကိစ္စနဲ့ လိုက်ပို့ချင်ရပြန် တာပါလိမ့်။ တကယ်ဆို သူနှင့်မို့က လမ်းတစ်ကြောတည်းရှိနေတာ လေ။

"မင်းကလည်း တကူးတကကြီး"

"ရပါတယ်။ မို့ လိုင်းကားနဲ့ပဲပြန်မှာပါ"

"လိုင်းကားတွေ တအားကျပ်တဲ့အချိန် မို့မို့ရဲ့။ လူချောင်တဲ့ ကားကိုစောင့်ရင်း မှောင်သွားမှာစိုးလို့ ကိုယ်လိုက်ပို့ပေးမယ်လို့ပြော တာပေါ့"

သူ သက်ပြင်းကို ကျိတ်ရှိုက်လိုက်မိ၏။ မို့ဘက်က ဘယ် လောက်ပဲကင်းရှင်းတယ်ပြောစေဦးတော့ ဖိုးကျော်ဘက်က မရိုး



www.burmeseclassic.com

www.burmeseclassic.com



သွားတာ သိသာနေသည်ပဲ။

ကဲ! ဒီလောက်အခြေအနေဖြစ်မှတော့ သူ့ကွယ်ရာမှာ မို့ကို ဘယ်နည်းနဲ့မှမထားနိုင်ပါချေ။ ကြာလာရင် ဒီကောင်နဲ့မို့ ပိုပြီးနီး စပ်သွားမှာ သေချာနေပြီပဲကိုး။

"မို့. . . သိမ်းစရာရှိတာတွေသိမ်းတော့"

"ရှင်! "

"ဟော့ကောင် စည်သူ။ ဒီမှာ အလုပ်မှမပြီးပြတ်သေးတာ"

"မပြီးရင် Sunday OFF ရက် လာဆင်းပြီးလုပ်ပေါ့။ မို့ ထတော့။ ကိုယ်ပြန်လိုက်ပို့မယ်"

သူမမျက်နှာ တစ်မျိုးလေးဖြစ်သွားသလို သွယ့်ထံမှ စူးခနဲ အကြည့်က သူ့ဆီရောက်လာလေ၏။ ဘာကိုမှဂရုမစိုက်နိုင်တော့ပါ ချေ။ မို့ဆိုတာ သူနှင့်ငယ်ငယ်ကတည်းက ကစားဖော်အဖြစ်ရင်းနှီး ခဲ့ကြသူတွေမဟုတ်လား။

"ဒါက ဘာသဘောလဲ,ကို။ ကိုသန့်လိုက်ပို့ပေးမယ်ပြောထား တာကို"

"ဒါ ကိုယ့်ကိစ္စပါ, သွယ်။ ကုမ္ပဏီမှာရှိနေချိန် မင်း, စကား ပြော ဆင်ခြင်ပါဦး"





"သွယ်က ဘာကိုဆင်ခြင်ရမှာလဲ။ ပြောပါဦး,ကိုရဲ့"

"ကျွတ်! မင်းဘယ်လိုလဲ သွယ်နှင်းဖြူ။ ကိုယ့်အနေနဲ့ ကုမ္ပဏီ ဝန်ထမ်းကိုကူညီသင့်လို့ ကူညီတာကို ဘာကြောင့်ပြဿနာရှာချင် နေတာလဲ။ ဖိုးကျော်က မို့နဲ့ဆန့်ကျင်ဘက်မှာနေတာ။ တကူးတက ဖြစ်မှာစိုးလို့ မို့ကို ကိုယ်ပဲပြန်ပို့ပေးမယ်ပြောတာကို အပြစ်မတင် ချင်နဲ့"

"ဒါဆိုလည်း ကိုယ့်ရဲ့ Assistance Manager ကို ကားတစ် စီးလောက် ဝယ်ပေးလိုက်လေ။ ဒီလောက်တောင် စေတနာထားနေ ရင်"

"တောက်! မင်းစကားပြောတာ လွန်နေပြီနော် သွယ်နှင်းဖြူ။ အခု မင်းစီးနေတဲ့ကားထက် ပိုတန်ဖိုးကြီးတဲ့ကားမျိုးကို မို့က ထည် သဲစီးခဲ့တာပါ။ မိဘအရှိန်နဲ့ ခေါင်းမထောင်ချင်စမ်းပါနဲ့"

"ကို"

"မင်းဘာမှထပ်မပြောနဲ့"

"သွယ်နဲ့သူက တူလို့လား"

"မတူဘူး၊ ဘယ်တော့မှတူမှာ မဟုတ်ဘူး။ မင်းနဲ့ရင်းနှီးတာ နှစ်အပိုင်းအခြားလေးပဲရှိသေးတာပါ သွယ်နှင်းဖြူ။ အနှစ် (၂၀)



www.burmeseclassic.com

www.burmeseclassic.com



ကျော်ကာလကို လိုက်မယှဉ်ချင်ပါနဲ့။ မို့, ခုချက်ချင်းထ”

“MD…”

“ကိုယ်ပြောနေတယ်။ ကျန်တာတွေ ဖိုးကျော်,သိမ်းလိမ့်မယ်။ လာ”

လက်တစ်ဖက်ကိုပါ လာဆွဲနေပြီမို့ သူမထရပ်လိုက်ရလေ၏။ သွယ့်ကိုအားနာလွန်း၍ မျက်နှာကိုပင် မကြည့်ရဲတော့ပေ။ ဘာတွေလျှောက်လုပ်နေတာလဲ. . . ကိုထက်ရယ်။ ဘာမဟုတ်တာလေးနဲ့ နောက်ဆက်တွဲပြဿနာတွေဖြစ်လာအောင် ဘာလို့လုပ်ချင်ရတာတဲ့လဲ။ ချိုင့်နှင့်အိတ်ကို ကမန်းကတန်းကောက်ကိုင်၍ အပြေးတစ်ပိုင်းခြေလှမ်းတို့ဖြင့် လိုက်လာခဲ့ရ၏။ ပါးစပ်အဟောင်းသားဖြင့် ကျန်ရစ်ခဲ့သည့်ကိုကျော်နှင့်သွယ့်ကို ဘယ်လိုများ ပြန်ရှင်းပြရပါ့။

“တက်”

“MD . . . မို့, လိုင်းကားနဲ့ပဲ”

“ကျွတ်! ကိုယ်ကပြောရင် နာခံမှုကြိုက်တယ်ဆိုတာ မို့သိတယ်နော်။ တက်ဆိုရင် တက်မှပေါ့”

“အဲဒါက အလုပ်ကိစ္စလေ MD , ခုဟာက. . .”





“လျှောမရှည်နဲ့။ တက်မလား မတက်ဘူးလား. . . ပြော. . . သိမ်သိပ်စိတ်မရှည်ဘူးနော်။ ပွေ့ချီတင်လိုက်လို့ နောက်မှအပြစ် ပြောနဲ့။ ဒါပဲ”

သူမ စိတ်ပျက်စွာဖြင့် ခေါင်းကိုခါရမ်းလိုက်ပြီး သူဖွင့်ပေး ားသည့်တံခါးပေါက်မှ ကားပေါ်တက်ထိုင်လိုက်ပါ၏။ ဟုတ်ပါ ယ်။ မို့က ဒီလိုကားမျိုးတွေကို ထည်လဲစီးခဲ့ရတဲ့သူပါ။ ဒါပေမဲ့ ဒီကာလတွေက ဟိုးအဝေးမှာ အိပ်မက်တစ်ခုလိုကျန်ရစ်ခဲ့ပါပြီ သက်ရယ်။

ငြိမ့်ခနဲမောင်းထွက်လာသည့်ကားပေါ်မှာ စိတ်ရှုပ်ထွေးမှု ာနှင့် ပါလာခဲ့ရ၏။ သူ့မျက်နှာက ခါတိုင်းနှင့်မတူ။ တည်လွန်းလု ည်လား။

“ဘာတွေလျှောက်လုပ်နေတာလဲ။ မို့ ထမင်းအိုးကွဲအောင် ်င်လုပ်နေတာတော့ မဟုတ်ပါဘူးနော်”

“မို့”

“မို့ ဘယ်လိုမှနားမလည်နိုင်ဘူး။ သွယ်က ကိုထက်နဲ့အပတ် က်ဆုံးသူပါ။ ဒါကို သိသိကြီးနဲ့ ကိုထက် ခုလိုလုပ်ဝံ့တာမို့ သိပ် ြတယ်။ တကယ်ပါပဲ. . . ဟုတ်တယ်။ သွယ်ပြောသလို ကိုထက်

www.burmeseclassic.com



က အရင်နဲ့နည်းနည်းမှမတူတော့တာ မှန်နေတာပဲလေ”

ကားက လမ်းတစ်နေရာမှာ ထိုးရပ်သွားလေ၏။ သူမဘက်ကိုလှည့်မကြည့်ဘဲ ကားရှေ့စူးစူးကို စိုက်ကြည့်နေသည့် ကိုထက်အကြည့်တွေက ရီဝေဝေ။

“ကိုယ်နဲ့သွယ်ပတ်သက်တာကို မို့ဘယ်လိုသိသွားတာလဲ”

“ဒါ တစ်ကုမ္ပဏီလုံးသိနေတဲ့ကိစ္စပဲ ကိုထက်ရဲ့။ အဆန်းမှမဟုတ်တာကို”

“ကိုယ်နဲ့သွယ့်ကို မကြာခင် စေ့စပ်ပေးကြတော့မယ်”

သူမ ပြုံးလိုက်မိပါ၏။ ဘာလို့များ အသိပေးနေတာပါလိမ့်။ တကယ်ဆို သူမနှင့်ကိုထက်က အလုပ်ရှင်နှင့်အလုပ်သမားဘဝဆိုတာကို မေ့များမေ့နေသလား။ အရင်တုန်းကတည်းက သူငယ်ချင်းမိတ်ဆွေလိုပဲ ရင်းနှီးခဲ့တာပါ ကိုထက်ရယ်။

“အဲဒါ မို့နဲ့မှမဆိုင်ဘဲ ကိုထက်ရဲ့”

“ဟုတ်ပါတယ်။ မို့အသည်း ဘယ်လောက်ထိမာသလဲဆိုတာ ကိုယ်သိထားပြီးသားပါ”

အသည်းမာတယ်တဲ့လား။ မှားနေပြီ. . . ကိုထက်ရဲ့။ မို့က အင်မတန်မှ အသည်းနုငယ်တဲ့မိန်းကလေးပါ။ ဒါကြောင့်လည်း





မောင့်ကိုမြင်မြင်ချင်းစွဲလမ်းမြတ်နိုးမိခဲ့တာ။ အဲဒီလိုချစ်ခဲ့မိလို့လည်း မောင်စွန့်ပစ်ခဲ့တဲ့ဒဏ်ကို နာကျင်စွာခံစားခဲ့ရတာလေ။ နောက်ထပ်နာစရာနေရာတောင် မကျန်ရစ်တော့ပါဘူးကွယ်။

“ကိုယ်သေချာစဉ်းစားကြည့်မိလေ၊ ရင်နာလေပဲ့မို့။ ဒီဘဝမှာ လူဖြစ်လာရတာ ရုပ်သေးရုပ်လိုဘဝနဲ့လေ။ တစ်ချိန်က ကိုယ်ချစ်တဲ့သူကိုချစ်ခွင့်ရဖို့၊ လက်ထပ်ခွင့်ရဖို့ ကြိုးစားခဲ့ပါလျက် အခွင့်မရခဲ့ဘူး။ ကိုယ့်အသည်း တကယ်ကွဲခဲ့ရတာပါ။ ခုနောက်တစ်ကြိမ်မေမေထပ်ကြိုးစားပြန်ပြီ။ ဒါကိုလည်း ကိုယ်က ခေါင်းညိတ်ပြရဦးမယ်။ မို့ စဉ်းစားကြည့်ပေါ့။ ကိုယ့်ဘဝလောက် ရင်နာစရာကောင်းတာ ဘယ်ရှိနိုင်မှာလဲ”

သူမ၊ သူ့မျက်နှာကိုမကြည့်ရဲတော့ဘဲ ခေါင်းကိုငုံ့ချလိုက်မိ၏။ မပြောပါနဲ့။ မပြောပါနဲ့လား. . . ကိုထက်ရယ်။ အဲဒီအကြောင်းကိုပြန်တွေးရင် မို့ရင်နာလို့ မဆုံးနိုင်လို့ပါ။ မှားခဲ့ပါတယ်။ သိပ်ကိုအမှားကြီးမှားခဲ့တာပါ။ လိုလိုချင်ချင်ပေးနေစဉ်က လက်မခံချင်ဘဲ ‘အချစ်’ တစ်ခုတည်းနဲ့ ရူးမိုက်စွာဆုံးဖြတ်ခဲ့တာလေ။ အခြေအနေနဲ့ အချိန်အခါကလည်း မျက်နှာသာပေးနေတဲ့အခိုက်မို့ ခုလိုမျိုးလုပ်ခဲ့မိတာပါ။



www.burmeseclassic.com

www.burmeseclassic.com



ဝင်္ဂဆိုတာ လည်စမြဲတဲ့။ ဟုတ်ပါတယ်။ ကိုထက်ရဲ့မေတ္တာတွေ မို့အပေါ်မှာ စုးရှပြီး ကောင်းကောင်းကြီး ဝင်္ဂလည်ခဲ့ရတာပါကွယ်။ လိုချင်နေတဲ့သူကိုတော့ မပေးချင်ဘဲ၊ မလိုချင်သူကိုမှ မေတ္တာတွေ ပေးခဲ့မိတာ။ ကိုထက်လိုပဲ မို့အသည်းလည်း ဟက်တက်ကွဲခဲ့ရတာအမှန်ပါလေ။

"မို့မှာ ချစ်သူရှိတယ်၊ မို့ချစ်သူကိုပဲ လက်ထပ်မှာ၊ ဘယ်သူတွေဘာပြောပြော မို့ဂရုမစိုက်ဘူး။ မို့ကို ဖိအားတွေမပေးပါနဲ့။ ကိုထက်မိဘတွေ စိတ်တိုင်းကျစီစဉ်တာကို ကိုထက်ခေါင်းညိတ်ပေမယ့် မို့ဘယ်လိုမှလက်သင့်မခံဘူး၊ ကိုထက်ကိုလည်း အစ်ကိုတစ်ယောက်လို၊ သူငယ်ချင်းလိုသဘောထားပြီး မို့ချစ်ခဲ့တာပါ။ ဒါကိုနားလည်ရင် ကိုထက်လှမ်းနေတဲ့ခြေလှမ်းတွေကို နောက်ဆုတ်ဖို့ပြင်တော့၊ ကိုထက်ကို မို့မမုန်းပါရစေနဲ့လို့ပဲ နောက်ဆုံးပြောချင်ပါတယ်"

"မေမေတို့သဘောမတူနိုင်တဲ့သူကို မယူနဲ့ဆို မယူပါဘူးမေမေ။ မို့နောက်ဆုတ်လိုက်ပါ့မယ်၊ ဒါပေမဲ့ ကိုထက်နဲ့တော့ မယူပါရစေနဲ့၊ မို့ကိုအတင်းအကျပ်ပေးစားမယ်ဆိုရင် ဒီလောကကိုကျောခိုင်းဖို့ မို့ ဝန်မလေးဘူးနော်။ သတို့သမီးမတက်နိုင်တဲ့မင်္ဂလာပွဲကို ပြင်ဆင်ချင်ရင်ပြင်လိုက်ပါ။ အဲဒီပွဲဟာ မို့ရဲ့အမင်္ဂလာပွဲပဲ ဖြစ်သွားစေရမယ်မေမေ။





...ဒါ မို့ဆုံးဖြတ်ချက်ပဲ"

နာမှာပေါ့။ နာရှာမှာပေါ့လေ။ ဒီလောက်အဖက်ဖက်က ပြီးပြည့်စုံတဲ့သားကိုအငြင်းခံလိုက်ရတော့ အန်တီချယ်ရီနာတာ ဘာ...းဆန်းလို့လဲ။ မာနတွေထောင်လွှားပြီး ငြင်းခဲ့တာမဟုတ်ပါဘူး အန်တီ။ မို့ရင်ထဲမှာ တကယ်ပဲ မောင်ရှိနေခဲ့လို့ပါ။ အရှက်ခွဲခဲ့လေ...င်းလို့ အငြိုးတွေထားခဲ့လေသလား။ သာမန်ရုံးအလုပ်သမလေး...အနေနဲ့ရောက်လာတတ်တဲ့မို့ကို မလိုလားတဲ့မျက်ဝန်းတွေနဲ့ ကြည့်...တ်တာ မို့အပြစ်မတင်ရက်ပါဘူး။ တကယ်တမ်းအပြစ်ရှိနေတာ...မို့ကိုယ်တိုင်ဖြစ်နေလို့ပါပဲ။

"တောင်းပန်ပါတယ်။ မို့ကိုခွင့်လွှတ်ပါ"

"ဘာကိုတောင်းပန်တာလဲ မို့"

"ဖြစ်ပျက်ပြီးခဲ့တဲ့ အစစအရာရာအတွက်ပါ"

"မို့"

"မို့ကြောင့် ကိုထက်အသည်းကွဲခဲ့ရတာ မို့ တမင်မရည်ရွယ်...ပါဘူး။ မို့ကိုယ်တိုင်လည်း ကိုထက်လို. . . ကိုထက်လိုအသည်းကွဲ...ခဲ့ရတာပဲလေ။ မို့, ဝင်္ဂကောင်းကောင်းကြီးလည်ခဲ့ရတာပါ"

"မို့ရယ်. . . ကိုယ် မို့အပေါ် ဘယ်တုန်းကမှစိတ်မခုခဲ့ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဒီကိစ္စအတွက် ကိုယ့်ကိုတောင်းပန်စရာမှမလိုတာ”

“ဘာပဲဖြစ်ဖြစ် ကိုထက်ကို မို့ အနူးအညွတ်တောင်းပန်ပါတယ်”

“မို့မှာ ဘာအပြစ်မှမရှိပါဘူး။ လူငယ်ဆိုတာ ကိုယ့်စိတ်နဲ့ကိုယ်ဆုံးဖြတ်ပိုင်ခွင့်ရှိပါတယ်လေ။ မို့ရဲ့ပွင့်လင်းတဲ့စိတ်မျိုးကို ကိုယ်လည်း လိုချင်တာအမှန်ပဲ။ လွန်ခဲ့တဲ့ (၁၀)နှစ်တုန်းကလို မို့ချစ်သူဘက်က မားမားမတ်မတ်ရပ်ပြီး ကိုယ့်ကိုဆန့်ကျင်ခဲ့သလိုမျိုး ကိုယ်လည်း မေမေ့ကိုပြချင်တာပေါ့။ ဒါပေမဲ့. . . အဲဒီလိုသတ္တိမျိုး ကိုယ့်မှာ ဘာကြောင့်မရှိရတာလဲ”

တိတ်ဆိတ်သွားပါ၏။ အပြင်မှာ မိုးစက်တို့ တဖွဲဖွဲကျလာလေသည်။ မိုးတွေရွာနေပြီလေ. . . မောင်။ ဒီလိုမိုးစက်တွေအောက်မှာ ခုန်ပေါက်ပျော်မြူးခဲ့တဲ့ကောင်မလေးတစ်ယောက် ရှိခဲ့တာကို မောင်မှတ်မိပါရဲ့လား။ ဒီမိုးတွေထဲမှာပဲ မောင်နဲ့မို့ချစ်ခဲ့တာ။ ဒီလိုမိုးရွာချိန်မှာပဲ မောင်နဲ့မို့ လမ်းခွဲခဲ့ရတာလေ။ နာကြည်းရမှာလား။

ဟင့်အင်း. . . မောင့်ကိုနာကြည်းဖို့ မို့မှာ အင်အားရှိမနေပါဘူးကွယ်။

“သတိရနေတာလား”





အပြင်ကိုငေးကြည့်နေရာမှ သတိဝင်သွားရပါ၏။ လက်ရှိဗစ္စုပ္ပန်မှာ ကိုထက်နဲ့အတူရှိနေရတာမဟုတ်လား။

“အင်းပေါ့လေ။ အချစ်ဦးဆိုတော့လည်း လွယ်လွယ်နဲ့ဘယ်မေ့နိုင်ပါ့မလဲ”

“မို့ဝန်ခံပါတယ်။ သူ့ကိုတမ်းတနေတာတော့ မဟုတ်ရပါဘူး။ ဒါပေမဲ့. . . သတိကတော့ ရနေဆဲပါ။ ခုလို မိုးတွေရွာနေရင်ပေါ့”

“မို့ကို ဘာကြောင့် သူဖြတ်ခဲ့တာလဲ။ ကိုယ့်ဆီမှာ အလုပ်လာလျှောက်တုန်းက သေချာမပြောခဲ့ဘူးနော်”

“မို့က သူ့အတွက် ဝန်ထုပ်ဝန်ပိုးတစ်ခုဖြစ်နေလို့ပါတဲ့”

“ဘယ်လို”

“ဟုတ်တယ်. . . သူလျှောက်ရမယ့်လမ်းမှာ မို့က အနှောင့်အယှက်ဖြစ်နေလို့တဲ့။ သူကြိုတွေးစီမံထားတာတွေကိုလည်း မို့ကြောင့် ပျက်ပြားစေတယ်တဲ့လေ”

“ဖြစ်ရလေ။ အဲဒီတုန်းက သူ့အသက် (၂၀) လောက်တော့ရှိမှာပေါ့နော်။ ဒီလောက်ထိ တွေးစရာလိုအပ်လို့လား”

မျက်ရည်တို့ရစ်ဝိုင်းလာပြန်၏။ မတွေးချင်ပါဘူးမောင်ရယ်။ မို့ချစ်သူအကြောင်းက လွမ်းပုံပြင်တစ်ပုဒ်လို နားထောင်ကောင်းနေ



www.burmeseclassic.com

www.burmeseclassic.com



တာမှမဟုတ်တာလေ။ မောင့်အကြောင်းကိုပြောမိတိုင်း မို့မျက်ရည်ကျနေဆဲပါ။ (၁၀)နှစ်ဆိုတာ မောင့်အတွက် ချစ်သူတစ်ယောက်ကို မေ့ပစ်ဖို့လွယ်ကူကောင်းလွယ်ကူနိုင်တာမှန်ပေမယ့် မို့ကတော့ မေ့လို့မရနိုင်သေးပါဘူး။ ရင်ဘဲကဒဏ်ရာက အစိမ်းသက်သက်ကြီးကျန်နေဆဲပါလေ။

"မို့ကလည်း အပူတပြင်းလက်ထပ်ဖို့ပြောခဲ့တာမှမဟုတ်တာ၊ သူက ဘွဲ့မယူရသေးချိန်၊ မို့က ကျောင်းတောင်မှ မပြီးသေးတာ၊ မေမေကလည်း ကိုထက်နဲ့ အတိအလင်းစေ့စပ်သေးတာမဟုတ်ဘူး။ ရည်းစားသက်တမ်းတစ်နှစ်ပြည့်နေ့မှာ မို့အဖြစ်က သေမိန့်ချတရားခံလို ခေါင်းပေါ် မိုးကြိုးပစ်ချခံရတာလေ။ မာနတွေချိုးအခါခါတောင်းပန်ခဲ့ပါတယ်။ ဘယ်နှနှစ်ဖြစ်ဖြစ် စောင့်နိုင်ပါတယ်လို့ အရှက်တွေသိက္ခာတွေဘေးဖယ်ပြီး အောက်ကျို့ခဲ့တာပါ။ မို့ကိုယ်မို့ ဘာတွေလုပ်နေမှန်းမသိအောင် ရူးသွပ်ခဲ့တာလေ"

ပေါင်ထက်မှာတင်ထားသည့် အေးစက်စက်လက်ကလေးကို ကိုထက်က ခပ်တင်းတင်းဆုပ်ကိုင်လိုက်လေ၏။ ဒီနေ့ထိ အားတင်းထားဆဲပါကွယ်။ လွမ်းနာကျပြီး သေပစ်လိုက်ချင်ပေမယ့် မေမေတစ်ယောက်လုံး သက်ရှိထင်ရှားကျန်နေသေးတာမို့ လဲမသွားသေး





တာပါ။

"သူ့မှာ မို့အပြင် နောက်ထပ်ချစ်ရမယ့်သူရှိနေပြီလားလို့ မေးတော့ မို့ကိစ္စမဟုတ်ဘူးတဲ့"

"သစ္စာမဲ့လှချည်လား"

"မထင်ခဲ့ဘူး။ မို့မှာ ပြစ်ရာအပြစ်ကြီးကြီးမားမားရှိမနေဘဲ ခုလိုအလွယ်တကူစွန့်ပစ်ရက်မယ်လို့ လုံးဝကိုထင်မထားမိတာလေ။ နောက်ဆုံးတော့ အရှုံးအမှုးချစ်တတ်တဲ့အရွယ်လေးနဲ့ မလိုက်ဖက်တဲ့ အချစ်ဆူးစူးတဲ့ဒဏ်ရာကို မို့ရခဲ့တာပါပဲ"

"မို့ရယ်"

"တကယ်ဆိုရင် ဒီလိုစကားတွေကို မို့ဘက်ကသာ ပြောသင့်ခဲ့တာပါ။ မတူညီတဲ့အလွှာနှစ်ခုကို ညှိဖို့ကြိုးစားမိခဲ့တာ မို့ရူးခဲ့လို့ပဲ။ မို့တော်တော်ရူးခဲ့မိတာ ကိုထက်ရဲ့။ ကိုထက်ယုံချင်မှတောင်ယုံမှာ။ အကယ်၍များ မို့ကို မေမေတို့သဘောမတူတာတောင်မှ သူ့နောက်ကို အမွေဖြတ်ခံရခံ၍ ရဲရဲကြီးလိုက်သွားရဲတဲ့အထိပေါ့။ သူသာ မို့အနားမှာရှိနေရင် ဘာမဆို ရင်ဆိုင်ရဲတဲ့သတ္တိတွေရှိခဲ့တာအမှန်ပါ။ မိုးမလုံတဲ့ ကြယ်မြင်လမြင်တဲလေးထဲမှာ တစ်နေ့ ထမင်းတစ်နပ်ပဲ စားရပါစေဦးတော့၊ ကျေကျေနပ်နပ်ကြီးနေရဲတဲ့အထိ



www.burmeseclassic.com

www.burmeseclassic.com



အရှုံးမိုက်ဆုံး တွေးခဲ့မိတာလေ"

"ကိုယ်တကယ်ပဲ စိတ်မကောင်းဖြစ်ရပါတယ်မို့ရယ်။ မို့စိတ်ကို ဖြေသိမ့်လို့ရမယ့်စကားတွေရှိရင် ကိုယ်ပြောလိုက်ချင်ပါတယ်"

"မို့ဘက်က ကိုထက်အပေါ် လိုတာထက်ပိုပြီး ခါးခါးသီးသီးတွေပြောခဲ့မိတာမို့ ကိုထက် စိတ်နာရင်လည်း နာမှာပါ။ အန်တီချယ်ရီ မို့အပေါ် ဒီလိုစိမ်းကားသွားတာလည်း မဆန်းပါဘူးလေ။ မို့နားလည်ပါတယ်။ အရင်လို ရွှေဘုံစံဘဝမျိုးမှာ မို့က ရှိနေတော့တာမှမဟုတ်ဘဲ။ တစ်ခါတစ်ခါပြန်တွေးမိရင် ရယ်စရာကြီးပဲနော်။ ကိုယ်ပိုင်ကား ထည်လဲစီးခဲ့ရတဲ့မိန်းကလေးဘဝကနေ ဒီလိုကျပ်ညပ်နေတဲ့ bus တွေကို စီးရလိမ့်မယ်ဆိုတာ အိပ်မက်တောင်မယောင်ပြီး မက်ခဲ့ဖူးတာမဟုတ်ဘူး။ အသားဟင်းသုံးမျိုး အနည်းဆုံးပါမှ ထမင်းစားတတ်တဲ့မေမေလည်း အခုဆို ပုစွန်ကျော်ဟင်းလေးတစ်ခွက်နဲ့ တင်းတိမ်တတ်နေပြီ။ ဘဝဆိုတာ ဘာလဲလို့ လောကဓံက သင်ပေးလိုက်တဲ့သင်ခန်းစာဆိုတာကို မို့နားလည်နေပါပြီ။ ဒီ့ထက်ပိုပြီးခါးသီးတဲ့ဘဝမျိုးလည်း ရောက်စရာမရှိတော့ပါဘူး။ မို့ အရေလည်း ထူနေပြီကိုး"

"မို့ရယ်. . . ဘယ်ဘဝကိုပဲရောက်နေရောက်နေ မို့အပေါ်





မှာ ချစ်တဲ့ကိုယ့်အချစ်တွေက တစ်ရွေးသားမှလျော့မသွားဘူးဆိုတာကိုတော့ ယုံပေးပါ"

"ယုံပါတယ်။ ဒါပေမဲ့. . . ဖြစ်မှမဖြစ်နိုင်ဘဲ ကိုထက်ရယ်။ အလွှာချင်းတူညီနေတုန်းကတောင် ကိုထက်ကို မို့ငြင်းခဲ့သေးတာ။ ခုဆို ပိုပြီးဆိုးတာပေါ့။ ကိုထက်အပေါ်ထားရှိတဲ့ မို့သဘောထားက ဘယ်တော့မှပြောင်းသွားမှာမဟုတ်ပါဘူး။ ဒီတော့ အန်တီချယ်ရီစီစဉ်ပေးတဲ့အတိုင်း ကိုထက် နာခံပါ။ လက်ခံလိုက်ပါ။ သွယ်က ချစ်ဖို့ကောင်းပါတယ်။ ကိုထက်နဲ့လည်း လိုက်ဖက်တဲ့မိန်းကလေးတစ်ယောက်ပါ။ မို့က အသည်းကွဲဖူးတဲ့မိန်းမတစ်ယောက်ဖြစ်နေပြီမို့ ဒီဟက်တက်ကွဲနေတဲ့နှလုံးသားနဲ့ ကိုထက် မတန်ပါဘူးကွယ်"

မို့ရယ်. . . ပြောတတ်လိုက်တာ။ မချစ်ခဲ့ဖူးတာထက်စာရင် အသည်းကွဲဖူးတာက ပိုပြီးမကောင်းဘူးလား။ မို့အပေါ်မှာထားတဲ့ ချစ်ခြင်းတွေကို ဘာကြောင့်များ ရုတ်သိမ်းစေချင်နေရတာလဲ။

တကယ်ဆို ကိုယ်က မို့နဲ့အနီးဆုံးမှာ နေခွင့်ရခဲ့တဲ့သူပါ။ မို့ရဲ့အပြုံး၊ မို့ရဲ့ရယ်သံ၊ မို့ရဲ့လှုပ်ရှားမှုလေးတွေကို တိတ်တဆိတ်စောင့်ကြည့်ပြီး ရင်ခုန်တတ်ခဲ့တာ နှစ်ပေါင်းများစွာ ကြာခဲ့ပါပြီကွယ်။



www.burmeseclassic.com

www.burmeseclassic.com



မို့ကိုပိုင်ဆိုင်ရမယ်ဆိုတာ တစ်နေ့နေ့တော့ သူ့ဆီကိုဆိုက်ဆိုက်မြိုက်မြိုက်ကြီးရောက်မယ်လို့ ယူဆခဲ့မိတာပါ။ လက်တွေ့မှာ ကိုယ်ရခဲ့တာက မို့ရဲ့စိမ်းကားတဲ့အကြည့်တွေနဲ့ အမုန်းတွေသာ ဖြစ်ခဲ့တာလေ။

❀ ❀ ❀



## အခန်း ( ၃ )

"သားဘာတွေလုပ်နေတာလဲ"

ရေချိုးပြီးပြီးချင်း အခန်းထဲပြန်ဝင်လာရာ မေမေက ရောက်နေလေသည်။ မျက်နှာထားတင်းတင်းနှင့် သူ့ကိုဆက်ဆံနေပြီမို့ သွယ်နှင်းဖြူ phone ဆက်ထားပြီမှန်း သူအတပ်သိလိုက်ပါ၏။

"ဘာကိုပြောတာလဲမေမေ"

"မသိချင်ယောင် မဆောင်ချင်ပါနဲ့သားရယ်။ သားကိုမေမေက မွေးထားတာပါ။ သားခြေကြွရုံနဲ့ ဘယ်ကိုလှမ်းချင်တယ်ဆိုတာ မေမေ အလိုလိုသိထားပြီးသား"

"မေမေက ဘာကိုသိပြီး ဘာကိုပြောနေတာလဲ။ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



နားမရှင်းဘူး"

"ဒီနေ့ ကုမ္ပဏီအပြန်မှာ သားဘာတွေလုပ်ခဲ့သလဲ"

သူ မဲ့ပြုံးပြုံးလိုက်မိပါ၏။ ဒက်ထိကို ပြောနေတာပါလား။ ကိုယ့်ကို မိဘတွေနဲ့ရန်တိုက်ပေးလိုက်တာလား သွယ်။ ဒီလောက်လေးနဲ့ ကိုယ်က အလွယ်တကူလက်လျှော့သွားမယ်ထင်မထားပါနဲ့။

"ကျွန်တော်, မို့ကို အိမ်ဝင်ပို့ပြီး ပြန်ခဲ့တာပဲလေမေမေ။ ဘာကိုအဆန်းလုပ်ပြီး မေးနေတာလဲ"

"ကျွတ်! သားလုပ်ရပ်တွေ အဓိပ္ပာယ်မရှိဘူးနော်။ သက်သက်သမီးနဲ့သားကိစ္စက ပြီးသွားပြီဟာကို ဘာလို့ဆက်ချင်နေသေးတာလဲ။ အရှက်ဆိုတာ တစ်ခါကွဲရုံနဲ့လုံလောက်ပါတယ်။ နောက်ထပ်တစ်ခါထပ်ပြီး မဖြစ်ပါစေနဲ့လား။ မေမေ့နာသလို သားက ဘာကြောင့် မနာတတ်ရတာပါလိမ့်"

"မေမေရယ်. . . ငယ်ရွယ်တဲ့အရွယ်လေး ရူးရူးမိုက်မိုက်ဆုံးဖြတ်ခဲ့တာကို ခုချိန်ထိ အပြစ်မြင်နေတုန်းပဲလား။ မေမေပဲ တစ်ချိန်တုန်းက သက်သက်ဆိုတဲ့အမည်ကို နှုတ်ဖျားက မချဘဲနေခဲ့တာလေ။ သမီးမို့မို့ဆိုပြီး တဖွဖွသဘောတူခဲ့ဖူးတဲ့မို့ကို ဒီလောက်ထိ မစိမ်းကားသင့်ပါဘူး"





"တော်စမ်းပါသားရယ်။ ဟိုတုန်းက ပြောခဲ့တာတွေကို မေမေမေ့ထားတာကြာပြီ။ ရေနှုးပြီး မပြောချင်ပါနဲ့တော့။ သားခေါင်းထဲမှာမှတ်ထားဖို့က မနှင်းဖြူရဲ့သမီးလေးကိုလက်ထပ်ဖို့ တစ်ခုတည်းပါပဲ။ သွယ်လေးဟာ ဖြူစင်တယ်၊ ငယ်နုတယ်၊ အပြစ်ပြောစရာတစ်စက်လေးမှမရှိဘူး။ ပြီးတော့. . . သားအပေါ်မှာလည်း လိုလိုလားလားရှိတယ်။ ကဲ! ဘာများလိုသေးလဲ"

သူအကျိုဝတ်နေရင်းမှ မဲ့ပြုံးပြုံးလိုက်မိလေ၏။ ဩော်. . . မေမေ, မေမေ။ အရင်တုန်းကလည်း မို့ကို ဒီလိုပဲချီးမွမ်းပြောဆိုခဲ့တာလေ။ ချစ်လှချည်ရဲ့ဆိုပြီး သမီးဆိုတဲ့နာမ်စားကို နှုတ်ဖျားကမချ တဖွဖွရေရွတ်ခဲ့တာတွေကို ခုတော့မေ့လိုက်ပြီဆိုပါလား။

"သူ့မှာ သာတာဆိုလို့ ကျွန်တော့်အပေါ် စိတ်ဝင်စားတာတစ်ခုတည်းပိုတာပါမေမေ။ ဟုတ်တယ်။ မို့တုန်းကတော့ မာနတစ်ခွဲသားနဲ့ ကျွန်တော့်ကို ခေါင်းထဲမထည့်ပေးနိုင်တာကိုး"

"ဒီလိုမှန်းသိရဲ့သားနဲ့ အခုဘာဖြစ်လို့ သူနဲ့လိုက်ပြီးပတ်သက်နေရပြန်တာလဲသားရဲ့"

"ဘာကိုစိုးရိမ်နေတာလဲမေမေ။ မေမေထင်ထားသလို ဘယ်တော့မှဖြစ်လာမှာမဟုတ်ဘူးဆိုတာကို ယုံထားပေးပါ။ ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



ဘက်က မို့အပေါ်မှာထားရှိတဲ့အချစ်တွေ တစ်စက်မှမလျော့သလို၊ မို့ဘက်ကလည်း ကျွန်တော့်အပေါ်ထားတဲ့သဘောထားက ပြောင်းသွားမှာမဟုတ်ဘူး။ ရွှေပေါ်မြတင်နေခဲ့တဲ့ဘဝတုန်းက ခံယူထားတဲ့မာနတွေက သာမန်ဝန်ထမ်းလေးဘဝမှာတောင် ရှိနေဆဲပါ"

တကယ်ပါ မို့ရယ်။ မို့အမြဲလက်ကိုင်ထားတဲ့ မာနလေးကို တစ်ထစ်လောက် လျှော့လိုက်ပါလား။ မို့ချစ်သူနဲ့ဝေးခဲ့တဲ့နှစ်တွေ ဒီလောက်ခြားနေခဲ့တာတောင်မှ ကိုယ့်အပေါ်ကို မို့အချစ်တွေ မျက်စိလည်လမ်းမှားပြီး ရောက်လာစေချင်ပါတယ်။ ဒီအခွင့်အရေးမျိုးကို ဒီတစ်သက် ကိုယ်ဘယ်တော့မှမရနိုင်တော့ပြီလားကွယ်။

"ဒါဆိုလည်း သူနဲ့ခပ်ကင်းကင်းနေပါတော့လား သားရယ်၊ မေမေ့သားလို အဖက်ဖက်က ပြီးပြည့်စုံတဲ့လူတစ်ယောက်ကို သူတစ်ခါငြင်းပြီးခဲ့ပြီပဲ။ နာတတ်မှပေါ့"

"သွယ်တို့မိသားစုလည်း အန်ကယ်ခန့်လို ဒုက္ခတွေဖြစ်သွားရင် ဒီလိုစကားမျိုး မေမေပြောနိုင်ပါဦးမလား"

"သား"

"ဒါကြောင့် ကျွန်တော်တို့လူကုံထံတွေ အပြောခံရတာ။ ဦးနှောက်နဲ့ နှလုံးသားမှာ ငွေတွေပဲ ပြည့်နှက်နေတဲ့လူတွေတဲ့။ ယုတ်





စွအဆုံး အရာရာကိုဖြေရှင်းဖို့ကြည့်ရင်တောင် မျက်လုံးကို ဒီငွေတွေပဲ ဖုံးလွှမ်းနေတာတဲ့။ အဲဒီလိုလူတွေထဲမှာ ကျွန်တော့်မေမေပါနေတာ ကျွန်တော်သိပ်ဝမ်းနည်းတယ်။ အန်ကယ်ခန့်သာ ကုမ္ပဏီအရှုံးမပေါ်ခဲ့ရင်၊ Bone Cancer ရောဂါနဲ့ နာတာရှည်ဝေဒနာကြီးခံစားပြီး သေမသွားခဲ့ရင်၊ မိသားစုဘဝပျက်ပြီး မို့တို့သားအမိ တိုက်ကြီးကနေ ပျဉ်ထောင်အိမ်မှာနေရတာမျိုးဖြစ်မလာခဲ့ရင်၊ ခုချိန်မှာ မေမေ့နှုတ်ဖျားက သက်သက်နဲ့ သမီးမို့မို့ဆိုတဲ့ရေရွတ်သံကို အမြဲမပြတ်ကြားနေရဦးမှာပါ"

မေမေ့မျက်နှာ ရှက်အမ်းအမ်းဖြစ်သွားပါလေ၏။ မှန်တာကိုပြောပြန်တော့လည်း မေမေက ငြင်းဆန်ချင်နေဦးမှာပါပဲ။ မြေနိမ့်ရာ လှံစိုက်ကြတာ သဘာဝပေမယ့် ဒီလိုလူစားထဲမှာ သူ့မေမေကိုတော့ မပါစေချင်ပါလေ။

"သွယ်တို့ရှိတယ်ဆိုတာ မို့တို့ခြေဖျားကိုတောင် မီချင်မှမီမှာပါ။ မို့အပျော်ဝတ်ခဲ့တဲ့ရတနာမျိုးကို သွယ်ဝတ်ဖူးတာမှမဟုတ်ဘဲ။ မို့နဲ့မတူတဲ့စရိုက်ရှိတဲ့သွယ်ကို ကျွန်တော်မရွေးချယ်ချင်တာ အပြစ်လို့ မေမေယူဆချင်လည်း ယူဆပါစေတော့။ မို့နဲ့မတူတဲ့ မောက်မာဝင့်ကြွားမှု၊ မို့မှာမရှိတဲ့ ရေလာမြောင်းပေး မထိတထိလုပ်သတ်မှု



www.burmeseclassic.com

www.burmeseclassic.com



မျိုးရှိနေတဲ့သွယ့်ကို ကျွန်တော့်ဇနီးနေရာမှာ ထားရမှာ ရှက်တာ အမှန်ပဲမေမေ"

"သား"

"ဘာမဆို ငွေရှိမှပြီးပြည့်စုံတယ်ဆိုတဲ့ဝါဒဆိုးကို လက်ကိုင်မထားချင်ပါနဲ့. . . လောကမှာ ငွေနဲ့ပေးဝယ်လို့မရတဲ့အရာတွေ အများကြီးရှိနေတာပါ။ ချစ်ခြင်းမေတ္တာ အကြင်နာ၊ ကရုဏာ၊ စေတနာ၊ ကိုယ်ချင်းစာနာစိတ်၊ အနစ်နာခံစိတ်၊ စွန့်လွှတ်စိတ်ဆိုတာတွေကို ငွေကြေးနဲ့ဝယ်လို့ မရနိုင်ဘူး။ ပြီးတော့. . . တစ်ချိန်က မေမေ ချွေးမသိပ်တော်ချင်တဲ့မိန်းကလေးရဲ့နှလုံးသားကိုလည်း ဘယ်တော့မှ ငွေနဲ့ပေးဝယ်လို့ရမှာမဟုတ်ဘူး။ ဒါကို မေမေလည်း သိပြီးသားပါလေ"

"မေမေ့မှာ ဒီလောက်အမြင်ဆိုးကြီးရှိမနေပါဘူး သားရယ်"

"မရှိဘဲနဲ့တော့ ဖေဖေ့ကို မေမေ တားဆီးမှုမပြုဘဲနေခဲ့လို့လား။ အန်ကယ်ခန့်တို့မိသားစု ဒီလိုအခြေအနေဖြစ်သွားတာကို ဖေဖေကူညီမလို့လုပ်ခဲ့တာကို မေမေပဲ ကန့်ကွက်ခဲ့တာလေ"

"အို! အဲဒါ သူ့ကုမ္ပဏီကို ရဲဝင်ပြီး အမှုစစ်တာတွေဘာတွေနဲ့ရှုပ်နေတော့ သားဖေဖေ သွားပတ်သက်မိရင် ပြဿနာတက်မှာ





း:လို့ တားရတာပါ"

"သူ့မန်နေဂျာမကောင်းလို့ ခုလိုဖြစ်သွားမှန်း၊ နောက်တော့ ေမေမေသိသွားတာပဲလေ။ ငွေလိမ်လည်မှု၊ လောင်းကစားမှု၊ နောက် ဆုံး ဆေး carry လုပ်မှုနဲ့ ထောင်ကျသွားတာ။ ကုမ္ပဏီအသိမ်းခံရ ယ့်သတင်းကြောင့် Member တွေထွက်တော့. . . အန်ကယ်ခန့် ာ အကုန်ရှင်းပေးလိုက်ရလို့ ကုမ္ပဏီပြုတ်သွားတာ။ ကားတွေပြုတ်၊ ိမ်ပါရောင်းတဲ့ထိ စီးပွားပျက်သွားခဲ့တာ။ Cancer ဝေဒနာနဲ့ နောက်ဆုံးသေတဲ့အချိန်ထိ မေမေအားလုံးသိခဲ့ပေမယ့် ဘာများ ူညီပေးခဲ့ပါသလဲ။ လောကမှာ မိတ်ဆွေစစ်ဆိုတာ ဒုက္ခရောက် ်နမှ ပေါ်လာတတ်တာတဲ့လေ။ အန်တီသက်တို့အတွက် မေမေ ာ မိတ်ဆွေစစ်တော့မဟုတ်ခဲ့တာ သေချာပါတယ်"

မေမေက သူ့ကိုငေးကြည့်နေလေ၏။ အမှန်ကိုမြင်သွားတော့ ရော ခုချိန်မှာ ဘာမှလုပ်လို့မရတော့ပြီပဲ။ အရာရာပြီးဆုံးခဲ့ပါပြီ မေမေ။ ကျန်ရစ်ခဲ့တဲ့အတိတ်ကိုလှည့်ကြည့်မိရင် အလွမ်းခြေရာ ဘစ်ဝိုနဲ့အတူ တစ်စစီကြေမိနေပြီဖြစ်တဲ့ ကျွန်တော့်နှလုံးသားကိုသာ ြင်ရမှာ သေချာပါတယ်လေ။

"မေမေ့ကိုမျက်နှာပျက်အောင် သားလုပ်ချင့်နေပြီလား။ ဖြူ



www.burmeseclassic.com

www.burmeseclassic.com



နဲ့မေမေ ပြဿနာတက်အောင်တော့ မလုပ်ချင်ပါနဲ့သားရယ်"

"အဲဒီလိုအတွေးမျိုးကို အန်တီသက်တို့တုန်းကများ မေမေတွေးခဲ့ရင် သိပ်ကောင်းမှာပဲ။ မေမေသာ စာနာစိတ်မွေးခဲ့ရင် ခုချိန်မှာ. . . ဒီအခြေအနေမျိုးရောက်သွားတယ်ဆိုတာတောင်မှ မို့က ကျွန်တော့်ကို လက်သင့်ခံချင်ခံလာဦးမှာပါ"

"အို! သူက ခုချိန်ထိ မာနမချသေးဘူးဆို၊ သားပဲပြောတာလေ"

"မေမေရယ်, မို့က ခုချိန်ထိ အလုပ်ကိစ္စနဲ့ပတ်သက်ပြီး အိမ်ကိုဝင်ထွက်နေသေးတာပဲ။ သူလာတာကို ဘယ်လိုလေသံ၊ ဘယ်လိုမျက်နှာနဲ့ဆက်ဆံခဲ့သလဲဆိုတာ မေမေကိုယ်တိုင်အသိဆုံးပါ။ ကြားထဲမှာ ကျွန်တော် ဘယ်လောက်မျက်နှာပူခဲ့ရသလဲ။ ကိုယ့်အလုပ်သမားဖြစ်ပေမယ့် မေမေ့လိုအထင်သေးနှိမ်ချတဲ့ပုံစံမျိုးနဲ့ မို့ကို တစ်ခါမှ ကျွန်တော်မဆက်ဆံခဲ့ဘူး။ သူ ဘယ်လောက်ထိ စိတ်ထိခိုက်သွားမလဲဆိုတာကို မေမေတွေးမိရဲ့လား။ သူ ဦးဆုံးလာခဲ့တဲ့ရက်တုန်းက အဖြစ်အပျက်ကို ကျွန်တော် ဒီနေ့ထိ မမေ့သေးဘူး။ နှုတ်က ဖွင့်မပြောပေမယ့် သူ့ရင်ထဲ ဘယ်လောက်ထိခိုက်သွားမလဲဆိုတာ မို့မျက်နှာကိုကြည့်ရုံနဲ့သိခဲ့တာပါ"





အဲဒီတုန်းက သူ့အပြင်ထွက်နေချိန်ဖြစ်ပြီး Sunday ပိတ်ရက် ဝန်ထမ်းတွေ OT ဆင်းနေရတာဖြစ်လေ၏။ တကယ်ဆို သွယ်လုပ်ရမည့်အလုပ်ဖြစ်ပေမယ့် သွယ်က ဘယ်တော့မှ အပိုချိန် အလုပ်မဆင်းတတ်သဖြင့် သွယ့်ကိုယ်စား သူမ ရောက်လာရတာဖြစ်လေသည်။ Singapore ပို့မည့်ပစ္စည်းတွေက မနက်ဖြန် မနက် (၈)နာရီမို့ သူ့လက်မှတ်ထိုးပေးဖို့ လိုအပ်သဖြင့် သူမ ရောက်လာခြင်းဖြစ်၏။ သူ့အပြင်မှပြန်လာစဉ် ခြံဝတံခါးအပြင်မှာ ရပ်စောင့်နေသည့်မို့ကိုတွေ့လိုက်ရခြင်းဖြစ်သည်။

"ဘယ်လိုဖြစ်ပြီး အပြင်မှာရပ်နေတာလဲ။ အိမ်ထဲဝင်စောင့်ခဲ့လေ"

"ဟို. . . ရပါတယ် MD။ ဒီစာရွက်သုံးရွက်မှာ လက်မှတ်ထိုးခဲ့ပါပဲ။ မို့ပြန်တော့မှာပါ"

"မဟုတ်တာ မို့ကလည်း လာ. . . ဝင်ပါ"

ကားပေါ်တက်ခိုင်းရင် မတက်မှာသိတာမို့ ခြံဝမှာပင် ကားရပ်ပြီး သူဆင်းလျှောက်ခဲ့ပါ၏။ အိမ်ရှေ့ဧည့်ခန်းမှာ မေမေက အခန့်သား စာအုပ်ထိုင်ဖတ်နေလေသည်။

"ခြံဝမှာ ဧည့်သည်ရောက်နေတာ ဘယ်သူမှမသိကြဘူးလား



www.burmeseclassic.com

www.burmeseclassic.com



မေမေ၊ အိမ်ထဲခေါ်ပြီး ဧည့်ခံထားသင့်တာပေါ့"

"မောင်ပြုံးက မေးပါတယ်သားရဲ့။ သူက သားနဲ့ပဲတွေ့ချင်တယ်ဆိုလို့ တံခါးမဖွင့်ပေးတာပါ"

"ဘယ်လိုပြောလိုက်တာလဲမေမေ။ ကျွန်တော့်ဝန်ထမ်းတစ်ယောက်လာတာကို ခုလိုကြိုဆိုလိုက်တာတော့ မကောင်းပါဘူး"

"ဒါတော့ မေမေမသိဘူးသားရယ်။ ဒီနေ့က သားအလုပ်ပိတ်တဲ့နေ့ပဲ။ အလုပ်ကိစ္စနဲ့လာမှန်းမသိလို့ပေါ့။ မေမေက သားအလုပ်နဲ့ပတ်သက်ရင် သွယ်လေးပဲလာမယ်လို့ထင်ထားတာလေ"

မျက်နှာထားမာမာနှင့်ပြောကာ ဆက်ထိုင်နေသည့်မေမေ့ကြောင့် သူခေါင်းခါလိုက်မိသည်။ မို့မျက်နှာလေး ပန်းရောင်သန်းနေသည်မို့ ဘာမှဆက်မပြောချင်တော့ပါချေ။ မို့ကို ဤသို့ မေမေဆက်ဆံလိမ့်မည်ဟု ထင်မထားမိဘဲကိုး။

"ထိုင်လေ. . . မို့ရဲ့"

"မထိုင်တော့ပါဘူး. . . MD ။ ဒီ File လေးစစ်ပြီး လက်မှတ်သုံးနေရာမှာသာ ထိုးပေးပါ။ မို့ ခုပဲပြန်တော့မှာပါ"

"ခဏလောက်ထိုင်ပါဦး မို့ရယ်။ ဒါပြီးရင် အိမ်ပြန်မှာမဟုတ်လား။ ကိုယ်ပြန်လိုက်ပို့ပေးမှာပါ"





မေမေ့မျက်စောင်းက စူးခန့်ရောက်လာလေ၏။ ဘယ်လို
ျား ဖြစ်ရတာပါလိမ့်။ အရင်တုန်းကတော့ သမီးမို့မို့ဆိုပြီး ဖက်လှဲ
ဘကင်းဆက်ဆံခဲ့သည့်မေမေ့ပုံစံတွေ အစစအရာရာခြားနားသွား
ါရောလား။

"မဟုတ်ပါဘူး MD။ စာရွက်က အရေးကြီးတာမို့ ကုမ္ပဏီ
ပြန်ပြီး မန်နေဂျာလက်ထဲထည့်ပေးရမှာမို့ပါ။ မို့ချက်ချင်း ပြန်မှာပါ
MD"

သူသက်ပြင်းရှိုက်လိုက်ပါ၏။ မေမေ ဤသို့ဆက်ဆံနေပုံနဲ့
ဒီအိမ်မှာ မို့ဘယ်နှစ်ကြာနှင့်မျှ နေချင်ရှာမှာလဲ။ အရင်လို တူမလေးလို
ဘောင်မှ သဘောမထားနိုင်တော့ပြီလား။ မို့နားပေါ်မှာ Fancy
ပစ္စည်းတွေကိုအကဲခတ်လိုက်ပြီး မဲ့ပြနေသဖြင့် မို့မျက်နှာလေး တစ်
မျိုးလေးဖြစ်ကာ ပန်းနုရောင်သန်းနေချေပြီ။ ရွှေရိုးမှ အမျိုးတော်တဲ့
ပုံစံမျိုး ချိုးပြလိုက်တာလားမေမေရယ်။

သူလက်မှတ်ထိုးပြီးသည်နှင့် File ကိုပိုက်ကာ ပြန်ရန်ပြင်
သဖြင့် အိမ်ဝထိ သူပြန်ပို့စဉ် နောက်ပါးမှ မေမေ့အသံက သူတို့
နောက်ကျောမှ ပါလာလေ၏။

"နောက်ကိုတတ်နိုင်သရွေ့ အလုပ်တွေကို ကုမ္ပဏီမှာပဲလုပ်



www.burmeseclassic.com

www.burmeseclassic.com



ပြီး အိမ်မယူလာပါနဲ့သား။ နားချိန်မှာ အပြည့်အဝနားသင့်တာကို အနှောင့်အယှက်အဖြစ်မခံပါနဲ့"

သူ့ မို့မျက်နှာကို ဖျတ်ခနဲကြည့်လိုက်မိစဉ် မို့က မျက်နှာလွှဲထားလေ၏။ ဘာတစ်ခုမှ ထပ်မပြောတော့ဘဲ ခြံဝအထိ ခေါင်းငုံ့လျှောက်သွားသည့်မို့ကျောပြင်လေးကို ငေးကြည့်နေမိရင်း စိတ်မကောင်းဖြစ်ခဲ့ရသည့်နေ့ကို ယနေ့တိုင် မမေ့နိုင်လေခဲ့။

ဩော်. . . မေမေရယ်၊ အားငယ်သူကိုအားပေးဖို့ လဲနေသူကိုထူပေးဖို့ဆိုတဲ့ စာနာစိတ်မျိုးတွေ မေမေ့ရင်ထဲမှာ လုံးဝမရှိတော့တာပါလား။

Secretary ရာထူးနဲ့ အလုပ်ဝင်လျှောက်ခဲ့သည့်နေ့က အားနာမျက်နှာပူပြီး ထပြန်တော့မည့်မို့ကို ဖိုးကျော်ရှေ့မှာပင် လက်ဆွဲပြီး တားခဲ့မိတဲ့ ပြန်လည်ရင်းနှီးမှု။ အလုပ်ပြန်ခါနီး ကော်ဖီဆိုင်မှာထိုင်ရင်း ရှက်ရွံ့အားငယ်စွာပြောခဲ့သည့် မို့၏အတိတ်က အချစ်ဇာတ်လမ်း။ လွန်လေခဲ့ပြီဖြစ်ပေမယ့် ယနေ့တိုင် သတိတရဖြစ်နေသည့် ငြင်းဆန်ခဲ့ခြင်းကို သူ့အားခွင့်လွှတ်ပေးပါရန် ပြောခဲ့သည့် တောင်းပန်မှုတွေ။

ရင်ခုန်သံတွေကို ဒုတိယအကြိမ် ရိုက်ပုတ်မြန်စေခဲ့သည့်





အရင်ကနှင့်မတူတော့သည့် ကြွေရှင်အလှကို မေမေက မမြင်တော့ဘဲ၊ မမြင်နိုင်တော့ပြီပဲ။

"ဟော့. . . ဒီသားအမိတွေ ဘာတွေများ ဆွေးနွေးနေကြတာပဲ၊ ထမင်းစားချိန်တောင် လွန်နေပြီ"

ဖေဖေက တံခါးတွန်းဟ၍ လှမ်းပြောလိုက်သဖြင့် မေမေက မှာထိုင်နေရာမှ ဖျတ်ခနဲ ထရပ်လိုက်လေသည်။ သားအမိနှစ်ယောက်စလုံး မျက်နှာမကောင်းတာကို ဖေဖေက ရိပ်မိသွားလေ၏၊

"ဘာတွေဖြစ်နေကြတာလဲ"

"ဘာမှမဖြစ်ပါဘူးအစ်ကိုရယ်။ လာလေ. . . ထမင်းပွဲကပြင်ဆင်ပြီးနေပါပြီ။ ချယ်ရီက သားကိုလာခေါ်တာပါ"

သားအဖသုံးယောက် ထမင်းစားခန်းရှိရာဆီ လာခဲ့သည်အထိ ဘာစကားမှမပြောဖြစ်သေး။ မေမေကတော့ ထုံးစံအတိုင်း ဖေဖေမေးရင်တောင် ပြောချင်မှပြောတတ်သည့်သူလေ။

"ဖေဖေတို့ Company ရုံးချုပ်မှာ Director ပြောင်းသွားပြီ"

"ဟုတ်လား။ ဘယ်သူလဲဖေဖေ"

"Member ထဲက လူငယ်ပဲ။ Shair အများဆုံးထည့်ထား



www.burmeseclassic.com

www.burmeseclassic.com



တာ ကြာနေပြီ။ ဒီနှစ်မှ သူလွှဲယူလိုက်တာ။ တော်တော်ထက်ထက်ပဲ"

"ကျွန်တော်က အန်ကယ်ဦးဘဏီ, ရမယ်ထင်နေတာလ"

"ကိုဘဏီက သိပ်ရချင်နေတာသားရဲ့။ မဲခွဲဆုံးဖြတ်တာဆိုတော့ သူဘာမှမတတ်နိုင်ဘူး။ ဘာပဲဖြစ်ဖြစ် ပင်တိုင်ရုံးထိုင်တာက လူငယ်တွေနဲ့ပဲ အသင့်တော်ဆုံးမဟုတ်လား။ ဖေဖေတို့ ကိုဘဏီတို့က အသက်လည်းရနေပါပြီ။ သိပ်အပင်ပန်းမခံနိုင်တော့ဘူး"

သူခေါင်းညိတ်လိုက်ပါ၏။ ဖေဖေနှင့်မေမေ့ကို ဟင်းတွေဦးဖယ်ထည့်ပေးစဉ် အာရုံက မိုလွင့်သွားရပါသည်။ ခုချိန်မှာ မိုတို့သားအမိ ဘယ်လိုဟင်းမျိုးနဲ့ ထမင်းစားနေမလဲကွယ်။

"ပထမတော့ ကိုဘဏီက သူ Director ဖြစ်ရင် သူ့သမီးကိုခေါ်ဖို့ သားဆီမှာအပ်ထားတာ။ ခုဘယ်လိုလုပ်မလဲမသိဘူး"

"သွယ်လည်း တော်တော်ကျွမ်းကျင်နေပါပြီ ဖေဖေ။ ခေါ်ချင်ရင်ခေါ်လို့ပါတယ်။ ကျွန်တော့်မှာတခြားသူတွေရှိပြီးသားပါ"

"မဟုတ်ဘူးသားရဲ့။ Director က အစောကြီးကတည်းက ကုမ္ပဏီခွဲတွေရဲ့စာရင်းကို ယူထားပြီးသားတဲ့။ သူရုံးထိုင်ရင် အဲဒီရုံးခွဲတွေက အတော်ဆုံးတွေကို ရွေးထုတ်ပြီးခေါ်မယ့်ပုံပဲ။ မနက်





ဖြန် Meeting ထိုင်ပြီးရင် ရုံးခွဲတွေကို Fax နဲ့ Order ထုတ်ပေးမယ်ထင်တယ်"

သူ့ရင်ထဲ ထိတ်ခနဲဖြစ်သွားရပါ၏။ ဘုရားရေ! လုပ်ငန်းကျွမ်းကျင်အောင် သူ့ကုမ္ပဏီမှာ ဝန်ထမ်းတွေကို လိုတာထက်ပိုပြီးခန့်ထားစေတာ လက်စသတ်တော့ ဒီလိုကိုး။ တော်ကြာ သူ့မျက်စိရှေ့ကနေ မိုကိုခေါ်သွားရင်တော့ ဒုက္ခပဲ။ သွယ့်ကိုက သူ့ Secretary မို့ခေါ်ချင်ခေါ်မှာ။ မန်နေဂျာနှစ်ဦးမှာ မိုကိုအပိုဆိုပြီး ခေါ်နိုင်တာပဲကိုး။

"အဲဒီသူငယ်ကိုမြင်တော့ ဖေဖေ, အောင်ခန့်ကိုသတိရတယ်ကွာ။ တကယ့်အောင်ခန့်အသေးစားလေး ရောက်လာသလိုပဲ။ အလုပ်နဲ့ပတ်သက်ရင် ဘယ်သူ့မျက်နှာကိုမှ မထောက်။ ပြတ်ပြတ်သားသားဆုံးဖြတ်ပြောဆိုတတ်တာ လက်တွေ့ပဲ. . . ဟုတ်တယ်။ အောင်ခန့်မှာ သားသာရှိခဲ့ရင် သူ့လိုပဲ ညွှန်ကြားမှာသေချာတယ်"

သူငိုင်သွားရပါ၏။ ဖေဖေ့ခြေရာကိုတောင် တူအောင်မလိုက်နိုင်သေးခင် သူ့ကိုအပြိုင်တိုက်မည့်လူက သိပ်မကြာခင်ပေါ်လာတော့မှာပါလား။ သူ့လက်ထက်မှာ ဘယ်သူ့ကိုမှ အမှီသဟဲမပြုဘဲ ဒီ Export & Inport ကုမ္ပဏီကို ဦးဆောင်ချင်တာအမှန်ပါ။ ဒါ



www.burmeseclassic.com

www.burmeseclassic.com

ပေမဲ့ ဖေဖေတို့လူကြီးတွေဦးဆောင်တဲ့ Horizon (မိုးကုတ်စက်ဝိုင်း) ကုမ္ပဏီကြီးကိုကျော်ပြီး ဘာမှမလုပ်နိုင်ခဲ့။ Horizon က Singapore နှင့် Japan မှာ ရုံးချုပ်တွေရှိနေသည်ကိုး။

"ကျွန်တော့်ဆီက ဘယ်နှယောက်ယူမှာလဲ"

"မပြောတတ်ဘူးလေ။ ဟိုက သူ မကြိုက်တဲ့လူ၊ ဖြုတ်ချင်တဲ့လူတွေနဲ့လဲမယ့်သဘောပါ သားရဲ့။ တခြားကုမ္ပဏီခွဲတွေ နစ်နာအောင်တောင် လုပ်မယ့်ပုံမပေါ်ပါဘူး။ ကောင်လေးက မျှမျှတတဆုံးဖြတ်တတ်ပါတယ်"

"ကျွန်တော့်အရှုံးပဲလားဖေဖေ"

"နည်းနည်းကြီးမယ်ထင်တယ်။ ထက်တာနဲ့ တော်တာကတော့ သားနဲ့တခြားစီပဲ။ သွေးအေးပေမယ့် ဆူလွယ်တယ်။ သူဆုံးဖြတ်လိုက်ရင် မှားတယ်မရှိဘူး။ လွန်ခဲ့တဲ့ (၆)လလောက်က အဝင်အထွက်စာရင်းတွေများတာ ဒေါ်လာတွေ လျော့ရကိန်းဆိုက်သွားတာသားရဲ့။ အဲဒီလိုကိစ္စမျိုး အောင်ခန့်ရှိတုန်းကလည်း ဖြစ်ဖူးတယ်။ အောင်ခန့်တုန်းကတော့ မန်နေဂျာကစပြီး လူငါးယောက်ကို ဖြုတ်ပစ်လိုက်ရတာ။ သူ့အလှည့်မှာတော့ တစ်ယောက်ပဲ ဖြုတ်လိုက်တယ်"





"ဘယ်ရာထူးလဲဖေဖေ"

"သူ့ PA ကို"

"ဗျာ! "

"ဟုတ်တယ်။ နောက်ဆုံး ဇကာတင်စစ်ဆေးရတာ။ သူ့ PA အဆင့်လေ။ အဲဒါကို သေချာမစစ်ဘဲ သူ့ကိုလက်မှတ်ထိုးခိုင်းတာကိုး။ ဟိုကိုပို့ပေးရမယ့်ကုန်က ဒီမှာလုံးဝမရှိတော့တာကို စာရင်းများတင်လိုက်တာ။ အဲဒါကို သူမဖြစ်ဖြစ်တဲ့နည်းနဲ့ရှာပြီး ပို့ပေးလိုက်ပြီးမှ သူ့ PA ကိုဖြုတ်ပစ်လိုက်တာပဲ"

"ယောကျ်ားလေးပဲပေါ့"

"အင်း"

သူထမင်းစားရပ်သွားရပါ၏။ သူ့ကုမ္ပဏီခွဲမှာ စာရင်းဇယားအတော်ဆုံးလူက မို့ပဲမဟုတ်လား။ ဒါကို အကုန်လုံးအသိလေ။ ဒီလူသာ မို့ကိုခေါ်ထုတ်သွားရင်တော့ သူ့နားအနီးဆုံးကနေ မို့နဲ့ဝေးရမှာပါလား။ ဘုရားသိကြားမလို့ ဖိုးကျော်ကိုသာ ဒီလူခေါ်ပါစေဟု မပြည့်နိုင်ပေမယ့် မသေချာသည့်ဆုကိုသာ တီးတိုးတောင်းလိုက်မိလေသည်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com




# အခန်း ( ၄ )

Board မှာ ကပ်ထားသည့် List ရှေ့မှာ ဝန်ထမ်းတွေ စုရုံးစုရုံးဖြစ်နေလေ၏။ သူ့ကိုမြင်သည်နှင့် ရှဲခနဲ လူစုခွဲလိုက်ကြပါသည်။ ရုံးချုပ်က List ထွက်လာပါရောလား။ ဖိုးကျော် ညကတည်းက ကပ်ပေးသွားတာထင်ပါရဲ့။

"ဟင်! "

Board ရှေ့မှာ ခြေလှမ်းရပ်သွားစဉ် သူ့မျက်လုံးအစုံ ပြူးကျယ်သွားရလေ၏။ 'မေမို့မို့လွင်' ဟူသည့်အမည်က ထိပ်ဆုံးမှာပါနေတာပါလား။ လူငါးယောက်သာရွေးခေါ်သည့်အထဲမှာမှ သူ့၏မို့က ရှေ့ဆုံးမှာရောက်နေရတယ်လို့။



www.burmeseclassic.com

www.burmeseclassic.com



ရုံးခန်းထဲရောက်မှ မန်နေဂျာရုံးခန်းကို သူ Phone နှိပ်လိုက်မိ၏။

"ဟဲလို! Horizon ကုမ္ပဏီရုံးခွဲ (၁) က ပြောနေပါတယ်ခင်ဗျာ"

"ဖိုးကျော်. . . ငါပါ"

"ဪ. . . ပြောလေ, စည်သူ"

"မို့ရောက်ပြီလား"

"မရောက်သေးဘူး။ အခုမှ (၈) နာရီလေးဆယ့်ငါးပဲ ရှိပါသေးတယ်ကွ"

"ငါသိပါတယ်။ ရောက်ရင် ငါ့ဆီအရင်လွှတ်ဖို့ပြောမလို့ပါ"

"ဪ. . . အေးအေး"

Phone ကိုချလိုက်ပြီး စိမ်းညိုရောင်မှန်ချပ်များရှိရာဆီသို့ လျှောက်လာခဲ့၏။ ဒီလောက် Aircon လွှတ်ထားတာတောင် ပူနေသလိုပါပဲလား။ စိတ်တွေအိုက်နေလို့ပဲ ထင်ပါရဲ့။ ကုမ္ပဏီအောက်မြင်ကွင်းကိုငေးနေမိစဉ် ဝင်းထဲသို့ဝင်လာသည့်ပုံရိပ်လေးကို မြင်လိုက်ရလေ၏။

ကျစ်ဆံမြီးကျစ်ထားသည်မို့ သူမပုံစံလေးက ယဉ်သကိုမယ်





လေးအလား ကြည့်ကောင်းနေသည်ပဲ။ Uniform က ရိုးလည်းမရိုး၊ ဆန်းလည်းမဆန်းတာမို့ ခေတ်မီမီလေးယဉ်နေတာလေ။

Lift ဖြင့် အပေါ်ဆုံးထပ်ကိုတက်လာခဲ့၏။ လူအတော်စုံနေပြီမို့ လက်မှနာရီကိုကြည့်လိုက်မိသည်။ (၉)နာရီထိုးဖို့ (၅)မိနစ်ပဲလိုတော့တာမို့ Lift ထဲမှ ခပ်သုတ်သုတ်ထွက်လာခဲ့၏။ တခြားလူတွေက အကြောင်းမဟုတ်။ သွယ်နှင်းဖြူနှင့်တိုးပါက ခပ်ရိရိပြောတာကို ခံနိုင်ရသည်လေ။

Lock ကိုလှည့်ဖွင့်၍ ဝင်လိုက်စဉ် ကျော်မျိုးသန့်က စာရင်းစစ်နေရင်းမှ လှမ်းပြောလိုက်ပါ၏။

"မိုမို့ရောက်တာနဲ့ လာခဲ့ပါတဲ့။ စည်သူ မှာထားတယ်"

"ဟင်! ဘာကိစ္စရှိနေပြန်ပြီလဲ"

"Transfer List ထွက်ပြီလေ။ အဲဒါပြောဖို့ပဲနေမှာပေါ့"

"မို့တို့ရုံးက ဘယ်နှယောက်ပါလို့လဲ"

"ငါးယောက်"

"ငါးယောက်တောင်"

"အေး"

Phone မြည်လာ၍ ကျော်မျိုးသန့်က ဆတ်ခနဲကောက်ကိုင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။ သူမက ချိုင့်နှင့်အိတ်ကို စားပွဲထက်မှာ တင်လိုက်ပါသည်။

"မလာသေးဘူးလားတဲ့ဟော့၊ ကောနေပြီ"

"ဩော်, အမောတောင်မှ မပြေရသေးဘူး။ အတော်အရေးကြီးနေတယ်ထင်ပါရဲ့"

သူမအခန်းတံခါးကိုတွန်းဖွင့်၍ ထွက်လာခဲ့၏။ MD ရုံးခန်းတံခါးကိုခေါက်ရန် ရွယ်လိုက်စဉ်မှာပင် တံခါးက ချပ်ခနဲပွင့်သွားလေသည်။ ဟော! တံခါးခေါက်ချိန်တောင် မစောင့်နိုင်ဘဲ အဆင်သင့်ဖွင့်စောင့်နေတာပါလား။

"MD ခေါ်တယ်ဆိုလို့"

"ဟုတ်တယ်"

ရုံးခန်းထဲဝင်ချိန်အထိ 'ထိုင်' ဟုခွင့်မပေးသဖြင့် သူမ မတ်တတ်ရပ်နေမိသည်။ သူက ဖိုးညိုရောင်မှန်ချပ်ကာထားသည့်နေရာမှ အပြင်ကိုငေးကြည့်နေလေ၏။

"Transfer Order ကျပြီ"

"ဟုတ်ကဲ့"

သူမ သံယောင်လိုက်ပြောလိုက်တာမို့ သူက ဆတ်ခနဲလှည့်ကြည့်လိုက်လေ၏။





ဘုရားရေ! သူဘာကိုများ ဒေါသထွက်နေရတာပါလဲ။

"မင်းဘာမှမဖြစ်ဘူးလား, မို့"

"ရှင်! "

"ပြောင်းမိန့်ကျလာတာတောင် မင်း ဘယ်လိုမှမခံစားရဘူးလား"

"ရှင်! ပြောင်းဖို့မှာ မို့ပါတယ်ပေါ့။ ဟုတ်လား"

"ထိပ်ဆုံးက ပါတာ"

"ဩော်"

သူမ အံ့ဩသွားရပါ၏။ ဖေဖေထွက်ခဲ့ပြီးသည့်ကုမ္ပဏီရုံးချုပ်ကိုရွှေ့ရမှာတဲ့လား။ အန်ကယ်ထွန်းတို့လူကြီးပိုင်းတွေက သူမကို ဖေဖေ့သမီးဟုသိထားမှာပင်။ ဖေဖေက အဲဒီကုမ္ပဏီမှထွက်ပြီး ကိုယ်ပိုင်ကုမ္ပဏီထောင်ခဲ့ပြီးမှ စီးပွားပျက်ခဲ့ရတာလေ။

"ကိုယ်မေးနေတာ ဖြေဦးလေ"

"ဘာ. . . ဘာကိုလဲဟင်"

"ပြောင်းရမယ်ဆိုတာတောင် မို့ဘာမှမဖြစ်ဘူးလားလို့"

"လူကြီးတွေက ရွှေ့ဆိုရင် မို့ရွှေ့ရမှာပေါ့ MD။ သူတို့ခေါ်တာကို မို့က Complain တက်လို့ဘယ်ဖြစ်မှာလဲ။ မို့က"



www.burmeseclassic.com

www.burmeseclassic.com



"ကျွတ်! ပြောလိုက်ရင်တော့ လေပြည်လေးနဲ့ လွယ်လိုက်တာ မို့ရယ်"

"ဘာဖြစ်လို့လဲ MD။ အန်ကယ်ထွန်းတို့ခေါ်တာပဲ မဟုတ်လား"

"ဖေဖေတို့တွေခေါ်ရင် အကြောင်းလား။ ခုဟာက Director အသစ်ခေါ်တာမို့ ကိုယ်စိတ်တိုနေတာ"

"ဟင်! အန်ကယ်မျိုးမြတ်သူ မဟုတ်တော့ဘူးလား"

"မဟုတ်ဘူး"

သူမ ကိုထက်ကို ခပ်ငေးငေးကြည့်နေလိုက်ပါ၏။

Transfer ကိစ္စနဲ့ သူမပြောင်းရမှာကို ဒီလောက်ထိ စိတ်ပူစရာလား။ ကုမ္ပဏီရုံးချုပ်နဲ့ ဒီရုံးခွဲက နှစ်လမ်းသာခြားပြီး သူမတို့ဆီကနေ မကြာခဏဝင်ထွက်နေရတာလေ။ အများဆုံးရောက်လေ့ရှိသူတွေကတော့ သွယ်နှင်းဖြူနဲ့ ကိုကျော်ပါပဲ။ ဒါကိုတောင် သူတို့ကိုမခေါ်ဘဲ မို့ကိုမှရွေးခေါ်ရတယ်လို့။ အံ့သြဖွယ်ကောင်းလေစွ။

"ဘယ်သူရသွားလို့လဲဟင်"

"လူငယ်တစ်ယောက်တဲ့။ နာမည်တော့ ကိုယ်သေချာမသိသေးဘူး"





"ဪ"

"ဘာ. . . ဪလဲ, မို့ရဲ့။ အဲဒီလူက သူ့ PA ကိုဖြတ်ပြီး အဲဒီနေရာမှာ မို့ကိုထားတော့မှာ။ ဒါကို ကိုယ်က ဒီတိုင်းလက်ပိုက်ငြိမ်းကြည့်နေရမှာလား။ ပြောပါဦး"

"MD"

"ကိုယ်အရမ်းစိုးရိမ်နေပြီ မို့ရယ်။ ကိုယ့်အနီးဆုံးမှာ ခေါ်ထားခဲ့လျက်နဲ့ အဝေးရောက်သွားအောင် ဆွဲထုတ်ခေါ်လိုက်တာ။ ဒီလူမှာ အကြံအစည်တစ်ခုခုတော့ ရှိကိုရှိမှာပဲ"

လက်မောင်းနှစ်ဖက်ကိုဆုပ်ကိုင်၍ပြောနေတာမို့ သူမခန္ဓာကိုယ်လေး ခပ်တောင့်တောင့်လေးဖြစ်သွားပါ၏။ ကိုထက်တော့ ပြဿနာရှာပြန်ပါပြီ။ ရုံးခန်းထဲမှာ ပြောချင်ရာစွတ်ပြောနေတော့တာပါပဲ။ တော်ကြာ သွယ်နှင်းဖြူရောက်လာမှ ရှင်းမရတဲ့ပြဿနာတွေနဲ့ ရှုပ်ကုန်မှာလေ။

"MD"

"မို့ကို ကိုယ်မပေးနိုင်ဘူး။ ကိုယ့်စိတ်တိုင်းကျခန့်ထားတဲ့ ဝန်ထမ်းကို ဒီလို Pressure ပေးပြီး တောင်းချင်သလိုတောင်းတာ



www.burmeseclassic.com

www.burmeseclassic.com



တော့ လွန်တယ်”

“အဲဒါ မို့ကိုပြောရမှာမဟုတ်ဘူးလေ”

“မို့ကိုမပြောလို့ ကိုယ်က ဘယ်သူ့ကိုပြောရမှာလဲ။ ဟိုနဲ့ အတိုက်အခံလုပ်ဖို့ကိစ္စမှာ ကိုယ့်ဘက်က မို့ရှိနေမှဖြစ်မှာပေါ့”

“ကိုထက်, မို့က ဝန်ထမ်းတစ်ဦးပါ။ ထားရာနေ စေရာသွား တဲ့အမိန့်ကိုပဲ နာခံရမှာလေ။ ဒါကို ကိုထက်သိလျက်နဲ့”

“ကိုယ်မှ. . . ကိုယ်မှ မို့ကိုမခွဲနိုင်တာမို့ရဲ့”

ဆွဲယူပွေ့ဖက်လိုက်တာမို့ သူမကိုယ်လုံးလေး သူ့ရင်ခွင်ထဲသို့ ရောက်သွားရလေ၏။ အို! ဒုက္ခပါပဲ။ ကိုထက်တော့ ထင်ရာစိုင်းနေ တော့တာပဲကိုး။ ရုံးခန်းထဲမှာ သင့်မသင့်တောင် မစဉ်းစားတော့ပ လားနော်။

“ကိုထက်”

တားမြစ်ရန် ပြင်လိုက်စဉ်မှာပင် သူမပါးတစ်ဖက် နွေးခဲ ဖြစ်သွားရသဖြင့် လူက ထူပူသွားရလေ၏။ ဖြစ်သင့်ပါသလား ယ်စဉ်ကတည်းက ဘယ်လောက်ပဲ ရင်းနှီးခဲ့တယ်ဆိုဆို ခုချိန်မှာ သူမနှင့် ကိုထက်က အလုပ်ရှင်နှင့်အလုပ်သမားအနေအထားပ လေ။





“အို! လွှတ်ပါ”

“မလွှတ်နိုင်ဘူး။ ကိုယ် မို့ကိုသိပ်ချစ်တယ်။ ချစ်လွန်းလို့ ကိုယ့် ကျက်စိအောက်မြင်နေရတဲ့နေရာမှာ ထားထားတာပါ။ ဒါကို ကိုယ့် ရှေ့က ထွက်သွားရအောင် လုပ်ရတယ်လို့”

“ကိုထက်. . . မို့တောင်းပန်ပါတယ်”

“မတောင်းပန်ပါနဲ့။ ကိုယ်လိုချင်တာ အဲဒါမဟုတ်မှန်း မို့သိ ပါတယ်။ ကိုယ့်ကိုပြန်ချစ်ပါလားမို့ရယ်”

“ဒုက္ခပါပဲ။ တစ်ယောက်ယောက်မြင်သွားလို့ မသင့်တော်ပါ ဘူး ကိုထက်ရယ်။ လွှတ်ပါ”

“ကိုယ် Lock ချထားပြီးသားနော်။ ပြန်မဖြေရင် လွှတ်ပေး ဲ့အစီအစဉ် လုံးဝမရှိဘူး”

သူမ ရုန်းထွက်ပါသော်လည်းမရ။ ဒီလိုအကျင့်ဆိုးမျိုးတွေ ကိုထက် ဘယ်တုန်းက ရသွားတာပါလိမ့်။ ပြဿနာပါပဲ။ အန်တီ ယ်ရီရဲ့အကြောင်းကိုသိသိကြီးနဲ့ ဒီလိုစိတ်အလိုလိုက်တဲ့ကိစ္စမျိုး ုပ်ရဲသတဲ့လား။

“လွှတ်ပါ၊ မသင့်တော်ဘူး ကိုထက်ရယ်။ ဒါရုံးခန်းနော်။ ဒီ ို့ရုံးခန်းထဲ မပြုမူသင့်တဲ့ကိစ္စမျိုး ကိုထက်မို့ လုပ်ရဲရတယ်လို့”



www.burmeseclassic.com

www.burmeseclassic.com



"မို့ကို ကိုယ်သိပ်ချစ်လို့ပါ။ ချစ်လွန်းလို့ပါကွယ်"

"မို့၊ ကိုထက်ကိုပြောပြီးသားပါ။ မို့ရင်ထဲမှာ တစ်ယောက်တည်းရှိတယ်။ သူကလွဲပြီး အဲဒီနေရာကို ဘယ်သူမှဝင်လို့မရဘူး၊ ကိုထက်ကို အစ်ကိုတစ်ယောက်လိုသဘောထားပြီး ချစ်ခင်ခဲ့တဲ့သံယောဇဉ်ကို ဒီလိုနည်းနဲ့ မပြတ်တောက်ပါစေနဲ့လား"

လက်တို့က ပို၍တင်းကျပ်သွားသဖြင့် သူမငြိမ်နေလိုက်ရပါ၏။ သူမည်သို့ခံစားနေရသလဲဆိုတာကို နားလည်နိုင်ပါသည်လေ၊ စာနာစိတ်ဆိုတဲ့အရာက ချစ်ခြင်းတစ်ခုမှမဟုတ်ဘဲ ကိုထက်ရယ်၊ ကိုထက်ဘယ်လိုမျိုးခံစားနေရတယ်ဆိုတာ မို့ကိုယ်ချင်းစာပါတယ်၊ ဒါပေမဲ့ မို့ရင်ထဲမှာ ကိုထက်ကိုပြန်ချစ်ဖို့ လက်ကျန်ချစ်ခြင်းတွေတောင် တစ်စက်မှမရှိတော့တာအမှန်ပါလေ။

"ကိုယ့်ကိုကျေးဇူးပြုပြီး ပြန်ချစ်ပေးပါလားမို့ရယ်။ နှစ် (၂၀) ကျော်စောင့်ဆိုင်းခဲ့ရတဲ့လူတစ်ယောက်ကို ငဲ့ညာတဲ့အနေနဲ့ ဌာဆုလေးတော့ ပေးသင့်ပါတယ်ကွာ"

"မို့၊ ကိုထက်ကိုမမုန်းချင်ဘူးနော်"

"မို့"

သူ့လက်တွေ ချက်ချင်းလွှတ်လိုက်လေ၏။ စိုးရိမ်တကြီးငုံ့





...ည့်နေသည့်မျက်ဝန်းတို့ကိုလွှဲရှောင်၍ နှုတ်ခမ်းအတွင်းသားကို ...နာနာလေးကိုက်ထားမိသည်။ မောင်မှတစ်ပါး နမ်းရှိုက်ခွင့်မရှိ ...ါးကိုမှ ကိုထက်က ကျူးကျော်စစ်ဖန်တီးသတဲ့လား။ နာလိုက် ...၊ အသားနာတာထက် ရင်ထဲက ပိုပြီးနာကျင်ရပါတယ်မောင်။ ...ခွင့်မရှိတဲ့လူတစ်ယောက် ခုလိုပြုမူနေတာကို ကျွန်မ ဘယ်လို ...ဆီးကာကွယ်နေရသလဲဆိုတာ မောင်မြင်ကြည့်ပါရဲ့လားကွယ်။

"ဒီလို လက်ရဲဇက်ရဲပြုမူတတ်တဲ့လူတစ်ယောက်ရဲ့ လက်...ာက်မှာ မို့ ဘယ်လိုကြာကြာနေရဲမှာလဲ။ ကိုထက်နဲ့ သွယ့်ကို ...တီချယ်ရီတို့သဘောတူထားတယ်ဆိုတာ အားလုံးအသိပါ။ ဒါကို ...ာင် ဒီလိုမျိုးဆက်လုပ်ချင်နေရင် ဘယ်ကောင်းပါ့မလဲ။ သွယ် ...သနာမတက်ရအောင် မို့ဘက်က အမြဲရှောင်နေရတာကို ကို ...နားလည်သင့်တယ်။ အစ်ကိုတစ်ယောက်လိုချစ်တဲ့ ၅၂၈ ကို ...ဖျက်ပါရစေနဲ့"

"မို့ရယ်, ကိုယ်. . . ကိုယ်. . . အနူးအညွတ်တောင်းပန်ပါ...။ ကိုယ့်ဘက်က မို့အပေါ်မပြောင်းလဲနိုင်တဲ့ချစ်ခြင်းတွေ အမြဲ...ဆဲပါ။ မို့အတွက်နဲ့ ညစဉ် မေမေ့ကိုတိုက်ပွဲဝင်နေရတာတွေကို ...စေချင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူမပါးစပ်လေး ဟ,သွားရပါ၏။ ကြည့်စမ်း! အန်တီချယ်ရီ ကို ညတိုင်း သူပြဿနာရှာနေတာပေါ့။ ဘယ်လိုဖြစ်ပြီး အမေကို ရန်လုပ်နေရတာပါလိမ့်။

"အဲဒီလိုလုပ်နေတော့ရော အန်တီချယ်ရီက အလွယ်တကူ လက်လျှော့မယ်ထင်နေလား"

"မေမေလက်လျှော့တဲ့အထိ ဇွဲရှိရှိနဲ့ ဆက်ပြီးတိုက်ဖို့ ကိုယ် ပြင်ဆင်ထားတယ်မို့ရဲ့"

"အဲဒါရဲ့ရလဒ်ကို ကိုထက်ဘာမြင်ထားလို့လဲ"

"ဘယ်လို"

"ဟုတ်တယ်လေ။ မိခင်က သားကိုစိတ်ခုပြီး စိတ်ဆင်းရဲ မှာ။ ဒါကို ကိုထက်ပျော်နိုင်မှာမို့လို့လား။ သားကိုချစ်စိတ်နဲ့ လိုက် လျှောပေးလိုက်တယ်ပဲထားပါစေဦး။ ကိုထက်ကို မို့က လွယ်လင့် တကူလက်ခံလိမ့်မယ်လို့ ထင်နေသလား"

"မို့"

"ဝေးပါသေးတယ်။ လွန်ခဲ့တဲ့ (၁၀) နှစ်တုန်းက အခြေအနေ မျိုးနဲ့တောင်မှ ကိုထက်ကို ငြင်းဆန်ခဲ့တာ။ ခုချိန်မှာ ပိုပြီးတော့ ဆိုးရွားနေမှာပေါ့။ ဘယ်လောက်ပဲ နှစ်ကြာပါစေ။ မေမို့မို့လွင်ရဲ့





သဘောထားက ကျောက်သားလိုမာကျောနေဆဲပါပဲ"

"မို့. . . ကိုယ်"

"ကိုထက်ကို မို့,မုန်းတယ်"

"ဘာ! "

"မို့ဘက်က မပြောင်းလဲနိုင်တဲ့အရာကို အခုလိုမျိုးဆက်ပြီး တောင်းနေတာမို့လို့ မုန်းတာ။ ဒါလား, မို့ရဲ့သူငယ်ချင်း။ ဒါလား မို့အားကိုးခဲ့တဲ့အစ်ကို။ မို့အရမ်းအံ့သြတယ်။ ကိုထက်လက်အောက် မှာနေခွင့်ရလို့ မို့ကိုယ်မို့ လုံခြုံပြီဆိုပြီး စိတ်ချထားခဲ့တာပါ"

"မို့ရယ်. . . ကိုယ်တောင်းပန်ပါတယ်။ မို့ကျေနပ်တဲ့အထိ တောင်းပန်ပါရစေ"

သူမပါးပြင်ထက်မှမျက်ရည်တို့ကို လက်ခုံဖြင့် ခပ်မြန်မြန် သုတ်လိုက်ပါ၏။ ငုံ့မိုးကြည့်နေသည့်သူ့မျက်ဝန်းတို့ကို ခပ်ရဲရဲပင် ကြည့်လိုက်သည်။

လက်အောက်ငယ်သားမို့ အနိုင်ကျင့်လေသလားဟု မေးချ လိုက်ချင်ပေမယ့် မမေးဖြစ်တော့ပါ။ ဒီအရိပ်ကနေ မနက်ဖြန်ကစ ပြီး ခွာရပြီပဲ။ အမုန်းနဲ့လမ်းမခွဲချင်ဘူးဟုဆုံးဖြတ်ထားသမျှ ခုတော့ သူ့လုပ်ပုံတွေမဟုတ်တာနဲ့ ပျက်ပြယ်ရပြီလေ။



www.burmeseclassic.com

www.burmeseclassic.com



"တော်ပါပြီ။ ကိုထက်နဲ့ပြောဖို့ မို့မှာဘာစကားမှမကျန်တော့ဘူး"

"မို့"

လှည့်ထွက်လာတာကို လက်လှမ်းဆွဲလိုက်တာ မို့အတင်းရုန်းလိုက်ပါ၏။ သူက ဆုပ်ကိုင်ထားသည့်လက်ဖျားလေးကို လွှတ်မပေးသေးပါချေ။

"ဦးထက်စည်သူအောင် . . . ကျွန်မလက်ကို ခုချက်ချင်းလွှတ်ပါ"

"ကိုယ့်ကိုမုန်းတယ်ဆိုတဲ့စကားကို ပြန်ရုတ်သိမ်းပေးပါ"

"အဲဒါအကျပ်ကိုင်တာလား"

"မပြောရင် ကိုယ်လွှတ်မပေးဘူးနော်"

"မို့သိပ်အံ့သြတယ်။ ကိုထက်မှာ ဒီလိုမျိုးသေးသိမ်တဲ့စိတ်ဓာတ်တွေရှိနေလိမ့်မယ်လို့ ထင်ကိုထင်မထားဘူး။ ဟိုးငယ်ငယ်တုန်းက မို့အပေါ် အနစ်နာခံတတ်တဲ့ကောင်လေးကို မို့မတွေ့ရတော့တာ ဘာကြောင့်လဲ။ ပြောပါဦး"

"ကိုယ် . . . မို့ကိုသိပ်ချစ်တယ်"

"မို့က မချစ်ဘူး။ ဘယ်တော့မှ ချစ်လာမှာမဟုတ်ဘူး။ ဘယ်





သူ့ကိုမှလည်း ထပ်ချစ်ဖို့မရှိဘူး။ မို့ရင်ထဲက ချစ်ခြင်းတွေမှန်သမျှသူ့ကိုအကုန်ပေးခဲ့ပြီးပါပြီ။ မို့ကိုခွင့်လွှတ်ပါ။ အလွမ်းတွေနဲ့ဒဏ်ရာပြည့်သိပ်နေတဲ့ ကောင်မလေးတစ်ယောက်ကို ငဲ့ညှာသနားရင်နောက်ထပ်မနှိပ်စက်ချင်ပါနဲ့တော့လား ကိုထက်ရယ်"

သူ့လက်တွေ အလိုလိုလွှတ်ပြီးသားဖြစ်သွားလေ၏။ သူမ Lock ဖွင့်၍ထွက်လိုက်စဉ် အခန်းဝမှာ ရပ်နေသည့်သွယ်နှင့် ဆုံလေသည်။ အင်အားချည့်နဲ့စွာပြုံးလိုက်သည့်အပြုံးကို သွယ်ကလန်းဆန်းစွာပြန်ပြုံးပြလိုက်လေ၏။

ဩော် . . . သူမ ပြောင်းမိန့်ကျလာတာကို သွယ်နှင့်ဖြူ သိပြီးလောက်ပြီထင်ပါရဲ့။

မပြီးသေးသည့်စာရင်းတွေကို ဒီနေ့အပြီးသတ်လုပ်ပြီး ကိုကျော့်ကိုအပ်နေစဉ် ကိုကျော့်စားပွဲမှ Phone သံမြည်လာလေ၏။

"ဟဲလို! Horizon . . . ဗျာ! ဩော် . . . ဟုတ်ကဲ့"

"မို့မို့ . . . နင်နဲ့ပြောချင်လို့တဲ့"

သူမအံ့သြတကြီးဖြင့် ကိုကျော့်လက်ထဲမှ Phone ကို ပြောင်းကိုင်လိုက်ပါ၏။

"ဟယ်လို"



www.burmeseclassic.com

www.burmeseclassic.com



"မမေမှိုမှိုလွင်ပါလားရှင်"

"ဟုတ်ပါတယ်"

"ကျွန်မက Horizon Company ရုံးချုပ် Director ရဲ့ Secretary ပါ"

"ဪ. . . ဟုတ်ကဲ့ ပြောပါရှင်"

"Director ကိုယ်တိုင်ထုတ်ပြန်တဲ့ Order List ကို ဘယ်သူမှ ပြင်းပိုင်ခွင့်မရှိပါဘူး. . . မမေမှိုမှိုလွင်"

"ရှင်! "

"ဒီကို မမေမှိုမှိုလွင် မလာချင်ဘူးဆိုတဲ့သတင်းရောက်လာလို့ ခုလိုသတင်းမေးလိုက်ရတာပါပဲ။ ရုံးခွဲ (၈) ခုကနေပြီး လူတော်တွေ စုခေါ်တဲ့အထဲမှာ မမေမှိုမှိုလွင်တို့ရုံးခွဲ (၁) က ငါးယောက် အများဆုံးပါတာပါ။ နဂိုထက်ပိုတဲ့လစာနဲ့ ပြောင်းလာရမှာမို့ ဘာကိုများ သဘောမကျတာရှိပါသလဲလို့ Director က မေးခိုင်းလိုက်ပါတယ် ရှင်"

"မဟုတ်သေးဘူး။ ကျွန်မ မလာချင်ဘူးလို့ တစ်ခွန်းမှမပြော မိသေးတာအမှန်ပါ"

"ဟုတ်ကဲ့။ ဒီလိုဆိုရင်တော့ ကျွန်မ Boss ကို ပြန်တင်ပြ





လိုက်ပါ့မယ်။ ဒါပါပဲ"

"ဟုတ်ကဲ့ပါ"

Phone ကိုချလိုက်ပြီး သက်ပြင်းရှိုက်လိုက်မိပါ၏။ လေသံက ပြတ်သားလှချည်လား။ အသံကြားရုံဖြင့် ဘယ်လောက်ထက်မြက် ...ည်ဆိုတာကို သိသာစေတာပင်။

ကြည့်စမ်း! သူမ မလာချင်ပါဆိုတဲ့သတင်းကို ဘယ်သူကပို့ လိုက်တာတဲ့လဲ။ ခေါင်းထဲမှာ ဖျတ်ခနဲပေါ်လာသည်က ကိုထက် ..င်။ ခက်တာပဲ။ ကိုထက်တစ်ယောက်တော့ ကလေးဆန်သည့်လုပ် ..ပ်တွေကို မဆင်ခြင်ဘဲ လုပ်နေတော့တာပါလား။

"ဒါဆို မှိုမှို Sunday တစ်ရက်တော့ နားခွင့်ရသေးတာပေါ့"

"ဟုတ်ကဲ့"

"ကိုယ်ကတော့ ရုံးချုပ်ကို မကြာခဏရောက်နေကျမို့ သိပ် ..ထူးပါဘူး။ မော်တို့အုပ်စုသာ လွမ်းကျန်ရစ်မှာ"

သူမ ပြုံးရုံသာ ပြုံးနေမိပါ၏။ လွမ်းကျန်ရစ်မယ့်သူတွေထဲမှာ ..ထက်ကရှေ့ဆုံးမှာဆိုတာကို ကိုကျော်ရော သွယ်ပါ ရိပ်မိနေမှာ ..။ ဒါပေမဲ့. . . ကောင်းပါတယ်လေ။ အန်တီချယ်ရီ စိုးရိမ်တကြီး ..ာင့်ကြည့်နေတဲ့မြင်ကွင်းအောက်ကနေ အမြန်ဆုံးရှောင်ရမှာဆို



www.burmeseclassic.com

www.burmeseclassic.com



တော့ မို့အတွက် စိတ်ချမ်းသာစရာပါ။

တကယ်ရော စိတ်ချမ်းသာရဲ့လားဆိုတဲ့မေးခွန်းကိုတော့ မို့ကိုယ်တိုင် မေးလည်းမမေးဝံ့သလို ဖြေလည်းမဖြေရဲတာ အမှန်ပါလေ။



## အခန်း ( ၅ )

"သမီးအတွက် ပိုများဝေးသွားလား"

"အင်း. . . လမ်းနှစ်လမ်းကူးရတဲ့အထိတော့ လမ်းလျှောက်ရမယ် မေမေ။ ရုံးခွဲတုန်းက ကားမှတ်တိုင်နဲ့တော်တော်နီးတာ"

"အချိန်စောသွားရမှာပေါ့"

"ဟုတ်ကဲ့ မို့သွားပြီမေမေ။ ညနေ ဗယာကြော်သုပ်နဲ့ ထမင်းစားကြမယ်နော်။ မေမေ ခံတွင်းလိုက်အောင် မို့ဝယ်လာခဲ့မယ်။ ထမင်းချက်မထားနဲ့ဦး။ မို့ပြန်ရောက်မှ ပူပူလေးစားရအောင် ချက်



www.burmeseclassic.com

www.burmeseclassic.com



ပါရစေ"

"အေးပါသမီးရယ်"

မေမေ့ပါးပြင်ကိုမွှေးလိုက်ပြီးမှ အိမ်ပေါ်က ဆင်းလာခဲ့ပါ၏။ ရုံးပြောင်းရပြီမို့ Uniform အသစ်ချုပ်ဖို့ ငွေကုန်ကြေးကျများဦးမှာပါလား။ တစ်ချိန်တုန်းကတော့ ပေါ်သမျှ Design တွေကို မေမေဆင်ပေးတိုင်း စိတ်ကြိုက်ဝတ်ခဲ့တာလေ။ သူမက နဂိုကတည်းက ငွေကိုဖြုန်းတာ ဝါသနာမပါပေမယ့် ခုလောက်ထိ စနစ်ကျအောင်တော့ မသုံးခဲ့တာအမှန်ပါပဲ။ မှတ်တိုင်မှာ ရပ်သွားသည့် ကားပေါ်မှဆင်းကာ နှစ်လမ်းကျော်ကို ခပ်သုတ်သုတ်ခြေလှမ်းတို့ဖြင့် လှမ်းလာခဲ့ပါ၏။

Hall ထဲဝင်လိုက်တာနှင့် စိမ့်ခနဲ အအေးဓာတ်ပိုသွားတာမို့ လူက အလိုလိုကျုံ့သွားရလေ၏။ မန်နေဂျာ မရောက်သေးရင် စောင့်ရဦးမည်မို့ ဧည့်ဆောင်ခန်းမမှာပင် ဝင်ထိုင်နေမိသည်။ ထိုင်ခုံမှာရှိနေသည့်လူတချို့က အချင်းချင်းတီးတိုးစကားပြောနေကြ၏။ သူမရုံးမှအသိတွေတစ်ယောက်မှ ရောက်မလာကြသေးပါလား။

"ရုံးခွဲ (၁) က ဘယ်သူတွေရောက်ပြီလဲ"

"ကျွန်မပါ"





"မန်နေဂျာစောင့်နေပါတယ်အစ်မ။ ရုံးခန်းထဲဝင်သွားလိုက်

"ဟုတ်ကဲ့"

သူမ ရုံးခန်းထဲ ဝင်လာခဲ့ပါ၏။ မန်နေဂျာရော၊ ကျန်တဲ့လူ ...ွပါ လူငယ်တွေချည်းပါလား။ ဖေဖေတို့တုန်းက အသက် (၄၀) ...ကျော်တွေသာ ခန့်ခဲ့ပေမယ့် ခုလူငယ် ဒါရိုက်တာဖြစ်လာချိန်မှာ ...ငယ်တွေချည်း ခန့်ထားတာပါလားလေ။

"မေမို့မို့လွင်နော်"

"ဟုတ်ပါတယ်"

"Assistance Manager ဆိုတော့ Boss က ဘယ်နေရာမှာ ...နေ့မလဲ။ ကျွန်တော်တို့မသိသေးပါဘူး။ ကျန်တဲ့သူတွေကိုသာ ဌာန ...သားပြီးသားပါ"

"ရှင်! "

"Boss ရဲ့ Secretary လာမှသိမှာမို့ ဧည့်ခန်းကပဲ ပြန်စောင့် ...နေပါနော်"

"ဟုတ်. . . ဟုတ်ကဲ့ရှင့်"

သူမ ဧည့်ခန်းထဲမှာ ပြန်ထိုင်စောင့်နေစဉ် ဝန်ထမ်းအသင်း



www.burmeseclassic.com

www.burmeseclassic.com



သီးက အလျှိုလျှိုဝင်သွားကြလေ၏။ (၉)နာရီခွဲအရောက်မှာ Hall ထဲသို့ Model ဆန်ဆန် မိန်းကလေးတစ်ဦးရောက်လာလေသည်။ Fitting ကျကျဝတ်ထားသည့် Skirt နှင့် Blouse ပေါ်မှာ Coat အပါးစားကို ထပ်ဝတ်ထားလေ၏။ ဒေါက်ချွန်ချွန်ကို စီးထားသေးတာမို့ မြင့်မားသည့်အရပ်ကို ပို၍လွင့်နေစေသည်။ ဆံပင်တွေကို ခပ်တိုတိုညှပ်ထားကာ မျက်နှာထားတည်တည်နှင့်မို့ Secretary ဟု သူမအတပ်သိလိုက်ပါ၏။ အတွေးမဆုံးခင် မိန်းကလေးက သူမရှေ့မှာ ရပ်လိုက်လေသည်။

"မမေမို့မို့လွင် ထင်ပါရဲ့"

"ဟုတ်ပါတယ်"

"ကျွန်မနဲ့လိုက်ခဲ့ပါ။ Boss က ဆယ်နာရီမှရောက်မှာ"

"ဟုတ်ကဲ့"

Lift ဖြင့် အပေါ်ဆုံးထပ်ကိုရောက်လာခဲ့ပါ၏။

Code Number Card ဖြင့် ဖွင့်သည့်အခန်းထဲဝင်ရစဉ် သူမအံ့သြပြီးရင်း အံ့သြရလေသည်။ အဆင့်မြင့်လိုက်တာ။ နိုင်ငံခြားမှာလို လုံခြုံသည့်ဌာနတစ်ခုပါလား။ အခန်းထဲရောက်သွားစဉ် မိန်းကလေးက လက်ဝါးဖြင့် ထိုင်ခုံညွှန်၍ထိုင်ခိုင်းကာ မှန်ချပ်များ





ကာထားသည့်အတွင်းခန်းထဲသို့ ဝင်သွားပါ၏။

သူမတစ်ယောက်တည်း ကျန်ရစ်စဉ် မှန်တံခါးက ချပ်ခနဲ ပွင့်ကာ ခုနမိန်းကလေးမျက်နှာ ပေါ်လာလေသည်။

"မေ့တော့မလို့, ကျွန်မနာမည် ထိပ်ထားခင်ပါ၊ မမေမို့မို့လွင်"

"ဟုတ်ကဲ့"

"ခဏနေ Boss ရောက်တော့မှာပါ"

သူမခေါင်းညိတ်ပြလိုက်တော့ ကောင်မလေး၏မျက်နှာမှာ အပြုံးတစ်ခုပေါ်လာပါ၏။ အမယ်လေး! လှလိုက်တာပါလားနော်။ ခံလောက်တည်တဲ့မျက်နှာပေါ်မှာ ရှားပါးတဲ့အပြုံးလေးက အတော့်ကို လှလွန်းတာလေ။

"ကျွန်မက ရှင့်ထက် ငါးနှစ်ငယ်ပါတယ်"

"သြော်. . . ဟုတ်ကဲ့"

ခေါင်းဆတ်ခနဲညိတ်ပြပြီး မှန်တံခါးပြန်ပိတ်သွားလေသည်။ ထိုင်နေရင်းဖြင့် အခန်းကို ဝေ့ဝဲကြည့်လိုက်ပါ၏။ စားပွဲရှည်တစ်လုံး၊ Alumium ဗီရိုနှစ်လုံးနှင့် ဆုံလည်ကုလားထိုင်နှစ်ခု။ သူမထိုင်ထားသည်က စားပွဲရှေ့ ခုံသုံးလုံးမှ တစ်လုံးပေါ်မှာဖြစ်လေ၏။ ရုံးခန်း



www.burmeseclassic.com

www.burmeseclassic.com



တော့ ရုံးခန်းပဲ။ ဘယ်သူ့ရုံးခန်းမှန်းသာ မသိရတာလေ။

"မမေမို့မို့လွင်"

"ရှင်"

"Boss ရောက်ပါပြီ။ လာဝင်တွေ့ပါရှင့်"

"ဟုတ်ကဲ့"

သူမခုံမှ အသာထရပ်ကာ မှန်တံခါးဆီလျှောက်လာခဲ့၏။ ထိပ်ထားခင် အသင့်ဖွင့်ထားပေးသည့်မှန်တံခါးမှ မျက်လွှာအသာချ၍ Director ရှိရာ စားပွဲဆီဝင်လာခဲ့ပါသည်။ အရည်အချင်းကိုကြည့်ပြီးခေါ်တာမို့ ဘာတွေမှာတမ်းခြွေဦးမည်မသိဘဲ ရင်ထဲမှာ စိုးထိတ်နေရသည်ကတော့ အမှန်ပါလေ။

"ထိုင်ပါ"

ခုံမှာဝင်ထိုင်လိုက်သော်လည်း မျက်လွှာကိုပင့်မကြည့်ရဲသေး။ စိတ်ထဲမှာ ရင်းနှီးနေသလိုလိုအသံကြောင့် ထိတ်ခနဲဖြစ်သွားရသည်လေ။

"ဦးအောင်ခန့် ဘာရောဂါနဲ့ ဘယ်တုန်းက ဆုံးသွားတာလဲ"

"ရှင်! "

ထင်မထားသည့်မေးခွန်းမို့ အလန့်တကြားမော့ကြည့်မိစဉ်





သူမတစ်ကိုယ်လုံး တုန်ရီသွားရလေသည်။

ဘုရားရေ! မောင်. . . မို့ရဲ့မောင်ပါလား။ လွန်ခဲ့သည့် (၁၀) နှစ်ကျော်ကာလများဆီက အပြုံးမျိုးမတွေ့ရဘဲ တည်တင်းသည့် မျက်နှာဖြင့် ခုံကိုမှီထိုင်ရင်း စိုက်ကြည့်နေသည့်သူ့ကို အငေးသား ပြန်ကြည့်နေမိသည်။

'မောင်' ဟု ယောင်ယမ်းခေါ်မိတော့မည့်နှုတ်ခမ်းကို လက်ဝါးဖြင့် အမြန်ဖုံးထားလိုက်ရ၏။ ကြည့်ပါဦး. . . ဒါ မို့ရဲ့မောင်တဲ့လား။ အရင်လို သိမ်ငယ်သည့်ပုံရိပ်တွေ တစ်စက်မှမရှိဘဲ မာန်အပြည့်ဖြင့် ခပ်မတ်မတ်ခန္ဓာကိုယ်မှာ ဆင်ထားသည်က အနောက်တိုင်းဝတ်စုံပြည့်။

အို! မောင်ရယ်. . . မောင့်ကို ဒီလိုနေရာမျိုးမှာ ဒီလိုအနေအထား၊ ဒီလိုပုံစံမျိုးနဲ့ ပြန်ဆုံရလိမ့်မယ်လို့ မို့ ထင်မထားမိတာ။ ဘုရားပါလေ။

"ကျွတ်! မေးနေတာ ဖြေမှပေါ့"

"ဟို. . . ဟိုလေ. . . အရိုးကင်ဆာရောဂါနဲ့ လွန်ခဲ့တဲ့လေးနှစ်က ဆုံးသွားခဲ့တာပါ"

"ဩော်. . . ဒေါ်သက်သက်မေရော ကျန်းမာရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"မင်းကို ရုံးခွဲကနေ ထူးချွန်တဲ့ဝန်ထမ်းမို့ ဒီရုံးချုပ်ကိုခေါ် လိုက်တာ သိပါတယ်နော် မေမို့မို့လွင်"

'မင်း' တဲ့လား။ 'မေမို့မို့လွင်' တဲ့လား။ မောင် ဒီလိုရင့်သီးတဲ့ အသုံးအနှုန်းမျိုးကို မောင်ဘယ်တုန်းကများ သုံးခဲ့ဖူးပါသလဲ။ မို့ က အရင်လိုမဟုတ်ဘဲ ဆင်းရဲတဲ့ သာမန်ဝန်ထမ်းလေးဖြစ်နေလို့ လား။ အဆင့်အတန်းခွဲတဲ့သဘောလား. . . မောင်။ ဒါမှမဟုတ် အလုပ်ရှင်သူဌေးဖြစ်နေလို့ ကုမ္ပဏီတစ်ခွဲသားကြီးနဲ့ဆက်ဆံတာများ လား။ မို့တုန်းကတော့ မောင့်ကိုဒီလိုနှိမ်ချပြီး တစ်ခါမှမပြောခဲ့ဖူး တာ မောင်အသိပါကွယ်။

"ဟုတ်ကဲ့"

ဖြေသံက တိုးသဲ့သဲ့။ အင်အားမရှိတော့သလို တိုးဖျော့ဖျော့ တုန်တုန်ရီရီ။ ဘာများပြဿနာရှာဦးမှာပါလိမ့်။ ဒီကိုမရောက်ခင် ကတည်းက သူမဆီ ပြဿနာက ဆီးကြိုပြီး ရောက်နေတာမဟုတ် လား။

"ဒါဖြင့် မင်းမလာချင်ဘူးဆိုပြီး Phone ဆက်ခိုင်းတာ ဘာ ကြောင့်လဲ"





"ရှင်! မဟုတ်ပါဘူး"

"အဲဒီ phone ကို ငါကိုယ်တိုင် ကိုင်လိုက်ရတာပါ မေမို့မို့ လွင်။ အကြောင်းပြချက်က ဘာလဲ"

"အဲဒီကိစ္စ ကျွန်မ ဘာမှမသိပါဘူး။ Order List ကိုတောင် နေနေ့ရုံးတက်ချိန်ကျမှ သိရတာပါ"

"အေးလေ, အဲဒီနေ့ ညနေ (၃)နာရီမှာ ငါ့ဆီ Phone ဝင် လာတာလေ"

"ကျွန်မ မဆက်ခိုင်းတာအမှန်ပါပဲ"

"ဒါဖြင့် အဲဒီလူက ဘယ်သူလဲ"

"ကိုထက်ပါ။ ရုံးခွဲက MD ဦးထက်စည်သူအောင်ပါ"

"သူက မင်းနဲ့ဘာဆိုင်လို့ ခုလိုပြောရတာလဲကွ"

"ကျွန်မ မသိဘူး"

သူက မရယ်ချင်သည့်ပုံစံဖြင့် ခပ်တိုးတိုးရယ်လိုက်လေ၏။ အလုပ်နဲ့မပတ်သက်တဲ့မေးခွန်းတွေ မေးနေတာ ဘာသဘောလဲ။ ဘကယ်ပဲ မို့ပြောမိစေဦးတော့။ အခု သူ့ရှေ့မှာ မို့တစ်ယောက်လုံး ရောက်နေမှဖြင့် ဒီလိုမေးခွန်းတွေကို မရမက မေးသင့်သလား။

"သေချာလို့လား မေမို့မို့လွင်။ မင်းနဲ့ဘာမှမပတ်သက်တာ



www.burmeseclassic.com

www.burmeseclassic.com



မှန်ရင် မင်းအတွက်နဲ့ သူက သိက္ခာအကျခံပြီး ဒီလိုကန့်ကွက်မှုမျိုး ကို ဘယ်လုပ်ပါ့မလဲ။ စဉ်းစားပြီးပြောမှပေါ့။ Assistance Manager နဲ့ MD တစ်ယောက်ရဲ့ကြားမှာ သာမန်ထက်ပိုတဲ့. . ."

"ကျွန်မ တကယ်မသိတာပါရှင်။ သူဌေးမင်းရဲ့အတွင်းရေးမှူး Phone ဆက်မေးမှပဲ သိခဲ့တာပါ။ ဒီ့ထက်ပိုမသိထားပါဘူး"

သူ့စကားကိုဖြတ်ပြောလိုက်သလိုဖြစ်သွားတာမို့ သူမကိုမှင် မှောင်ကြုတ်၍ ကြည့်လိုက်လေ၏။ အရင်လို အရွဲ့တိုက်ချင်စိတ် က တိုးထွက်ချင်လာတာမို့ မနည်းကြီးထိန်းချုပ်ထားရတာလေ။ ဒါကို ဒေါသမဖြစ်ဖြစ်အောင် သူ ဘာကြောင့်များ လုပ်ချင်နေရတာ ပါလိမ့်။

"ငါလိုချင်တာ အဲဒီအဖြေမဟုတ်ဘူး မေမို့မို့လွင်"

"အခု လူကြီးမင်းရှေ့မှာ ကျွန်မရောက်နေပြီမဟုတ်လား။ တစ်နေ့က မဆိုင်တဲ့လူတစ်ယောက် Phone ဆက်တဲ့ကိစ္စကိုမေးပြီး အချိန်ကိုအလဟဿမဖြစ်ပါစေနဲ့လို့ မေတ္တာရပ်ခံပါတယ်"

သူက မဲ့ပြုံးတစ်ချက်ပြုံးလိုက်ပြီး ထိပ်ထားခင်ကိုမေးဆတ် အချက်ပြလိုက်သဖြင့် သူမရှေ့သို့ စာချုပ်တစ်စောင်ရောက်လာ လေသည်။ ဗုဒ္ဓေါ! ငါးနှစ်စာချုပ်အတွက် Bond ထိုးရမှာ။ သုံး





ဘက်က ပျက်ကွက်ရင် လျော်ကြေးက မတန်တဆ (၁၀) သိန်းဆို ပါလား။

"ဒါက. . ."

"ထုံးစံအတိုင်း လုပ်နည်းထုံးစံလေ"

"ဟင်! ကိုထက်အလုပ်ခန့်တုန်းက Bond မှာ ငွေ Amount ဒီလောက်များများ ထည့်မရေးပါဘူး"

"မင်းက အလုပ်ရှင်လား။ ငါကအလုပ်ရှင်လား မေမို့မို့လွင်"

"သူဌေးမင်းက အလုပ်ရှင်ပါ"

"ဒါဖြင့် ပြောတဲ့အတိုင်း လက်မှတ်ထိုးပေါ့။ မင်းလူ့ကုမ္ပဏီ ထက် ငါ့ကုမ္ပဏီက ပိုပြီးအရေးကြီးတယ်ဆိုတာကို သဘောပေါက် ရင် နောက်ထပ် ဘာ Complain မှ ထပ်မပြောမိပါစေနဲ့"

သူမ သက်မကိုရှိုက်လိုက်မိပြီး စာချုပ်ပေါ်မှာ လက်မှတ်ထိုး ပေးလိုက်ရ၏။

မှားပြီလား။ ဒီကုမ္ပဏီမှာ ဘယ်အခြေအနေ၊ ဘယ်အဆင့် နဲ့ ဘယ်လောက်အချိန်ထိ သူမနေနိုင်မှာတဲ့လဲ။ အထူးသဖြင့် တစ် ချိန်က ပတ်သက်ခဲ့ဖူးသည့် သူ့အရိပ်အောက်မှာ ဘယ်လိုမျက်နှာ မျိုးနဲ့နေရပါ့။



www.burmeseclassic.com

www.burmeseclassic.com



မောင်ရယ် . . . အတော့်ကို တရားမျှတတာပဲနော်။ မောင် ပဲချန်ရစ်ခဲ့ပြီး အခုလို မောင့်အနီးရောက်အောင် ခေါ်လိုက်တာ ဘာအကြောင်းကြောင့်ပါလဲ။ ဝေးကွာခြင်းဆိုတာ မောင်နဲ့မို့ကြား မှာ ဘယ်တော့မှပြန်ညှိလို့မရနိုင်တဲ့အရာတစ်ခုဆိုတာကို နား လည်ခဲ့တာ ကြာပါပြီကွယ်။

“ထိပ်ထား . . . သူ့ကိုနေရာပြပေးလိုက်ပါ။ ရဲရင့်အောင် ရောက်ပြီလား”

“ဟုတ်ကဲ့”

“လွှတ်လိုက်ပါ”

ထိပ်ထားခင်က သူမကို ခုနအခန်းသို့ပြန်ခေါ်လာပြီး နေရာ ပြထိုင်ခိုင်းစဉ် အခန်းထဲသို့ လူငယ်တစ်ဦးဝင်လာလေ၏။

“Good morning . . . မမထား”

“Morning ပါ . . . ရဲရေ။ Boss ခေါ်နေတာကို အရင်သွား လိုက်ပါ”

“ဟုတ်”

“ရဲက ကျွန်မ Cousin ပါ မမေမို့မို့လွင်။ သူနဲ့တွဲပြီး အလုပ် လုပ်ရတာ အဆင်ပြေမှာပါ။ ရှင်နားမလည်တာတွေရှိရင် သူ့ကိုပဲ





မေးနော်။ သူက Bisness နဲ့ Diplomer ယူလာတာ။ သိပ်ထက် ာယ်”

“ကျေးဇူးပါပဲ”

“ကျွန်မကို ‘ထား’လို့ ရင်းရင်းနှီးနှီးခေါ်လို့ရပါတယ်”

“ဟုတ်ကဲ့”

‘ထား’တဲ့။ သူ့အနီးမှာ အချိန်ပြည့်ရှိနေခွင့်ရတဲ့ Secre- ary မလေးကို သူမ ခပ်ငေးငေးလေးကြည့်နေမိတော့၏။ ကာထား သည့်မှန်ချပ်က သူ့ရုံးခန်းတွင်းကို မမြင်ရပါချေ။ သူမတို့အလုပ် ုပ်နေသည့်နေရာကိုတော့ အထဲမှမြင်နိုင်သည်လေ။

ပျော်နေပြီပေါ့။ ဘယ်လိုနည်းမျိုးနဲ့ ဒီလိုနေရာကိုရောက်လာ သလဲဆိုတဲ့ သိချင်စိတ်အားလုံးကို မျိုချပစ်လိုက်ရပါ၏။ ပြီးဆုံးသွား သည့်ဇာတ်လမ်းတစ်ပုဒ်ကို မေ့ထားရုံကလွဲပြီး ဘာများတတ်နိုင် ောာ့မှာတဲ့လဲ။ ငယ်ငယ်တုန်းက အကြောင်းတွေကို ခုချိန်မှာ ရယ် ရာလို့ သူသဘောထားလိုက်ပြီထင်ပါရဲ့။ မို့အတွက်ကတော့ မမေ့ င်တဲ့ဖြစ်ရပ်လေးပါပဲမောင်။ မောင့်ကိုချစ်မိခဲ့တဲ့အတိတ်ကို ပြန် ှမ်းဆွတ်တမ်းတနေမိတဲ့ မိန်းကလေးတစ်ယောက်ကို အလွယ် ာကူမေ့ထားနိုင်ပြီထင်ပါတယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



"မ"

"ဟင်"

"ဒါလေး Computer စီရမှာ။ စီပေးနိုင်မလား"

"ရပါတယ်"

ရဲရင့်အောင် လှမ်းပေးလိုက်သည့်စာရွက်ကိုယူ၍ Computer ဘက် ခုံကိုလှည့်လိုက်ပါ၏။ သူ့အခန်းဘက် မျက်နှာမူလိုက် သလိုဖြစ်သွားတာမို့ မျက်နှာနည်းနည်းပူသွားရပါသည်။

အိုလေ. . . မို့က ဒီအလုပ်လုပ်နေရတဲ့လူပဲ။ သူ့ကိုဂရုမစိုက် နိုင်တော့တာအမှန်ပါလေ။

'မ'တဲ့။ တရင်းတနှီးခေါ်လိုက်တာလား. . . ရဲရင့်။ အင်းပေ့ လေ။ သူမထက် (၆)နှစ်ငယ်သည့်မောင်လေးအရွယ်မို့ ဒီလိုခေါ်နိုင် တာပဲ။ သူနှင့်ထိပ်ထားခင်တောင် Boss နဲ့ Secretary ပေမယ့် တရင်းတနှီးခေါ်ကြသေးတာပဲလေ။

ညနေရုံးဆင်းတော့ ကားလမ်းကူး၍ သူမတစ်ယောက်တည်း လျှောက်လာခဲ့ပါ၏။ ခုတော့လည်း တစ်ယောက်တည်းပါပဲ။ မို့ တစ်ယောက်တည်းဖြစ်ခဲ့ရတာ ကြာခဲ့ပါပြီလေ။ မျှော်လင့်တကြီး စောင့်စားခဲ့မိတဲ့ ရူးသွပ်ခြင်းတွေအတွက် ကိုယ့်ကိုယ်ကို ပြန်ရှက်





နေမိ၏။

တကယ်ပါမောင်။ တစ်နေ့နေ့တစ်ချိန်ချိန်မှာ မို့ရှေ့ကို မောင် ပြန်ရောက်လာလိမ့်မယ်လို့ မိုက်မိုက်မဲမဲမျှော်လင့်ခဲ့မိတာအမှန်ပါ။ အကြောင်းတစ်ခုခုကြောင့် မို့ကို မောင်ထားရစ်ခဲ့တာ မှန်ပေမယ့် ဒီလိုပဲ လွယ်လွယ်နဲ့မမေ့နိုင်သေးဘူးလို့ပဲ ယူဆခဲ့မိတာလေ။

ခုတော့. . . မောင့်ရဲ့ စိမ်းကားတဲ့အကြည့်၊ တည်တင်းတဲ့ မျက်နှာကိုမြင်ရုံနဲ့ မို့နားလည်လိုက်ပါပြီ။

ပေါ့ပေါ့တန်တန်ချစ်ခဲ့တာမျိုး မဟုတ်ပါဘူး။ ဘဝအတွက် ညှိရွယ်ပြီး မောင့်ကိုချစ်ခဲ့မိတာပါ။ လက်တွဲဖော်လို့သတ်မှတ်ပြီး မောင့်ကိုလက်ကမ်းလင့်ခဲ့တာပါလေ။ ချစ်သူဆိုတာ စိတ်ချင်းထပ် တူကျတဲ့ ဝိညာဉ်နှစ်ခုပေါင်းစည်းမိတာမျိုး မဟုတ်ဘူးလား။ နောက် ဆုံးမှာတော့ သူစိမ်းဆိုတဲ့ခေါင်းစဉ်နဲ့လမ်းခွဲ အဆုံးသတ်လိုက်ရတာ လား။

မိုးစက်တွေ ဖွဲဖွဲကျလာစဉ် သူမပါးပြင်ထက် ပူနွေးသွားရ သော၏။ ချစ်နေဆဲပါမောင်။ လွမ်းမြဲလွမ်းနေဆဲပါကွယ်. . .

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com



# အလယ်

www.burmeseclassic.com

www.burmeseclassic.com



# မိုးညကဗျာရှင်

အပြင်မှာ

မိုးတွေရွာနေပြီ 'မောင်'

ဒီလို မိုးသည်းထဲမှာ

လက်တွဲပြီး လျှောက်ခဲ့ဖူးတယ်. . .

ဒီလို မိုးဖွဲဖွဲမှာ

အတူကြည်နူးပျော်ခဲ့ဖူးတယ်. . .

ဒီလို မိုးစက်တွေအောက်မှာ

နှစ်ကိုယ်တူ ကတိထားခဲ့ဖူးတယ်. . .

ဒီလို မိုးပျောင်းချိန်မှာပဲ

တို့လက်တွဲဖြုတ်ခဲ့ရတယ်လေ. . .

ကြည်နူးခဲ့ဖူးတဲ့ကတိ

မင်းမေ့ထားခဲ့ပြီလား။

နောင်ဘဝထိချစ်မယ်ဆိုတာ

'မောင့်'အတွက်တော့

ရယ်စရာဖြစ်ကောင်းဖြစ်နိုင်ပေမယ့်

ကျွန်မအတွက်ကတော့

ရင်တွင်းဖြစ်ချစ်ခြင်းစစ်စစ်ပါကွယ်. . .





ဥပေက္ခာပြုခဲ့ရက်ပြီလား

'မောင်' ဆိုခဲ့ဖူးတဲ့ သီချင်း

'မောင်' သီကျူးခဲ့ဖူးတဲ့ သံစဉ်

'မောင်' ဖွဲ့သီခဲ့ဖူးတဲ့ ကဗျာ

ဒါတွေဟာ ယာယီတဲ့လား. . .

အလွမ်းရဲ့ အနှစ်သာရ

သာတိရနေတာထက် ပိုပါတယ်။

ပန်းပြင်ထက် စီးမျော

မျက်ရည်ပင်လယ်တောမှာ

မိုးကိုချစ်တဲ့ ကောင်မလေး

ငိုးတော့. . .

'မောင့်' ကိုချစ်တဲ့ မိန်းကလေးရဲ့

မျှော်လင့်ခြင်းတွေကို

ကိုယ်ချင်းစာနာတတ်မယ်ဆိုလျှင်ဖြင့်

အပြင်မှာ

မိုးတွေရွာနေပြီ 'မောင်'

ကျွန်မရင်ထဲမှာလည်း

မျက်ရည်မိုးတွေရွာနေတယ်ဆိုတာ. . .



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၆ )

လှေကားထစ်တို့ကို အပြေးအလွှားတက်ခဲ့ကြ၏။ သင်တန်းချိန်နီးနေပြီမို့ နောက်ကျပါက ဆရာဆူတာကို ခံရမည်ကိုး။ သူဇာနှင့်ဝါဝါက သူမနောက်သို့ မနည်းမီအောင် ပြေးတက်လာရသဖြင့် သျှာထွက်နေလေပြီ။ မမောဘဲနေမလား။ ဒင်းတို့နှစ်ယောက်က ၀လုံးလေးတွေ ဖြစ်နေတာလေ။

အခန်းထဲရောက်တော့ စားပွဲခုံနောက်မှာ ခေါင်းငုံ့စာရေးနေသည့်လူတစ်ယောက်ကိုမြင်လိုက်ရသဖြင့် သူမခြေလှမ်းတွေ တုံ့ခနဲရပ်သွားလေ၏။ ခန့်လိုက်တာနော်။ ရှပ်အဖြူကို ပုဆိုးအပြာကွက်လေးဖြင့် တွဲဝတ်ထားသည့်ကောင်လေးကို သူမငေးကြည့်နေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



ခပ်တိုတိုညှပ်ထားသည့်ဆံပင်က သေသေသပ်သပ်။ နားထင်မှာ ဒေါက်ခပ်ပါးပါးရိတ်သင်ထားတာကိုက တခြားလူတွေနှင့်မတူဘဲ ပိုကြည့်ကောင်းနေစေ၏။

"ဟဲ့! မို့ ဝင်ကြမယ်လေ"

"ရှူး"

သူငယ်ချင်းနှစ်ယောက်ကိုအသံတိတ်ရန် အချက်ပြလိုက်မိစဉ် ဖျတ်ခနဲလှမ်းကြည့်လိုက်သည့် မျက်ဝန်းနက်တို့ကို မြင်လိုက်ရလေ၏။ အားပါးပါး. . . လှလိုက်တာပါလားနော်။ ယောကျ်ားလေးဖြစ်ပြီး သူ့မျက်နှာပေါ်က အစိတ်အပိုင်းတွေက ဒီလောက်ထိကြည့်ကောင်းနေတာ မနာလိုချင်စရာကြီးပါလား။ ဆတ်ခနဲပြန်လွှဲသွားသည့်အကြည့်တွေက စားပွဲထက် ပြန်ရောက်သွားလေ၏။ ဘယ်လိုကြီးလဲ. . . မို့ကိုမြင်လိုက်ရရင် တမေ့တမောဖြစ်သွားတတ်သည့်ကောင်လေးတွေထဲမှာ သူ့မပါဝင်ဘူးထင်ပါရဲ့။

"ဒီမှာ! ဆရာရောက်နေပြီလား"

မာဆတ်ဆတ်မေးခွန်းကို ခေါင်းခါ၍ ဖြေလိုက်သဖြင့် သူမနှုတ်ခမ်းစူသွားရပါ၏။ သူက ဒီနေ့သင်မည့်သင်ခန်းစာအတွက် Assignement စာရွက်တို့ကိုယူ၍ Stepler ဖြင့်တွဲချုပ်ကာ သုံးစုံ





ချပေးလိုက်လေသည်။

"ဘာဖြစ်လို့လဲ. . . လာရောလာမှာလား။ Phone ကြိုဆက်သေးလား"

"(၁၅) မိနစ်လောက်စောင့်ပါတဲ့"

ရှားရှားပါးပါးထွက်လာသည့်စကားသံက ခပ်သြသြ။ သူမလှစ်ခနဲပြုံးမိပေမယ့် သူက ကြည့်မနေပါချေ။ သူ့ဇာနှင့်ဝါဝါကသင်တန်းကတ်လေးတွေ ကိုယ်စီထုတ်ပေးလိုက်တော့ ဒီလအကွက်လေးတွေမှာ M စာလုံးလေးကို ရေးပေးလိုက်လေ၏။ သူ့လက်မှတ်ထင်ပါရဲ့။ M ကို သူမလို ရိုးရိုးရှင်းရှင်းလေးမရေးဘဲ အသည်းပုံလေးလိုထိုးပေးတာမို့ သဘောကျမိသွားပါသည်။

"ကတ်ပေးလေ"

"ပါမလာဘူး။ မေ့လာလို့"

"ကိုပြည့်စုံသိရင် Fine တပ်ခံရတော့မှာပဲ"

ဆရာ့အမည်ကို တရင်းတနှီးခေါ်လိုက်တာမို့ ဆရာနှင့်ရင်းနှီးသည့်သူမှန်း သိလိုက်ပါ၏။ စာရေးအဆင့်လောက်ကို ဖက်လှဲတကင်းမရှိတတ်ပေမယ့် သူများနှင့်မတူသည့်သူ့ကို တရင်းတနှီးဆက်ဆံချင်နေတာ ဘာကြောင့်လဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လောက်ပေးရမှာလဲ"

"ငါးရာ"

"ဟင်! များလိုက်တာ"

"စည်းကမ်းရှိအောင် လုပ်ပေးနေတာကို"

သူမည့်စ်ကျယ်ကျယ်လေး ပြုံးလိုက်မိလေ၏။ သူ့ပုံစံက ပြော ရိုးပြောစဉ်အတိုင်း ပြောနေကျဖြစ်ပေမယ့် သူမကတော့ စိတ်ဝင် စားမှုတွေ ပိုနေရပြီပဲ။ ဘယ်ကောင်လေးတွေကိုမှ အခုလိုစိတ်ရှည် လက်ရှည်စကားမပြောဖူးသမျှ သူ့ကိုတော့ အချိန်အကြာကြီး ဘာ ကြောင့်ပြောချင်နေတာပါလိမ့်။

"ဒါဆိုရင် နောက်သုံးရက်ကြာပြီးမှပေးမယ်လေ။ ရလား"

သူ့မျက်နှာ ပန်းရောင်သန်းသွားလေ၏။ သူ့ဇာနှင့်ဝါဝါက သူမနောက်ကျောကိုဆွဲဆိတ်ပြီး သတိပေးနေပေမယ့် ဂရုမစိုက်ပါ ချေ။ သုံးရက်ဆက်တိုက်ယူမလာမိရင် ဒဏ်ကြေးက (၁၅၀၀) ဖြစ် သွားမှာကို သူ့အလွယ်တကူ သဘောပေါက်သားပဲ။ ဒီလောက်တော့ မနုံသေးပါဘူးနော်။

"ပြန်ရှာကြည့်ဦးလေ။ ပျောက်သွားရင် ကတ်အသစ်ပြန်လုပ် ပေးမှာပေါ့"





"မို့က အသစ်ထက် အဟောင်းကိုပဲ ပိုကြိုက်တယ်။ အဲဒီကတ် ... ဆရာက လက်မှတ်ထိုးပေးထားတာ။ ဆရာ့လက်မှတ်ကို မို့တစ် ...ာက်တည်းပဲ ရထားတာရှင့်"

သူက မကြည်သလို တစ်ချက်ကြည့်လိုက်ပြီး သူ့အလုပ်ကိုသာ ...ာရုံပြန်စိုက်လိုက်လေ၏။ ကြည့်စမ်း! ဒါ သူမတို့သင်ရမည့် သင် ...း ဘာ Notes တွေကို အကြမ်းရေးနေတာပါလား။

"ဝင်ကြတော့လေ"

"ဝင်မှာပေါ့။ ရှင့်အပူမပါပါဘူး"

စားပွဲရှေ့ရပ်နေတာကို မကြည့်ချင်၍ မောင်းထုတ်လိုက်တာ ...ျစ်ကန်ကန်ပြန်ပက်လိုက်မိ၏။ မာနကြီးတစ်ခွဲသားနဲ့ဆက်ဆံ ...ာယ်လို့။ ဒင်းက ဘာမို့လို့လဲ။ မျက်စောင်းကို ဆတ်ခနဲထိုးလိုက် ...း ခြေဆောင့်ကာ သင်တန်းခန်းမထဲသို့ဝင်လာခဲ့၏။ ခုံမှာဝင်ထိုင် ...ိတ်ထဲမှ မှန်လေးထောင့်လေးကိုထုတ်၍ ကြည့်လိုက်မိသည်။

ဒီနေ့ သူမဝတ်လာသည်က ကြည်ပြာရောင် Design ဆန်း ...းလေးနှင့် စကတ်က အနက်ရောင်။ ဆံပင်ကုတ်ဝဲလေးကို ထိပ် ...က်စီမှာ နည်းနည်းလေးသာ စုစည်းထားတာမို့ ဆံပင်က ...င်းဖောင်းလေးနှင့် မျက်နှာလေးက ရှင်းနေလေ၏။ နားမှာပန်



www.burmeseclassic.com

www.burmeseclassic.com



ထားသည်က နီလာနားကပ်နှစ်စုံ၊ ခပ်လတ်လတ်တစ်စုံနှင့် သေး
သေးလေးက တစ်စုံ။ ခြေထောက်နှင့်လက်မှာ Foot-Chain နှင့်
Hand-Chain က Platinum သက်သက်ပါပဲ။

မလှလို့လား။ ဒီလောက်ပြင်ဆင်ထားတာ သင်တန်းသူတွေ
ကြား ထင်းခနဲမြင်သာသည့်အလှကို သူသတိမထားမိတာတော့
လွန်တာပေါ့။ သူမလို ပြီးပြည့်စုံတဲ့မိန်းကလေးတွေအများကြီး ရှိ
သင်တန်းမှာ ရှိနေပေမယ့် နှိုင်းယှဉ်ရဲသည့်သူကတော့ တစ်ယောက်
မှရှိမနေပါလေ။ မေမို့မို့လွင်ဆိုတာက သင်တန်းရက်တွေမှာ ကား
အရောင်မထပ်အောင် ထည့်လဲစီးလာသည့်သူပေပဲ။

"နာမည်လည်း မိတယ်ကွ"

"ဘာတဲ့လဲ"

"မင်းသူရမောင်တဲ့"

"လူလည်း ချောပါတယ်ဟာ။ ဆရာ့ညီဝမ်းကွဲဖြစ်ပေမယ့်
ဆရာ့ထက်တောင်မှ ပိုကြည့်ကောင်းနေသေးတာအမှန်ပဲ"

မှန်ကို ဖတ်ခနဲပြန်ပိတ်လိုက်ပြီး ဝင်းပပတို့အုပ်စုကို လှမ်း
ကြည့်လိုက်မိ၏။ လာပြီ. . . ကောင်လေးချောချောလေးမြင်တာ
နှင့် အလုအယက်စုံစမ်းစပ်စုတတ်တာ ဒင်းတို့အကျင့်ပဲထင်ပါရဲ့။





"ကြားလား၊မို့။ ဒီနေ့ရောက်တဲ့စာရေးအသစ်အကြောင်း ပပ
တို့စုံစမ်းပြီးနေပြီ"

"ကြားသားပဲ။ ဘာလုပ်ရမှာလဲ"

"နင် သူ့ကိုစိတ်ဝင်စားနေတာ မဟုတ်ဘူးလား"

သူမ ပြုံးလိုက်မိပါ၏။ ဘေးတိုက်မြင်နေရသည့်မှန်ချပ်များ
နောက်မှ သူ့ကိုလှမ်းကြည့်လိုက်မိသည်။ သူကတော့ ခေါင်းငုံ့ကာ
စာတွေရေးနေဆဲ။ ခေါင်းငုံ့ထားတာမို့ နဖူးပေါ်သို့ ဆံစတချို့ဝဲ
ကျနေပုံကိုက အသည်းယားစရာကောင်းလှသည်။ သေချာကြည့်
လေ၊ ချောလေဆိုတဲ့ကောင်လေးပါပဲလား။

စာသင်တာကို စိတ်က ဝင်စားတစ်ချက်၊ မဝင်စားတာက
များများ။ ဆရာက သူမခေါင်းလေး လှည့်လှည့်သွားတာကို မြင်
လိုက်တာမို့ စာအုပ်ဖြင့် တစ်ချက်ထုလိုက်ပြီး ပြုံးပြသွားလေ၏။
သင်တန်းဆင်းသွားတော့ အားလုံးကိုယ်စီထပြန်ကြပေမယ့် သူမက
ထိုင်နေဆဲ။

"ဒီနေ့အဖို့ ပြန်ဖို့စိတ်ကူးရောရှိရဲ့လားမို့မို့လွင်"

"သိချင်တာသိပြီးရင် ပြန်မှာပါဆရာရဲ့"

"မပြောနဲ့ဆရာ။ အဲဒီမေနံ့က ဆရာ့ကိုနှောင့်ယှက်ဖို့ ပြင်



www.burmeseclassic.com

www.burmeseclassic.com



နေတာ"

"ခွစာမ. . . တိတ်တိတ်နေပါဟဲ့"

ဆရာက ရယ်လိုက်ပြီး သူမတို့နှင့်အတူ ကျောင်းခန်းထဲမှ ထွက်ရန် ပြင်လိုက်လေ၏။ အောက်မှာရပ်စောင့်နေသည့် Driver ကတော့ လည်ပင်းဆန့်၍ မျှော်နေလောက်ပြီ။ သူမကတော့ ပြန်ဖို့စိတ်ကူးမရှိသေးပါချေ။

"ဘာသိချင်တာလဲ"

"သူ့အကြောင်း"

သူမမေးဆတ်ပြလိုက်ရာသို့ ဆရာ့အကြည့်တွေ ရောက်သွားပြီး ပခုံးကို ဟန်ပါပါတွန့်ပြလိုက်လေ၏။

"သူ့အကြောင်းသိချင်ရင် သူ့ကိုပဲမေးပေါ့မို့မို့လွှင်ရဲ့။ ဆရာက ဘယ်သိမှာတုန်း"

"ဟင်! ဆရာ့ရဲ့ Cousin ဆို"

"ဟုတ်တော့ဟုတ်တယ်လေ။ ဝေးတော့ဝေးတာကိုး။ လူတစ်ယောက်ရဲ့အကြောင်းကို ကွယ်ရာမှာပြောမိရင် အတင်းတဲ့ကွ။ သူ့ရှေ့မှာပြောရင်တော့ သတင်းလို့သတ်မှတ်လို့ရတယ်"

"ဒါဆိုလည်း မို့က သတင်းပဲယူချင်ပါတယ်ဆရာ"





ပြည့်စုံအောင် ရယ်ဟဟမျက်နှာဖြင့် သူ့ရှေ့မှာ ရပ်လိုက်ပါ၏။ သူက အစ်ကိုဖြစ်သူကို ဆတ်ခနဲမော့ကြည့်လိုက်ပြီး ဘေးနားမှာရပ်နေသည့် သူမတို့သုံးယောက်ကိုပါ မြင်သွားလေသည်။

"မေးလေ"

"ဘာလဲအစ်ကို"

"မင်းကိုမေးစရာရှိလို့တဲ့"

"ဗျာ! "

တအံ့တသြဖြင့် ဆတ်ခနဲထရပ်လိုက်ရာ မြင့်မားသည့်အရပ်က လွင့်ခနဲ။ အားလားလား. . . ဆရာ့ထက်တောင်မှ မြင့်နေတာပါလား။ သူမကို စူးခနဲကြည့်လိုက်သည့်မျက်ဝန်းများကြောင့် ရင်ထဲမှာ သိမ့်ခနဲနွေးသွားရလေ၏။ အို! ဘာကြောင့်များပါလိမ့်။

"နာမည်"

သူက နားမလည်ဟန်ဖြင့် အစ်ကိုဖြစ်သူကိုလှည့်ကြည့်လိုက်ရာ ခေါင်းညိတ်ပြလိုက်သဖြင့် စိတ်ညစ်သွားရလေသည်။ ဘယ်လိုဟာလေးပါလိမ့်။ ယောကျ်ားလေးတစ်ယောက်ကို မေးသင့်မမေးသင့် မစဉ်းစားဘဲ ရဲတင်းလှချည်လား။ ဘယ်ဘက်နားမှာဖောက်ထားသည့် နားပေါက်သုံးခုနှင့်မိန်းကလေးကို ဘုကြည့်ကြည့်လိုက်မိ



www.burmeseclassic.com

www.burmeseclassic.com



ပြီး ခပ်တိုတိုဖြေလိုက်ရပါ၏။ ကြည့်ရတာ အစ်ကိုနှင့်အတော်ရင်းနှီးပုံရနေတာကိုး။

"မင်းသူရမောင်"

"အသက်"

သူစိတ်ပျက်စွာဖြင့် သက်ပြင်းရှိုက်လိုက်မိ၏။ ခေတ်ကာလသမီးတွေတော့ မိဘရင်ပူအောင် အမျိုးစုံလုပ်နေပါရောလား။ မေမေသာမြင်ရင် သူမကိုနားရွက်ဆွဲပြီး ထိုင်ထလုပ်ခိုင်းမှာ အသေအချာပင်။ သူညီမဆိုရင်တော့ နားရင်းကို နာနာလေးအုပ်လိုက်မှာပါပဲ။

"မေးနေတယ်လေ"

"နှစ်ဆယ်"

"ဘာနဲ့ကျောင်းပြီးလဲ"

"Eco"

"နေတော့ရော"

"အစ်ကို့, အစ်ကို့တပည့်မတော်တော်လွန်နေပြီလို့ မထင်ဘူးလား"

"ဒါလေးမေးတာပဲဟာကို။ တွန့်တိုလိုက်တာ"





သူမခြေဆောင့်နှုတ်ခမ်းစူ၍ပြောလိုက်တော့ ဆရာက ပြုံးနေပေမယ့် သူကတော့ မျက်မှောင်ကြုတ်၍ သူမကိုစိုက်ကြည့်လိုက်လေ၏။

"ဘာကိစ္စမေးရတာလဲ"

"သိချင်လို့ပေါ့"

"ယောကျ်ားလေးတစ်ယောက်အကြောင်းကို သိချင်စရာဘား။ မင်းကိုယ်မင်း မိန်းကလေးဆိုတာကိုရော သိရဲ့လား"

သူမထံမှ မျက်စောင်းတစ်ခု သူ့ကိုလာစိုက်လေ၏။ မိဘတွေဘယ်လောက်တောင်မှ အလိုလိုက်ထားတဲ့ကလေးမလေးပါလိမ့်။ ဒီမထင်ဟန်ဖြင့် ဘယ်သူ့ကိုမှဂရုမစိုက်ဘဲ သူ့ကိုလာမေးနေပုံက ကြောက်မရွံ့။ အခန်းဝမှာပြုံးတစ်ပြုံးတစ်ဖြင့် စောင့်ကြည့်နေသည့် မိန်းကလေးအုပ်စုကလည်းတစ်မျိုး။ ဘယ်လိုကလေးတွေပါလိမ့်နော်။

"ပပတို့အုပ်စုက သူ့အကြောင်းတွေ တော်တော်သိနေတာ မနာလိုဘူး"

"ဘယ်က,ပပလဲ"

"ဝင်းပပပေါ့။ ရှင်သိစရာလား"



www.burmeseclassic.com

www.burmeseclassic.com



ဟောဗျာ! အသားလွှတ်ကြီးစိတ်ကောက်ချင်နေပါရောလား။ ဟိုအုပ်စုခေါင်းလေးလုံးက အခန်းထဲဝင်လာတာမို့ သူရယ်ချင်သွားရသည်။ ဝင်းပပဆိုတာ သူ Assignment မှာ လက်မှတ်ထိုးပေးနေတုန်း နာမည်မေးသွားသည့်တစ်ယောက်ပဲထင်ပါရဲ့။

"အစ်ကိုတပည့်မကို ကြည့်ဆုံးမထားနော်။ စည်းကမ်းလည်းရှိပုံမရဘူး။ ဒီနေ့လည်း သင်တန်းကတ်မေ့လာသေးတယ်"

"ဟေ! တစ်ခါမှမမေ့ဖူးတဲ့သူက ကတ်မေ့လာရတယ်လို့"

"ဆရာ. . . ငမုန့်. . . အား"

နောက်မှ ဆံပင်ကောက်ကောက်နှင့်ကောင်မလေး ဝင်ပြောတာကို သူမက ဒေါက်ဖိနပ်ခွာဖြင့် နောက်ပြန်နင်းလိုက်သဖြင့် မျက်နှာရှုံ့တွသွားလေ၏။ ကြည့်စမ်း! သူငယ်ချင်းကို အနိုင်ကျင့်လိုက်ပုံက ပေါ်တင်ပါလား။

"တကယ်ပါမလာတာလား. . . မို့မို့လွင်"

"အင်း"

"သုံးရက်ဆက်တိုက်ယူမလာဘဲ. . . ဒဏ်ငွေဆောင်မယ်လို့ ကျွန်တော့်ကိုပြောသေးတယ်"

"ရှင်နော်"





အစအဆုံးတိုင်ပြောနေသည့်သူ့ကို မျက်စောင်းခဲလိုက်သည့်ကောင်မလေးကို တော်တော်အမြင်ကပ်သွားမိပါ၏။ မိန်းကလေးကြွေ စိန်ရွှေငွေပေးလို့မရဆိုတာတွေကို သူမကြားမှကြားဖူးပါ့လား။ လူကုံထံအသိုင်းအဝိုင်းမှ ပေါက်ဖွားလာသည့်ကောင်မလေးကိုကြည့်ကာ သူခေါင်းခါလိုက်မိ၏။ သူသဘောကျသတ်မှတ်ထားသည့်စံနှုန်းနှင့် လုံးဝသွေဖီနေသည့်မိန်းကလေးကို မြင်မြင်ချင်း minus ပြမိတာ သူမ သိပါရဲ့လား။

"ပါရင် ပေးလိုက်လေ မို့မို့လွင်။ ဆရာက ညာတာမျိုး လုံးဝကြိုက်ဘူးဆိုတာ သိတယ်နော်"

သူမနှုတ်ခမ်းက ပို၍ပြီးစူသွားကာ ကျောပိုးအိတ်ဘေးဇစ်ကိုဆွဲလိုက်၏။ အထဲမှ ကတ်ဖြူဖြူလေးကိုနှိုက်ယူလိုက်ပြီး သူ့ကိုကမ်းပေးလိုက်သဖြင့် သူက လက်မှတ်ထိုးပေးရန် ပြန်ထိုင်လိုက်သည်။ ကောင်မလေးခေါင်းက သူ့နားတိုးလာသဖြင့် သူဆတ်ခနဲမော့ကြည့်ဘုကြည့်တစ်ချက်ကို ရလိုက်ရ၏။ ဘယ်လိုလေးပါလိမ့်။

"လက်မှတ်ထိုးပေးလေ"

သူလက်မှတ်ထိုးတာကို သေချာငုံ့ကြည့်နေသဖြင့် လက်တို့ကန်ချင်ချင်။ ကတ်မှာရေးထားသည့်နာမည်ကို သူသတိထားမိသွား



www.burmeseclassic.com

www.burmeseclassic.com



ပါ၏။ 'မေမို့မို့လွင်' တဲ့လား။ နာမည်လေးလှသလို လူလေးကလည်း လှတပတရှိပါလျက် ခပ်ကဲကဲလေးဖြစ်နေတာကိုတော့ သူ မနှစ်သက်ပါလေ။

သူ့လက်မှတ်ရသွားတော့ ဘာမှန်းမသိဘဲ ပြုံးစိစိဖြင့်ထွက်သွားသည့်ကောင်မလေးကိုကြည့်ကာ သက်ပြင်းရှိုက်လိုက်မိ၏။ ထိုနေ့က သူ့ကို ဂျစ်ကန်ကန်လေး စပ်စုသွားသည့်မိန်းကလေးကို တစ်နေ့နေ့မှာ ချစ်မိသွားလိမ့်မည်ဟု ထိုစဉ်က စိုးစဉ်းမျှမတွေးမိပါချေ။ နောက်မှသူပြန်သိရသည်မှာ သူနှင့်သူမက နာမည်အစ စာလုံးချင်းတူနေ၍ အသည်းပုံလက်မှတ်လေးကိုအတုယူရန် သေချာကြည့်သွားမှန်း သိခဲ့ရလေသည်။

သြော်. . . မေမို့မို့လွင်ဆိုတဲ့မိန်းမဆိုးလေးရယ်။

❀ ❀ ❀



အခန်း ( ၇ )

အစောင့်ကောင်လေး တံခါးဖွင့်ပေးလိုက်တာနှင့် သူမတို့ ...ပ်စုအထဲသို့ဝင်ကာ သူ့စားပွဲအံဆွဲကိုဖွင့်၍ ချောကလက်နှင့် ...ာ့ချိတ်လေးကို ထည့်ထားလိုက်ပါ၏။ ပြီးနောက် ချာတိတ်လေး ... မုန့်ဖိုးပေး၍ နှုတ်ပိတ်စေကာ အောက်ထပ်သို့ အပြေးပြန်ဆင်း ...သည်။

"ငမုန့်. . . နင့်ကားကိုမြင်မှတော့ ဟိုက နင်ရောက်နေမှန်း ...ပြီပေါ့"

"အေးလေ. . . ဒါဆို နင်ပေးမှန်း သူသိသွားမှာပေါ့ မို့ရဲ့"

"သူက ငါ ဘာကားစီးမှန်း သိတာမှမဟုတ်ဘဲဟ။ သိနိုင်



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး။ သိတော့လည်း ပိုပြီးတောင်မှကောင်းသေးတယ်"

"နှင်နော်. . . အန်တီသက်သိရင် နာတော့မှာပဲ"

"သိစရာလား။ နှင်တို့နှစ်ကောင်နှုတ်လုံရင် မေမေဘာမှပြန်သိစရာအကြောင်းမရှိဘူး။ မေမေသိတဲ့နေ့ဟာ ငါ့အပေါ် နှင်တို့သစ္စာဖောက်တဲ့နေ့ပဲ"

သူဇာနှင့်ဝါဝါက သူမကြိမ်းတာကို ကြောက်ရွံ့ပုံဖြင့် ပခုံးတွန့်ပြလိုက်လေ၏။ လက်ဖက်ရည်ဆိုင်ထဲဝင်ထိုင်ကာ သူရောက်လာမည့်အချိန်ကို စောင့်ဆိုင်းနေမိသည်။ သူမ ဘာတွေလုပ်မိနေသလဲ။ ကိုယ်တိုင်ပင် မသိပါလေခဲ့။ သူမတစ်သက်မှာ ကိုထက်လိုယောကျ်ားလေးသူငယ်ချင်းမျိုးနှင့် ရင်းနှီးခဲ့ပါလျက် အခုလို သူနှင့်ဆုံရစဉ် စိတ်လှုပ်ရှားရင်ခုန်မှုမျိုး တစ်ခါမှမဖြစ်ခဲ့ပါချေ။ ကိုထက်နှင့် လက်ပွန်းတတီးရင်းနှီးခဲ့တာပါပဲ။ ဒါပေမဲ့ စိတ်ထဲမှာ အဖြူထည်သက်သက်သာရှိခဲ့တာလေ။

"ညနေမှာ သူ Electronic သင်တန်းတစ်ခု တက်နေတယ်"

"နှင်ဘယ်လိုသိလဲ"

"ဒီလိုပဲပေါ့"

"ဝမုန့်, နှင်အပျော်သဘောပဲမဟုတ်လားဟင်"





"ဘာကိုလဲ"

"အခုလုပ်နေတဲ့ကိစ္စတွေကိုပြောတာ"

သူမ ပြုံးပြုံးလေးဖြင့် ငြိမ်နေလိုက်ပါ၏။ ယောကျ်ားလေးသူငယ်ချင်းပဲမရှိတော့လို့ အစားထိုးမိလေသလား။ ကိုထက်ကိုရင်းတနှီးရှိခဲ့တာမှန်ပေမယ့် ခုလို သူ့ကိုတစိမ့်စိမ့်ကြည့်ပြီး စိတ်လှုပ်ရှားခဲ့တာမျိုးမဖြစ်ခဲ့ဖူးပါ။ သူ တခြားကောင်မလေးတွေနဲ့ ဖော်ရွှေစွာစကားပြောနေတာကို မရှုစိမ့်တာ ဘာကြောင့်များပါလဲ။

တကယ်ဆို သူဘယ်လိုပဲနေနေ၊ ဘယ်သူနဲ့ပဲပြောပြော သူမနှင့်မသက်ဆိုင်ဘဲ။ ဒါပေမဲ့. . . သူနဲ့ပတ်သက်ချင်သည့်စိတ်ကို သူမ ထိန်းအုပ်၍မရတာ သူမအသိဆုံးပဲမဟုတ်လား။ ညတုန်းကပဲ အိပ်မက်ထဲမှာ သူ့လက်ကိုဆုပ်ကိုင်ခွင့်ရခဲ့လို့ ပျော်ခဲ့ရတာလေ။

"နှင်တို့ဘယ်လိုထင်ထားလို့လဲ"

"နှင့်မှာ ကိုထက်ရှိပြီးသားဆိုတော့ သူ့ကိုအပျော်သဘောချင်းပြေကစားနေတာပဲလို့ထင်တာပဲ"

"ဟုတ်တယ်။ နှင့်အပေါ်မှာ ကိုထက်လိုကောင်းတဲ့သူငယ်ချင်းမျိုး နှစ်ယောက်မှမရှိနိုင်တာဘဲ"

သူမခေါင်းကို ခါယမ်းလိုက်မိ၏။ သူမလိုချင်တာ အဲဒါတွေ



www.burmeseclassic.com

www.burmeseclassic.com



မှမဟုတ်ဘဲ။ ကိုထက် သူမအပေါ် အစစကောင်းလွန်းနေတာ သိပေမယ့် အသိအမှတ်မပြုချင်ခဲ့။ အခုလို နိုင်ငံခြားမှာ ပညာသွားသင်တော့ ပိုဝေးသွားပြီး သွေးအေးသွားစေတာလေ။

"အန်တီချယ်ရီဆိုလည်း နင့်ကို သမီးလို့ခေါ်တာ နားမဆံ့အောင်ပဲလေ"

"ငါ ကိုထက်ကို အစ်ကိုတစ်ယောက်လိုပဲ သံယောဇဉ်ရှိတာပါ"

"ဟယ်. . . နင်ကလည်း"

"နင်နဲ့ကိုထက်ကို အန်တီသက်တို့သဘောတူထားကြတာမဟုတ်လား။ နင့်ခေါင်းထဲမှာ ကိုထက်ကလွဲပြီး တခြားလူရှိစရာလိုသေးလို့လား ငမုန့်ရာ"

"အံမာ! လူကြီးလေသံနဲ့ ငါ့ကိုလာဆုံးမနေပြန်ပါပြီ။ ဒီမှာမေမေတို့လူကြီးတွေ ဘယ်လိုပဲသဘောတူတူ ငါခေါင်းညိတ်မှ ပြီးပြတ်မယ့်ကိစ္စပါ သူငယ်ချင်းတို့ရဲ့။ ငါသဘောမပါဘဲ သူတို့ဘယ်လိုမှစီစဉ်လို့ရမှာမဟုတ်ဘူး။ ပြီးတော့ ဖေဖေက ငါ့ကိုသိပ်ချစ်တာနင်တို့သိပြီးသားပဲ။ ငါ့နှုတ်ခမ်းတစ်စုံ၊ ခြေတစ်ချက်အဆောင့်မှာ ဖေဖေ့ဆီက ခေါင်းညိတ်တာကိုပဲ ရခဲ့တာလေ"

ရွှေပဒေသာစာပေ



"ဒါကြောင့် နင်တအားဆိုးနေတာပေါ့"

"ဘာဖြစ်လဲ။ ငါ့ကုသိုလ်နဲ့ငါ"

"အေးပါ။ နင့်ကိုနိုင်တဲ့လူတစ်ယောက်ယောက်တော့ ပေါ်လာမှာ သေချာပါတယ်။ အဲဒီတော့မှ နင်မျက်ရည်မကျပါစေနဲ့"

"ဘယ်သူက နိုင်မှာမို့လို့လဲ"

"နင့်ရည်းစားပဲဖြစ်ဖြစ်ပေါ့"

"အို. . . မောင်နိုင်စားလို့ကတော့ နိုင်ပါစေ"

"ဘာ! ဘယ်က မောင်လဲ"

"ငါ့ချစ်ချစ် မင်းသူရမောင်လေ။ ငါက ချစ်စနိုးနဲ့ အဖျားဆွတ်ပြီးခေါ်တာ"

"ဟဲ့! သူက နင့်ထက်သုံးနှစ်တောင်ကြီးတာလေ ငမုန့်ရဲ့"

"ကြီးကြီးပေါ့၊ ခေါ်မှာပဲ။ ဘာဖြစ်လဲ။ မို့ရဲ့အသည်းအသက်က ချစ်ရပါသောမောင်"

"အရူးမ"

"ငပေါမ"

သူငယ်ချင်းတွေနှင့်အတူ အုန်းခနဲရယ်လိုက်မိစဉ် တစ်ဖက် Platform မှ လမ်းကူးလာသည့်သူကို လှမ်းမြင်လိုက်ရလေ၏။

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ထုံးစံအတိုင်း ရှပ်အဖြူကို ပုဆိုးအကွက်စိပ်စိပ်လေးဖြင့် တွဲဝတ်ထားပြီး ပခုံးထက်မှာ လွယ်အိတ်ကိုဘေးချလွယ်ကာ ခေါင်းငုံ့ လျှောက်လာလေသည်။ ဆံပင်လေးတွေက လေအဝှေ့တွင် ဝဲပြီး နဖူးထက်ကျလာသဖြင့် သူသပ်တင်လိုက်ပါသော်လည်း တိုလွန်းသဖြင့် ပြန်ကျလာတာပင်။

သူမ မေးစေ့လေး လက်ထောက်ရင်း ခပ်ငေးငေးလေးကြည့် နေမိသည်။ 'မောင်'တဲ့။ မို့ နောက်ပြီးခေါ်ရတာ မဟုတ်ရပါဘူး တကယ့်ရင်ထဲက စိတ်အရင်းခံနဲ့ ခေါ်မိတာပါကွယ်။

အံဆွဲကိုဖွင့်လိုက်စဉ် အညိုရောင်ချောကလက်တောင့်နှင့် အတူ အသည်းပုံ Key Chain လေးကို မြင်လိုက်ရပါ၏။ ဘယ်သူ နောက်သွားတာပါလိမ့်။ ဖိုးချိုတော့ မဖြစ်နိုင်ပါ။ သူ့ထက် (၆)နှင့် လောက်ငယ်သည့်ကောင်လေးမို့ ရှိန်လန့်မှုရှိသည့်ကလေးပဲ။ Key Chain လေးကိုယူကြည့်လိုက်မိစဉ် I ဟူသည့်စာလုံးလေးကို ရေထဲ မှာ ပေါလောလေးပေါ်နေတာ မြင်လိုက်ရလေ၏။ ကျွတ်! ဘယ် သူများ လာနောက်သွားတာပါလိမ့်။

အတွေးမဆုံးခင် အခန်းထဲဝင်လာသည့် ငါးယောက်အုပ်စု ကြောင့် သူ အံဆွဲကိုပိတ်လိုက်ပြီး ဒီနေ့ အစ်ကိုသင်ပေးမည့် သင်





ခန်းစာအုပ်တွေကို ဗီရိုဖွင့်၍ထုတ်လိုက်ပါသည်။ ဒီသင်တန်းမှာ ယောက်ျားလေးနည်းပြီး မိန်းကလေးများနေသည်မို့ ရေများ ရေနိုင်၊ မီးများမီးနိုင်လို့ ဆိုရိုးရှိတာအမှန်ပဲကိုး။

"ကိုသူရ. . . ဆရာရောက်ပြီလားဟင်"

စကားမရှိစကားရှာမေးနေပါရောလား။ စာသင်ခန်းနဲ့ ရုံးခန်းကို မှန်ဖြင့်သာ ကာထားတာမို့ အခန်းထဲလှမ်းကြည့်ရင် မြင်နေရပါလျက် မလိုအပ်ဘဲ မေးလိုက်သည့်ကောင်မလေးကို သူလှည့်ကြည့်မိစဉ် မအံ့သြတော့ပါချေ။ ဒါ သူမ မနာလိုဖြစ်တယ်ဆိုတဲ့ ခင်းပပဆိုတဲ့မိန်းကလေးပဲကိုး။

"မေးတာကို ဖြေလည်းမဖြေဘူး"

"ဖြေဖို့လိုလို့လား။ အခန်းထဲ ဆရာရှိမရှိမြင်နိုင်တာဘဲ"

"မပြောတတ်ဘူးလေ။ ဆရာက တစ်ခါတလေလက်ဖက်ရည်ဆိုင် ထိုင်ရင်ထိုင်နေတတ်တာကိုး။ ပပတို့ Breakfast စားမလာလို့ မေးတာပါ"

"စားရင်သွားစားပေ့ါ။ (၁၅) မိနစ်တောင် လိုနေသေးတာပဲ"

"ဒီနေ့စာအုပ်ဝေရင် စာရွက်ကောင်းကောင်းနဲ့ စာအုပ်ကို အရင်ဆုံးရွေးထားချင်လို့ အပေါ်ကိုတက်လာတာ ကိုသူရရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"စာအုပ်တွေက ကျွန်တော်ကိုယ်တိုင် သေချာစိစစ်ပြီး ချ
ပေးထားတာပါ။ ဘာတစ်ရွက်မှ မင်မှုန်တာ၊ စာမပါတာ၊ စာရွက်ပ
တာမျိုး မရှိပါဘူး။ Computer ကိုလည်း ကျွန်တော်ပဲ စီပေးထား
တာလေ"

"တော်လိုက်တာနော်။ ဘာလို့ ဒီလောက်ထိ တော်နေရတာ
လဲ"

စကားတွေ အများကြီးပြန်ပြောမိတာတောင် မှားသွားပြီ
လား။ သူက နဂိုကတည်းက ပိန်းကရေလေးတွေနှင့်သိပ်ရောတတ်တာ
မဟုတ်။ အိမ်နီးချင်းဖြစ်သည့် ငယ်သူငယ်ချင်း သက်ထားခင်နှင့်
တရင်းတနှီးပေါင်းတာကလွဲရင်လေ။ သက်ထားတို့က မရှိမရှားဘ
မျိုးဖြစ်ပေမယ့် သူက မပြည့်စုံသူမို့ သက်ထား၏ငဲ့ညှာပံ့ပိုးမှုတို့ကို
မကြာခဏ လက်ခံခဲ့ရတာဖြစ်လေ၏။

"ဖောက်! "

အခန်းဝမှ ဖောက်ခနဲအသံကြားလိုက်ရသဖြင့် သူရောရေ
မှအုပ်စုပါ လှမ်းကြည့်လိုက်ပါ၏။ တံခါးဘောင်ကို ခပ်မှီမှီရပ်ရင်
PK ဝါးနေသည့် သူမ style က မထီတရီ။ ဆံပင်ရှေ့နှစ်ဖက်မှာ
ရောင်စုံကြိုးလေးတွေဖြင့်လိမ်၍ စည်းနှောင်ထားတာမို့ ပို၍ကလေး





ဆန်လွန်းနေလေသည်။

blouse လက်ဖောင်းဖြူဖြူပေါ်မှာ ကြိုးသိုင်းစကတ်ဂါဝန်ခပ်
တိုတိုကို ကြိုးသိုင်းခွာမြင့်ဖြင့် တွဲစီးလာတာမို့ ပို၍မျက်စိနောက်
စဖွယ်ဖြစ်နေ၏။ ဘယ်လိုဟာလေးပါလိမ့်။ ဒါသင်တန်းလာတက်
တဲ့ style တဲ့လား။

စာအုပ်ထပ်ထဲမှ ငါးအုပ်ကိုရွေးထုတ်ပေးစဉ် လက်သွယ်
သွယ်လေးတစ်ဖက်က အပေါ်ဆုံးမှစာအုပ်ကို ဖျတ်ခနဲလာလုလိုက်
လေ၏။ သူမျက်မှောင်ကြုတ်၍ကြည့်လိုက်စဉ် နိုင်ငံခြားဖြစ်ဖောင်
ဘိန်လေးက ဖွင့်လျက်သားဖြင့် သူ့ရှေ့မှာရောက်လာပါသည်။

မင်းဘယ်လိုလဲ. . . မေမို့မို့လွင်။

"လက်မှတ်"

"ကျွတ်! မင်းဘယ်လိုလဲမေမို့မို့လွင်။ ဒီမှာ ဝင်းပပတို့အရင်
ရောက်နေတာ။ သူတို့ကို ဦးစားပေးရမှာပေါ့။ ဘာဖြစ်လို့ ကြား
ဖြတ်ဝင်လုရတာလဲ"

"အရင်ဆုံးလိုချင်လို့ ဒီကို မနက်(၇)နာရီကတည်းက ရောက်
နေတာပါရှင်ရယ်။ မို့ကို ဦးစားပေးရမှာပေါ့"

"နင် ဗိုလ်မကျချင်စမ်းနဲ့မို့မို့။ နောက်မှရောက်လာပြီး ဒီလို



www.burmeseclassic.com

www.burmeseclassic.com



လုရလား"

"ဒီမှာ! ငါဘယ်အချိန်ရောက်လဲဆိုတာ အခန်းတံခါးဖွင့်ပေးတဲ့ဖိုးချိုကိုမေးကြည့်။ ဘာမှအပိုမပြောချင်နဲ့။ မေမို့မို့လွင်ဆိုတာ ဘာလဲလို့ မသိချင်စမ်းပါနဲ့ပပရယ်"

"နင်နော်. . . တော်တော်လွန်ပြီ။ State ကျောင်းကတည်းက ခု Day တက်တဲ့ထိ ငါ့ကိုလိုက်နှောင့်ယှက်နေတာ ဘာသဘောလဲ။ သင်တန်းကိုတောင် ကောင်းကောင်းမတက်ရဘူး"

"မတက်ချင်ရင်ထွက်ပေါ့။ နင်ဘာလို့ ငါယူတဲ့ Major နဲ့ Class ကို လိုက်တက်နေသေးလဲ။ နင်မှားသလား၊ ငါမှားသလား၊ ပြန်ဆန်းစစ်ဦး"

"အို! ဆယ်တန်းအောင်ကတည်းက ငါအရင် ရွေ့ဆုံးက အောင်ခဲ့တာလေ။ နင်သာ. . ."

"ငါက နင့်ထက် ဂုဏ်ထူးပိုပါတာကို မမေ့နဲ့လေ ပပရဲ့"

"နင်"

ဝင်းပပက လက်တစ်ဖက်မြှောက်လိုက်သည်နှင့် သူမက ဆတ်ခနဲလက်ကိုရိုက်ချလိုက်ပုံက မြန်လွန်းလေ၏။ ဒုက္ခပါပဲ။ ဘာမဟုတ်တာလေးနှင့် သူ့ရှေ့မှာ ပြဿနာလာတက်ရတယ်လို့။





"ရန်မဖြစ်ရဘူးလေ။ တော်ကြတော့"

"ဒါဆိုရင် မို့တို့သုံးယောက်အတွက် စာအုပ်ထုတ်ပေးလေ။ ပြီးရင် ဒီစာအုပ်အဖုံးပေါ်မှာ လက်မှတ်ထိုးပေးပေါ့"

"ဘာကိစ္စ ထိုးပေးရမှာလဲ။ ကတ်မှာပဲ ထိုးရမယ့်ဟာ။ ကတ်ပေး"

"ကတ်က ပြန်မှထုတ်ပေးမှာပေါ့။ ဒီမှာထိုးပါဆို"

"ကျွတ်! မင်းသိပ်ခက်ပါလား မေမို့မို့လွင်"

သူစူးစူးရဲရဲ ကြည့်လိုက်တာကို သူမက မကြောက်မရွံ့ပြန်ကြည့်နေလေ၏။ အာဂမိန်းကလေးပါပဲလား။ သူတွေ့ဖူးသည့်မိန်းကလေးတွေနှင့် နည်းနည်းမှမတူဘဲ ဤမျှထိ ဆိုးသွမ်းဗိုလ်ကျတတ်သောကောင်မလေးကို ရိုက်ချင်လာသည်အထိ ဒေါသက ဖြစ်တည်လာလေသည်။

"မထိုးပေးဘူးလား"

"ဒီတိုင်းပဲ ယူသွားတော့"

သူ မာဆတ်ဆတ်ပြောလိုက်တာကိုမနာဘဲ အိတ်ထဲမှ Hand Phone ကိုနှိုက်ကာ ခလုတ်တွေနှိပ်လိုက်လေ၏။

"ဟယ်လို. . . ဆရာလား။ ဒီမှာ ဆရာ့ညီလေ, မို့စာအုပ်မှာ



www.burmeseclassic.com

www.burmeseclassic.com



လက်မှတ်ထိုးခိုင်းတာကို ထိုးမပေးဘူးတဲ့။ ဒါဆိုရင်တော့ အရင်တုန်းက ခန့်ထားတဲ့ကိုမြတ်ကို ဒီမှာပြန်ခန့်ဖို့စဉ်းစားသင့်ပြီနော်"

သူမက မဲ့ပြုံးတစ်ချက်ပြုံးလိုက်ပြီး သူ့လက်ထဲသို့ Hand Phone ကိုထည့်ပေးလိုက်ပါသည်။ သူအံ့သြနေရာမှ Phone ကို နားထောင်လိုက်ရ၏။

"ဟယ်လို"

"သူရရေ. . . မိုမိုလွင်ပြောသလို လုပ်ပေးလိုက်ပါ"

"အစ်ကို. . . ကျွန်တော်"

"ငါပြောသလိုသာ လုပ်လိုက်ပါ သူရရယ်။ နောက်တော့မှ အကြောင်းစုံ ငါပြန်ရှင်းပြပါ့မယ်။ လုပ်ပေးလိုက်"

သူက Phone ကို သူမထံပြန်ပေးလိုက်စဉ် ညစ်ကျယ်ကျယ် ပြုံးလိုက်တာကို မြင်ရလေ၏။ စာအုပ်အဖုံးပေါ်မှာ လက်မှတ်ထိုးပေးလိုက်တော့ သူ့ခေါင်းနှင့်ထိလုနီးပါး ငုံ့ချကာ တီးတိုးပြောလိုက်သံကို ကြားလိုက်ရပါသည်။

"Thank ပါ. . . မောင်"

ဗုဒ္ဓေါ! 'မောင်'တဲ့။ ရဲတင်းလှချည်လား။

သူဆတ်ခနဲ မော့ကြည့်လိုက်စဉ် သူမက သူ့ကိုပြုံးပြလိုက်ပြီး





နောက်ပါးမှာရပ်နေသည့် ဝင်းပပ၏ခြေထောက်ကို ဖျတ်ခနဲနင်းချလိုက်လေသည်။

"အား. . ."

"Sorry ပပရယ်။ မမြင်လိုက်လို့ပါ"

"နင်. . . နင်နော်"

ဝင်းပပ ဆွေ့ဆွေ့ခုန်ကျန်ခဲ့တာကိုဂရုမစိုက်ဘဲ သူမက စာသင်ခန်းထဲသို့ဝင်သွားလေ၏။ အနောက်မှ အပြေးလိုက်လာသည့် သူဇာနှင့်ဝါဝါက ဘယ်သူ့ကိုမှမကြည့်ဘဲ သူမနောက် ကပ်လိုက်သွားကြလေသည်။ သူ သက်ပြင်းကိုရှိုက်၍ ခေါင်းကိုသာ ခါလိုက်မိပါ၏။ မိဘတွေ ဆိုဆုံးမှုမရှိဘဲ ဘယ်လောက်ယိအလိုလိုက်ပြီး ကြီးပြင်းခဲ့တာပါလိမ့်။ ဆိုးပုံကတော့ အံ့သြဖွယ်ကောင်းလေစွပါလား။

ကိုပြည့်စုံအောင်ရောက်လာပြီး စာသင်ပေးတာကို သူဖျတ်ခနဲလှမ်းကြည့်မိစဉ် သူ့ဘက်သို့လှည့်ကြည့်နေသည့် ကောင်မလေး၏အပြုံးကို တွေ့ရပြန်လေ၏။

သေချာပါတယ်။ ဒီ I ဆိုတဲ့ Key Chain လေးနဲ့ ချောလက်ပြားဟာ သူမ ထားသွားတာပဲပေါ့။ ဘယ်လိုပြောပြီး ပြန်ပေးရပါ့။ သူမ လာထည့်သွားတာကို ဘယ်သူမှ မျက်မြင်သက်သေ



www.burmeseclassic.com

www.burmeseclassic.com



မရှိတာဘဲ။ တော်ကြာ သူပြန်ပေးလိုက်မှ လူရှေ့သူရှေ့မှာ သူက စပေးသလို ထခုန်ပြလိုက်မှ အခက်ပါပဲ။ သူက လူကြားထဲ အရှက်ရမည့်ကိစ္စမှန်သမျှ သတိနှင့်ရှောင်ရှားတတ်ပေမယ့် သူမက ဒါမျိုးအလေးထားမည်မဟုတ်။

သက်ပြင်းရှိုက်၍ ခေါင်းခါလိုက်ရင်း အကြည့်က သူမထံသို့ရောက်သွားပြန်လေ၏။ PK ကို တော်တော်ကြီးကြီးမှတ်ပြီး ဖော်လိုက်သည့်မိန်းကလေးကို သူစိတ်အပျက်ကြီးပျက်မိနေတော့သည်၊ စာသင်ချိန်မှာလည်း လုပ်ချင်တာလုပ်နေတာပါပဲလား။ မိဘတွေပြောမနိုင်ဆိုမနိုင်သည့်ကလေးမကို သူမည်သို့နိုင်အောင်ပြောရပါ့မလဲ။ နေပါဦး။ ဒါသူနဲ့ဘာများဆိုင်လို့လဲ။ သူမ မည်သို့နေနေ၊ ဘယ်လိုဝတ်ဝတ် သူ့မှာဝင်ပြီး ဖွက်ဖက်ပတ်သက်ခွင့်မှမရှိတာဘဲ၊

လေ့ကျင်ခန်းတွေပြီးမှ ပြန်ရမည်ပြောထားသည့်အစ်ကို့ထံ အရင်ဆုံးစာအုပ်သွားပြသည့်မိန်းကလေးသည် Class ပြီးတော့ နောက်ဆုံးမှ ထပြန်သည့်ကောင်မလေးဖြစ်နေပြန်လေ၏။ သူများတွေ အကုန်ထွက်သွားပြီးမှ သူ့ရှေ့သို့လာချပြီးသည့် ကတ်လေးသုံးခုကိုကြည့်ရင်း ရင်မောနေရလေသည်။

ဘယ်လိုလဲ. . . မေမို့မို့လွင်။





မင်းဘာကိုရည်ရွယ်ပြီး ဘယ်လိုတွေလုပ်နေသလဲဆိုတာကို ငါမတွေးတတ်တော့ဘူး။ မင်းနဲ့သက်ဆိုင်သူတစ်ယောက်သာ ဖြစ်ခဲ့ရင် မင်းကိုနားရွက်ဆွဲ ထိုင်ထသာလုပ်ပြီး ဒဏ်ခတ်လိုက်ချင်တာအမှန်ပါလေ။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com




## အခန်း ( ၈ )

"သူ့အဒေါ် လေးဝမ်းကွဲနဲ့ အစ်ကိုကြိုက်တာနဲ့ ကျွန်တော်က ာဆိုင်လို့လဲ။ အစ်ကိုအလိုလိုက်ပေမယ့် ကျွန်တော်တော့ မလိုက် ်ပါဘူး။ ဘယ့်နှယ်! ထောင့်ကို တစ်စက်ကလေးမှ မကျိုးတဲ့ဟာ း. . . ဒီလိုသာ ဝိုင်းပြီးအလိုလိုက်နေရင် ဒို့ထက်ပိုပြီးပျက်စီး ရှိမှာပေါ့"

သူ မကျေမနပ်ပြောတာကို ပြည့်စုံအောင်က ပြုံးနေရာမှ ယ်ချလိုက်လေ၏။ ဒီနေ့သင်တန်းက ညနေဘက်မို့ အစ်ကိုနှင့် ာတူသွားရန် အစ်ကို့အိမ်ကိုရောက်နေတာလေ။ ယက်ယားတောင် Ed ကျောင်းပြီးလို့ အထက်တန်းပြုဖြစ်နေပြီပဲ။ သူကတော့ ခုထိ



www.burmeseclassic.com

www.burmeseclassic.com



အလုပ်မယ်မယ်ရရ မရှိသေး။ အစ်ကိုက ကျူရှင်ပြ၊ Guide လုပ်ပေး သည့်အလုပ်လေး ရှာပေးထား၍သာ သူတို့သားအမိစားလောက် နေတာပင်။ သူက ဒီအလုပ်ထက်ပိုပြီး အခြေခိုင်သည့်အလုပ်ကို မျှော်မှန်းထားပါ၏။

"သူက အိမ်မှာ ဖူးဖူးမှုတ်အလိုလိုက်ခံရတဲ့သူကိုး သူ့ရဲ့"

"မဆိုင်ပါဘူး အစ်ကိုရာ။ အဲဒါ သူ့အိမ်မှာ သူဘယ်လိုနေနေ ကိစ္စမရှိဘူး။ သင်တန်းမှာ ဗိုလ်ကျတာတော့ လွန်တယ်။ သူငယ်ချင်း ကိုတောင် ကောင်းကောင်းမွန်မွန်မဆက်ဆံဘဲ ရန်သူလိုပြုမူနေ တာ အစ်ကို့အမြင်ပဲမဟုတ်လား"

"ဝင်းပပနဲ့သူက ကမ္ဘာ့ရန်ဘက်တွေ. . . သူရရဲ့။ ငယ်ငယ် ကတည်းက ဘာမဆိုပြိုင်ဆိုင်ခဲ့တာ ခုချိန်ထိပဲ"

"ဒီလောက်ဖြစ်နေရင် သင်တန်းလာမတက်ဘဲ အိမ်ခေါ် သင်ကြပါတော့လား"

"ခေါ်တယ်လေကွာ. . . ငါမှ အချိန်မပေးနိုင်တာကွ။ နှစ် ယောက်စလုံးက ဒိတ်ဒိတ်ကျဲလူကြီးတွေရဲ့သမီးတွေမို့ အလိုက်တသိ လေး နေပေးလိုက်ရင် ပြီးတာပဲ"

"မနေနိုင်ပါဘူး၊ မိန်းကလေးတွေပဲ။ ဣန္ဒြေတစ်စက်မှမရှိ





ယောကျ်ားလေးတစ်ယောက်ကို ပြောသင့်မပြောသင့် ချင့်ချိန်မှုမရှိ၊ စွတ်ပြော၊ စွတ်လုပ်။ တစ်စက်ကလေးမှကြည့်မရပါဘူးအစ်ကိုရာ"

သူရရှေ့စွတ်တာကို အစ်ကိုက သဘောကျစွာဖြင့်တဟားဟား ဖြစ်ရယ်တော့ အစ်ကို့ကို စိတ်ဆိုးရခက်သွားရပြီး မှုန်ကုပ်ကုပ် ဖြစ်နေလေ၏။

ဟုတ်တယ်. . . ဘယ်လိုမှ စိတ်နဲ့မတွေ့နိုင်တဲ့ ကောင်မလေး ပါလေ။

"မင်းရဲ့သက်ထားနဲ့တော့ မနိုင်းယှဉ်နဲ့ပေါ့ သူရရဲ့။ သက် ထားက အသက် (၂၀)ကျော် ဣန္ဒြေရှင်။ ပြီးတော့ ကျောင်းဆရာမ ဖြစ်နေပြီဆိုမှတော့ ပြောစရာတောင်မလိုတော့ဘူး။ ဟိုက (၁၆) နှစ်၊ (၁၇)နှစ်အရွယ် မြီးကောင်ပေါက်။ အရာရာကို လက်တည့် စမ်း စူးစမ်းချင်တဲ့အရွယ်လေး။ တူတော့ဘယ်တူပါ့မလဲ"

"မဆိုင်ပါဘူး အစ်ကိုရာ။ အသက်လည်း သူ့အရွယ်ကိုကျော် ဖြတ်ခဲ့တာပဲ။ သူ့လိုဆက်ကော့လတ်ကော့ တစ်ခါမှမရှိခဲ့ပါဘူး။ မျက်စိရှေ့မြင်လိုက်ရတာနဲ့ ရင်ထဲမှအေးသွားတဲ့အလှမျိုး။ သူ ့ဘခြားစီပဲ"

"ဩော်. . . သူရ. . . သူရ"



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲဗျ"

"မင်းမျက်စိထဲမှာ သက်ထားတစ်ယောက်ပဲ မြင်နေမှတော့ တခြားမိန်းကလေးတွေကို မင်းဘယ်လိုကြည့်လို့ရနိုင်တော့မှာလဲကွ၊ ခေါ်ပုံကိုက အသက်တဲ့။ ဟိုကရော မင်းကိုဘယ်လိုခေါ်သလဲ"

"ဟာဗျာ. . . အစ်ကိုကလည်း၊ ကျွန်တော် ဒီလိုပဲ ငယ်ငယ်ကတည်းက ခေါ်လာခဲ့တာကို"

သူ့မျက်နှာ ဖျန်းခနဲရဲတွတ်သွားရပြီး ပူနွေးသွားရပါ၏။ နားထဲမှာ 'အမောင်'လို့ ခပ်တိုးတိုးလေးခေါ်သံကိုကြားလိုက်မိသလိုပါပဲ။ အသက်က စကားပြောရင်လည်း နှုတ်ယောက်ကြားသာ တိုးတိုးသာ။ ဆံပင်တွေကိုမဖြတ်ဘဲ အရှည်ထားတတ်ပြီး ယဉ်ကျေးသိမ်မွေ့ဟန်အပြည့်ဖြင့် မျက်စိအေးစေမည့် အဝတ်အစားတို့ကိုပဲ အမြဲဝတ်ခဲ့တာလေ။ ဘယ်တော့ပဲကြည့်ကြည့် ရင်ထဲမှာ ငြိမ်းချမ်းအေးမြနေတာအမှန်ပါပဲ။

"ဘာလဲ, သတိရပြီး မျက်စိထဲမြင်ယောင်နေပြီလား။ လွမ်းတာပေါ့။ နေ့တိုင်းတွေ့နေရတဲ့ဟာကို"

"မတွေ့ရပါဘူး အစ်ကိုရာ။ အသက်တို့က ရပ်ကွက်ထိပ်မှာ နေတာ။ ကျွန်တော်နေတာက ပြွတ်သိပ်ကျပ်ညပ်နေတဲ့ တဲစုတ်





ဘန်း။ အဝေးကြီးပဲ. . . ဆယ်တန်းအောင်ကတည်းက သိပ်တွေ့ရဘော့တာမဟုတ်ဘူး။ Major ကွဲတာနဲ့ လူလည်းဝေးရတာပဲ"

"ဒါပေမဲ့. . . Sunday Shopping ထွက်ရင်တော့ မင်းကိုအမြဲခေါ်တတ်တယ်မဟုတ်လားကွ"

သူပြုံးလိုက်မိပါ၏။ အသက်အကြောင်းတွေးမိတိုင်း သူ့မျက်နှာက အလိုလိုပြုံးချင်နေမိတာလေ။ အသက်ကိုကြိုက်ချင်သူဘော့ ဝိုင်းဝိုင်းလည်နေသည့်ကြားမှာ သူက ကံအကောင်းဆုံးဖြစ်ခဲ့ဘာမဟုတ်လား။ အသက်နားသို့ကပ်ခွင့်မရှိပေမယ့် သူကတော့ ငယ်သူငယ်ချင်းဟူသည့်ခေါင်းစဉ်နှင့် အနီးဆုံးမှာ နေခွင့်ရတာသ။ အန်တီခင်နှင့်အန်ကယ်မိုးတို့ကအစ သူနှင့်အသက် တရင်းနှီးရှိတာကို ကန့်ကွက်တားဆီးခြင်းမရှိခဲ့ပါချေ။

"အသက်တို့မိသားစုက အဆင့်အတန်းမခွဲခြားတတ်ပါဘူး"

"ဘယ်သူက ခွဲခြားနေလို့လဲ"

"ဟိုကောင်မလေးကိုကြည့်ကတည်းက သိသာနေတာပဲ။ ဒီသောက် မောက်မောက်မာမာဆက်ဆံတတ်တာပဲကြည့်"

"ဘယ်ကောင်မလေးလဲကွ"

"အစ်ကိုတပည့်မကို ပြောနေတာလေ။ မေမို့မို့လွင်ဆိုတဲ့



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



လျှပ်စီးလက်လေးကိုပြောတာ"

"ဟားဟားဟားဟား. . . သူရ. . . သူရ၊ မင်းတော့သွားပြီ"

"ဘာသွားတာလဲ"

"မင်းရဲ့သက်ထားနဲ့မို့မို့ကို ယှဉ်ကြည့်တတ်နေပြီမဟုတ်လား။ ပြောတော့ဖြင့် ကြည့်မရဘူးဘာဘူးနဲ့။ အာရုံထဲမှာတော့ သူ့ပုံရိပ်တွေ စွဲထင်နေပြီမဟုတ်လား။ မင်းဝန်ခံလိုက်စမ်းပါကွ"

"ဟာဗျာ. . . မဟုတ်ပါဘူး"

"မဟုတ်ရင် မင်း သူ့နာမည်ကို တဖွဖွရေရွတ်နေစရာလား။ ငါတောင် ငါ့တပည့်မနာမည်ကို ယောင်လို့တောင် မရွတ်ဘူး။ ဒီလိုမှန်းသိရင် သူဆယ်တန်းကျောင်းသူဖြစ်ကတည်းက Guide လုပ်ဖို့ ငါကိုယ်စား မင်းကိုလွှတ်ပေးလိုက်ပါတယ်။ ဒါမှ OK မှာ"

"အစ်ကိုကလည်းဗျာ။ မဟုတ်တာတွေ လျှောက်ပြောနေပြန်ပါပြီ။ ပြောစရာရှိတယ်ဆိုလို့လာမိတာ မှားတာပဲ။ သွားတော့မယ်"

"ဘယ်သွားမှာလဲ"

"ဘယ်ရမှာလဲ၊ သင်တန်းပေါ့။ Computer စီဖို့တွေ ရှိနေသေးတာကို။ သွားနှင့်တော့မယ်"

"ဟုတ်မှလည်းလုပ်ပါကွာ။ သူ့မျက်နှာလေး တွေ့ချင်ရင်



BURMESE CLASSIC .com



တွေ့ချင်တယ်ပြော"

သူ တရှူးရှူးတရှဲရှဲဖြင့် အစ်ကို့ကိုဆက်ပြောမနေတော့ဘဲ ထွက်လာခဲ့၏။ ဒင်းကိုတွေ့ချင်လို့မှ မဟုတ်တာဘဲ။ Computer သင်တန်းမှာပဲရှိတာမို့ သူသွားနေရတာ။ ဒင်းကလည်း ဒင်းပဲ။ သင်နေရင်း သူ့ကို မကြာခဏလှမ်းကြည့်တတ်တာကို အစ်ကို သိဘဲနေမလား။ သူ့ထက်သုံးနှစ်တောင် ငယ်လွန်းသော်လည်း ရဲရဲခပ်ကဲကဲကောင်မလေးရဲ့ခြေလှမ်းတွေက အံ့ဩစဖွယ်ပင်။

နေနှင့်ဦးပေါ့။ နောက်တစ်ခါ သူ့ကို ဒီလိုထိမထင်ပုံစံမျိုးနဲ့ ဆက်ဆံလို့ကတော့ အရှက်ရအောင် ပိတ်ပြောပစ်လိုက်မည်။ နောင်တရသွားမှာ။ သူ့ကိုရွံ့ကြောက်ကြီးဖြစ်သွားမှပဲ ဒင်းခြေ း‌တွေ အလိုလိုရပ်သွားမှာလေ။

မိဘတွေ ငှတ်အလိုလိုက်ထားလို့ ဆိုးချင်တိုင်းဆိုးလွန်းနေ သူ့ကိုတော့ ဒီလိုလာချိုးပြလို့ ဘယ်ရမလဲ။ 'မောင်'တဲ့။ မျက် င့်ခေါ်လိုက်ပုံကို ဖျတ်ခနဲမြင်ယောင်မိစဉ် တက်တစ်ချက်ကို ြင်းပြင်းခေါက်လိုက်မိလေ၏။ အကဲမ၊ လျှပ်ပြာမ၊ ရမ်းပျံမ။ ဆဲမှ တီးတိုးဆဲဆိုမိစဉ် သူ့ကိုယ်သူအံ့ဩသွားရပါ၏။

နေပါဦး။ သူတို့ယောကျ်ားလေးအများစုမှာလည်း ဒီလိုစ



www.burmeseclassic.com

www.burmeseclassic.com



နောက်မှုမျိုး ရှိကတ်ကြတာပဲ။ ကောင်မလေးလှတာပတာလေးတွေ တွေ့ရင် ဘာရယ်မဟုတ် အချစ်လေး၊ အသည်းလေး၊ ချစ်ချစ် စသဖြင့် နှုတ်သရမ်းလေ့ရှိကြတာလေ။

ခေါင်းကိုခါယမ်းလိုက်ပြီး ကားလမ်းကိုသတိထား၍ ကူးလိုက်ပါ၏။ လှေကားထစ်တွေကို တစ်ထစ်ချင်း နင်းတက်လာခဲ့ပြီး Hall ထဲ ဝင်လိုက်ပါသည်။ စားပွဲခုံနောက်မှာ ခုံဆွဲ၍ ထိုင်ချလိုက်ပြီး လွယ်အိတ်ကို ခုံနောက်မှီမှာ အသာလှည့်ချိတ်လိုက်စဉ် 'ဖောက်' ခနဲ PK ဖောက်သံနှင့်အတူ သူမတို့အုပ်စု ဝင်လာကြလေ၏။ သူရှိ နေသည့်နေရာဆီ ဦးတည်လာတာကို မသိဟန်ဆောင်ကာ Computer ဘက် လှည့်ဖွင့်လိုက်ပါသည်။

"ဒီမှာ. . . ဒီနေ့ ဘာ Assignment ထုတ်စရာရှိသေးလဲ"

မာဆတ်ဆတ်မေးသံကြောင့် ဒေါသက ထောင်းခနဲဖြစ်သွား ရပါ၏။ ဟိုနေ့ကတော့ 'မောင်'ဆိုပြီး ခပ်ချွဲချွဲခေါ်ခဲ့သေးတာ။ ခု တော့ လေသံက မာလှချည်လား။ လူကို ကစားစရာမှတ်ပြီး မထီ တထိကလိချင်နေတာလားအမိရယ်။

"Level (3) စာအုပ်မှမကုန်သေးတာ။ အဲဒါသင်ပြီးမှ အသစ် ထပ်ထုတ်ပေးမှာပေါ့"





"ပြီးတာပဲ။ ကတ်ပါမလာလို့ မေးကြည့်တာ။ လာ,ဝင်ကြစို့"

သူ့ကိုခပ်တည်တည်တစ်ချက်စိုက်ကြည့်လိုက်ပြီး သူငယ်ချင်း နှစ်ယောက်ကိုခေါ်ကာ စာသင်ခန်းထဲ ဝင်သွားလေ၏။ မနေ့က ဝိလက်စစာရွက်ကို File ပြန်ဖွင့်၍စီနေတာက အမှားမှားအယွင်း ယွင်း။ ဘာတွေဖြစ်ကုန်တာပါလိမ့်။ သူမ စနောက်တုန်းကလည်း ဒေါသထွက်၊ အခုမပြောချင်သလို ချိုးပြန်တော့လည်း မခံချင်။ သူတော့ တစ်ခုခုကိုဖြစ်နေတာ သေချာပါတယ်လေ။

သူမကတော့ အတန်းထဲမှာ သူငယ်ချင်းနှစ်ဦးနှင့် ရယ်ရယ် မောမော။ ဝင်းပပတို့အုပ်စုရော အတန်းသားတွေပါ စုံနေပြီမို့ Class က စချိန်နီးနေလေပြီ။ ခုံမှဏကာ အံဆွဲကိုဆွဲဖွင့်လိုက်စဉ် သူ့စာအုပ်အဖုံးထက်မှာ ရှိနေသည်က ချောကလက်တောင့်လေးနှင့် Key-Chain တစ်ခု၊ Love တဲ့။ ဒီကောင်မလေးတော့ နာပြီမှတ်။

"မေမို့မို့လွင်"

ဟိန်းခနဲထွက်လာသည့်သူ့အသံကြောင့် အခန်းဝသို့အကြည့် တွေ ပြုံကျလာ၏။ သူမက တအံ့တဩပုံစံဖြင့် သူ့ကိုလှမ်းကြည့် လိုက်ပါသည်။

"လာဦး"



www.burmeseclassic.com

www.burmeseclassic.com



"မို့လား"

ရင်ဘတ်ကို လက်မလေးနှင့်ထောက်၍ ပြန်မေးလိုက်ပုံက ဘာမှမလုပ်ထားသည့် style နှင့်။ ငါနော်. . . စိတ်ရှိလက်ရှိနားရင်းအုပ်ရ၊ မျက်ရည်တွေ ဘူးသီးလုံးလောက် ကျကုန်တော့မှာပဲ။

"ဟုတ်တယ်"

"ဘာလဲ"

"ပြောစရာရှိလို့ ခဏထွက်လာဦး"

အားလုံး၏အကြည့်က သူမပေါ်ရောက်သွားကြလေသည်။ မျက်နှာပေါ်မှာ ကျေနပ်သည့်အပြုံးမျိုးပြုံးကာ သူငယ်ချင်းနှစ်ယောက်ကို ငုံ့ပြောလိုက်ပြန်သည်။

"မောင်က ပြောစရာရှိလို့တဲ့"

"ဟာ! "

အာမေဍိတ်သံတွေနှင့်အတူ သူ့မျက်နှာရဲသွားရပါ၏။ လုပ်ချလိုက်ပြန်ပြီ။ ဆူဖို့ခေါ်ထုတ်တဲ့ဟာကို ပြောပုံကိုက အပိုင်ပါပဲလား။ အဲဒါတွေပေါ့၊ သူအမြင်ကပ်တာ။ ဆတ်ခနဲလှည့်ကာ စားပွဲနောက်သို့ဝင်ရပ်လိုက်၏။ သူမက သူ့ရှေ့မှာ ခပ်မတ်မတ်လေး လာရပ်လိုက်လေသည်။





"မင်း ဒါတွေကိုလာထားတာကိုပြောနေတာလေ"

"ရှင့်ကိုဘယ်သူပြောသလဲ"

"မင်း"

"သက်သေမခိုင်လုံဘဲနဲ့ ကျွန်မလို့တပ်အပ်စွပ်စွဲစရာလား။ ကျွန်မမျက်နှာကို သေချာကြည့်ထားလိုက်။ မို့တို့က ဘာလုပ်လုပ် သတ္တိရှိရှိနဲ့ ပြောင်ပဲလုပ်တတ်တယ်။ ခိုးကြောင်ခိုးဝှက်ဘာမှမလုပ်ဘူး။ အထင်နဲ့မပြောချင်ပါနဲ့။ ကြားချင်ရင် အခုပဲပြောလိုက်လို့ရဘယ်။ နားထောင်ချင်လို့လား"

လက်နှစ်ဖက်ကို စားပွဲပေါ်လှမ်းထောက်၍ မျက်နှာနားတိုးကပ်ပြောလိုက်သဖြင့် သူခြေလှမ်းကို နောက်သို့အမြန်ဆုတ်လိုက်ရာခုံနှင့်ခြေထောက် ဆောင့်မိသွားရလေသည်။

ဗုဒ္ဓေါ! အာဂမိန်းကလေးပါလား။ သူ့ရှေ့တည့်တည့်မှာ ဟုတ်တာတွေ ပြောချလိုက်ရင်တော့ ဒုက္ခပါပဲ။

"မင်းနော်"

"ပြောလေ"

"တော်ပြီတော်ပြီ. . . သွားတော့"

သူမက မဲ့ပြုံးတစ်ချက်ပြုံးလိုက်ပြီး ခန္ဓာကိုယ်ကို ပြန်မတ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါ၏ ဒီနေ့ဝတ်လာသည့် အနက်ရောင်ဝတ်စုံနှင့် ဆန့်ကျင်စွာ ခဲ့ဘင်းလွန်းလှချည်လား။

"OK လေ, သွားလိုက်ပါဦးမယ်"

သူမ စာသင်ခန်းထဲပြန်ဝင်သွားမှ သက်ပြင်းငွေ့ငွေ့ကိုချ လိုက်မိစဉ် ရုံးခန်းထဲဝင်လာသည့်ကိုပြည့်စုံက မျက်ခုံးပင့်ပြလိုက်ပြီး ခပ်လှောင်လှောင်ရယ်ပြသွားလေသည်။

ပြဿနာပဲ။ သူမ ပြောပုံဆိုပုံလုပ်ပုံတွေက အစ်ကို သူ့အပေါ် မြင်နေသည့်သံသယကို ပိုပြီးခိုင်မာနေစေတာလေ။

ရင်မောရပါလား. . . မေမို့မို့လွင်ရယ်။

ေ ေ ေ



## အခန်း ( ၉ )

သုံးယောက်သားရယ်သံက အုန်းခနဲ။ လမ်းဘေးအသုပ်ဆိုင်မို့ မိန်းကလေးတွေသာ များသည်လေ။ ဒါကြောင့်လည်း သူမပြောချင်တာကို ရဲရဲကြီးပြောရဲနေတာပေါ့။ ဟိုတစ်နေ့က သူ့မျက်နှာခပ်ရဲရဲကို ခုချိန်ထိမြင်ယောင်နေမိတုန်းမို့ ရင်ထဲမှာ တအုံနွေးနွေး။ အို! မောင်ရယ်။ ဒီလောက်ထိ ရှက်တတ်နေမှတော့ မိန်းကလေးတစ်ယောက်ကို ချစ်စကား၊ ကြိုက်စကား၊ ဘယ်လိုများပြောမှာတဲ့လဲ။ ရှင်ကိုက တအားအေးလွန်တာကိုး။

"အဲဒါနဲ့ သူ့ နင့်ကိုအော်ထုတ်လိုက်တယ်ပေါ့"

"ဒါပေါ့. . . မျက်လုံးပြူးပြီးအော်လိုက်တာ အသံတောင်



www.burmeseclassic.com

www.burmeseclassic.com



ရှုရဲ့လားမသိ။ ငါကပဲ တကယ်ဖွင့်ပြောချလိုက်မယ်ထင်ပြီး တော်တော်စိုးရိမ်သွားပုံပဲဟဲ့။ မျက်နှာရော၊ နားရွက်တွေပါ နီရဲသွားတာ နင်တို့ကိုမြင်စေချင်တယ်"

"ဟင်းဟင်း. . . နင်ပြောပုံနဲ့တင် မျက်စိထဲမြင်နေပါပြီ ငမုန့်ရယ်"

"အေးလေ, သူများစိတ်ညစ်အောင် သွားလုပ်ကြံရတယ်လို့"

သုံးယောက်သား ရယ်လိုက်မိကြပြန်၏။ အပျံသင်ခါစ ငှက်ကလေးတွေလို နှုတ်ခမ်းကလေးတွေ ကောင်ပေါက်အရွယ်မို့ပဲ ရဲတင်းနေတာလား။

ဟင့်အင်း. . . မဟုတ်သေးပါဘူး။ သူတစ်ယောက်တည်းကို မှကွက်ပြီး ဒီလိုတွေလုပ်နေမိတာ။ တစ်ခါမှမရရှိသေးဖူးတဲ့သတ္တိတွေကို ဘယ်ကများ ရခဲ့တာပါလိမ့်။

"ဒါဆို နောက်ဆုံးစာလုံးကို ဘယ်နည်းနဲ့ပေးမှာလဲ။ ခုဆို သူက အံဆွဲကိုသော့ခတ်ထားပြီနော်"

"ရပါတယ်။ သူ့လက်ကိုဆွဲပြီး ရေးယူဆိုပြီးတော့ ထည့်ပေးလိုက်ရုံပဲရှိတော့တာပေါ့ဟယ်"

အုန်းခနဲရယ်လိုက်ကြပြန်၏။ လုပ်ရဲလို့လား။ ကြိုက်မရှက် ငိုက်မရှက်ဆိုတာ ယောကျ်ားလေးတွေကို ရည်ညွှန်းတာပဲဖြစ်မှာ





ပါလေ။ သူမလိုမိန်းကလေးတစ်ယောက်အနေနဲ့ ရေလာမြောင်းပေးလုပ်ရဲဖို့တောင် ဝေးလေစွ။ အရှက်မရှိတာမျိုး မဟုတ်ရပါဘူး။ ပပနဲ့ပြိုင်ဘက်မို့ ရဲတင်းသွားရတဲ့သဘောပါ။ ပပကတော့ လူရှေ့မှာ ဘာမှမလုပ်ပေမယ့် ဒင်းစာအုပ်တွေထဲမှာ သူနဲ့ပတ်သက်တဲ့ ရင်ခုန်လှုပ်ရှားဖွယ်ရာစကားလုံးတွေက ပြည့်နေတာမဟုတ်လား။ မနာလိုဘူး။ သူနဲ့သက်ဆိုင်သူဟာ မို့ကလွဲပြီး ဘယ်သူမှမဖြစ်စေရဘူး။ ဒါပဲနော်. . . မောင်။ ရှင်, ပပကိုမျက်စိကျသွားရင် အဲဒီ ပပရောရှင်ပါ မသက်သာဘူးမှတ်ပါ။

"ဒီနေ့ ငါတို့ကိုဘာလို့ခေါ်တာလဲ။ မေမေကတောင်ပြောနေပြီ။ သင်တန်းမရှိ ကျောင်းမရှိလည်း အပြင်ပဲထွက်နေတာပဲတဲ့။ အိမ်စောင့်နတ်နဲ့မတည့်တဲ့သမီးလို့ ထောပနာပြုလိုက်လေရဲ့"

"ဟီဟိ. . . ငါ့ကိုကျတော့ ခေါင်းကနေ ခြေဖဝါးထိ ဒွေပါတဲ့မိန်းမလို့ မာမီကပြောတာ"

ဘာရယ်မဟုတ် တဟီဟီရယ်လိုက်ကြပြန်သည်။ သူမ နာရီကိုတစ်ချက်ကြည့်လိုက်တော့ ညနေလေးနာရီဟုတ်တယ်။ ဒီတစ်ပတ် သူသင်တန်းမရှိဘူးဆိုရင် သူ့ဟာလေးနဲ့လျှောက်လိမ့်မှာ သေချာတာပေါ့။ ဘာရမလဲ။ ရှင် ကျွန်မနဲ့နေ့စဉ်မတွေ့ရပေမယ့် ရှင့်



www.burmeseclassic.com

www.burmeseclassic.com



နောက်ကျောမှာ ကျွန်မရဲ့တတိယစကျွအာရုံကိုလွှတ်ထားပေးတာ ရှင်မသိသေးဘဲကိုး။

"သူ့ကိုအနီးကပ်စစ်ဆင်ရေးဆင်ဖို့ပေါ့"

"ဟဲ့! သူက ဘာများလုပ်နေလို့လဲ"

"နင်တို့မသိပါဘူး။ ငါလွှတ်ထားတဲ့ Spy က သတင်းအတိအကျပေးတာ။ သူ့မှာ ကောင်မလေးတစ်ယောက်ရှိတယ်တဲ့။ ဒီလို Sunday တွေမှာ နှစ်ယောက်ထွက်လည်ကြတယ်လို့ပြောတယ်၊ လှတပတ ယဉ်သကိုလေးမို့ သူကြွေသွားတာပဲဖြစ်မှာပေါ့"

"သူ့ရည်းစားလား"

"ဟာ! ပါးစပ်ပုပ်ကြီး သွားဆေးလိုက်စမ်း။ ရည်းစားတော့ မဟုတ်လောက်သေးဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူတို့လက်တွေ ဘာတွေချိတ်ပြီးသွားတာ မတွေ့ဖူးလို့တဲ့"

"ဟဲ့! ငမုန့်ရယ်။ နင့်လူကြီးက ဒီလောက်အရှက်သည်းတဲ့ဟာ။ လူကြားထဲမချိတ်လည်း လူမမြင်ကွယ်ရာမှာ ချိတ်ချင်ချိတ်မှာပေါ့။ ပခုံးတောင်ဖက်ရင် ဖက်ဦးမှာ"

သူမက သူဇာ့လက်မောင်းကို ဖြန်းခနဲရိုက်ချလိုက်ပါ၏။ ဒင်းပြောတာနဲ့ စိတ်ဓာတ်က ကျချင်နေပြီ။ သေချာအောင် တရားခံ





ဖမ်းချင်လို့ပါဆိုနေမှ အဖျက်က စဝင်နေပါရောလား။ မဟုတ်ဘူး။ မဟုတ်ရဘူးနော်မောင်။ မိုကြားထားသလိုပဲ။ အဲဒီဆရာမလေးဟာ မောင့်ရဲ့ချစ်သူမဟုတ်ဘဲ ငယ်သူငယ်ချင်းလေးပဲဖြစ်ပါစေလား။

"အခုဘယ်သွားကြမှာလဲ"

"သူတို့လာနိုင်မယ့် Shopping Mall နားက ကြိုစောင့်ရုံပဲ။ ဘာမှမခက်ဘူး"

"နင် ပေါ်တင်ကြီးတွေ့မှာလား"

"ဩော်, နောက်ယောင်ခံပြီး လိုက်မှာပေါ့ဟဲ့။ ငါ ဒီလောက်မအဘူး"

"အမယ်လေး. . . ရင်တုန်စရာကြီးပါလားနော်။ ငါတို့သုံးယောက်စလုံးကို နင့်လူကြီးက သိထားပြီးသားနော်။ တော်ကြာ မိသွားလို့ လူလယ်ခေါင် အော်မထည့်ဘူးလို့ ပြောနိုင်တာမဟုတ်ဘူး"

"အေးလေ. . . ဒီလောက်ဒေါသဆူလွယ်တဲ့လူကို နင်မိုလို့ သဘောကျရတယ်လို့"

"အချစ်က အရာအားလုံးကိုမေ့ပစ်နိုင်တယ်တဲ့။ အမိုက်မလေးမို့ ခွင့်လွှတ်ပေးကြပေါ့ သူငယ်ချင်းတို့ရယ်"

"အရှုးမ. . . ငပေါမ"



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတွေ မှဲ့ရွဲ့ခေါ်ကြတာကို စိတ်မဆိုးမိဘဲ သူ ရယ်မောလိုက်ပါ၏။ ထိုင်ခုံမှထလိုက်ပြီး အသုပ်ဖိုးရှင်းကာ သုံး ယောက်သား ထွက်လာခဲ့ကြသည်။ Taxi တစ်စီးကိုလက်လှမ်းတား လိုက်ပြီး နောက်ခန်းထဲမှာပင် စုပြုံတက်လိုက်ကြပါ၏။

"ဟုတ်မှလည်း လုပ်ဦးနော် မို့. . . ငါတို့ပါ ရောပြီးပါရမှာ ကြောက်တယ်"

"ကြောက်ရင် နေခဲ့ပေါ့။ ဒီလောက် လျှို့ဝှက်သည်းဖိုဝတ္ထု တွေဖတ်ထားတာ အလကားလား. . . ဒီလိုအခန်းက ဇာတ်လိုက် နောက်ကို လူဆိုးအဖွဲ့က Shadow လိုက်တဲ့အခန်း"

"ဟင်! ဒါဖြင့် ငါတို့က လူဆိုးတွေပေါ့"

"အေး"

"နင့်ဟာကလည်း မှန့်ရယ်။ ဇာတ်လိုက်နောက် စုံထောက် က မလိုက်ရဘဲ လူဆိုးက လိုက်ရတယ်လို့"

"ဒါပေါ့။ ဒါမှ မင်းသမီးကိုဒုက္ခလိုက်ပေးလို့ရမယ်"

"အနီးလ်ကပူးရဲ့ မာနာကီနီးကို ပြဿနာလိုက်ရှာတဲ့ မာ ဒူရီလား"

"right! ငါက Villain မင်းသမီးပေါ့"





"ဟိုဟို! နောက်ဆုံးမှာ တစ်ဖက်သတ်ချစ်နေတဲ့ကောင်မ လေးကိုသနားပြီး ပြန်ကြိုက်မယ်ထင်နေတာပေါ့လေ"

"ဟိုက ခေါင်းဆောင်မင်းသမီးလေ။ နင်က လောလောဆယ် ဧည့်သည်သရုပ်ဆောင်အဆင့်။ ကြားထဲက ငါတို့ခေါင်းကွဲမှာ မြင် နေပြီ"

"ခေါင်းတော့ မကွဲလောက်ပါဘူး ဝါရယ်။ မတော်, သူ ခေါင်း ခေါက်တာကို ခံရရုံပေါ့"

"ဘယ်ကတွေးတွေး သက်သာတဲ့နည်းလမ်းတစ်ခုမှ မရှိပါ ဘူး"

"ရပြီ ဦးလေး။ ဒီရှေ့နားမှာပဲ ရပ်ပေးပါ"

Taxi က ထိုးရပ်သွားလေ၏။ ကားပေါ်မှဆင်းကာ Plat-form ပေါ်ရပ်၍ ခဏမျှစဉ်းစားလိုက်မိသည်။ သူတို့လာမှာ မသေ ချာသေးတာမို့ ကော်ဖီဆိုင်မှာ ထိုင်စောင့်ရန် စိတ်ကူးရသည်နှင့် ခြေလှမ်းကိုစ၏။

"ဟဲ့. . . ဘယ်လဲ"

"ကော်ဖီဆိုင်"

"ဟယ်. . . ခုနပဲ အအေးတွေ သောက်ထားသေးတာနော်။



www.burmeseclassic.com

www.burmeseclassic.com



ဗိုက်ထဲမှာ Half-boiled တွေ ဖြစ်ကုန်တော့မှာပဲ"

ဖီးညိုရောင်မှန်ချပ်များ ကာထားသည့်ဆိုင်ထဲသို့ ချိတက်ခဲ့၏။ ထောင့်ကျကျစားပွဲမှာနေရာယူပြီး အပြင်ကို မျက်နှာမူသည့်ခုံမှာ ဝင်ထိုင်လိုက်ပါသည်။ ကော်ဖီမှာပြီး သောက်နေစဉ် သိပ်မကြာခင်မှာ ဆိုင်ရှေ့မှ စုံတွဲတစ်တွဲဖြတ်သွားလေ၏။

"လာပြီ၊ ထ. . . ထ"

"ဟယ်. . . အလောသုံးဆယ်ကြီးလုပ်ပြန်ပြီ"

ကော်ဖီဖိုးရှင်းကာ သူတို့နောက်မှ ခပ်သုတ်သုတ်လိုက်လာခဲ့၏။ သူက ဒီနေ့ ဂျင်းဘောင်းဘီနှင့် Sport Shirt အဖြူကိုတွဲဝတ်ထားတာမို့ ခါတိုင်းထက်ပို၍ ပျို့မျစ်နုနယ်နေတာမို့ မနာလိုချင်စဖွယ်ပင်။ သူ့ဘေးမှကောင်မလေးကတော့ blouse နှင့် လုံချည်ဝတ်ထားသဖြင့် ခပ်ရိုးရိုးသား။ ထူးခြားတာက ပိတုန်းရောင်ဆံနွယ်ရှည်တွေပါပဲ။ တင်ပါးကျော်ကျော်မှာ ဖြန့်ချထားကာ ကလစ်နှင့် ဘေးနှစ်ဖက်ကိုသိမ်းထားတာမို့ မျက်နှာလေးက ရှင်းသန့်နေလေ၏၊

Escalator ပေါ်တက်ခါနီး သူ့လက်မောင်းကိုဆွဲကိုင်လိုက်တာမို့ သူမနှုတ်ခမ်းစူပြီး ခြေတစ်ချက်ဆောင့်လိုက်ပါသည်။ သူများမောင်ကိုများ ပိုင်စိုးပိုင်နင်းကိုင်ရတယ်လို့၊ နေနှင့်ဦးပေါ့လေ၊





လှုကျိုတ်ကျိုတ်တိုးနေသည့် အကျီကောင်တာနားမှာ သူမပရာခြမ်းဦးထုပ်ကို ဝါဝါလျှာထိုးဦးထုပ်နှင့်လဲဆောင်းကာ လှုခင်းခွဲလိုက်သည်။ ဦးထုပ်လျှာကို ခပ်ငိုက်ငိုက်ဆောင်းလျက် သူတို့နောက်မှ ခပ်မှန်မှန်လျှောက်လာခဲ့ပါ၏။ သူတို့ခြေလှမ်းတွေ ရပ်သွားတော့ မယောင်မလည်ဖြင့် ဟိုဒီလှည့်ပတ်ကြည့်လိုက်ပြီးလျှင် လွယ်သိုင်းလွယ်ထားသည့် အိတ်ကြိုးကို ခပ်တင်းတင်းလေးဆုပ်ကိုင်ထားမိသည်။ အောင်မြင်ပါစေနော်။

သူတို့ ခြေစလှမ်းလိုက်သည်နှင့် ကောင်မလေး၏ဖိနပ်နောက်ပြီးကို ဖတ်ခနဲလှမ်းနင်းလိုက်၏။ ကတ္တီပါဖိနပ်မို့ ဖျတ်ခနဲပြတ်တောက်သွားလေသည်။ wooh! တော်လိုက်တဲ့ငါပါလား။

"အို! ဖိနပ်ပြတ်သွားပြီအမောင်"

"ဟင်! "

သူက အသက်ခြေထောက်ကို ငုံ့ကြည့်လိုက်စဉ် အသက်နောက်ပါးမှမိန်းကလေးက ဆတ်ခနဲကျောခိုင်းသွားလေ၏။

"နောက်က နင်းလိုက်တာ"

အသက်အသံလေးက တိုးသဲ့သဲ့။ လှုကြားထဲမှာ အရှက်ရရာပဲ။ သုတ်ခြေတင်ပြေးသွားသည့် ကောင်မလေး၏နောက်ကျော



www.burmeseclassic.com

www.burmeseclassic.com



-ကြည့်ကာ သူသက်ပြင်းရှိုက်လိုက်မိ၏။ ဒါတမင်သက်သက် လာလုပ်သွားတာလေ။

"ဒီဘေးမှာ အသာရပ်နေလိုက်ပါ အသက်။ ငါ ဖိနပ်ကောင်တာမှာ သွားဝယ်ပြီး ပြန်လာခဲ့မယ်"

"ဖြစ်ရဲ့လားအမောင်။ နင့် ငါ့ size သိလို့လား"

"သိတယ်. . . ခဏလေး"

အမောင်ထွက်သွားပြီး တအောင့်အကြာမှာ သက်ထားရှေ့သို့ ကောင်မလေးတစ်ယောက် ရောက်လာလေ၏။ လူကိုစားတော့ဝါးတော့မလို စူးစူးရဲရဲကြည့်နေသဖြင့် အသည်းတောင် တုန်သွားရပါသည်။ ဘယ်လိုများကြည့်နေတာပါလိမ့်။ ရှောင်တိမ်းရအောင်လည်း ဖိနပ်က ပြုတ်နေသည်မို့ အားငယ်စရာ။ မြန်မြန်ပြန်လာပါတော့အမောင်ရယ်။

"မုန်းဖို့ကောင်းလိုက်တာ၊ မုန်းစရာကြီး"

ဒေါသမျက်ဝန်းတို့ဖြင့် အံကြိတ်ရေရွတ်ပြီး ထွက်သွားသည့်ကောင်မလေး၏ ချစ်စဖွယ်ဟန်လေးကို အငေးသားကြည့်နေမိသည်။ အမောင်နှင့်ဘယ်လိုများ ပတ်သက်နေတာပါလိမ့်။ တစ်ခါမှမမြင်ဖူးသေးတာမို့ အမောင်နှင့်သာ ဆက်နွယ်မှန်း သေချာပါသည်





-လေ။ ဘယ်လိုလေးပါလဲ။ လူကိုရန်သူလို ဆက်ဆံသွားတာမှန်ပေ-ယ့် သူ့မဟန်ပန်လေးက ကလေးတစ်ယောက်လို ချစ်စရာလေး-ဟုတ်လား။ သူဘယ်သူများလဲအမောင်ရယ်။

"ရပြီအသက်၊ စီးလိုက်နော်"

"အမောင်"

"ဟင်"

"ခုနကလေ, ငါ့ရှေ့ကို ကောင်မလေးတစ်ယောက် ရောက်-ာတယ်သိလား။ ချစ်စရာလေး။ ဒါပေမဲ့ ငါ့ကို ရန်သူတစ်ယောက်-ို စူးစူးရဲရဲကြည့်သွားတာတော့ အခံရခက်တာအမှန်ပဲ။ တစ်ခါ-မသိမမြင်ဖူးတဲ့လူကို ဒီလိုကြည့်စရာတော့ ဘာအကြောင်းမှမရှိ-ဘူးလေ။ ငါ့စိတ်ထင် နင်နဲ့ပတ်သက်နေလို့ပဲဖြစ်မယ်။ သူဘယ်-သူလဲ အမောင်"

'ခုန နင့်ဖိနပ်ကို နောက်ကနေနင်းသွားတဲ့ တစ်ယောက်'လို့-ပြောချလိုက်ချင်တာကို မျိုသိပ်လိုက်ရပါ၏။

မင်း ဘာသဘောနဲ့ ခုလိုတွေလုပ်နေရတာလဲ မေမို့မို့လွင်။-အသက်ကို ရန်သူတစ်ယောက်လိုပြုမူဆက်ဆံရအောင် မင်းနဲ့ကိုယ်-ာ ဘာမို့လို့လဲ။ ဒီလိုဆက်ဆံခွင့်ရော မင်းမှာရှိလို့လား။



www.burmeseclassic.com

www.burmeseclassic.com



ဘာအကြောင်းကြောင့်နဲ့မှ အသက်ကိုနှောင့်ယှက်ဖို့မလိုပါဘူးနော်။

"အမောင် . . . ငါမေးတာဖြေဦးလေ"

"ငါမသိဘူး"

တုံးတိတိအဖြေရဲ့နောက်မှာ သူမကို အမုန်းချေချင်သည့်ဒေါသက ဆောင့်ထွက်လာရ၏။

တွေ့ကြသေးတာပေါ့ မေမို့မို့လွင်ဆိုတဲ့ Problem girl လေးရယ်။

❀ ❀ ❀



အခန်း ( ၁၀ )

စလွယ်သိုင်းထားသည့်အိတ်ကြိုးကို ဘယ်နှကြိမ်မြောက်မှန်းမသိ အမုတ်မဲ့လိမ်နေမိ၏။ သူမျက်ဝန်းမှဒေါသအကြည့်တွေကို ဘန်ပြန်ကြည့်ချင်စိတ်ကို ကြက်ပျောက်ငှက်ပျောက် ပျောက်ကွယ်ခနချေပြီ။ အပြေးအလွှားစဉ်းစားနေမိသည့် ဆင်ခြေစကားလုံးတွေကလည်း အစရှာမရ။ ဘယ်လိုများလုပ်ရပါ့။

"မင်းဝန်ခံပါ မေမို့မို့လွင်။ ဒီလိုမှမဟုတ်ရင် ဒီသင်တန်းမှာမင်းကိုတက်ခွင့်မပေးတော့ဘူး။ အေး! အစ်ကိုက ငါ့ကိုလွန်တယ်လို့သတ်မှတ်ရင် ငါ ဒီအလုပ်က ထွက်မယ်။ ဒါပဲ"

ပေစောင်းစောင်းကြည့်ကာ နှုတ်ခမ်းစူနေပုံက ခေါင်းကို



www.burmeseclassic.com

www.burmeseclassic.com



ပိတ်ထုချင်စရာကောင်းလှသည်။ သူမသူငယ်ချင်းနှစ်ဦးက နောက်နားမှာရပ်ရင်း တုတ်ဘုတ်မျှမလှုပ်ရဲ။ မျက်မြင်သက်သေက သူနဲ့ပါဆို သုံးဦးပြည့်နေပြီမဟုတ်လား။

"ပြောလေ"

"ဘာကိုပြောရမှာလဲ"

"အသက်ရဲ့ဖိနပ်ကို မင်းနင်းလိုက်လို့ ပြတ်သွားရတာလေ"

ဆောင့်အော်လိုက်တာမို့ နားအူသွားရသဖြင့် မျက်နှာလေးရှုံ့သွားရပါ၏။ အရမ်းကြီးပါလားနော်။ လူကို ဘယ်အပြိုးနဲ့များ အော်ဟစ်နေရတာလဲ။ တကယ်ဆို သူမလုပ်မိတဲ့အပြစ်က ပိစိလေးပါနော်။ 'အသက်'တဲ့။ ခေါ်ပုံကိုက အမြင်ကပ်စရာကြီး။ သူမကိုကျ နာမည်အပြည့်အစုံကိုသာ အမြဲခေါ်နေပြီး သူ့ကောင်မလေးကိုတော့ 'အသက်'တဲ့လေ။

"မတော်တဆဖြစ်တာပဲဟာ"

"ဘာမတော်တဆဖြစ်ရမှာလဲ။ ဒါ မင်း တမင်သက်သက်လုပ်တာ အသိသာကြီး။ မတော်တဆဆိုရင်. . . အဲဒီနေ့ကတည်းက အသက်ကို မင်းတောင်းပန်ရမှာပေါ့"

လာပြန်ပြီ ဒီအသက်။ တစ်ခါတည်း အသက်ထွက်အောင်





ကြိတ်စက်ထဲသာထည့် ကြိတ်ပစ်လိုက်ချင်တယ်။ မျက်စောင်းခဲလိုက်ပြီး ခြေကိုတစ်ချက်ဆောင့်လိုက်မိ၏။ အိမ်မှာ ဖေဖေ့လေသံမာသွားတာနှင့် အာခေါင်ခြစ်ပြီး အော်ငိုနေကျအကျင့်ကို အတင်းသိန်းချုပ်နေရတာက အပင်ပန်းဆုံး။ ဒါကို ရှင်မသိဘူးလား မောင်ရယ်။

"မတောင်းပန်ချင်လို့ပေါ့"

"အံမာ! မတောင်းပန်လို့ရမလား။ ဘယ်လိုရိုင်းစိုင်းတဲ့သတ္တဝါမှန်းမသိဘူး။ မိဘတွေဆိုဆုံးမလို့ မနိုင်တာနဲ့ လွတ်ချင်တိုင်းလွှတ်နေတာပဲဖြစ်မှာ"

"ရှင်နော်. . . မို့ကိုအဲဒီလိုမပြောနဲ့"

"ပြောမှာပဲ။ ငါပြောတာ အမှန်တွေပဲဟာ။ လူပုံအလယ်မှာ အသက် ဘယ်လောက်အရှက်ရသွားမလဲ မင်းစဉ်းစားကြည့်။ ကိုယ်ချင်းစာစိတ် နည်းနည်းလေးမှမရှိတဲ့ဟာလေး"

မစာနိုင်ပါဘူး။ မို့ရဲ့မောင်ကို လက်မောင်းဆွဲကိုင်လားကိုင်ရဲ့။ ဒီအတိုင်း လမ်းသွားရင်း စကားပြောနိုင်တဲ့ဟာကို မျက်နှာကို ဘမော့မော့ငေးပြီးပြောတတ်တာကို ကြည့်မရဆုံး။ ဘာမှပတ်သက်မှုမရှိသေးတာတောင် မောင့်ကိုအကျိုဝယ်ပေးရတာနဲ့ဘာနဲ့။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါ ရေလာမြောင်းပေးမဟုတ်လို့ ဘာဖြစ်မှာလဲ။ ရှင့်အသက်ထက် မို့က ရှင့်ကို တစ်ပုံကြီး အများကြီး ဝယ်ဆောင်ပေးနိုင်တယ်။ အဲဒီလို ရေလာဖို့ မြောင်းဖောက်စတမ်းဆိုရင် မို့က ရေကာတာကြီးပိတ်ထားတာကို ဖွင့်ချလိုက်ရုံပဲ။ ဟွန်း! အမြင်ကပ်လိုက်တာနော်။

"ဒါ သူ့သူ့ကိုယ်ကိုယ်ဖြစ်တတ်တာပဲဟာကို"

"ဘာမှမဆိုင်ဘူး။ မင်းတမင်ရည်ရွယ်ပြီးလုပ်နေတာ ငါသိတယ်"

"သိရင်လည်း ဘာလို့မေးနေသေးလဲ"

"မေမို့မို့လွင်, မင်းဘာသဘောနဲ့ ငါ့ကိုအတိုက်အခံလုပ်နေရတာလဲ"

"ရှင်ပဲသိတယ်ဆို"

နှုတ်ခမ်းက စူသထက်စူလာတာမို့ ခေါင်းကိုခေါက်ချင်လိုက်တာ မပြောပါနှင့်။ သင်တန်းသားတွေ ရောက်မလာသေးတာမို့တော်ပါသေးရဲ့။ ဒင်းခေါင်းမာပုံကတော့ လက်ဖျားခါရမလောက်ပင်။ ရွှေဒွန်းကိုက်ပြီးမွေးလာတယ်ဆိုတော့လည်း ထိန်းသိမ်းရခက်တာ မဆန်းကြယ်တော့ပါချေ။





"မင်းလုပ်ပုံတွေက ငါ့ကို အသက် သံသယဝင်စရာဖြစ်သွားတာကွ။ ပြီးတော့ အသက်ကိုလည်း ရန်စောင်ပြီး စိုက်ကြည့်သွားသေးတယ်ဆို"

"ကြည့်ရုံတင်မကဘူး။ ပါးစပ်ကနေတောင် ပြောခဲ့သေးတာ"

"ဘာ! ဘာပြောခဲ့တာလဲ"

"မုန်းစရာကြီးလို့"

"မင်း! မင်းတော်တော်ဆိုးသွမ်းလှချည်လား မေမို့မို့လွင်။ အသက်နဲ့မင်းက ဘာများပတ်သက်မှုရှိလို့ ဒီလိုပြောလိုက်ရတာလဲ"

"ပြောမှာပေါ့။ သူက အပြစ်တွေလုပ်နေတာကိုး"

"ဘာကွ! အသက်လောက် ကုန္ဒြေသိက္ခာရှိတဲ့မိန်းကလေးမင်းတွေ့ဖူးလို့လား။ ဒီလိုမိန်းကလေးက ဘယ်လိုမျိုးအပြစ်တွေလုပ်ရမှာလဲ"

ကြည့်စမ်း! လာပြန်ပြီ. . . ဒီအသက်။ နားကြားပြင်းကပ်လိုက်တာနော်။ ဒင်းအသက်တစ်ခါခေါ်လိုက်တိုင်း ရင်ထဲမှာ အောင့်သက်သွားရသည့်ဝေဒနာကို သူမမြင်ဘူးတဲ့လား။ သူ့မျက်လုံးထဲမှာ လောကကြီးရဲ့သက်ရှိမိန်းကလေးဆိုလို့ အဲဒီတစ်ယောက်ပဲရှိနေတယ်ထင်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



စို့ဝဲတက်လာသည့်မျက်ရည်ကို အနိုင်နိုင်ထိန်းနေစဉ် လှေကားမှခြေသံတို့ကို ကြားနေရလေ၏။ တခြားသူတွေ တက်လာပါရောလား။ သူ့မျက်နှာကတော့ နည်းနည်းမှအလျှော့မပေးဘဲ တင်းမာနေချေပြီ။

"ပြောလေ"

"သုပ်တာပေါ့။ သူရှင့်လက်မောင်းကိုကိုင်တာ။ ရှင့်မျက်နှာကိုမော့ကြည့်ပြီး စကားပြောတာ။ မိန်းကလေးတန်မဲ့ ယောကျ်ားလေးတစ်ယောက်ကို အဝတ်အစားတွေဝယ်ပေးတာ။ ကြွေ့ရှိတာတဲ့လား။ ဒီလိုပိုင်စိုးပိုင်နင်းလုပ်နေတာကို မုန်းတာ။ ရှင့်နှုတ်က အဲဒီ အသက်၊ အသက်ဆိုပြီး ရေရွတ်နေတာကိုလည်း မုန်းတယ်။ ဒီရင်ထဲ ဘယ်လောက်အောင့်တယ်ထင်လဲ။ ပြောနေတာဖြင့် မို့က ထောင်တစ်သက်တစ်ကျွန်းကျမယ့်တရားခံလိုပဲ အပြစ်မှန်သမျှ ပုံလွဲချချင်နေတဲ့လူ။ ကိုယ်ချင်းစာနာစိတ်မရှိတာ ရှင်မှအစစ်။ တော်ပြီ. . . ရှင်နဲ့ပတ်သက်မိတာ ကျွန်မအမှားပဲ။ နောက်ကိုဘယ်တော့မှမတွေ့စေရတော့ဘူး။ ရှင်ဝမ်းသာပေါ့"

"မေမို့မို့လွင်. . . မင်း"

"မုန်းတယ်! ရှင့်ကိုသိပ်မုန်းတယ်! မို့မှာလည်းခံစားတတ်တဲ့





နှလုံးသားရှိပါတယ် ရှင်ရဲ့။ ရှင်မလိုချင်တဲ့အရာတစ်ခုကိုလည်း မပေးတော့ပါဘူး။ ဒီဘဝ ဒီမျှသာပါပဲ"

"မင်း. . ."

သူဘာမှပြန်မပြောရသေးမီ သူမက မျက်နှာကိုလက်ဝါးဖြင့်အုပ်ကာ ရုံးခန်းတွင်းမှ ပြေးထွက်သွားလေ၏။ သူမသူငယ်ချင်းနှစ်ယောက်က နာမည်တကြော်ကြော်ခေါ်ကာ နောက်မှပြေးလိုက်သွားပါသည်။ လှေကားမှအပြေးဆင်းခဲ့စဉ် ရှေ့မှပိတ်ကာ တားဆီးလိုက်ခြင်းကြောင့် သူမ ရုတ်တရက်ရပ်လိုက်ရပါ၏။

"ဘာဖြစ်လာတာလဲ မို့မို့လွင်"

"ဟင့်အင်း. . . ဘာမှမဖြစ်ပါဘူးဆရာ"

"ဘာမှမဖြစ်ဘဲနဲ့ ဒီလိုငိုကြီးချက်မ ဆင်းလာစရာလား"

သူမ ဘာတစ်ခွန်းမှမဟရဲဘဲ ပါးစပ်ပိတ်ကာ ရပ်နေစဉ် သူဇာနှင့်ဝါဝါက နောက်မှလိုက်ဆင်းလာလေ၏။

"ကဲ! ပြောပါဦး။ မင်းတို့သူငယ်ချင်းရဲ့ဖြစ်တဲ့အကြောင်းကို"

"ဟို. . . ဟို. . . ကိုသူရ၊ အော်လိုက်လို့"

"ကျွတ်! ဒီကောင်နဲ့တော့ ပြဿနာပဲ။ လာ့ပြန်လိုက်ခဲ့ကြ၊ သင်တန်းစတော့မယ့်ဟာကို"



www.burmeseclassic.com

www.burmeseclassic.com



"မလိုက်ဘူး"

"ဘာဖြစ်လို့လဲ မို့မို့လွင်"

"သူက မို့ကို ဒီသင်တန်းတက်စရာမလိုဘူးလို့ပြောလိုက်တာ"

"အံမာ! ငါ့သင်တန်းသူကိုထုတ်ရအောင် သူ့မှာ ဘာ Power များရှိလို့လဲ။ လာခဲ့"

ဆရာက သူမလက်ကိုဆွဲ၍ လှေကားထစ်ကိုတက်စဉ် သူမက ရုန်းလိုက်ပါ၏။ ဒုက္ခပဲ။ ဆရာလုပ်ပုံနဲ့တော့ လျှို့ဝှက်ထားသမျှတွေ ပေါ်ကုန်တော့မှာလေ။

"ဘာဖြစ်ပြန်ပြီလဲ"

"သူက မို့မထွက်ရင် သူထွက်မယ်လို့ပြောနေတာ ဆရာရဲ့"

"သူလုပ်ချင်တိုင်းလုပ်လို့ မရပါဘူး မို့မို့လွင်ရယ်။ လာ, ဒီကိစ္စ ဆရာရှင်းပေးပါ့မယ်"

ဆရာက သူမခေါင်းကိုတစ်ချက်ထုကာ လက်ဆွဲ၍ တက်ခဲ့တော့ သူမတို့အုပ်စုပြန်လိုက်ခဲ့ရပါ၏။

ရှင်ဘာပြောဦးမလဲ။ ရှင့်ကိုနိုင်တဲ့အကွက်တွေ မို့မှာအများကြီးရှိနေတာကို ရှင်သိထားပွါ. . . မောင်ရယ်။

ပေကပ်ကပ်မျက်နှာဖြင့် အစ်ကိုဆွဲခေါ်၍ ပါလာသည့်သူမ





ကို ဖြိုဟ်ကြည့်တစ်ချက်ကြည့်လိုက်မိသည်။ လုပ်လာပြီ၊ နိုင်ရာလူဆွဲကိုင်ပြီး ရောက်လာပြန်ပြီပေါ့။ အစ်ကို့ကို ဘယ်လောက်တောင်များ ချွန်ခဲ့ပြန်သလဲမသိ။ အစ်ကို့မျက်နှာကတော့ ကြည်ကြည်လင်လင်ပါပဲ။

"ဘယ်လိုလဲသူရ။ မင်း, ငါ့တပည့်မကို မောင်းထုတ်တယ်ဆို"

"အစ်ကို့တပည့်မလုပ်ပုံကိုလည်း မေးကြည့်ဦး"

"သူ သင်တန်းမှာ ဘာလုပ်လို့လဲ"

"အဲ. . ."

"ဘာမှမလုပ်ဘူးမဟုတ်လား"

"ဟိုနေ့က ဈေးမှာ အသက်နဲ့"

"အဲဒါ အပြင်ကကိစ္စလေ။ မင်းကိုယ်ရေးကိုယ်တာကိစ္စကို ငါ့သင်တန်းနဲ့မရောမိစေနဲ့။ ပြောချင်ရင် အပြင်မှာလူချင်းတွေ့ပြီးမှ ပြော။ ဘာမဟုတ်တဲ့အကြောင်းနဲ့ပတ်သက်ပြီး ငါ့ရဲ့အတော်ဆုံးသင်တန်းသူကို အကြောင်းမဲ့မထုတ်ပယ်ချင်နဲ့"

"အစ်ကို. . . ကျွန်တော်"

"ငါရှည်ရှည်ဝေးဝေး မပြောချင်ဘူးနော်. . . သူရ"



www.burmeseclassic.com

www.burmeseclassic.com



သူနှုတ်ဆိတ်နေလိုက်ရပါ၏။ သူမက သူ့ကိုမျက်စောင်းပိတ်လိုက်ပြီး စာသင်ခန်းထဲသို့ အစ်ကိုနှင့်အတူ လိုက်ဝင်သွားလေ၏။ အဲဒါပဲ။ ကြည့်လို့မရတဲ့မိန်းကလေးတစ်ယောက်ကို မျက်စိရှေ့မှာ အမြဲမြင်နေရတဲ့ဒုက္ခလေ။

စာသင်နေစဉ်တစ်လျှောက် သူ့ကို လုံးဝလှည့်မကြည့်ပြန်တော့လည်း စိတ်ထဲ မရိုးမရွဖြစ်ရပြန်လေ၏။ ဘာအချိုးများပါလိမ့်။ သူမ ဘူးခါပြင်းဆန်ခဲ့တာ တကယ်ပဲလား။ ဒါဆိုရင် အဲ့ဆွဲထဲကို ချောကလက်နဲ့ Key Chain တွေ လာလာထည့်တာ ဘယ်သူများပါလိမ့်။ ဒီကို မရှေးမနှောင်း အစောဆုံးရောက်လာတတ်တာ သူမတို့အုပ်စုနှင့် ဝင်းပပတို့အုပ်စုပဲ မဟုတ်လား။ ဒါပေမဲ့ ဝင်းပပကတော့ သူမလို ရဲရဲတင်းတင်း မဆက်ဆံတတ်ပါချေ။

မထင်ရင် မထင်သလိုပြောချတတ်တဲ့စရိုက်ကို ဘယ်လိုပြင်ပေးရပါ့မလဲ။ ‘မနာလိုဘူး’ဆိုတဲ့အသုံးအနှုန်းမျိုးကို သူ့ရှေ့မှာ ပြောချရဲတာလေ။ သူ့လက်မောင်းကို အသက်ကိုင်တာတွေ့လို့ မနာလိုဘူးတဲ့။ သူ့နှုတ်ဖျားက ‘အသက်’လို့ရေရွတ်မိတာကို ရင်ထဲကအောင့်ပြီး မုန်းတယ်တဲ့လေ။ တကယ်ဆို သူမနှင့်သူက ဘာမှမသက်ဆိုင်တာမို့ အနေသာကြီးဖြစ်ပါလျက် ခုလိုပြောစရာလား။





ဒါတောင် သူနှင့် အသက်က ခုချိန်ထိ သူငယ်ချင်းတွေလိုသာ ဆက်ဆံနေမြဲသာ။ ချစ်သူရည်းစားသာ ဖြစ်သွားလို့ကတော့ ဘာတွေဖြစ်ကုန်မလဲ။ သူတို့နှစ်ဦး လက်ချိတ်ပြီးသွားတာ မြင်လို့ကတော့ သူမစီးလာတဲ့ကားနဲ့တောင် တိုက်မလားမသိပါ။ ဤမျှထိ မစ္ဆရိယတွေများနေမှာတော့ သူ့ကို သူမ တစ်ဖက်သတ်စိတ်ဝင်စားတာမဟုတ်လို့ ဘာဖြစ်ရမှာလဲ။

ကြည့်ကြရသေးတာပေါ့ မေမို့မို့လွင်။ မင်းကပဲ မှင်သေသေနဲ့ ဖုံးထားနိုင်ဦးမလား။ ငါကပဲ မင်းရဲ့လျှို့ဝှက်ချက်ကိုဖော်ထုတ်နိုင်မလားဆိုတာကိုပေါ့။ သူမတို့စာသင်နေတုန်း လက်ဖက်ရည်သောက်ချင်လာသဖြင့် တိုက်အောက်ထပ်သို့ ဆင်းလာခဲ့၏။ ဆိုင်မှာ စိမ်ပြေနပြေထိုင်ချိန်မရဘဲ နောက် Section အတွက် စာရွက်တွေ စီစရာရှိသဖြင့် ပြန်တက်လာခဲ့မိသည်။

Class ဆင်းတော့ နောက်ဆုံးမှထွက်လာသည့် သူမက ခပ်မဲ့မဲ့ပြုံး၍ထွက်သွားသည်မို့ ရင်ထဲမှာ ဒေါသက ထောင်းခနဲ။ ဘာကြောင့်မှန်းမသိသည့်မုန်းတီးစိတ်တို့ကို ချိုးနှိမ်လျက် သက်ပြင်းကိုသာ ချလိုက်မိသည်။ ကြာလာရင် ဒီစိတ်နဲ့ ငါရူးတော့မယ်ထင်ပါရဲ့ မေမို့မို့လွင်ရယ်။



www.burmeseclassic.com

www.burmeseclassic.com



"ပြန်ကြစို့. . . သူရရေ"

"ဟုတ်ကဲ့အစ်ကို"

ညနေ (၆) နာရီကျော်ပြီမို့ သင်တန်းပိတ်ကာ လွယ်အိတ်လွယ်၍ ထွက်လာခဲ့ပါ၏။ စိတ်ထဲမှာ မသိုးမသန့်ဖြစ်နေသဖြင့် မသက်မသာလိုဖြစ်ကာ လွယ်အိတ်ထဲနှိုက်လိုက်စဉ် သူ့လက်ထဲပါလာသည်က ချောကလက်တစ်တောင့်နှင့် You ဟူသည့် စာတမ်းပါသော Key Chain လေး။ အစ်ကို၏ ခပ်လျောင်လျောင်ရယ်သံကြားမှာ သူ့ဒေါသက အုန်းခနဲပေါက်ကွဲပါလေ၏။

"တောက်! ပြောလိုက်ရင် မဟုတ်ဘူးငြင်းပြီး လစ်တာနဲ့ လာထည့်သွားတာပဲ"

"ကလေးပဲ သူရရယ်။ ခွင့်လွှတ်လိုက်ပါ"

"ဒါ ကလေးဆော့နည်းလား အစ်ကိုရ။ ယောက်ျားလေးနောက် တကောက်ကောက်နဲ့ လိုက်လားလိုက်ရဲ့။ လစ်ရင်လစ်သလို ဒါမျိုးတွေ လာထည့်လားထည့်ရဲ့။ ဒီလောက် မျက်နှာကြောတင်းထားတာတောင် မရဘူး။ လိုက်လိုက်လျောလျောလေးသာ ဆက်ဆံမိရင် ကိုရီးယားမင်းသမီးတွေလို သူကပဲ အရင်ဖွင့်ပြောချင်ပြောဦးမှာ။ အစ်ကို့ဟာလေးက လုံးဝမနိုင်ဘူး"





"မင်းက ဣန္ဒြေရှင် သက်ထားကိုပဲ မြင်ဖူးတာကိုး။ ဒီလိုမျိုးအကဲလေးတွေကို ဘယ်တွေ့ဖူးမှာလဲ။ ဒီအရွယ် မြီးကောင်ပေါက်ဆိုတော့လည်း ထိန်းရသိမ်းရခက်တာ မဆန်းပါဘူးကွာ"

"အစ်ကို့ဟာလေးကိုက ဆတ်ကော့လတ်ကော့ပါဗျာ"

"ဘယ့်နှယ်. . . ငါ့ဟာလေးချည်း စွတ်ပြောနေတာလဲ သူရရာ။ တော်ကြာ မွန်လေးကြားမှ အူတိုနေပါဦးမယ်ကွာ"

အစ်ကိုက သူ့ကျောကိုပုတ်ပြီးပြောတော့မှ စိတ်ကိုလျှော့ချလိုက်ရပါ၏။ I Love You တဲ့လား. . . မေမို့မို့လွင်။ တကယ်အတည်ပြောချင်တာလား၊ မထင်ပါဘူး။ ငါ့ကို အပျော်သဘောမျိုးနဲ့ စနောက်တာမျိုးတော့ မလုပ်သင့်ပါဘူးပေါ့နော်။ ကိုယ်က မင်းထက် သုံးနှစ်တောင်ကြီးတဲ့လူတစ်ယောက်ပါ။ ပြီးတော့ မင်းထက်သည်း အများကြီးဆင်းရဲပါတယ်လေ။

ဒီလိုမပြည့်စုံတဲ့လူတစ်ယောက်ကို ကစားစရာလိုသဘောထားပြီး လှောင်ပြောင်တဲ့လုပ်ရပ်မျိုးတော့ မလုပ်သင့်တာကို မင်းသိသင့်တာပေါ့ မေမို့မို့လွင်ရယ်။

တကယ်တော့ ကိုယ်နဲ့မင်းက ဘယ်လိုမှ ယှဉ်တွဲလို့မရတဲ့ ဆန့်ကျင်ဘက်လူသားနှစ်ယောက်ပါ။ ဒီလို လူနှစ်ယောက်ကို နီးပေ



www.burmeseclassic.com

www.burmeseclassic.com



တဲ့အခြေအနေဖြစ်အောင် မင်းဘယ်လိုများ လုပ်ချင်ရတာလဲ။

ဘယ်လိုနည်းလမ်းမျိုးနဲ့ မင်းဆက်ပြီးလှုပ်ရှားနေဦးမှာလဲ မေမို့မို့လွင်။

မင်းအစား ငါရင်မောနေရတာအမှန်ပါ။

❀ ❀ ❀



အခန်း ( ၁၁ )

"သား သင်တန်းက မပြီးသေးဘူးလား"

"ဒီတစ်ပတ် နောက်ဆုံးပါမေမေရဲ့။ ဘာဖြစ်လို့လဲ"

"မေးကြည့်တာပါ သားရယ်"

ထမင်းဟင်းထည့်ပေးရင်း ပြောနေသည့်မေမေ့ကို အကျီ ...တ်ရင်းမှ လှည့်ကြည့်လိုက်မိ၏။ မနက်အစောကြီး မုန့်ဟင်းခါး ...ျက်ရောင်းထားတာတောင် နေ့ခင်းပြန်မအိပ်သေးပါလား။ ဘယ် ...အချိန်ထိ ပင်ပန်းနေဦးမှာလဲမေမေ။ ဒီဘ၀ကနေ မေမေ့ကိုလွတ် ...င်းစေချင်ပါပြီလေ။

"ဘာလဲ. . . ကျွန်တော်နဲ့ခွဲရတော့မယ်တွေးပြီး အိပ်မပျော်



www.burmeseclassic.com

www.burmeseclassic.com



ဘူးလားမေမေ"

"သားကလည်း"

မေမေ့ထံမှ ကရုဏာမျက်စောင်းခဲခြင်းကို ရလိုက်၏။ ရှပ်ကြယ်သီးကို အစုံတပ်လိုက်ပြီးမှ စားပွဲခုံဝိုင်းလေးဘေးမှာ ထိုင်ချလိုက်ပါသည်။ ပြင်ဆင်ထားပေးသည့်ဟင်းပွဲကို ငုံ့ကြည့်ကာ ပြုံးလိုက်မိ၏။ ထုံးစံအတိုင်း အမိကဟင်းက ဘဲဥချဉ်ရည်ဟင်း၊ အရန်က ကန်စွန်းရွက်ကြော်၊ ငါးပိရည်တို့စရာ။ ဒါပါပဲ။ မေမေ ဟင်းလှမ်းထည့်ပေးတော့ သူလက်ကာပြလိုက်ပါ၏။

"ဘာဖြစ်လို့လဲသား"

"မနက်စာညစာချက်ထားတာ မဟုတ်လားမေမေ. . . ကျွန်တော် ဘဲဥတစ်ခြမ်းနဲ့ စားလောက်ပါတယ်"

"ကုန်ရင် ညနေ မေမေ့ထပ်ချက်လို့ရပါတယ်သားရယ်"

"ပင်ပန်းပါတယ်မေမေ။ ညနေကျရင်လည်း မနက်ဆိုင်ထွက်ဖို့ ပြင်နေရပြီဟာကို။ မေမေ့ကို ဒီဘဝက ကျွတ်စေချင်ပါပြီ။ ဒါကြောင့်လည်း ကျွန်တော် နိုင်ငံခြားထွက်ဖို့လုပ်နေတာပေါ့။ ခဏခွဲရတယ်ဆိုတာ တစ်သက်အတူတူနေရဖို့ပဲလို့ မေမေယူဆသတ်မှတ်ပေးပါ"





"ဒါတော့ဒါပေါ့သားရယ်။ တစ်ခါမှမခွဲခဲ့ရဖူးတော့ မေမေ့စိတ်ထဲ မကောင်းတာတော့အမှန်ပဲ"

ယပ်တောင်လေးခပ်ပေးပြီး ခပ်တိုးတိုးပြောလိုက်သည့်မေမေ့အသံက ခပ်လျော့လျော့သာ။ သူထမင်းစားပျက်သွားမှာစိုးစိတ်ဖြင့် ရင်ထဲရှိတဲ့အတိုင်း ပြောမချတာကို အလိုလိုသိနေပါ၏။

သွားဖို့ကြိုးစားနေတာမှန်ပေမယ့် ငွေစုနေတုန်းမို့ နှစ်ချီကြာဦးမှာပါလေ။ Past Post ကိုတောင် အစ်ကိုလုပ်ပေးထားလို့ အဆင်သင့်ရှိနေတာ။ နို့မို့ ဒီလိုသွားရဖို့ဝေးလေစွ။

"မေမေနဲ့ကျွန်တော် ချမ်းချမ်းသာသာနေရဖို့ပဲ မေမေရယ်။ အနည်းဆုံး ငါးနှစ်ဆယ်နှစ်လောက်လုပ်မှ ဒီမှာ စီးပွားထူထောင်နိုင်မှာ။ ဒါကလည်း မေမေရောကျွန်တော်ပါ လက်မဖွာတတ်တဲ့ ခြစ်ခြုတ်စုဆောင်းတတ်တဲ့အကျင့်ရှိလို့"

"မေမေ့အတွက်ချည်းပြောမနေပါနဲ့ သားရဲ့။ သားအတွက်ပဲပြောပါဦး။ သားက တက်လူလေ။ ရှေ့လျှောက် အိမ်ထောင်တွေဘာတွေပြုရဦးမှာ"

"အာ. . . မေမေကလည်း"

"ဟဲ့! အသက်ပဲ နှစ်ဆယ်ကျော်နေပြီ။ ခုထိ ရည်းစားလေး



www.burmeseclassic.com

www.burmeseclassic.com



ဘာလေးတောင် မရှိသေးဘူးလား"

"မရှိပါဘူးမေမေရာ။ ဘ၀ကိုရုန်းကန်နေရတာနဲ့မိန်းကလေး တွေကိုလည်း စိတ်မ၀င်စားအားပါဘူး"

စိတ်မ၀င်စားအားဘူးဆိုမှ အာရုံမှာ ဖျတ်ခနဲပေါ်လာသည် က မျက်နှာတစ်ခု။ ကျွတ်! ဒီထိမထင်မျက်နှာပေးကိုမှ ဘာဖြစ်လို့ မြင်ရတာပါလိမ့်။ တကယ်ဆို အသက်ကိုပဲဖြစ်ဖြစ် မြင်မိပါတော့ လား။ ထောင့်မကျိုးသည့်မိန်းကလေး၏ တစ်ဖက်သတ်စိတ်၀င်စား နှောင့်ယှက်မှုကြောင့် သူ့မှာ စိတ်အနှောင့်အယှက်များစွာဖြစ်နေရ တာ ကြာပါပြီလေ။

"သက်ထားကတော့ မေဇံမှုကို မေမေထွေးလို့ခေါ်နေဆဲပါ"

"အသက်က ငယ်ငယ်လေးကတည်းက ဒီလိုပဲခေါ်ခဲ့တာကို"

"ငယ်ငယ်ကထက် အများကြီးပိုလှလာတာတော့ သားအမြင် နော်"

ဘာသဘောပါလိမ့်။ မေမေကိုယ်တိုင် သူနှင့်အသက်ကို နှစ် သက်စေချင်နေတာလား။ သိပ်မချမ်းသာဘူးဆိုပေမယ့် သူတို့ထက် တော့ အသက်တို့မိသားစုက များစွာချမ်းသာကြတာလေ။

"သူတို့ဘက်ကတော့ ဘယ်လိုစဉ်းစားသလဲဆိုတာ မေမေ





မသိဘူး။ မေမေကတော့ သက်ထားနဲ့သားကိုသဘောတူတယ်"

"မေမေကတော့ ပြောရော့မယ်။ အသက်ကိုတော့ ယောင် ပြီးမပြောမိပါစေနဲ့မေမေ။ တော်ကြာ ရှိရင်းစွဲငယ်သံယောဇဉ်လေး တွေ ပြတ်ကုန်ပါ့မယ်"

"ဒါဖြင့် သားဘက်က ၀န်ခံတယ်ပေါ့လေ"

"တော်ပါမေမေရယ်။ ဒီကိစ္စမျိုးဆို ကြောက်လွန်းလို့ပါ။ အခု တောင် သင်တန်းမှာ အစ်ကို့တပည့်မတစ်ယောက် နှောင့်ယှက်နေ တာကို စိတ်ရှုပ်လွန်းလို့"

"ဟဲ့! ကြံကြီးစည်ရာ။ မိန်းကလေးကပဲ နှောင့်ယှက်ရတယ် လို့"

"ဟုတ်တယ် မေမေရဲ့။ အစ်ကိုက သူ့အန်တီလေး၀မ်းကွဲနဲ့ ကြိုက်နေတာဆိုတော့ သူ့ကိုဂွတ်အလိုလိုက်နေတာလေ။ အဲဒါနဲ့ ဒင်းက ရောင့်တက်ချင်တိုင်း တက်နေတော့တာပဲ။ မိန်းကလေးဖြစ် ပြီး ကျွန်တော့်နောက်က ကောက်ကောက်ပါအောင် လိုက်ချင်သလို လိုက်။ ကျွန်တော်မသိအောင် လက်ဆောင်နဲ့မုန့်တွေထားလို့ထား။ ဒါကို ကျွန်တော်ကပြောတော့ ထိမထင်ဟန်နဲ့ မဲ့မဲ့လေးပြုံးလို့ပြုံး။ အစ်ကိုကလည်း ကျွန်တော့်ကိုမပြောနဲ့ဆိုတော့ ပိုဆိုးတာပေါ့။ မျက်



www.burmeseclassic.com

www.burmeseclassic.com



နှာချင်းဆိုင်တွေ့ရင်တော့ ရှက်သလိုရွံ့သလိုဟန်မျိုးနဲ့ ကွယ်ရာကျ ပြန်မှပြီး ပြောင်ချင်ပြောင်တတ်သေးတယ်။ ဆူလိုက်ရင် မျက်နှာသေ လေးနဲ့ သူပဲမဟုတ်သလို အချိုးကချိုးသေး။ အစ်ကိုက သူ့ဘက် ခပ်ပါပါဆိုတော့ ဘယ်လိုမှပြောလို့မနိုင်တော့ဘူး။ သင်တန်းက ဖြုတ်မယ်ပြောတာလည်း မကြောက်။ ကျွန်တော်ကပဲ ထွက်ရမလို ဖြစ်နေတာ။ သိပ်စိတ်ပျက်ဖို့ကောင်းတာပဲ"

စားပြီးသားပန်းကန်ကိုဆေးပြီး ဗျစ်တောက်ဗျစ်တောက် ပြောနေသည့်သူ့ကိုကြည့်ရင်း မေမေက ပြုံးနေလေ၏။ လက်သုတ် ရင်းလှည့်ကြည့်မှ ပြုံးစိစိမေမေ့မျက်နှာကိုမြင်လိုက်ရခြင်းဖြစ်လေ သည်။

"ဘာလို့ပြုံးတာလဲမေမေ"

"သားကိုသဘောကျလို့ပါ"

"ဘာဖြစ်လို့လဲ"

"နှုတ်က ပွစိပွစိရေရွတ်တာ တော်ရုံစိတ်ဝင်စားမှုမျိုးနဲ့တော့ မဟုတ်ဘူးဆိုတာ မေမေသိတယ်လေ"

"အာ. . . ဘယ်ကသာ မေမေကလည်း"

"ဟုတ်တယ်လေ။ သားနှုတ်က ဒီလိုစကားမျိုး မေမေဘယ်





နှခါ ကြားဖူးခဲ့လို့လဲ။ သက်ထားနဲ့ပတ်သက်ပြီးတောင် ဒီလိုမျိုး မပြောခဲ့ဘူး။ ဒီကလေးနဲ့မှ သားကပြောနေတာလေ"

"မဟုတ်ပါဘူးမေမေရာ။ ကျွန်တော် လုံးဝစိတ်မဝင်စားပါ ဘူး"

"ဟုတ်လို့လားသားရဲ့။ ပြောပါဦး၊ ကလေးမလေးက တော် တော်မှချောရဲ့လား"

"ချောမချောတော့မသိဘူး။ ကျွန်တော့်မျက်စိထဲမှာတော့ ကန့်လန့်ချည်းမြင်တယ်။ ရုပ်ကိုက မထီမဲ့မြင်ရုပ်။ ဘယ်ဘက်မှာ နားပေါက်သုံးပေါက်က ဖောက်ထားသေးတာ။ ဝတ်လိုက်ရင် ကုတ် မှာရော၊ လက်မှာရော၊ ခါးမှာရော၊ ခြေထောက်မှာပါ ကြိုးတွေနဲ့ ရှုပ်ယှက်ခတ်နေတာ. . . နည်းနည်းလေးမှကြည့်လို့ကိုမရဘူး။ ယောကျ်ားလေးတစ်ယောက်ကို အတင်းကြီးလိုက်ကြိုက်ပြီး ပိုးပမ်း နေတာက အဆိုးဆုံးပဲ။ ကျွန်တော့်ညီမသာဆိုရင် ဒင်းမလွယ်ဘူး"

မေမေက သူပြောတာကို ဟက်ဟက်ပက်ပက်ရယ်ချလိုက် လေ၏။ ခော်. . . ခက်တာပဲ။ ဘာကိုများ မေမေသဘောကျသွား တာပါလိမ့်။ သားဖြစ်သူ စိတ်ညစ်ညူး ညည်းညူနေတာကို ဝမ်းသာ အားရဖြစ်နေပုံပါလား။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်းဟင်း. . . ဆက်ပြောလေ, သားရဲ့"

"အသက်နဲ့ ဘယ်လိုမှယှဉ်လို့ကိုမရတာ။ ဟိုက ကြွေ့ရှင်၊ သူက ဆက်ကော့လက်ကော့လေ"

"တော်တော်ရော ချမ်းသာရဲ့လား"

"မိဘတွေက ရှိတယ်မေမေရဲ့။ ဒရိုက်ဘာနဲ့ နေ့စဉ်ကြိုပို့လုပ်ပေးတာ၊ ဘားက ထည်လဲပဲ။ ဒါတော့ အသက်ထက် အများကြီးသာတယ်"

"ဩော်. . . မေမေ့သား, မင်းသူရမောင်။ မျက်စိထဲမြင်ထားတာက တစ်ယောက်၊ ရင်ထဲရှိနေတာက တစ်ယောက်ဖြစ်နေရှာတာကိုး"

"ဗျာ! "

"ဟုတ်တယ်လေ။ သားရဲ့ဦးနှောက်က သက်ထားကိုအမှတ်ပိုပေးနေပေမယ့် သူ့ကိုငြင်းဆန်ပယ်ချနေတယ်။ ဒါပေမဲ့ နှလုံးသားကတော့ သူ့ပုံရိပ်ကိုပဲ လက်ခံထားတယ်လေ"

"ဟာ! မေမေ"

"ဟုတ်တယ်။ တော်ရုံဝင်စားမှုမျိုးနဲ့တော့ မိန်းကလေးတစ်ယောက်အကြောင်းကို ဒီလို ဂယနဏ သားပြောပြနိုင်မှာမဟုတ်





ဘူး။ သတိတော့ထားပေါ့သားရယ်။ ဓူဝံကြယ်ဆိုတာ ကောင်းကင်မှာပဲ အမြဲရှိနေတဲ့အရာပါ။ မြေပြင်ပေါ်မှာရပ်နေတဲ့သားရဲ့လက်ထဲကို သူ့အလိုလိုကြွေကျလာမှာမဟုတ်ဘူးဆိုတာကိုတော့ သားသိထားဖို့ မေမေ ပြောချင်တာပါပဲ။ ကဲ! သင်တန်းနောက်ကျနေဦးမယ်။ သွားတော့လေ"

သူ ဘာမှမပြောနိုင်ဘဲ လွယ်အိတ်ကိုလွယ်လျက် အိမ်ထဲမှထွက်လာခဲ့၏။ ဘာကိုဆိုလိုတာပါလိမ့်။ မေမေပြောလိုက်ပုံက သူကပဲ သူမကိုစိတ်ဝင်စားမိနေသလိုပါပဲလား။ မဟုတ်ဘူးမေမေ။ လုံးဝမဟုတ်ပါဘူး။ ဒီလိုကြွေ့တစ်စက်ကလေးမှရှိမနေတဲ့ကောင်မလေးကို ချစ်သူအဖြစ်ရွေးချယ်ဖို့ဆိုတာ ကျွန်တော်ရူးနေမှလုပ်လိမ့်မယ့်အလုပ်တစ်ခုလို့ပဲ ယူဆပါတယ်လေ။

"ဒုက္ခပဲ. . . ဒုက္ခပဲ"

"ဟဲ့! ဘာဒုက္ခလဲ ငမုန့်ရဲ့"

"သူ သင်တန်းဆင်းပြီး သွားနေတာ ဟို Mart ကိုလေ။ အဲဒီမှာ ပြဿနာတက်တော့မှာ"

"ဘာပြဿနာတုန်း။ အလန့်တကြားနဲ့"

"ခုနစ်ဝုံတွဲကို နင်တို့မြင်လိုက်တယ်မဟုတ်လား။ အဲဒါ သူ့



www.burmeseclassic.com

www.burmeseclassic.com



အသက်လေ"

"ဘယ်လို"

သုံးယောက်သား Mart အောက်ထပ်သို့ အပြေးအလွှားဝင်လာခဲ့မိ၏။ သူကတော့ ရှေ့မှ ငိုက်စိုက်ငိုက်စိုက်ဖြင့်လျှောက်နေဆဲ၊ Electronic သင်တန်းပြီးပြီမို့ စိတ်လက်ပေါ့ပါးစွာဖြင့် လျှောက်လာခဲ့တာလေ။ မနက်ဖြန်အသက်မွေးနေ့မို့ ဘာဝယ်ပေးရင် ကောင်းမလဲစဉ်းစားပြီး လျှောက်လာတာမို့ ဝန်းကျင်ကိုသတိမထားမိပါချေ။ သူ့နောက်မှ ပြုံးတူးပြတဲလိုက်ချောင်းနေသည့်ချာတိတ်မလေးသုံးဦးကိုလည်း လှည့်မကြည့်မိပါလေ။

"ဟယ်! အမောင် ဘယ်ကလာတာလဲ။ တစ်ယောက်တည်းလား"

ဘေးဘက်မှလှမ်းခေါ်လိုက်သဖြင့် မိန်းမပတ်နာရီလေး ရွေးနေရာမှ လှည့်ကြည့်လိုက်မိ၏။ အလို! အသက်ပါလား။ အသက်၏ လက်နုနုလေးကိုဆုပ်ကိုင်ထားသည့်လူတစ်ယောက်ကိုပါ ယှဉ်တွဲမြင်လိုက်ရသဖြင့် သူ ပါးစပ်အဟောင်းသားဖြစ်သွားရလေသည်။

"သင်တန်း. . . သင်တန်းက ပြန်လာတာ"

"ဟုတ်လား, မိတ်ဆက်ပေးရဦးမယ်။ ဒါ ငါနဲ့ မကြာခင်





စေ့စပ်တော့မယ့် ဗိုလ်ကြီးစစ်ကျော်သူတဲ့။ 'ကို' ဒါ, သက်ပြောပြောနေတဲ့သက်ရဲ့ငယ်သူငယ်ချင်း အမောင်ပေါ့။ နာမည်ရင်းက မင်းသူရမောင်တဲ့"

"ဟုတ်ကဲ့, သက်ပြောပြထားလို့သိနေပါတယ် ကိုသူရ။ တွေ့ရတာ ဝမ်းသာပါတယ်ဗျာ"

"ဟုတ်"

ကမ်းပေးနေသည့်လက်ကို ယောင်ယမ်းဆွဲကိုင်၍ နှုတ်ဆက်ဘန်က ကယောင်ချောက်ချား။ ရင်ထဲမှာ လှိုက်ခနဲဖြစ်ကာ ဝမ်းပန်းတနည်းဖြစ်သွားရတာအမှန်ပါလေ။ ဘယ်လိုများဖြစ်သွားရတာပါလိမ့်။ အသက်ဆိုတာ သူ့ရဲ့ငယ်သူငယ်ချင်းမဟုတ်လား။ ဒါကို ဘာဖြစ်လို့ မုဒိတာမပွားနိုင်ဘဲ ယူကျုံးမရ ဝမ်းနည်းစိတ်တွေဖြစ်နေရတာပါလိမ့်။

"အမယ်! မိန်းမပတ်နာရီဝယ်ပုံထောက်ရင် ငါ့သူငယ်ချင်း မရိုးတော့ဘူး။ ပြောစမ်း! ဘယ်ကောင်မလေးကိုလက်ဆောင်ပေးဖို့လဲ"

"အဲ! အဲဒါ"

ဘယ်လိုပြန်ပြောရမှန်းပင်မသိတော့ဘဲ သူ့မျက်နှာပန်းရောင်



www.burmeseclassic.com

www.burmeseclassic.com



သန်းသွားရပါ၏။ ဒါနင့်ဖို့လို့ပြောမိရင် နင့်လူနဲ့ပြဿနာတက်သွားနိုင်တယ်လေအသက်ရယ်။ ဒါဖြင့် ငါဘယ်လိုပြောရပါ့မလဲ။

မြင်ကွင်းလေးကိုငေးကြည့်နေရင်း သူမရင်ထဲ နင့်ခနဲဖြစ်သွားရပါ၏။ နာရီဘူးလေးကို ဖွင့်လျက်သားကိုင်ထားရသည့် သူ့မျက်နှာမှ အပြောင်းအလဲကို သူမ ဖတ်နိုင်စွမ်းရှိနေတာလေ။ ဘယ်လောက်တောင်များ စိတ်ကျဉ်းကျပ်နေပြီလဲ။ ရှင့်အသက်က ရှင့်ကို အရှက်ခွဲနေပြီဆိုတာ ရှင်သိပါရဲ့လားမောင်ရယ်။

"နင်တို့နေခဲ့ကြဦး။ ငါသွားမယ်"

"ဟဲ့! "

သူငယ်ချင်းနှစ်ယောက် မတားနိုင်ခင်မှာ အပြေးတစ်ပိုင်းဖြင့်ဆက်လျှောက်လာခဲ့ပြီး သူ့နောက်ကျောမှ ခါးကိုတင်းကျပ်စွာပြေးဖက်လိုက်ပါ၏။ အားလုံး၏မျက်လုံးများက သူမထံစူးစိုက်ကျလာမည်ကိုသိနေပါသည်။

လက်မောင်းကိုအတင်းဆွဲ၍ ခေါ်ထုတ်လာခဲ့သည့်သူမ၏နောက်သို့ အရုပ်တစ်ရုပ်လို ပါလာခဲ့ရသည်။ ဘာတွေဘယ်လိုဖြစ်ကုန်ပြီလဲဆိုတာကို စဉ်းစားလို့မရနိုင်ပေမယ့် အကျဉ်းအကျပ်ထဲမှ လွတ်မြောက်လာတာကိုတော့ အလိုလိုသိနေပါ၏။





ကျေးဇူးတင်ပါတယ် မေမို့မို့လွင်။ ကိုယ် အသက်ရှူရပ်လုနီးပါးအကျပ်ရိုက်နေချိန်မှာ မင်းဝင်လာပြီး ကယ်ထုတ်ပေးခဲ့တဲ့အတွက်ပါ။ တကယ့်ကို လှိုက်လှိုက်လှဲလှဲနဲ့ကျေးဇူးတင်တာပါ မေမို့မို့လွင်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၂ )

ပခုံးကိုနောက်ကျောမှသိုင်းဖက်ထားရင်း နားရွက်ကိုအသာလေးကိုက်လိုက်သဖြင့် သူ တွန့်ခနဲဖြစ်သွားရပါ၏။ သူမက သဘောကျစွာဖြင့် ညင်းသွဲ့သွဲ့လေးရယ်လိုက်လေသည်။

"ယားတယ်မေရဲ့, သူများတွေမြင်ကုန်တော့မှာပဲ။ ဘယ်လိုဖြစ်နေတာလဲ"

"ဘာဖြစ်လဲ၊ မို့, မောင်ကိုချစ်လို့ပဲဟာ"

"ဘေးမှာလာထိုင်ပါကွာ။ အဲဒီလိုမနေနဲ့။ လူမြင်လို့မသင့်တော်ဘူး"

"ဩော်! သမီးရည်းစားချိန်းတွေ့ပါတယ်ဆိုမှ လူမြင်သင့်



www.burmeseclassic.com

www.burmeseclassic.com



တော်တာရှိမလားမောင်ရဲ့။ သူကပဲ ပြောရတယ်ရှိသေး"

သူက သူ့မလက်ကို ရှေ့ဘက်သို့ဆွဲကာ နဘေးမှာထိုင်စေတော့ တစ်ကိုယ်လုံးဖိကာ မှီချလိုက်သဖြင့် တစ်ဖက်သို့ယိုင်သွားရပါ၏။ ခက်တာပဲ။ မြီးကောင်ပေါက်ကောင်မလေးကို ချစ်သူထားမိတာ ရင်မောစရာတွေချည်းပါပဲလားနော်။ လက်မောင်းကိုဖိကပ်ထားသည့်ဖောင်းအိအိပါးပြင်လေး၏အတွေ့အထိ၊ လွင့်ခနဲသင်းပျံ့လာသည့် ခပ်သင်းသင်းရေမွှေးရနံ့က သူ့ရင်ကို ဖိုလှိုက်ခုန်ပေါက်စေသည်မှာအမှန်။

ဩော်. . . မေမေပြောတုန်းကဖြင့် ဘူးခါပြင်းဆန်မိခဲ့ပါလျက် ခုတော့ဖြင့် သူ့ရင်ခွင်ထဲမှာ ထိုကောင်မလေးက ဝင်ရောက်ခိုတွယ်လို့ပါလေ။

"မေ"

"ဘာလဲမောင်"

"မျက်စိရှုပ်အောင် မဝတ်ရဘူးနော်။ ပြီးတော့ တခြားကောင်လေးတွေကို ကိုယ်နဲ့တုန်းကလို ဇာတ်လမ်းတွေလျှောက်မထွင်နဲ့"

"ဟင်းဟင်း. . . ဒါက အူတိုတယ်ဆိုတဲ့သဘောပေါ့လေ၊ ဟုတ်လား"





"ပြောလို့မရဘူးလေ မေရဲ့။ မေတို့အရွယ်က လေတိုက်တိုင်းယိမ်းနွဲ့တဲ့အရွယ်။ သစ်ရွက်လှုပ်တာလေးကိုလည်း ရယ်ချင်ရယ်နေဘတ်တဲ့အရွယ်လေ။ ဒီလိုမတည်ငြိမ်သေးတဲ့အရွယ်မျိုးလေးကိုမှ ကိုယ်က ချစ်သူတော်ခဲ့မိတော့ စိုးရိမ်ရတာဆန်းမလား"

"မောင်က စချစ်တာလား၊ မို့က အရင်ချစ်တာလား ပြောပါဦး"

မေးစေ့ကိုကိုင်ဆွဲ၍ မေးလိုက်သည့်ကောင်မလေးကို အသည်းယားစွာဖြင့် တင်းကျပ်စွာပွေ့ပိုက်ထားလိုက်မိသည်။ မေ့ဆံပင်လေးတွေတောင် ပခုံးကျော်ကျော်မှာ ရောက်နေပါရောလား။

"ဘယ်သူပဲ စချစ်ချစ်လေ။ အခုကက ကိုယ်တို့ချစ်သူဖြစ်သွားပြီပဲမဟုတ်လား,မေရဲ့"

"ဒီထဲကအရာလေး အက်သွားမှာစိုးလို့ပါနော်။ ဟွန်း! သနားလို့ချစ်တာကိုများ, မဏ္ဍုပ်တိုင် တက်ပြချင်နေသေးတယ်"

ဘယ်ဘက်ရင်အုံကို လက်ညှိုးဖြင့်ထောက်ပြ၍ နှုတ်ခမ်းလေးလိုက်ပုံက ချစ်စဖွယ်။ ဘာကြောင့်များ ဤမျှထိချစ်စရာကောင်းနေရတာပါလိမ့်။ အစကဖြင့် နည်းနည်းမှကြည့်မရနိုင်ခဲ့တာလေ။

"ကိုယ့်အသည်း တကယ်မှမကွဲဘဲ, မေရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"နည်းနည်းတော့ နာသွားတယ်မဟုတ်လား။ ဝန်ခံလိုက်စမ်းပါ,မောင်ရဲ့။ အဲဒီတုန်းက မောင့်မျက်နှာလေးက ဆီးရွက်လောက်လေးပဲရှိတော့တာ။ ပြောတော့ဖြင့် သူငယ်ချင်းတဲ့။ စိတ်ထဲမှာ ကျိတ်ချစ်တယ်ဆိုလည်း ပြီးတာပါပဲ အံ့ပုန်းကြီးရယ်။ ခုတော့ မို့ အူမတို့ရတော့ပါဘူး။ မောင့်အသက်က ပိုင်ရှင်ရှိသွားပြီဟာ"

မျက်စသို့ မေးငေါ့ပြလိုက်ပုံက၊ ဇာတ်မင်းသမီးနှယ် ကြည့်ကောင်းလွန်းလှပါ၏။ ဘယ်လိုပဲရွဲ့ပြပြ ချစ်လို့မဝနိုင်တာအမှန်ပါ,မေ။ ဒီလိုကြည့်မဝတဲ့ဟန်ပန်ကလေးတွေ မေ့ဆီမှာ ဘယ်တုန်းကတည်းက ရှိနေခဲ့တာပါလိမ့်။

"ဘယ့်နှယ် မောင့်အသက်ချည်း ထပ်ကာထပ်ကာရေရွတ်နေရတာလဲမေရဲ့။ အသက်နဲ့မောင်နဲ့က တကယ့်ငယ်သူငယ်ချင်းအရင်းကြီးတွေပါ"

"အမယ်! လာပြန်ပြီသူငယ်ချင်း။ ဟိုသီချင်းတွေထဲကလို ကျိတ်ချစ်ခဲ့ရတဲ့သူငယ်ချင်းမျိုးမဟုတ်လား။ သိပါတယ်နော်,ဟင်း"

"ဟုတ်လား. . . ဒီလိုမျိုးချစ်တာလား"

ပါးပြင်ကိုင့်မွှေးမိစဉ် သနပ်ခါးရနံ့နှင့်အတူ နှင်းဆီခင်းတစ်ခုဖြစ်တည်သွားလေ၏။ မျက်စောင်းတစ်ဝင့်နှင့် ရှက်ပြုံးတစ်ခုက





နောက်မှကပ်ပါလာလေသည်။

ဩော်. . . ချစ်သူ၏ရှက်စဖွယ်အပြုံးက ရင်ကိုငြိမ်းချမ်းအေးမြစေတာအမှန်ပါပဲလား။

"မောင်နော်. . . တော်တော်တတ်နေ့,သိလား။ အစကဖြင့် ရိုးရိုးအေးအေးလေးကို"

"ဟုတ်လား, အစက ရိုးရိုး၊ နောက်မှ တစ်မျိုးတိုးသွားတာဖြစ်မှာပေါ့,မေရဲ့"

"ကြည့်ပါလား. . . မောင်နော်"

အသံက တိုးသဲ့သွားပါ၏။ ဆံနွယ်များဆီမှ ရှမ်ပူနံ့သင်းသင်းက နှလုံးသားထိတိုင်ရောက်သွားသည့်နှယ်။ သူ့အလိုကျ သနပ်ခါးပဲ လူးတော့တာ။ သူ့သဘောကျ ဆံပင်မဖြတ်ဘဲ အရှည်ထားတတ်တာ။ သူနှစ်လိုတဲ့ဝတ်စားပုံကိုပဲ ရွေးချယ်ဝတ်လေ့ရှိတော့တာတွေဟာ သူ့အပေါ် အဘယ်မျှချစ်ရှာသလဲဆိုသည့် မေ့မေတ္တာအတိမ်အနက်ကို ပေါ်လွင်စေတာမဟုတ်ပါလား။ ဩော်. . . မောင့်နှလုံးသားကို အပိုင်စားယူထားတဲ့ နတ်မိမယ်လေးမေရယ်။

"ဟော! မိုးတွေရွာတော့မယ်။ ပြန်ကြစို့နော်"

"ရွာပါစေပေါ့။ ဒါမှ ထီးတစ်ချောင်းတည်းမှာ လူနှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ပူးကပ်ပြီး ဆောင်းလို့ရမှာလေ။ မေ့ဖဲထီးကလေးက သေးတယ် မဟုတ်လား"

"ကြည့်စမ်း! မောင်တော်တော်ဉာဏ်များလှချည်လား။ မို့က မသိလို့ သွားချစ်မိပါတယ်။ ဒီလိုမှန်းသိရင် ဝေးဝေးက ရှောင်ရှား လိုက်ပါရဲ့"

"ရမလား။ မောင့်ကိုစချစ်ခဲ့တာ ဘယ်ကကောင်မလေးတဲ့ လဲ"

ခပ်တင်းတင်းပွေ့ဖက်ထားစဉ် မေက သူ့လက်မောင်းကိုဆွဲ ဆိတ်လေ၏။ ဘယ်လောက်ရဲတင်းတယ်ပြောပြော အချစ်နဲ့တွေ့စဉ် နိုက် နူးညံ့ပျော့ပျောင်းသွားတာ မိန်းကလေးသဘာဝပဲမဟုတ်ပါ လား။ လည်တိုင်ကျော့ကျော့ထက် မှေးတင်မိစဉ် မသိမသာရုန်းဖယ် ခြင်းခံရလေ၏။ မေပြန်ချင်ပြီထင်ပါရဲ့။

"မောင် ကတိလည်းမတည်ဘူး"

"ဘာကြောင့်လဲ"

"အိမ်လည်ခေါ်မယ်ဆိုပြီး မေ့ထားတာလေ"

သက်ပြင်းဖွဖွကိုချမိ၏။ တောင်းဆိုပြန်ပြီပဲ။ ကြယ်မြင်လမြင် မိုးယိုတဲ့တဲလေးထဲ မေ့ မည်သို့ဝင်လိမ့်မည်နည်း။ အသားဟင်းမပါ





တဲ့ထမင်းဝိုင်းမှာ မေ မည်ကဲ့သို့ဝင်စားမလဲဆိုတာကိုတွေးမိတိုင်း အသက်ရှူမွန်းကျပ်တဲ့ညများစွာကို ဖြတ်သန်းခဲ့ရတာကြာခဲ့ပါပြီ လေ။

"မောင်, မို့ပြောနေတာကြားရဲ့လား။ အိမ်လိုက်လည်ချင် တယ်"

"ကိုယ်က အိမ်လည်မခေါ်ချင်လို့မဟုတ်ပါဘူး။ အိမ်အမိုး မလဲရသေးလို့ပါ။ အိမ်ရောက်လို့ မိုးယိုတာနဲ့ကြုံရင် မေ စိတ်ညစ် သွားမှာစိုးလို့ပါ"

"ဘာပဲဖြစ်ဖြစ် လိုက်ချင်တယ်ကွာ။ မောင်, မို့ကိုတကယ်ချစ် ရင် ခေါ်ရမှာပေါ့"

"မောင်တို့က ဆင်းရဲတယ်,မေ"

"အဲဒါ မို့သိပြီးသားလေ"

"ပြီးတော့ မောင့်မေမေက မုန့်ဟင်းခါးရောင်းရတဲ့ဈေးသည် ပါ"

"အဲဒါလည်း မို့သိတယ်လေ,မောင်ရဲ့။ မို့အနှစ်သက်ဆုံး အစားအစာဟာ မုန့်ဟင်းခါးလို့ မောင့်ကိုပြောပြခဲ့ဖူးတာ မေ့သွား ပြီလား။ လိုက်ခဲ့မယ်နော်မောင်။ ခေါ်နော်. . ."



www.burmeseclassic.com

www.burmeseclassic.com



ပါးပြင်နှစ်ဖက်ကို လက်ဝါးနှစ်ဖက်ဖြင့် ညှပ်ကိုင်ပြောနေပုံက ကရုဏာသက်စဖွယ်။ ဒါလား သူ့ငွေးသမီးလေးရဲ့ဟန်ပန်တွေ၊ မာနကြီးတဲ့အမူအရာတွေ ဘယ်ဆီမှာ လွင့်ပြယ်ခဲ့ပြီလဲ။

မနီးစပ်သင့်ခဲ့တာ အမှန်ပါမေ။ ယောင်ပြီးတောင် အိပ်မက်မမက်ခဲ့ဖူးတာတကယ်ပါ။ မြေကြီးက မြေကြီးဘဝမှာနေတာ မဆန်းပေမယ့် ရွှေဘုံစံမင်းသမီးလေးရဲ့ခြေဖဝါးနုနုဟာ မြေပြင်ကို ထိပင်ထိဖူးပါရဲ့လားလို့ မကြာခဏတွေးတောခဲ့မိတာ အသေအချာပါပဲ၊

"နော်လို့"

ဆတ်ခနဲ ခေါင်းညိတ်ပြလိုက်စဉ် အာမေဋိတ်သံသဲ့သဲ့နှင့်အတူ မေးဖျားထက် နွေးခနဲဖြစ်သွားရပါပြီ။ မောင့်အပေါ် ဒီလောက်ထိ ချစ်ရသလား,မေရယ်။

Bus ကားပါ်တက်လိုက်စဉ် ခပ်ဖွဲဖွဲရွာလာသည့်မိုးပေါက်တွေကိုကြည့်ပြီး မေ့ရယ်မောနေသဖြင့် အံ့ဩမိရ၏။ လူကျပ်သည့်ကားကို မေ့စိတ်မညစ်ဘူးတဲ့လား။ ရွှံ့ဗွက်ထူတဲ့လမ်းကိုလျှောက်ဖို့ မေ့မတွန့်ဆုတ်ဘူးတဲ့လားကွယ်။

အတွေးတွေ ပလုံစီရင်း မေ့လက်ကိုဆွဲကာ အိမ်ကလေးဆီရောက်လာခဲ့၏။ ခဲတွေအိုင်တွေများလှသည့်လမ်းမှာ မျက်နှာတစ်





ချက်မပျက်ဘဲ ရေအိုင်တွေထဲဆင်းကာ ခြေဆေးဆော့သည့် မေ့အပြုံးက ပျက်ပြယ်ခြင်းမရှိခဲ့ပါချေ။

"ရောက်ပြီ"

တိုးလျှလျှသတိပေးမိစဉ် အိမ်ထဲမှထွက်လာသည့်မေမေ့မျက်နှာက တအံ့တဩ။ အပြင်မှာ ဖဲထီးတစ်ချောင်းနှင့်နှစ်ယောက်သား အတူရပ်နေသည့်သူတို့ကို မှင်သက်ငေးနေမိတာ အကြာကြီးပါလေ။

"မေမေ. . . ဒါ,ကျွန်တော်ပြောတဲ့မေလေ"

"ဩော်. . . လာလေ သမီး, အိမ်ထဲဝင်။ အားတော့နာတယ်ကွယ်။ ဒီနှစ်အိမ်မိုးဖို့ နောက်ကျသွားတာနဲ့ မိုးမလုံတော့ဘူး"

အိမ်ရှေ့စဉ့်အိုးပုံလေးထဲမှ ရေကိုခပ်၍ ခြေဆေးဖိနပ်ချွတ်ကာ ဝါးတဲလေးပေါ် လှမ်းတက်လိုက်ပါ၏။ ထီးကို မောင်ပိတ်ပြီးတက်လာမည်မို့ သူမ မောင့်မေမေလက်မောင်းကို ခပ်ရဲရဲဆုပ်ကိုင်လိုက်ပါသည်။

"မို့က မိုးရွာတာကိုချစ်တယ်မေမေရဲ့။ မိုးရေတောထဲ ဆင်းပြီးဆော့ရတာကို သိပ်သဘောကျတာ။ ကြည့်ပါဦး. . . မောင့်အိမ်ကိုရောက်မှ မိုးရေထဲထွက်စရာမလိုဘဲ ဆော့ခွင့်ရတော့တယ်။ ဘယ်



www.burmeseclassic.com

လောက်များ ကံကောင်းလိုက်သလဲ။ ဒါကိုတောင် မေမေ့သားက မို့ကိုအိမ်လည်မခေါ်ချင်ဘူးဆိုပြီးငြင်းခဲ့တာ ခဏခဏပဲလေ”

တစ်ခါမှ မမြင်ဖူးမသိဖူးသည့်မေမေ့ကို ပြောဆိုနေပုံက တရင်းတနှီးပါလား။ ဘယ်အချိန်က ဝယ်လာမှန်းမသိသည့် ကိတ်မုန့်နှင့် ကိတ်ခြောက်ထုပ်ကို ကျောပိုးအိတ်ထဲမှထုတ်ကာ မေမေ့လက်ထဲသို့ထည့်ပေးပြန်၏။ မေရယ်. . . စိတ်ရင်းနဲ့ဆက်ဆံတယ်ဆိုတာ မေ့မျက်ဝန်းကိုကြည့်ရုံနဲ့ သိသာနေသည်ပဲ။

“သမီးရယ်. . . ဒုက္ခရှာလို့”

“စားစေချင်တဲ့စေတနာနဲ့ပါ မေမေ။ မနက်ကို ဆွမ်းတော်အရင်တင်ပြီးမှစားပါ။ ပိုပြီးအန္တရာယ်ကင်းပါလိမ့်မယ်”

“သာဓုပါတော်. . . သာဓု. . . သာဓု”

မေ့ခေါင်းကိုလက်ဝါးဖြင့်အုပ်ကာ မေမေဆုပေးတော့ မျက်လွှာချ၍ခံယူနေပုံက ငြိမ်ငြိမ်သက်သက်။ အရင်လို ကပျက်ကချော်အမူအရာတွေက မြေအရေခွံချွတ်လိုက်သလို မေ့ထံမှာလုံးဝရှိမနေတော့တာပါလား။

“ဆာလာကြပြီထင်ပါရဲ့။ မေမေ ခုနလေးတင်ပဲ ထမင်းချက်ပြီးတယ်။ သမီးလေး စားနိုင်ပါ့မလား”

ရွှေပဒေသာစာပေ



“ဘာဟင်းချက်လို့လဲမေမေ”

“ငါးကလေးအိုးကပ်နဲ့ ချဉ်ပေါင်ရွက်ဟင်းချိုကျဲလေးပါ သမီးရယ်”

“မို့စားချင်တယ်မေမေ။ တော်ကြာ မေမေတို့သားအမိထမင်းမလောက်မှာလည်းစိုးပါတယ်”

“စားပါသမီးရယ်။ ထမင်းက အမြဲပိုချက်ပါတယ်။ မနက်ဆိုသားက အမြဲထမင်းကြမ်းစားသွားတတ်လို့လေ”

“မို့စားရင် မနက်ဖြန်မနက်စာ မောင် အတော်ခံပေးနိုင်မှာလား”

သူ့ကိုမော့ကြည့်ကာ ပြုံးစစနှင့်မေးလိုက်ပုံက ငေးမဝနိုင်ခဲ့။ ထမင်းစားပွဲမှာ မေမေနှင့်မေတို့ တစ်လှည့်စီစကားပြောသံသာရှိနေခဲ့ပြီး သူကတော့ တိတ်ဆိတ်သူဖြစ်နေခဲ့တာလေ။

မိုးယိုတာကို ချိုင့်တွေခွက်တွေနှင့် သူလိုက်ခံတော့ သူ့မျက်နှာနီချင်ချင်ကိုငေးကြည့်ပြီး ပြုံးနေသည့်မေ့အပြုံးက အသက်ဝင်လှလေ၏။ ထမင်းပူပူကို ဟင်းချိုကျဲနှင့် ငါးသေးသေးလေးဟင်းကို အရိုးမငြိဘဲ ဝင်အောင်စားနိုင်တာ ဘယ်လိုဟန်ဆောင်မှုမျိုးမှ မရှိခဲ့တာဘဲ။

ရွှေပဒေသာစာပေ

www.burmeseclassic.com



မေ. . . သိပ်ချစ်ခဲ့ပါတယ်။ မေနဲ့ထပ်တူထပ်မျှ ချစ်ခဲ့မိတာပါ။ ကိုယ့်အပေါ် တစ်ဖက်သက်ပိုးပန်းခဲ့တဲ့ပြစ်ချက်မှန်သမျှ မေ့းမှိန်ပျောက်ကွယ်သွားသည်ထိ ချစ်ခြင်းရဲ့တန်ခိုးတွေ ကြီးထွားခဲ့ရတာအမှန်ပါကွယ်။ အလိုက်သိတဲ့မေ၊ သူ့စိတ်ထဲ မြင်နိုင်ခဲ့တဲ့မေ၊ သူ့မျက်နှာကိုကြည့်ရုံနဲ့ အရာရာကြိုတင်သိနိုင်ခဲ့တဲ့မေ့ကို တစ်နေ့နေ့တစ်ချိန်ချိန်မှာ လက်လွှတ်ဆုံးရှုံးရလိမ့်မယ်ဆိုတာကို ကြိုပြီးတွေးထားခဲ့ပါတယ်။

ဒါပေမဲ့. . . ဒီလောက်ထိမြန်ဆန်ခဲ့လိမ့်မယ်လို့ မထင်မိခဲ့ပါဘူး။ နောက်တစ်နေ့မှာ သူတို့တဲရှေ့မှာရပ်နေသည်က ခန့်ခန့်ထည်ထည်အန်တီကြီး။

"ဒါ မောင်မင်းသူရမောင်တို့အိမ်ပါလား"

"ဟုတ်ပါတယ်ခင်ဗျာ"

"အန်တီက မေမို့မို့လွင်ရဲ့အမေပါ"

မဖိတ်ဘဲရောက်လာသည့်ဧည့်သည်ကို ခရီးဦးကြိုပြုကာ ခင်းပေးလိုက်ရသည့်ဖျာစုတ်ကလေး။ ဖျာပေါ်မထိုင်ပါဘဲ မတ်မတ်ရပ်မျက်နှာချီကာပြောနေသည့် ဒေါ်သက်သက်မေ၏ပြင်းထန်သည့်စကားလုံးများ။





မေနဲ့ချွတ်စွတ်နီးပါးတူခဲ့တာပါလား။ မေ့မျက်နှာပေး၊ မေ့းလေသံ၊ မေ့မာနနဲ့ထပ်တူဖြစ်နေတဲ့ ဒေါ်သက်သက်မေ၏လေသံးအောက်မှာ ခေါင်းငုံ့ထားရင်း အာရုံမှာ ထပ်တလဲလဲပေါ်လာသည်က အသက်တမျှချစ်ရပါသည့် မေ့တစ်မျက်နှာပါလေ။

'မေ'. အချစ်ဆိုတာ စွန့်လွှတ်ခြင်းတစ်ဝက်ဆိုရင် မောင့်ထံမှာ ၁ိုင်ဆိုင်တာဆိုလို့ နှလုံးသားစစ်တစ်ခုသာရှိခဲ့တာ အမှန်ပါပဲကွယ်။


❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com






## အစိမ်းသက်သက်

တိတ်တခိုးတမ်းတနေတဲ့ 'သူ့' ကို
မကျေနပ်တဲ့ အပြစ်တွေရဲ့
ဆတိုးတဲ့ အနှုန်းတွေကိုမှ
ရင်တွင်းအရောက် ပို့ခဲ့မိလေတယ်. . .

သံသရာစက်ဝိုင်းက
အမြဲမပြတ်လည်နေလေတော့
ရင်တွင်းဝေဒနာတွေကို
ကိုယ့်အလှည့်ကျမှ
စာနာနားလည်ပေးပါလို့
အသနားခံ ညည်းပြနေမိတာ
တရားသော ဥပဒေဘောင်အပြင်ကို
ရောက်သွားခဲ့လေသလား. . .

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



'ကိုယ့်အလှည့်ကျ မနွဲ့တော့မပေါ့' ဆိုတဲ့

စကားတစ်ခွန်းက သိပ်မှန်တာပဲနော်. . .

ဘာပဲပြောပြော

ထေ့နာဆိုတာ

မီးလျှံတမျှ ပူလောင်တာပါပဲ. . .

ခံစားရခြင်း အတုတုတောင်မှ

မင်းအတွက်က. . .

အယာရွတ်မှုသာ ကျွန်ရုပ်ကျွန်တော့မှာပါ. . .

ကိုယ့်မှာသာ. . .



## အခန်း ( ၁၃ )

Computer ခလုတ်ကိုပိတ်ကာ လက်နှစ်ဖက်ကိုတစ်လှည့်စီ
ှမ်းချိုးနှိပ်နယ်ရင်း ဇက်ကို ဟိုဒီစောင်းလှဲ့ကာ ချိုးလိုက်ပါ၏။

"ညောင်းသွားပြီလား,မ"

"ဒီလိုပါပဲ ရဲရင့်ရယ်"

"ကျွန်တော်နှိပ်ပေးရမလား"

"ဟယ်. . . နေပါစေ, ရတယ်"

လက်လှမ်းလာသည့်ရဲရင့်အောင်ကိုလက်ကာပြ၍ တားလိုက်
ီ၏။ ရှေ့ဘက် ဝဲကျနေသည့်ဆံနွယ်အချို့ကို ရဲရင့်က ယူကာ
ာက်သို့ပို့ပေးလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



အစ်မတစ်ယောက်လိုသဘောနှင့်ပဲလား။ ဦးညိုရောင်မှုန်ခန်းထဲမှ လူတစ်ယောက် မြင်သာအောင်တော့ ဘာမှမလုပ်မိပါနဲ့ ရဲရင့်ရယ်။

"ဆံပင်အရှည်ထားတာ ကြာပြီလား"

"အင်း. . . Second Year တုန်းက စ,ထားဖြစ်တာဆိုတော့ ဆယ်နှစ်လောက်ရှိပြီပေါ့"

"ကျောင်းမှာ 'မ' star ဖြစ်မှာပေါ့နော်"

မပီမပြင်ပြုံးလိုက်မိ၏။ Star ဖြစ်မဖြစ်တော့မသိပါ။ အရှင်းကို ဂျလောင်းကျခဲ့မိတာတော့အမှန်ပါလေ။

ဒီပုံကိုကြည့်ပြီး တက္ကသိုလ်တုန်းက အေးလိမ့်မယ်လို့ မမှန်းဆလိုက်ပါနဲ့။ မို့က အသစ်တစ်ဖန်မွေးလာခဲ့တဲ့လူတစ်ယောက်လိုလုံးဝကြီးပြောင်းလဲသွားတာပါလေ။

"မ,နောက် ကောက်ကောက်လိုက်တဲ့ကောင်လေးတွေ အများကြီးရှိမှာပဲနော်"

ဟင့်အင်း. . . မေမို့မို့လွင်နောက်လိုက်တဲ့သူမှန်သမျှ အရှက်ကွဲ၊ အလျှောင်ခံရတတ်လို့ ဘယ်သူမှ အပျော်ပဲဖြစ်ဖြစ်အတည်ဖြစ်ဖြစ် မကပ်ရဲခဲ့ကြတာအမှန်ပါ။





မို့လက်ကိုတွဲခွင့်ရခဲ့တာ၊ မို့ခန္ဓာကိုယ်လေးကို ထွေးဖက်ခွင့်ရခဲ့တာ၊ မို့နှလုံးသားကိုပိုင်ဆိုင်ခွင့်ရခဲ့တာ မောင်တစ်ယောက်တည်းရှိခဲ့တာပါကွယ်။

"မ, ဒီလောက်အနေအေးတာ။ မ,နှလုံးသားကိုကိုင်လှုပ်နိုင်ခဲ့တဲ့သူတွေ တစ်ယောက်တလေတော့ရှိမှာပါနော်"

ရင်ထဲမှာနွမ်းလျသွားမိ၏။ အတိတ်ကိုပြန်မဆွချင်ပါနဲ့လား။ ဟင့်အင်း. . . မို့ကိုယ်တိုင်က အတိတ်ကိုပြန်တွေးပြီး အတိတ်အိပ်မက်တွေထဲမှာပဲ ပျော်မွေ့နေတဲ့သူပါလေ။ ဒါတွေကို မောင်ကတော့ သိနိုင်မှာမဟုတ်ဘဲ။

"ဟင်. . . 'မ'၊ ရှိလားလို့"

"ရှိတယ်"

"ဟာ! ဒီလူ တော်တော်ကံကောင်းတာပဲ။ ဒီလောက်လှတဲ့ 'မ'နှလုံးသားကို အပိုင်စားရသွားတာ မနာလိုစရာကြီး"

ကလေးဆန်ဆန်ပြောလိုက်ပေမယ့် ရဲရင့်မျက်နှာမှာ မစ္ဆရိယစိတ်တို့ ရှိမနေပါလေ။ ဟုတ်မှာပါ။ ထိပ်ထားခင်လို ဝမ်းကွဲအစ်မရှိမှတော့ မို့ကိုလည်း အစ်မလိုပဲသဘောထားတာ သေချာပါတယ်။

"အခု 'မ' အသက် (၂၇) နော်။ Singel လို့ CV Form မှာ



www.burmeseclassic.com

www.burmeseclassic.com



ဖြည့်ထားတာဆိုတော့ 'မ' ချစ်သူနဲ့ မယူဖြစ်သေးတဲ့သဘောပေါ့။ ဟုတ်လား"

မယူဖြစ်သေးတာ မဟုတ်ရပါဘူး။ မို့က စွန့်ပစ်ခြင်းခံခဲ့ရတာပါလေ။ ချစ်သူသက်တမ်းတစ်နှစ်တိတိပြည့်တဲ့နေ့မှာ အသက်တမျှချစ်ခဲ့ရတဲ့ချစ်သူရဲ့ စာနာစိတ်မဲ့စွာ ချန်ရစ်စွန့်ပစ်ခဲ့တဲ့ဒဏ်ကို ကောင်းကောင်းကြီးခံခဲ့ရတာပါ။

"မယူဖြစ်တာမျိုးမဟုတ်ဘူး ရဲရင့်ရဲ့။ 'မ'တို့လမ်းခွဲလိုက်ကြလို့ပါ"

"ဗျာ! "

အောင့်သက်သွားသည့်ရင်ကို မေ့ထားလိုက်ရပါ၏။ ဆေးကုသပေးနိုင်မည့်သူက မို့ကမ္ဘာမှာ မရှိတော့ပြီဘဲ။ အသည်းကျွမ်းတဲ့ရောဂါဆိုတာ သီချင်းတွေထဲမှာပဲ ကြားခဲ့ဖူးတာလေ။ မို့အလှည့်မှ မို့အလှည့်ကျမှ ဒီရောဂါကိုလက်ခံခဲ့ရတာပါ။

"ဟုတ်တယ်, 'မ' တို့ချစ်သူသက်တမ်း တစ်နှစ်ပြည့်တဲ့နေ့မှာ သူနဲ့ 'မ' လမ်းခွဲခဲ့တာပါ"

"ဘာဖြစ်လို့လဲဟင်။ မ,လိုမိန်းကလေးမျိုးကို ဘာအကြောင်းပြချက်နဲ့ သူ လမ်းခွဲစကားပြောခဲ့တာများလဲ"





မေးနေပြီမောင်။ မို့ဘယ်လိုများဖြေရပါ့မလဲ။ မောင်မချစ်နိုင်တော့လို့ အလွယ်တကူစွန့်ပစ်ခြင်းခံခဲ့ရတဲ့ ကောင်မလေးတစ်ယောက်ရဲ့ ရှက်ရွံ့သိမ်ငယ်ခြင်းတွေကို မောင်ဘယ်တုန်းကများ ကိုယ်ချင်းစာနာစိတ်နဲ့ တစ်ချက်လေးလှည့်ကြည့်ခဲ့ပါသလဲ။ မငိုခဲ့ပါဘူး။ လက်တွဲဖြုတ်ကျောခိုင်းလိုက်ကတည်းက မို့ရှေ့က ပျောက်ကွယ်သွားခဲ့တာ။ မို့ကမ္ဘာကြီး လုံးဝအမှောင်ကျခဲ့ဖူးရတာလေ

"မ,က. . . မ,က သူ့အတွက် ဝန်ထုပ်ဝန်ပိုးတစ်ခုဖြစ်နေလို့တဲ့"

"ဖြစ်ရလေ။ ဒီလိုယောက်ျားမျိုးလည်း လောကမှာ ရှိသေးတယ်တဲ့လား။ 'မ'က မပြည့်စုံလို့ တမင်ရှာကြံ အပြစ်ရှာပြီး ထားခဲ့တာမျိုးလား။ 'မ'ထက်သာတဲ့မိန်းကလေးမျိုး သူရှာတွေ့ခဲ့တာထင်ပါရဲ့"

"ဒါတော့ မ,လည်း မပြောတတ်ပါဘူးရဲရင့်ရယ်။ အားလုံးပြီးဆုံးခဲ့ပြီပဲ"

"Sorry 'မ' ရယ်။ ကျွန်တော် 'မ' ရဲ့အနာကို ဆွမိသလိုဖြစ်သွားပြီ"

"ရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မ. သူ့ကိုတော်တော်စိတ်နာနေမှာပဲနော်"

စိတ်နာတာတဲ့လား။ ဟင့်အင်း. . . မောင့်ကိုမို့ချစ်ခဲ့တာ စိတ်နာဖို့မှမဟုတ်ဘဲ။ တစ်သက်တာလက်တွဲဖို့ တစ်ဘဝစာအတွက် ချစ်ခြင်းတွေစုပုံပြီး ပေးအပ်ခဲ့တဲ့သူပါလေ။

ခေါင်းကိုခါပြလိုက်တော့ ရဲရင့်က လှုပ်လှုပ်ရှားရှားဖြစ်သွားပြီး ဆံလည်ကုလားထိုင်ကို မှီထိုင်နေရာမှ မတ်သွားရလေ၏။ သူမ မျက်နှာကိုစောင်းငဲ့ကြည့်လိုက်ပုံက မျှော်လင့်တကြီး။

"ဒီနေ့ထိ မေ့လို့မရသေးဘူး"

"အားပါးပါး. . . ဇွဲကတော့ စံပါပဲ။ လက်ဖျားခါလောက်တယ်။ 'မ'က တော်တော်အစွဲအလမ်းကြီးတဲ့မိန်းကလေးပဲ"

"ပြောရဂ်လည်းခံရမှာပဲ ရဲရင့်ရဲ့"

နှစ်ဦးသားတီးတိုးရယ်လိုက်စဉ် မှန်တံခါးက ချပ်ခနဲပွင့်သွားလေ၏။ ရုတ်တရက်မို့ ကွန်ပျူတာထဲမှ Print ထုတ်ပြီးသည့်ဇယားတွေစစ်နေရာမှ အလန့်တကြားဖြစ်သွားရပါ၏။

"ဘာတွေလုပ်နေတာလဲ"

မာဆတ်ဆတ်မေးလိုက်သည့်မေးခွန်းကြောင့် ရဲရင့်က သူမကို ဖျတ်ခနဲတစ်ချက်ကြည့်လိုက်ပြီး ဖြေလိုက်ပါ၏။





"စာရင်းတွေစစ်နေတာလေ အစ်ကို"

"စာရင်းစစ်တာ တစ်ယောက်နဲ့တစ်ယောက် ရယ်မောပြောဆိုဖို့ အချိန်ရှိနေတယ်ပေါ့"

"အဲ. . ."

ရဲရင့်က တအံ့တသြဖြစ်သွားသော်ငြား သူမ မအံ့သြမိတော့ပါ။ ဒီလိုခေါ်လိုက်တဲ့ရည်ရွယ်ချက်ကို ကြိုမြင်နေပြီပဲ။ ဘယ်တုန်းက အငြိုးတွေနဲ့စုဆောင်းပြီး ဆူပူအော်ငေါက်နေဦးမှာပါလိမ့်။ အလုပ်လုပ်နေရင်း စကားပြောနေတာကိုလည်း သူလှမ်းကြည့်ချိန်ရှိသေးတာပါလား။

"ရဲရင့်"

"ဗျာ! အစ်ကို"

"မေမို့မို့လွင်ကို မင်းဘေးမှာအတူထားတာ ဒီလိုစကားများလေပေါနေဖို့မဟုတ်ဘူး။ မင်းကိုအပြင်လွှတ်ရင် မင်းနေရာမှာ လုပ်ပေးမယ့်သူမရှိဘဲ လစ်ဟင်းနေမှာစိုးလို့ကွ။ နားလည်လား"

"ဟုတ်. . . ဟုတ်ကဲ့"

"မေမို့မို့လွင်"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ရှုံးခန်းထဲလိုက်ခဲ့ဦး"

"ဟုတ်ကဲ့"

စာရင်းစာချက်တွေ စုထပ်လိုက်စဉ် သူ့ထံမှ ငြိုးဟ်ကြည့်တစ်ချက်ကို ရလိုက်ပါ၏။ ဒုက္ခပါပဲ။ အလုပ်လုပ်ပြန်တော့လည်း သူ့ရှေ့မှ ဟန်ပြလုပ်နေတယ် ထင်ပြန်ပြီလား။

'မေမို့မို့လွင်"

"ရှင်"

"ငါခေါ်နေတယ်လေ. . . အဲဒါတွေထားခဲ့ဦး။ မင်းတို့နှစ်ယောက်နဲ့ ထိပ်ထား,စစ်ပြီးမှ ငါစစ်ရမှာ။ Phone လာနေတယ်"

ဟဲ! အစကတည်းက Phone လာတယ်ပြောရင် ဘာဖြစ်မှာတဲ့လဲ။ ဆူတာကိုအရင်ပြောပြီးမှ အသိပေးရတယ်လို့။ နေပါဦး။ ဒီကုမ္ပဏီ Phone ကို မေမေ မသိသေးတာမို့ ဘယ်သူများခေါ်တာပါလိမ့်။

ရှုံးခန်းထဲဝင်တော့ ဘေးချထားသည့် Phone ခွက်ကို စိတ်ထင့်စွာ ကောက်ကိုင်လိုက်စဉ် သူက Phone မှ ခလုတ်လေးကို ထောက်ခနဲ ကောက်၍နှိပ်လိုက်လေသည်။ ဘုရားရေ! တစ်ဖက်က အသံကိုနားထောင်တာကလည်း ပေါ်တင်ကြီးပါလား။





"ဟယ်လို, မို့ပြောနေပါတယ်"

"မို့. . . ကိုယ်ပါ"

"ကိုထက် ဘာပြောချင်လို့လဲ"

"ညနေ ကိုယ်လာကြိုမလို့"

"ဟိုလေ"

"မေမို့မို့လွင် ညနေ OT ဆင်းရမှာ မမေ့နဲ့"

ဘေးမှာ မျက်နှာမာကြီးနှင့် ဝင်ပြောလိုက်တာမို့ ကိုထက်ကို အားနာမျက်နှာပူသွားရပါ၏။ လုပ်ပုံကိုက လူမှုရေးနားမလည်ပုံမျိုးပါလား။

"OT ဘယ်အချိန်ဆင်းမှာလဲ"

"All night လို့ပြောလိုက်"

ထိပ်ထားထံမှ ရယ်သံသဲ့သဲ့ထွက်လာလေ၏။ တစ်ခါမှမကြားဖူးတဲ့ OT ချိန်ကြီးကို။ ဘယ်လိုလုပ်ပါလိမ့်နော်။

"ကိုထက် လာမစောင့်နဲ့နော်။ မို့ လိုင်းကားမီရင် လိုင်းကားနဲ့ပြန်ပါ့မယ်"

"မမီရင်ရော"

"မမီရင် Taxi စီးမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မို့ကို ကိုယ် Hand Phone တစ်လုံးတော့ ဝယ်ပေးမှထင်တယ်"

"ဟင့်အင်း, မို့မလိုချင်ဘူး။ ဒါပဲနော်. . . ကိုထက်၊ မို့ အလုပ်တွေရှိတယ်"

"နောက်ကို ဘာမှအရေးကြီးကိစ္စမရှိဘဲနဲ့ ရုံး Phone ကို မသုံးပါနဲ့ မေမို့မို့လွင်။ ငါ အလဟဿအကျိုးမဲ့ကိစ္စတွေအတွက် Phone Bill မဆောင်နိုင်ဘူး"

Phone မချခင် ပြောလိုက်သည့်သူ့အသံကို ကိုထက်ကြားမည်ထင်ပါသည်။ ဘယ်လိုလူ့ကန့်လန့်ကြီးပါလိမ့်။ ဒီတစ်ခါလေး Phone လာတာကို ရေးကြီးခွင်ကျယ်ပြောနေရတယ်လို့။

"လူကြီးမင်း Phone ကိုသုံးမိတဲ့ ကုန်ကျစရိတ် ကျွန်မ ပြန်ပေးပါ့မယ်"

"မင်း မငြေပါနဲ့။ အလုပ်ချိန်ကြီးမှာ အလုပ်မလုပ်ဘဲ စကားပြောတာ၊ Phone ပြောတာကို ငါမကြိုက်ဘူးလို့ပြောနေတာ"

"ကျွန်မတို့ အလုပ်ကိစ္စလေးနဲ့တောင် စကားမပြောရတော့ဘူးလား"

"မင်းနဲ့ရဲရင့်ပြောနေတာ အလုပ်ကိစ္စမှမဟုတ်ဘဲ။ မင်းတို့





မျက်နှာကြည့်ရုံနဲ့ ငါသိတယ် မေမို့မို့လွင်။ ပြီးတော့ မင်းပိုင်တဲ့အရာတွေကို ဒီလိုပဲ သူစိမ်းတွေကို ပေးကိုင်တာပဲလား. . . မင်းဘယ်လိုမိန်းကလေးလဲ"

"ဦးမင်းသူရမောင်"

"ငါ့ကိုပြန်မပြောနဲ့. . . အနေအထိုင်ဆင်ခြင်ပါ။ နောက်ထပ်ဒီလိုစကားမျိုး ငါ့ပါးစပ်က ထပ်မထွက်ချင်ဘူး။ သွားတော့. . .။ မင်းလူကိုလည်းပြောထား။ နောက်ကို ကိုယ်ရေးကိုယ်တာကိစ္စတွေ Phone ဆက်မပြောဖို့သတိပေးပါ။ ထိပ်ထား, နင့်မောင်ကိုခေါ်လိုက်။ ကိုယ့်မောင်ကိုယ် ဘယ်လိုနေစားရမယ်ဆိုတာ မသင်ထားပေးဘူး။ အမြင်မတော်တာတွေ့ရင် ငါချည်းပြောနေရတာပဲ"

သက်ပြင်းချ၍ လှည့်ထွက်လာခဲ့ပေမယ့် သူ့အသံက နောက်မှ ကပ်ပါလာဆဲ။ မတူတော့ပါလား။ မို့ရဲ့မောင်ဆိုတာ စကားကိုခပ်မာမာတောင်မပြောဘဲ သိပ်ပြီးအနေအေးဆေးတဲ့သူလေ။

မျက်နှာတည်တာမှန်ပေမယ့် မို့ကိုကြည့်တဲ့မျက်ဝန်းတွေရဲ့အကြင်နာ၊ မို့ကိုပြောတဲ့အပြောတွေရဲ့ သိမ်မွေ့မှု၊ မို့ကိုပြုံးပြလေ့ရှိတဲ့အပြုံးတို့ရဲ့ချိုမြိန်ခြင်းတွေ ခုတော့ ဘယ်ဆီကိုရောက်သွားခဲ့ကုန်ပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



ဩော် . . . မို့ချစ်တဲ့မောင်ဆိုတာ မို့ရဲ့ကမ္ဘာမှာ ပျောက်ကွယ်ခဲ့တာ ကြာခဲ့ပါပြီလေ။

❦ ❦ ❦



## အခန်း ( ၁၄ )

"ဟော့! မို့မို့ . . . ဘယ်လိုလဲ၊ Ok ရဲ့လား"

"ဒီလိုပါပဲ ကိုကျော်။ ရောက်တဲ့အရပ်မှာ ပျော်အောင်နေလို့ ဆိုရိုးရှိခဲ့တာပဲ"

"ရော့"

စားပွဲပေါ်တင်ပေးလိုက်သည့် Hand Phone အသစ်စက်စက်က သူမကိုလှောင်ပြောင်နေသည့်နှယ်။ ဒီလို Phone မျိုးကို တစ်ချိန်က သူမ ကိုင်ဖူးခဲ့တာမဟုတ်လား။

"ဘာကြီးတုန်း"

"စည်သူ ပေးခိုင်းလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွတ်! ကိုထက်တော့ ဘာတွေလျှောက်လုပ်နေပြန်လဲ မသိပါဘူး။ မို့မယူဘူး။ ပြန်ယူသွားပါ ကိုကျော်"

"မယူလို့မရဘူးဟ။ နင့် Director က နင် ရုံး Phone သုံးတာမကြိုက်ဘူးဆိုလို့ ဝယ်ပေးလိုက်တာ။ Lunch time နားချိန်မှာ ဆက်ဖို့တဲ့"

❦

မျက်နှာကိုတိုးငှ၍ နှစ်ကိုယ်ကြားသာအောင်ပြောလိုက်သည့် မြင်ကွင်းကြောင့် သူဒေါသဖြစ်သွားရပါ၏။ လာပြန်ပြီတစ်ယောက်။ ဟိုနေ့ကပဲ သူမဆံပင်ကိုကိုင်လို့ ရဲရင့်ကိုခေါ်ဆူခဲ့ရပြီးပြီ။ ခုတစ်ခါ ရုံးခွဲက မန်နေဂျာလေး ကျော်မျိုးသန့်က တမျှောင့်။ ဘယ်လိုဖြစ်ပြီး သူမနှင့် တရင်းတနှီး ပြာဆိုချင်နေကြတာပါလိမ့်။

"တောက်! စာရင်းပို့မယ်ဟာ လာပို့တာမဟုတ်ဘူး။ အလွမ်းက သင့်နေသေးတယ်"

"ကိုမျိုးသန့်နဲ့ မမို့က တစ်ရုံးတည်းလုပ်ခဲ့တာမဟုတ်လား အစ်ကိုရဲ့။ ဒီလာတုန်း နှုတ်ဆက်ချင်မှာပေါ့"





"နင်မရှုပ်ပါနဲ့။ ကိုယ့်အလုပ် ကိုယ်လုပ်နေစမ်းပါ"

"ကြည့်လုပ်ဦးနော်။ အစ်ကို J ဝင်တာ သိသာလွန်းတယ်။ ထားမောင်လေး, မမို့ကို ရိုးရိုးသားသားဆက်ဆံတာပါပြောလည်းမရ။ ဘယ်လိုကြီးမှန်းကိုမသိဘူး"

"ဘာကိစ္စ J ဝင်ရမှာတုန်း။ မဆိုင်တာလျှောက်ပြောမနေနဲ့။ နင့်မောင်ရှိုးတယ်ဆို ဘာကိစ္စနဲ့ သူ့ဆံပင်ကိုသွားကိုင်ရတာလဲ။ မကိုင်နဲ့ပေါ့"

"မမို့ဆံပင်လေးတွေက ကိုင်ချင်စရာလေးကိုး။ မည်းနက်ပြီး အိနေတာပဲ။ ဒါတောင် အမြဲစည်းထားတာ။ ခေါင်းလျှော်လာတဲ့နေ့ဆို ယူမွှေးချင်ဖို့တောင် ကောင်းဦးမှာ။ အဲဒီနေ့ကြုံမှ ဘာရှမ်ပူနဲ့လျှော်လဲ,မေးပြီးတော့ ညာတာပါတေးနဲ့ တောင်းနမ်းဦးမယ်"

"မိထား. . . နင်နော်"

သူ တရှုးရှူး ဒေါသဖြစ်တာကို ထိပ်ထားခင်က လန့်ပုံမရဘဲ ငှကာ ရယ်နေလေ၏။ ငါနော်. . . အသက်မျက်နှာရှိနေလို့ ဒင်းတို့မောင်နှမကို ပစားပေးထားတာ။ လူကြီးကို စ,စရာများထင်နေလားမသိ။

.မေမို့မို့လွင်ဆိုတာ တစ်ချိန်က သူနဲ့ဘာညာဘာညာဆိုတာကို



www.burmeseclassic.com

www.burmeseclassic.com



အသက်ကတစ်ဆင့် ထိပ်ထားက သိနှင့်နေတာလေ။ ဒီတော့ မထိဘထိကလိတာ အဆန်းတော့မဟုတ်ပေမယ့် သူကတော့ မဆိုင်ဘူးဆိုပြီး ဒေါသတွေထွက်နေရတာပါပဲ။

"Boss ရေ. . . ဒီမှာ ရုံးခွဲက Report နဲ့ List"

"ခုနကတည်းက မြန်မြန်လာပို့တာမဟုတ်ဘူး"

"ကျွန်တော့် MD က လူကြုံပေးလိုက်လို့ ညီမလုပ်သူကိုပေးနေလို့ပါဗျာ"

"ဘာလူကြုံလဲ"

"Hand Phone ပေးခိုင်းလိုက်တာ။ Boss က ရုံးက Phone သုံးတာ မကြိုက်ဘူးဆိုလို့တဲ့"

"အံမာ! ငါ့ဝန်ထမ်းကို ဒီလိုဘာမှပေးစရာမလိုပါဘူး။ လိုအပ်ရင် ငါပဲပေးမှာပေါ့"

"ဒါတော့ Boss သဘောလေ။ ကျွန်တော်ပြန်လိုက်ပါဦးမယ်။ မှာစရာရှိပါသေးလား"

"နောက်မှ Phone ဆက်လိုက်မယ်"

ကျော်မျိုးသန့် ပြန်သွားပြီး ရဲရင့်ဝင်လာတာကို မကြည်သလို စိုက်ကြည့်မိပြန်၏။ ဒီကောင်လေး အစက အလုပ်ကြိုးစားလွန်းလို့





မကြာခဏချီးမွမ်းခဲ့ပါလျက် ခုတော့ ဘယ်လိုဖြစ်ပြီး မျက်စိ စပါးမွေး စူးနေမိပါလိမ့်။ စာရင်း File ကို စားပွဲပေါ်တင်ပေးပြီး လှည့်ထွက်ရန်ပြင်လိုက်သည့်ရဲရင့်ကို တားလိုက်မိလေ၏။

"ဟိုကောင် နေဦး"

"ဘာလဲ အစ်ကို။ ကျွန်တော် 'မ' ကို လက်ဖျားနဲ့ယောင်လို့တောင် မထိမိဘူးနော်"

"အံမာ! ငါ့ကိုမရွဲ့နဲ့။ ခုန ဟိုကောင်ကျော်မျိုးသန့်, သူ့ကို ဘာပြောသွားတာလဲ"

"ဘယ်သိမှာလဲဗျ"

"ဒါလေးတောင် မင်းမသိဘူးလားကွ။ မင်းနဲ့တစ်စားပွဲတည်း အတူထားတာ သူဘာလုပ်လုပ်ဘာပြောပြော သိဖို့ထားတဲ့ဟာ"

"ကိုသန့်က တိုးတိုးလေးပြောသွားတာ။ ဘယ်ကြားရမလဲ အစ်ကိုရ"

"ဘာမှအသုံးမကျဘူး။ သွားတော့"

ရဲရင့်က ခေါင်းကုတ်ပြီး ပြန်ထွက်သွားလေ၏။ ထိပ်ထားက File ချင်း လာလဲရာမှ သူ့ကိုပြောလာလေသည်။

"အစစအရာရာ သူဘာလုပ်လဲသိချင်ရင် ထားလိုပဲ အခန်း



www.burmeseclassic.com

www.burmeseclassic.com



ထဲ ခေါ်ထားလိုက်ပေါ့အစ်ကိုရဲ့။ ရဲကို့ဆူမနေပါနဲ့”

“မထားနိုင်ပါဘူး။ ယောက်ျားတကာနဲ့ပြုံးပြီးပြောတတ်တဲ့ မိန်းမကို ကြည့်လို့မှမရတာ”

“ဒါဆိုလည်း အထဲကနေ လှမ်းလှမ်းကြည့်မနေနဲ့ပေါ့။ ဘာဖြစ်လို့ ဒီရုံးချုပ်ကို မရရအောင်ခေါ်လာသေးလဲ”

“မိထားနော်, အဲဒါ နင့်အလုပ်လား။ လျှာသိပ်ရှည်တာပဲ၊ နာတော့မယ်”

ထိပ်ထားလာထားပေးသွားသည့် File တစ်ထပ်ကိုဖွင့်လိုက်သော်လည်း စိတ်က တယ်မပါလှ။ အကြည့်တို့က မှန်ခန်းအပြင်ကို အလိုလိုရောက်သွားပြန်လေ၏။ စက္ကူဖိသည့်ဖန်တုံးလေး စားပွဲအောက်သို့ကျသွားသဖြင့် သူမကိုယ်ကိုင်းလျက် လှမ်းကောက်လိုက်လေ၏။ အိခနဲကျသွားသည့် ဆံနွယ်ရှည်တွေကို လက်ဖြင့်သိမ်းကာ နောက်သို့ပြန်ပို့လိုက်ပြီး Print ထုတ်ထားသည့်စာရွက်ထပ်ကို Clip ဖြင့်ညှပ်ကာ ရဲရင့်ထံပေးလိုက်လေသည်။

ဆံပင်တွေက အိနေတာပဲတဲ့။ သူ့ကိုမခံချိမခံသာဖြစ်အောင် ဆွပေးသည့်ထိပ်ထားကိုစိတ်တိုမိပေမယ့် စိတ်မဆိုးမိပါချေ။ နေ့လယ်ထမင်းစားချိန်မှာ ထားတို့မောင်နှမနှစ်ယောက်နှင့် သူမ တစ်





ဝိုင်းတည်းအတူစားတာမို့ ရှိသင့်ရှိထိုက်သည့်ရင်းနှီးမှုမျိုးတော့ ရှိနေမှာအမှန်ပါပဲ။ သူ့မှာသာ တစ်ယောက်တည်း အထီးကျန်နေရတာလေ။

မတန်ဘူးတဲ့လား။ ခုချိန်ထိ နားထဲမှာ ပြန်ကြားယောင်နေဆဲပါပဲ။ သူမဝတ်လေ့ရှိတဲ့နားကပ်နှစ်စုံကို ထည်လဲဝတ်နိုင်အောင် ရှာမပေးနိုင်လို့ နောက်ဆုတ်ခိုင်းခဲ့ရတာ။ ရင်ဘတ်ထဲအောင့်တဲ့ ဝေဒနာက ခုချိန်ထိအစိမ်းအတိုင်းရှိနေဆဲပါပဲ။ ခုချိန်မှာ ကျွန်တော်ဝယ်ပေးနိုင်ပါပြီလို့ပြောလိုက်ရင်ရော အန်တီ့သမီးနဲ့ပေးစားနိုင်မလား။

မချစ်သင့်မချစ်ထိုက်တော့ဘူးလို့ယူဆပြီး စွန့်ပစ်ခဲ့တဲ့မိန်းကလေးတစ်ယောက်ကို ဘာများမျှော်လင့်နေဦးမှာလဲ။ အခြေအနေတွေက ပြောင်းပြန်လှန်လိုက်သလို လုံးဝကြီးဖြစ်သွားပါပြီလေ။ ဒီချိန်ထိ သူမ အိမ်ထောင်ဘာကြောင့်မပြုခဲ့ပါသလဲ။ သူကရော ဘာဖြစ်လို့မယူဖြစ်သေးတာလဲ။ ပြန်ဆုံဖို့အကြောင်းမရှိတော့မှန်း သိထားပါလျက် ဘယ်လိုမျှော်လင့်ချက်မျိုးနဲ့ သူအသက်ဆက်နေခဲ့တာပါလိမ့်။

“ဆံပင်အရှည်ထားပေးပါ။ မေ့အတွက် ကရိကထနိုင်မှာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပေမယ့် မောင်က ဆံပင်ရှည်တွေကိုမြတ်နိုးလို့ပါမေ။ မောင့်ကို တကယ်ချစ်တယ်ဆိုရင် မောင့်စကားကိုနားထောင်ပြီး ဆံပင်ကို မဖြတ်ပါနဲ့တော့"

မျက်ဝန်းကိုမှေးမှိတ်၍ ဆုံလည်ကုလားထိုင်နောက်မှီကို မှီချလိုက်ပါ၏။ တကယ်ကို စကားနားထောင်ခဲ့တာပဲ။ မင်းရဲ့နှလုံးသားကို အကြောင်းမဲ့သက်သက်ခွဲခဲ့တဲ့လူတစ်ယောက်ကို စိတ်မနာခဲ့ဘူးလား။ မမုန်းတီးခဲ့လို့ ဒီချိန်ထိ မင်းဆံပင်တွေကိုအရှည်ထားခဲ့တာလား မေမို့မို့လွင်။

ရှူရှိုက်ခဲ့ဖူးတဲ့ရှမ်ပူနံ့ကို ကိုယ့်အပြင် ဘယ်အမျိုးသားတွေခံစားခဲ့ဖူးပြီးပြီလဲ။ သိချင်ခဲ့ပါတယ်။ ကိုယ်ဆုပ်ကိုင်ခဲ့ဖူးတဲ့လက်ကလေးကို သူတစ်ပါးဆွဲကိုင်သွားမှာ။ ကိုယ်ထွေးဖက်ခဲ့ဖူးတဲ့ခန္ဓာကိုယ်ကလေးကို ကိုယ်မဟုတ်တဲ့သူစိမ်းတစ်ယောက်ရဲ့ရင်ခွင်ထဲရောက်သွားမှာကိုစိုးရိမ်ခဲ့မိတာ အရှုံးတစ်ပိုင်းပါပဲ။

မင်းနားမှာ တရားဝင်ပိုင်ရှင်မျိုးမရှိသေးပေမယ့် အဲဒီနေရာကို လိုချင်တဲ့သူတွေအများကြီးရှိနေတဲ့သတင်းတွေ ခုချိန်ထိ ကိုယ်ကြားနေဆဲပါလေ။ ပိုင်ရှင်မရှိတဲ့ပန်းတစ်ပွင့်ကို ဘယ်သူမဆို ခူးဆွတ်ခွင့်ရှိပေမယ့် ဘာကြောင့် ကိုယ် ပေးမခူးချင်တာပါလဲ။ ကိုယ့်





မျက်စိအောက်မှာထားပြီး ရှိသမျှလူတွေကို ရန်သူလိုမြင်နေမိတာ အတ္တတွေသိပ်ကြီးနေပြီလား။

မချစ်သင့်တော့တဲ့မိန်းကလေးဆီက ဘာကိုများ သူမျှော်လင့်နေချင်တာပါလိမ့်။ မည်းနက်တောက်ပြောင်နေတဲ့ဆံနွယ်တွေကို ထွေးယူမွှေးရှိုက်ချင်နေတာကရော ရူးသွပ်ခြင်းတစ်ခုလေလား။

မုန်းလိုက်ပြီ။ မေ့လိုက်တော့မယ်လို့ပြောခဲ့တာ ဘယ်သူလဲ၊

ပြောပြီးသားစကားကို အာမခံနိုင်ရင် သူဘယ်လိုလုပ်ပြီး ယောက်ျားပီသတော့မှာလဲ။ စွန့်ပစ်ပြီဆိုမှတော့ ပြန်ကောက်ဖို့စိတ်ကူးကိုလွှင့်ပစ်သင့်တာပေါ့ မင်းသူရမောင်။ ဒါမှမဟုတ်ရင်တော့ ထွေးပြီးသားတံတွေးကို ပြန်မျိုသလိုဖြစ်လိမ့်မယ်လေ။

"တောက်! "

"ဘာဖြစ်လို့လဲအစ်ကို"

"ငါ့ဟာငါဘာဖြစ်ဖြစ် နင့်အပူမပါဘူး"

ထိပ်ထားက သူ့ကိုမျက်စောင်းခဲလိုက်ပြီး မှန်ခန်းထဲမှထွက်သွားလေ၏။ သူမမျက်နှာမှ နွမ်းလျအပြုံးကို လှမ်းမြင်နေရသည်။ ရဲရင့်နှင့်အတူထရပ်လိုက်တော့ သူ ဆတ်ခနဲ ထိုင်ရာမှထလိုက်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွတ်! Lunch Time ရောက်နေပြီပဲ။ ဒါဆို သူမတို့ ကုမ္ပဏီက Canteen ကိုသွားကြတော့မှာပါလား။

ထမင်းချိုင့်တွေကို စားပွဲထက်တင်လိုက်ရင်း မှုန်ကုပ်ကုပ်မျက်နှာဖြင့် ရဲရင့်ညည်းတွားလိုက်မိ၏။

"ဘယ်လိုမှနားမလည်နိုင်ဘူး"

"ဘယ်လိုလဲ ရဲရဲ"

"မမရဲ့ Boss ကိုလေ"

"ဟဲ့! အဲဒါ နင့် Boss ပဲလေ"

"ဘာဖြစ်လို့လဲ ရဲရင့်"

"အစ်ကိုက အရင်နဲ့မတူတော့ဘူး 'မ'ရဲ့။ အစကဆို ညီ့ညီ့ခေါ်ပြီး ကျွန်တော့်ကိုတရင်းတနှီးရှိတယ်။ အခုတော့ မျက်စိရှေ့တွေ့တာနဲ့ ဟောက်ဖို့ပြင်ပြီးနေပြီ။ အထူးသဖြင့် 'မ' နဲ့ ပတ်သက်ရင် ပိုဆိုးတယ်။ တစ်ခုံတည်း အလုပ်အတူလုပ်တဲ့လူအချင်းချင်း အလုပ်စကားတောင် မပြောရတော့ဘူးလား။ ခုဆို Computer စီဖို့ စာရင်းစာရွက်ပေးတာကအစ 'မ' ကိုမထိမိအောင် သတိထားနေရတာက အလုပ်တစ်ခု။ သိပ်ကျဉ်းကျပ်တာပဲ"

ထိပ်ထားက မောင်ဖြစ်သူပြောတာကို သဘောကျပြီး ရယ်





နိုင်ပေမယ့် သူမ မရယ်နိုင်ပေ။

ဟုတ်ပါတယ် ရဲရင့်ရယ်။ 'မ' ကြောင့် ရဲရင့် အဖျားခတ်ခံရတာပါ။ တရားခံက 'မ' ပါပဲ။

"သူ စိတ်မကြည်လို့ဖြစ်မှာပါ ရဲရင့်ရယ်"

"စိတ်မကြည်တာက. . . ကျွန်တော့်တစ်ယောက်တည်းကိုမှ ဟောက်ရသလားဗျ။ ဟုတ်ကိုမဟုတ်ဘူး"

"အမယ်လေး. . . ရဲရယ်။ မမလည်း အဆူခံနေရတာပါပဲ။ အခန်းထဲမှာ မျက်စိဒေါက်ထောက်ကြည့်ပြီး. . . ဗျစ်တောက်ဗျစ်တောက်နဲ့ နားပူခံနေရတာပါနော်"

"ကြည့်ရတာ 'မ' နဲ့အစ်ကို တစ်ခုခုပတ်သက်ခဲ့သလိုကြီး သံသယဝင်စရာပဲ"

"ဟဲ့"

"ဟယ်. . . ရဲရင့်ကလည်း ပြောရော့မယ်။ မဟုတ်ပါဘူး"

သူမ မျက်နှာအမ်းအမ်းဖြစ်သွားတာမို့ ထိပ်ထားက မောင်ဖြစ်သူလက်ကို ဖတ်ခနဲရိုက်၍ သတိပေးလိုက်လေ၏။ သံသယတဲ့။ သံသယဝင်ရအောင် ခုချိန်ထိ သူမကို သူစကားဘယ်လိုပြောနေသလဲ။ ရဲရင့်တို့အသိဆုံးမဟုတ်လား။ လူရှေ့သူရှေ့ အော်သိုအော်



www.burmeseclassic.com

www.burmeseclassic.com



ဝေါက်လိုဝေါက်၊ ဟောက်လိုဟောက် ဆက်ဆံနေတဲ့လူနဲ့ မို့ကိုမှ သံသယဝင်နေသတဲ့လား။

"တကယ်မပတ်သက်ခဲ့ဘူးလား 'မ'ရဲ့"

"သူက မ,ကို မုန်းတောင်မုန်းနေပုံကြီးပါ ရဲရင့်ရယ်"

"ဘာဖြစ်လို့မုန်းတာလဲ"

"ဒါတော့ဘယ်သိမလဲ"

"မုန်းတယ်ဆို ဘာဖြစ်လို့ ရှုံးချုပ်ကိုခေါ်ပြီး အလုပ်ခန့်ထားသေးလဲ။ အဲဒီလူ့ခွစာကြီးကို ဘယ်လိုမှနားမလည်တော့ပါဘူး"

"သူ့စိတ်နဲ့သူ့ကိုယ်ပဲ. . . ရဲရင့်ရယ်။ 'မ'တို့လို ဝန်ထမ်းတွေ အဆင့်က ဘာများပြောလို့ရမှာလဲ"

တစ်ဝက်တောင်မကုန်သည့်ထမင်းချိုင့်ကို ပိတ်လိုက်တော့ ထားတို့မောင်နှမနှစ်ယောက်စလုံး မျက်နှာမကောင်းကြတော့ပေ။ ဒီလိုဖြစ်နေတာ အစားမဝင်တာ ခုဆို ဒီမှာအလုပ်ဝင်တဲ့ (၆)လ လုံးလုံးပါလေ။

"တော်ပြီလား မမို့။ အစားနည်းလိုက်တာ"

"နေ့လယ်မှပဲ ကော်ဖီနဲ့မုန့်စားတော့မယ် ထားရယ်။ ရင်ပြည့်နေတော့ ထမင်းမဝင်ဘူး"





"ခေါက်ဆွဲဖြစ်ဖြစ်၊ ကြာဆံဖြစ်ဖြစ် ပြုတ်ပေးရမလား မမို့။ အစ်ကို့ကိုလုပ်ပေးရင်း ပိုပြုတ်လိုက်မယ်လေ"

"အမယ်လေး! ကျားမြီးပြေးကိုင်ဆို မို့ကိုင်ပါ့မယ် ထားရယ်။ သူ့ပစ္စည်းတွေတော့ မို့ကိုယူမကျွေးလိုက်ပါနဲ့"

"ဘာဖြစ်လဲမမို့ရဲ့။ ဒီလောက်လေးတော့ သူမတွန့်တိုလောက်ပါဘူး"

"မလုပ်ပါနဲ့ ထားရယ်။ နေပါစေ"

❀

လက်ချင်းဆုပ်ကိုင်လျက် ယှဉ်တွဲဝင်လာသည့် သူမနှင့်ထိပ်ထားကို မြင်နေရပါ၏။ ဗိုက်ထဲမှာ ဆာလောင်နေသည်က ဒေါသကို ကူးလူးဖြစ်နေချေပြီ။ ဒီကောင်မလေးက ဘာကြောင့် သူမလက်ကိုမှကိုင်ရပါသလဲ။ နောက်မှအပြေးလိုက်ဝင်လာသည့် ရဲရင့်က အစ်မဖြစ်သူလက်ထဲသို့ တစ်စုံတစ်ခုကိုလှမ်းပေးလိုက်ပြီး သူမထိုင်ခုံရှေ့စားပွဲပေါ်မှာလည်း တင်ပေးလိုက်လေ၏။ သူမျက်မှောင်ကြုတ်၍ မျက်တောင်မခတ်စူးစိုက်ကြည့်နေမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မှန်ချပ်တင်ထားသည့်စာအုပ်ပေါ်မှာရှိနေသည့် အညိုရောင်ချောကလက်လေးကို သူမ ခပ်ငေးငေးကြည့်နေမိ၏။ လွန်ခဲ့သည့်ဆယ်နှစ်တုန်းက ရာဇဝင်လေးကို သတိရစေသွားတာကိုး ရဲရင့်ရယ်။ ဘာဖြစ်လို့ မို့ရဲ့အတိတ်ကိုမှ မကြာခဏလာပြန်ဆွပေးနေတာလဲ။

"မ. . . စားလေ"

"မမှ အချိုမကြိုက်ဘဲ ရဲရင့်ရဲ့"

"မကြိုက်လည်း ဒါလေးတော့စားပါဗျာ။ ကျွန်တော့်အစ်မတွေကိုချစ်လွန်းလို့ ဝယ်ကျွေးတာပါဗျာ"

ကြည့်စမ်း! ဘယ်လောက်ချစ်ဖို့ကောင်းလိုက်တဲ့ကောင်လေးပါလဲ။ ထားရဲ့မောင်ဝမ်းကွဲလေးဆိုပေမယ့် အရင်းအချာတွေလိုပဲ ရင်းနှီးချစ်ခင်တတ်တာလေ။ သူမမှာတော့ မွေးကတည်းက အဖော်ကင်းခဲ့ရတာ ခုချိန်ထိပါပဲ။

"အေးပါ။ အခုတော့ အစ်မတွေကိုချစ်တယ်ပြောမှာပေါ့။ နောက်မှ ရည်းစားလည်းရရော, မနဲ့ထားကို ချစ်ဖို့မေ့ရောဖြစ်မှာ"

"ဟာဗျာ. . . 'မ'ကလည်း"

ရဲရင့်က မျက်နှာလေးရဲသွားပြီး ရှက်ဝဲဝဲဖြင့် မျက်ခုံးကိုကုပ်





သလို ကယောင်ချောက်ချားဖြစ်သွားတော့ သူမတီးတိုးရယ်လိုက်မိပါ၏။ ဩော်. . . ဒီလိုမရယ်ပြုံးနိုင်ခဲ့တာ ကြာခဲ့ပြီပဲ။

"ထိပ်ထား"

"ရှင်, အစ်ကို"

"ငါ ချောကလက်စားချင်တယ်"

"အစ်ကို ထမင်းဖြင့်မစားသေးဘဲနဲ့"

"ထမင်းမစားချင်ဘူးဆိုမှ"

"ထား သွားဝယ်ခိုင်းလိုက်ရမလား။ ဘယ်နှခု. . ."

"ရဲရင့်ဝယ်လာပေးတာ သွားယူပေး"

စကားကိုဖြတ်ပြောလိုက်သည့်သူ့မျက်ဝန်းများက အပြင်မှာပင်။ ထိပ်ထားက အံဆွဲထဲထည့်သိမ်းထားသည့်မုန့်ကိုနှိုက်လိုက်စဉ်သူ့ထံမှ အသံထပ်ထွက်လာပြန်၏။

"ငါ အဲဒါမစားဘူး။ သူစားပွဲပေါ်ကဟာပဲ စားချင်တာ"

အမြင်ကပ်လိုက်တာနော်။ ကလေးဆိုးကြီးလို ဂျစ်တိုက်နေတာပဲ။ ထိပ်ထားခင် အခန်းပြင်သို့ ခြေဆောင့်၍ထွက်လာခဲ့ပါ၏။ ဒီလူကြီးကိုတော့ မောင်နှမနှစ်ယောက်ပေါင်းပြီး Lesson ကောင်းကောင်းပေးမှပဲ ဖြစ်တော့မယ်ထင်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



"မမို့"

"ရှင်"

"အစ်ကိုက အဲဒီချောကလက်စားချင်လို့တဲ့"

"ဘာရယ်"

"အဲဒါယူလာပေးလိုက်နော်"

စကားပြောပြီး ဘာမှမယူဘဲ ပြန်ဝင်လာသည့်ထိပ်ထားကို သူစိတ်တိုသွားရပါ၏။ ခိုင်းတာကို တမင်လုပ်မပေးတာပါလား။

"ဘယ်မလဲ. . . ငါခိုင်းတာ"

သူပြောလို့မဆုံးခင် အခန်းထဲသို့ သူမဝင်လာသဖြင့် နှုတ်ဆိတ်လိုက်ရပါ၏။ သူမက သူ့ရှေ့စားပွဲပေါ်သို့ ချောကလက်တောင့်လေးကို အသာချပေးလိုက်လေသည်။ မျက်နှာက ခုနလို မပြုံးတော့ပါလား။ သူနဲ့ဆုံတိုင်း တည်လွန်းနေတာ ဘာသဘောပါလိမ့်။

"မင်းဘယ်လိုလဲ မေမို့မို့လွင်။ သူများတကာ ပေးတိုင်းယူ၊ ကျွေးတိုင်းစားလိုက်တာပဲလား"

"ကျွန်မ မစားပါဘူး။ မစားချင်လို့တောင် ဟိုးအရင်ကတည်းက သူများတွေကိုပဲ ပေးခဲ့ကျွေးခဲ့တာ အားလုံးအသိပဲရှင့်"

"ဘာ! "





သူ ဝုန်းခနဲ ထရပ်လိုက်သဖြင့် ထိပ်ထားက အလန့်တကြား ဖြစ်သွားလေသည်။ သူမက သူဒေါသဖြစ်တာကို ဂရုမစိုက်ဘဲ လှည့်ထွက်သွားပါ၏။

"မေမို့မို့လွင်! မင်း. . ."

"ကျွန်မ အလုပ်တွေရှိသေးတယ်ရှင့်။ လူကြီးမင်း ဆူချင်ရင် ညနေရုံးဆင်းခါနီးမှပဲ ဆူပါတော့"

ကဲ! ပြီးပါလေရော။ ဒေါသက လည်ချောင်းဝမှာ ဆို့ရင်း ကျန်ရစ်တော့ ထားထံမှ ခပ်လျောင်လျောင်ရယ်ချလိုက်သံကို ကြားလိုက်ရလေ၏။

မင်းတော့ ငါနဲ့တွေ့ဦးမယ်. . . မေမို့မို့လွင်။

ခုံမှာပြန်ထိုင်လိုက်စဉ် ရဲရင့်က သူ့မျက်နှာကို ငုံ့ကြည့်စပ်စုလေ၏။

"တွေ့လား။ ကျွန်တော်ပြောတော့ 'မ'က မဟုတ်ဘူးဆို။ ဒီလူကြီး ဟုတ်ကိုမဟုတ်တော့ဘူး။ တစ်မျိုးကိုတစ်မျိုးကြီးပါလို့"

"ရှူး! တော်တော့။ တော်ကြာ လာရမ်းတာ ခံနေရဦးမယ်။ လုပ်စရာရှိတာလုပ်တော့"

စားပွဲပေါ်ရှိ ချောကလက်တောင့်လေးကိုယူကိုင်၍ ခပ်မဲ့မဲ့



www.burmeseclassic.com

www.burmeseclassic.com



ပြုံးလိုက်မိ၏။ သူမကပဲ ပြောရတယ်ရှိသေး။ ချောကလက်မစား ချင်လို့ သူများတွေကိုကျွေးခဲ့တာတဲ့။ သူ့အပြင် ဘယ်သူတွေစားခဲ့ ရပါသေးသလဲ။

အိမ်အပြန်မှာ ကားဂိတ်သို့အတူလျှောက်သွားသည့်သူမနှင့် ရဲရင့်ကို သူလှမ်းမြင်လိုက်ရပါ၏။ တစ်ရပ်ကွက်ထဲနေသည့် ယိပ် ထားကို သူ့ကားနှင့်အတူခေါ်လေ့ရှိပေမယ့် သူမကိုတော့ ခေါ်မတင် မိခဲ့။

မိုးတွေရွာချလိုက်စဉ် သူမကို ထီးမိုးပေးလိုက်သည့် ရဲရင့်၏ ကြင်နာမှုကြောင့် ဒေါသက ထောင်းခနဲ။

ကားကိုအရှိန်မြှင့်ကာ Platform ဘေးမှာ အိုင်နေသည့် ဗွက်အိုင်ထဲ ဘီးချမောင်းလိုက်စဉ် သူမတို့နှစ်ယောက်ထံမှ အာမေ ဋိတ်သံနှင့်အတူ ထား၏သက်ပြင်းရှိုက်သံက တစ်ထပ်တည်း။

မနာလိုဝန်တိုစိတ်ဆိုတာကို သူမအပေါ်မှာ သူထားရှိသင့်ခဲ့ ပါသလား။ သူသေချာမသိပါချေ။

❦ ❦ ❦



အခန်း ( ၁၅ )

အခန်းထဲဝင်လိုက်စဉ် သင်းခနဲ ရလိုက်သည်က ရှမ်ပူရနံ့။ မျက်လုံးများက ဖျတ်ခနဲရောက်သွားစဉ် သူမက ဗီရိုအထပ်တွေဖွင့် ၍ File တွေကိုသိမ်းဆည်းနေလေ၏။ ဖြန့်ချထားသည့်ဆံနွယ်စင်း စင်းတို့ကို သူအငေးသားကြည့်နေမိသည်။

လှလိုက်တာ။ တင်ပါးဆုံးထိတောင် ရောက်ခါနီးနေပြီပဲ။ ဟိုင့်ဒီငဲ့ဖြင့် တုန်ခနဲ အိသွားသည့်ဆံပင်တွေက ထိရက်စရာမရှိ။ ခေါင်းလျှော်လာတာပေါ့လေ။ မနက်အစောကြီး လေတွေဘာတွေ ဖြတ်ကုန်တော့မှာပဲဟု ပူပန်စိတ်ဖြစ်မိ၏။ ကျွတ်! မဆီမဆိုင် ဘာ တွေများ တွေးနေမိတာပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



“မရေ. . . နေ့လယ်ကျရင် ကျွန်တော် ခေါက်ဆွဲကြော် လိုက်ကျွေးမှာနော်။ ထမင်းဘူးမပါဘူးမဟုတ်လား”

သူ့နောက်မှဝင်လာသည့်ရဲရင့်ကို ဆတ်ခနဲလှည့်ကြည့်ကာ ပြုံးပြလိုက်သည့်အပြုံးက တစ်ဝက်တစ်ပျက်။ မျက်မှောင်ကြီးကြုတ်ကာ မားမားကြီးရပ်ကြည့်နေသည့်သူ့ကို တအံ့တသြပြန်ကြည့်မိလေ၏။

ဟောတော်. . . ရုံးခန်းထဲမဝင်သေးဘဲ ဘာများဆူစရာရှိလို့ ရပ်နေပြန်ပါလိမ့်။

“ဘာများဒိုင်းစရာရှိလို့ပါလဲရှင်”

“ဒီနေ့ ထိပ်ထားနေမကောင်းလို့ Leave ယူထားတယ်”

“ရှင်! ”

“အဲဒါ ထားအလုပ်တွေကို မင်းလုပ်ပေးရမယ် မေမို့မို့လွင်”

“ဟာ! မမအလုပ်နဲ့ မ,အလုပ်တွေ ရှုပ်ကုန်မှာပေါ့အစ်ကိုရ။ မမက သူလုပ်ထားတာကို သူများယူလုပ်တာ မကြိုက်မှန်း အစ်ကို သိရဲ့သားနဲ့”

“မင်းမရှည်နဲ့။ အလုပ်ကိုလည်း နောက်ကျမှလာ။ ပြီးတော့ လျှာက ရှည်သေးတယ်။ ငါပြောနေတာကြားလား မေမို့မို့လွင်”





“ဟုတ်ကဲ့ရှင့်”

“အခုလာခဲ့”

မှန်လုံခန်းထဲဝင်သွားသည့်သူ့နောက်ကျောကို နားမလည်သလိုကြည့်နေပြီးမှ ဗီရိုအံဆွဲပိတ်ရန် သတိရသွားပါ၏။ ရဲရင့်က ပြုံးစိစိမျက်နှာဖြင့် သူမနားကပ်ကာ တိုးတိုးပြောလိုက်လေသည်။

“သွားတော့လေ ‘မ’ရဲ့. . . တော်ကြာ လိုက်မလာလို့ နားအူအောင် ကျုံးခေါ်နေဦးမယ်။ သွားသွား. . . ဒါမှ ဒုတိယမြောက် ရင်ခုန်သံတွေကြားရမှာ”

“ဟယ်! မင်းစကားက ဘာကြီးတုန်း ရဲရင့်ရဲ့”

“မနဲ့ မရဲ့ First Love ကြီးလေ”

“ဟဲ့”

“ထင်တော့ထင်သား။ မမပြောမှပဲ ကျွန်တော်သိတော့တယ်။ မက အရမ်းလျှို့ဝှက်တာကိုး”

သူမမျက်နှာ ဖျန်းခနဲရဲတွတ်သွားရလေ၏။ ဘုရားရေ! ဒီကလေးတွေ ဒီကိစ္စဘယ်လိုများ သိကုန်ကြတာပါလိမ့်။ သူကတော့ (ဥပေက္ခာပြုထားပြီမို့) ဖွင့်ပြောပြမည်မထင်ပါချေ။

“မင်းတို့ဘယ်လိုသိတာလဲ။ လျှောက်မပြောနဲ့နော်။ အဲဒါတွေ

www.burmeseclassic.com

www.burmeseclassic.com



က ကြာခဲ့ပါပြီ"

"ဟုတ်လား။ မမကြီးပြောတဲ့ အစ်ကိုရဲ့ Sweet Heart အကြောင်းကို မမကတစ်ဆင့် ပြန်သိရတာလေ။ စိတ်ချ၊ မတို့ရဲ့ ပြတ်တောက်နေတဲ့ကြိုးလေးကို ကျွန်တော်တို့မောင်နှမ ရအောင်ကို ဆက်ပေးဦးမှာ"

"ရပါလိမ့်မယ် အားကြီးကြီး။ သူတို့စောင့်နေရအောင် မ၊ မရှုးသေးဘူး။ ကျောခိုင်းပြီးမှတော့ လက်ဆွဲနှုတ်ဆက်ဖို့အကြောင်း မရှိတော့ဘူး ရဲရင့်ရေ့"

"မေမို့မို့လွင်. . . ခုထိမလာသေးဘူးလား"

ကြည့်! စလာပြီ။ ခုမှ (၉)နာရီထိုးဖို့ (၅)မိနစ်တောင် လိုနေသေးတယ်။ ရုံးတက်ချိန်ဖြင့် မရောက်သေးဘူး။ ရဲရင့်ကို နောက်ကျတယ်ပြောလိုပြော၊ သူမကိုဆူဖို့အလုပ်က စတင်ပါရောလား။ မှန်လုံခန်းထဲရောက်တော့ ဆုံလည်ခုံမှာ မျက်နှာရှစ်ခေါက်ချိုးဖြင့်ထိုင်နေပုံက ကုမ္ပဏီ Director တစ်ယောက်ပုံစံနှင့်လုံးဝမတူဘဲ မူလတန်းကျောင်းသားလေး ကျောင်းမတက်ချင်ပါဘဲ ကျောင်းလာတက်ရသည့်ပုံပေါက်နေတာလေ။

"ငါ မနက်ကတည်းက ဘာမှမစားရသေးဘူး"





"အဲဒါ ကျွန်မက ဘာလုပ်ပေးရမှာလဲ"

"တစ်ခုခုပြင်ကျွေးရမှာပေါ့ကွ။ ထားဆို ငါ့မျက်နှာရိပ်မျက်နှာကဲကြည့်ပြီး ဘာလုပ်ပေးရမလဲဆိုတာ အလိုလိုသိတယ်"

"သူက လူကြီးမင်းရဲ့ Secretary လေ။ ကျွန်မက ရိုးရိုးဝန်ထမ်း။ တူမှမတူဘဲ"

"မင်းနဲ့ထားနဲ့ ယှဉ်ခိုင်းနေတာမဟုတ်ဘူး မေမို့မို့လွင်။ ဒီလိုခေါ်လိုက်တာ တစ်ယောက်မဟုတ်တစ်ယောက်ခွင့်ယူရင် လစ်ဟာမှုမရှိစေချင်လို့ မင်းကိုခန့်ထားတာ။ ရဲရင့်ကိုကူလုပ်ပေးရင် ထားအလုပ်ကိုလည်း ကူညီပေးရမှာ မင်းတာဝန်ပဲ"

"ကောင်းပြီ။ ကုမ္ပဏီအလုပ်ကိုမျှဝေလုပ်ရတာ အကြောင်းလားရှင့်။ Secretary မဟုတ်ဘဲ ကော်ဖီတော့ မဖျော်ပေးနိုင်ဘူး"

"မေမို့မို့လွင်"

"ကျွန်မ ရှင့်အိမ်က အိမ်စေမဟုတ်ဘူး ဦးမင်းသူရမောင်။ ဒီလိုမျိုး ဘာလို့အော်ငေါက်နေရတာလဲ။ ဝန်ထမ်းကို ဝန်ထမ်းဆန်ဆန်ပဲ ဆက်ဆံပါ"

"မင်းဘယ်လိုလဲကွ။ ငါ Breakfast စားဖို့လေးတောင် လုပ်မပေးနိုင်ဘူးလား။ ဘာလဲ. . . အဲဒီအတွက် လစာသပ်သပ်ထပ်ပေး



www.burmeseclassic.com

www.burmeseclassic.com



စရာလိုသလား။ ဒါဆိုရင်လည်း ငါပေးမယ်။ စိတ်ချ"

"မလိုပါဘူး။ ကျွန်မက ကိုယ့်ခွန်အားနဲ့လုပ်လို့ရတဲ့ငွေကြေးကိုပဲ တန်ဖိုးထားတယ်။ အချောင်ရတာမျိုး မယူတတ်ဘူး"

"နားရှိလို့ ကြားလိုက်ရတဲ့စကားပဲ"

ဖက်ပြိုင်မပြောချင်တော့သဖြင့် သစ်သားတံခါးကိုတွန်းဖွင့်ဝင်လိုက်ပါ၏။ နားနေခန်းထဲမှာ ရေခဲသေတ္တာနှင့် စားစရာတွေ ယှည့်ထားသည့်ဗီရို၊ ကော်ဖီနှင့်အအေးခွက်တွေက နံရံကပ်မှန်ပုံး ထဲမှာ အစီအရီ။

Auto ရေနွေးအိုးခလုတ်ကို နှိပ်ကာ ဗီရိုထဲမှ Tea Set တစ်စုံနှင့် ပန်းကန်ပြားကို ထုတ်ယူလိုက်သည်။ Butter ကိတ်အိတ်ခွံလေးတွေကိုသေချာဖွင့်၍ ပုံမပျက်အောင် ပန်းကန်ထဲမှာ စီထည့်လိုက်ပါ၏။ ရေနွေးဆူလာတော့မှ Coffee Mix တစ်ထုပ်ကို Mate နှစ်ထုပ်နှင့် ခပ်စိမ့်စိမ့်လေး ဖျော်လိုက်ပါသည်။

နားရှိလို့ကြားလိုက်ရတဲ့စကားတဲ့။ ဟုတ်တာပေါ့။ တစ်ချိန်တုန်းကတော့ လိုရင်လိုသလို မိဘနှစ်ပါးထံမှနှစ်ခါတောင်မတောင်းရဘဲ အလွယ်ယူသုံးတတ်ခဲ့တာပါ။ ဘွဲ့ယူပြီးချိန်ထိ အလုပ်လုပ်ဖို့ဝါသနာမပါဘဲ (အသည်းကွဲလိပ်ပြာလေးလို) လေလွင့်ပျော်ပါးနေ





ခဲ့တာလေ။ ဖေဖေ့ကုမ္ပဏီမန်နေဂျာရဲ့ တရားမဝင်ဆေးဝါးသတင်းကြောင့် လျော်ကြေးပေးရတာရော၊ မသင်္ကာမှုနဲ့ ပစ္စည်းတွေအသိမ်းခံပြီးရတဲ့နောက်မှာ သူမရဲ့ခပ်ကျဲကျဲခြေလှမ်းတို့က အလိုလိုရပ်ခဲ့ရတာပါ။

Shair တွေထုတ်ပြီးကတည်းက ကုမ္ပဏီခွဲကိုမနည်းထူထောင်ထားရတဲ့ဖေဖေ။ ယုံမိတဲ့မန်နေဂျာတစ်ယောက်ကြောင့် စီးပွားပျက်ပြီး အိပ်ရာထဲပုန်းပုန်းလဲခဲ့တာပါပဲ။ Cancer ရောဂါကို (၆)နှစ်လောက် အလူးအလဲခံပြီး (ကုစရာဘာမှမရှိတော့) မှ မျက်စိမှိတ်သွားခဲ့တာ။ လောကအလယ်မှာ ဘာမှမလုပ်တတ်ဘဲ သားအမိနှစ်ယောက် မျက်နှာငယ်နဲ့ ကျန်ရစ်ခဲ့ရတာလေ။

ဘဝပါမက နာမည်ပါပျက်သွားခဲ့လေတော့ ဖေဖေ့ဆွေမျိုး၊ မေမေ့ဆွေမျိုးတွေရဲ့ ဥပေက္ခာပြု ပစ်ပယ်ခြင်းကို ရင်နာနာနဲ့ခံယူခဲ့ရတာပါ။ တစ်ချိန်က လက်မထောင် ခေါင်းမော့ခဲ့တဲ့ မေမေ့ရဲ့မာနတွေ အရည်ပျော်ကုန်ပေမယ့် သူမကတော့ လက်ကျန်ခွန်အားလေးနဲ့ မာန်တင်းထားခဲ့ရတာအမှန်ပါပဲ။

ဟုတ်ပါတယ်။ ငွေကိုတန်ဖိုးမထားတတ်ခဲ့တဲ့မိန်းကလေးကို ရှင်အထင်သေးခဲ့တာ မဆန်းပါဘူး ဦးမင်းသူရမောင်။ ကျွန်မက



www.burmeseclassic.com

www.burmeseclassic.com



ရှင်အထင်ကြီးလေးစားတဲ့မိန်းကလေးတစ်ယောက်မှ မဖြစ်ခဲ့တာလေ။ ကော်ဖီခွက်နှင့် မုန့်ပန်းကန်ကို စတီးလင်ဗန်းထဲထည့်ကာ သယ်လာပြီး သူ့စားပွဲထက်မှာ အသာပြင်ပေးလိုက်ပါ၏။

သူက ကော်ဖီကိုတစ်ငုံသောက်လိုက်ပြီ ခေါင်းညိတ်လိုက်ပါ၏။

"ဆံပင်တွေ ကောင်းကောင်းမခြောက်သေးဘူး မဟုတ်လား။ ဘာဖြစ်လို့ မနက်အစောကြီး ခေါင်းလျှော်လာရတာလဲ"

'သေချင်လို့ပေါ့ရှင်' ဟူသည့်စကားကို ပြောချလိုက်ချင်ပေမယ့် မပြောဖြစ်။ ဒါ သူနဲ့ဘာဆိုင်လို့ ဆူရပြန်တာလဲ။

"မေးရင်ဖြေလေ"

"လျှော်ချင်လို့ပေါ့"

"မိုးတွင်း ဒီလောက်အေးတာ အန္တရာယ်ရှိမှန်း မင်းမသိဘူးလား။ ခုပဲကြည့်. . . ထားလည်းဖျားနေပြီ"

"ကျွန်မက ရှင့်ထားလောက် မပျော့ဘူး။ ဖြစ်ရင်လည်း ဗိုင်းခနဲ ဦးနှောက်ကြောပြတ်ရုံပဲ"

"မေမို့မို့လွင်. . . မင်းမရွဲ့နဲ့နော်"

"ကျွန်မ မှန်တာပြောနေတာပဲရှင့်"





"နေစမ်းပါဦး။ ထားနဲ့ငါ့ကိုဘယ်လိုထင်ပြီး မင်းပြောနေတာလဲ"

"ဘယ်လိုမှမထင်ဘူး။ ကျွန်မ, ကိုယ့်ကိစ္စကလွဲပြီး သူများကိစ္စတွေ စိတ်မဝင်စားတတ်ဘူးရှင့်"

"မင်းနော်"

"လူကြီးမင်းကြာမယ်ဆို ကျွန်မ ခဏနေမှပဲ လာသိမ်းပေးပါမယ်။ ခွင့်ပြုပါဦး"

သူမကိုမတားနိုင်ခင် ရုံးခန်းထဲသို့ လူတစ်ယောက်ဝင်လာလေ၏။ အဝင်အထွက်ဆုံသွားစဉ် ထိုလူက သူမကိုခေါင်းလည်သည်ထိ လှည့်ကြည့်လိုက်သဖြင့် သူ့မျက်စောင်းက ဗိုင်းခနဲရောက်သွားပါသည်။

"ဘာလာလုပ်တာလဲကွ"

"မင်းရဲ့ Secretary... လား"

"ငါမေးတာ အရင်ဖြေ"

"သဘော်ာက မနေ့က ဆိုက်လို့လာတာပဲလေကွာ။ ဘယ်လိုကြီးကြိုလိုက်တာလဲ"

"ဒါဆို Phone ဆက်ပြီး ချိန်းမှပေါ့ကွ။ အလုပ်ချိန် လာရှုပ်



www.burmeseclassic.com

www.burmeseclassic.com



ရတယ်လို့"

"မင်း Secretary တောင့်တယ်သတင်းကြားလို့ အလစ်လာကြည့်တာလေ။ မဆိုးဘူး. . . ယဉ်ယဉ်လေးလှသား"

ကျွဲမြီးတိုရပြန်ချေပြီ။ ဘုမသိဘမသိ စွတ်ပြောနေတာပါလား။ ဟိုတစ်ယောက်ကလည်း ဒီနေ့မှ လှတပတလေးဝတ်လာပြီး ဆံပင်တွေဖြန့်ချထားတာမို့ ရှိရင်းစွဲအသက်ထက် ပိုပြီးနုငယ်နေပုံပင်။

"အဲဒါ ငါ့ Secretary မဟုတ်ဘူး။ ထားက ဖျားနေလို့ ခွင့်ယူထားတယ်"

"ဒါဆို သူက ဘာလဲ"

"ဘာပဲဖြစ်ဖြစ် မင်းအပူလား။ အခု ငါမအားဘူး။ စားချင်ရင် Sunday မှ ချိန်းပါ။ ပြန်တော့"

"အလိုလေး! ခရီးဝေးက ပြန်လာတဲ့သူငယ်ချင်းကို အားမနာလျှာမကျိုး, နှင်ရလားဟ"

"လှည့်မကြည့်နဲ့။ သူ့မှာ သက်ဆိုင်သူရှိတယ်"

"သူ့ဘေးက ကောင်လေးလား"

"မဟုတ်ဘူး, ငါ"





"သေစမ်း! "

ဇင်မင်းက နဖူးကို ဖြန်းခနဲရိုက်လိုက်လေ၏။ လျှာအရသာရှိသွားသလိုပဲ။ ဖျော်တိုက်တဲ့ကော်ဖီထက်တောင် စိမ့်လှချည်လား၊

"အဲဒါ စောစောက ပြောပါတော့လား"

"ပြောစရာလား။ မင်းဟာမင်း, ဘူးထနေပြီးတော့"

"နေစမ်းပါဦး။ ဒီပြန်ရောက်တာ တစ်နှစ်လားနှစ်နှစ်လားရှိသေးတယ်။ မင်းနဲ့ဘယ်လိုငြိသွားတာလဲ"

"လျှောက်စစ်မနေနဲ့၊ အကျိုးမရှိဘူး။ ရေသောက်မြစ်က လွန်ခဲ့တဲ့ဆယ်နှစ်ကတည်းက ခိုင်ခဲ့တာ။ ခုမှ ထကြောင်တယ်မထင်နဲ့"

"အားပါးပါး. . . ဖွဲ့ကတော့ မသေးဘူးဟေ့"

သူမ ပြန်ဝင်လာတော့ ဇင်မင်းက မသိမသာခိုးကြည့်ကာ ပြုံးပြလေ၏။ သူမက ဘာမှမသိသဖြင့် ခပ်တည်တည်သာ။

"ကိုယ့်သူငယ်ချင်းအတွက် တစ်ခုခုဖျော်ပေးပါ မေမို့လွင်"

"ဟုတ်ကဲ့"

သူမက သူသောက်ပြီးသည့်ပန်းကန်တွေကိုသိမ်း၍ ထွက်သွားစဉ် ဇင်မင်းနှုတ်မှ ဝေဖန်သံထွက်လာပြန်၏။

"လှလိုက်တဲ့ဆံပင်တွေကွာ။ ဒီခေတ်မှာ ရှာလို့မှတွေ့တော့



www.burmeseclassic.com

www.burmeseclassic.com



ဘူးလို့ထင်ထားတာ။ အခုမှပဲတွေ့ရတော့တယ်"

"ဘာလဲ. . . ကိုင်ကြည့်ချင်လာလို့လား။ ဒါ မြန်မာပြည်နော်။ ဟိုနိုင်ငံက ပေါင်ဖြူမလေးတွေလို အခွင့်အရေးယူလို့ရမယ်မထင်နဲ့။ မင်းပါးကြီး (၁၆) စိတ်လောက် ကွဲသွားမယ်"

"(၁၆) စိတ်မကွဲခင် မင်းလက်သီးကို ငါအရင်မြည်းရမှာ မဟုတ်လား။ ငါသိပါတယ်ကွ"

လာချပေးသည့်ကော်ဖီကိုမော့သောက်ရင်း ဇင်မင်းပြုံးတော့ သူဖြတ်ရိုက်ချင်စိတ်ပေါက်မိ၏။ ဒီနေ့ပဲ သူမဖျော်တိုက်တဲ့ကော်ဖီကို သူသောက်ခွင့်ရတာ။ ခုတော့ ဒင်းပါ အချောင်သောက်နေရပြီကိုး။

"Good ! စိမ့်နေတာပဲ"

"မင်းကံကောင်းတယ်မှတ်။ ခါတိုင်း ထား ဖျော်ပေးနေကျ။ ဒီနေ့မှ သူဖျော်တိုက်တာကို မင်းသောက်ရတာ"

"ငါက ခဏာပဲကံကောင်းတာ။ မင်းကတစ်ဘဝစာကံကောင်းတာပါ သူရရာ"

သေချာလို့လား။ သူနှင့်သူမရဲ့အနာဂတ်က မှုန်ဝါးဝါးဖြစ်နေတာအမှန်ပါပဲ။ မေမေကတော့ ခုချိန်ထိ တစ်ချိန်က ငါးကလေး





အိုးကပ်ဟင်းနှင့် ချဉ်ပေါင်ဟင်းကို မြိန်ရှက်စွာ စားသောက်သွားခဲ့သည့်ကောင်မလေးကို သတိရနေဆဲတဲ့။ ခုချိန် သူခေါ်သွားရင် ဘယ်လောက်များ ပျော်ရွှင်သွားမလဲ။ အသက်ရဲ့ညီမ ထားတစ်ယောက် သူ့အိမ်ဝင်ထွက်နေပေမယ့် မေမေ့နှုတ်က 'သမီးလေး'ဟူသည့်ဝိသေသမျိုး တစ်ခါမှထွက်မလာပါချေ။

ရုံးဆင်းတော့ သူမနှင့်ရဲရင့်ရှေ့မှာ ပိတ်ရပ်နေသည့်လူတစ်ယောက်နှင့်ကားတစ်စီးကြောင့် သူအံ့ဩမိသွားရလေသည်။ သူမက အိတ်ထဲမှ Phone ကိုထုတ်၍ ထိုလူ့လက်ထဲသို့ထည့်ပေးလိုက်လေ၏။

"ဘာလဲမို့ရာ"

"မို့မယူချင်ဘူး ကိုထက်။ တောင်းပန်ပါတယ်"

"ကိုယ်ဘယ်လိုဆက်သွယ်ရမှာလဲ"

"မလိုဘူးလေ။ မို့က ကိုထက်ကုမ္ပဏီကဝန်ထမ်းမှ မဟုတ်တော့တာ"

"ဒီလောက်ကြီး မစိမ်းပါနဲ့လားမို့ရယ်။ ကိုယ်တို့က ခုမှသိတဲ့သူစိမ်းတွေမှမဟုတ်တာကို။ ကိုယ့်ကားနဲ့လိုက်ခဲ့ပါ"

"ကျေးဇူးပါပဲ။ မို့ လိုင်းကားပဲစီးမှာမို့ မလိုက်ပါရစေနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မေမေကတောင် မို့, မလာလို့ပြောနေသေးတာ မို့ရဲ့"

"ဟုတ်လား။ မို့ကျေးဇူးတင်ကြောင်း အန်တီချယ်ရီ့ကိုပြောပေးပါ ကိုထက်"

"တကယ်မလိုက်ဘူးလား မို့"

"ခက်လိုက်တာ ကိုထက်ရယ်။ မို့က အရင်ဘဝကို မေ့ထားပြီးတဲ့လူပါ။ ကိုယ်ပိုင်ကားတွေကို ခဏစီးမိသွားရင် အကျင့်ပျက်သွားမှာစိုးတယ်ရှင့်"

"တစ်သက်လုံးခေါ်ပြီးတင်သွားလို့ရတာ မို့သိပါတယ်ကွယ်။ မေမေက. . . ကိုယ်နဲ့ဖေဖေ့ကြောင့် မို့နဲ့ပတ်သက်ပြီး ဘာတစ်ခုမှ မပြောတော့တာအမှန်ပါ"

ကြည့်စမ်း! ဒါဆို ဒါ ထက်စည်သူအောင်ပေါ့။ သူမနှင့်စေ့စပ်ဖို့ပြင်ခဲ့တဲ့လူပါလား။ စကားပြောနေတာ တော်တော်ကြာနေပြီမို့ ထိုကားကိုကျော်၍ သူကားကိုစက်သပ်လိုက်ကာ ဆင်းလိုက်ပါ၏။

"ဘာဖြစ်နေလဲ ရဲရင့်"

"ဘာမှမဖြစ်ပါဘူးအစ်ကို။ ဟိုဟာပါ, 'မ'ရဲ့အသိ"

"မပြန်သေးဘူးလား မေမို့မို့လွင်။ ကားကျပ်မယ်ထင်ရင် ကိုယ်ပြန်လိုက်ပို့ပေးမယ်။ တက်ပါ"





"ကျေးဇူးတင်ပါတယ်။ ကျွန်မ မောင်လေးနဲ့အတူ လိုင်းကားပဲစီးပြီးပြန်မှာမို့ ခွင့်ပြုပါဦးရှင်"

နှစ်ယောက်စလုံးကို ရောနှုတ်ဆက်လိုက်ပြီး ကားဂိတ်သို့ဆက်လျှောက်လာခဲ့၏။

"အဲဒါ ဘယ်သူလဲဟင် 'မ'"

"မကို မိဘတွေ ဦးဆုံးစေ့စပ်ပေးတဲ့လူပါ"

"ဗျာ! "

"အဲဒီတုန်းကတော့ မောင့်ကိုချစ်တဲ့စိတ်တွေရဲ့ အင်အားနဲ့ ခါးသီးစွာငြင်းဆန်ခဲ့တာပါလေ"

"ဒါဆို သူက ခုထိ ဖွဲ့မလျှော့သေးတဲ့သဘောလား။ ဟုတ်လား'မ' "

"ဟုတ်မှာပေါ့။ ဒါပေမဲ့. . . မ,သဘောထားက ဘယ်တော့မှ ပြောင်းသွားမှာမှ မဟုတ်ဘဲ"

Bus ပေါ်တက်သွားသည့် သူမနှင့်ရဲရင့်ပျောက်သွားမှ သူတို့နှစ်ဦး သတိဝင်သွားပါ၏။ တစ်ယောက်ကိုတစ်ယောက် စူးစူးရဲရဲကြည့်လိုက်ပုံက ရန်သူတွေသဖွယ်။

"မင်းသူရမောင်ဆိုတာ ခင်ဗျားလား"



www.burmeseclassic.com

www.burmeseclassic.com



"မရိုင်းပြန့် ထက်စည်သူအောင်။ ငါ့ မင်းထက်သုံးနှစ်တောင်ကြီးတာကို သိထားပါ"

"မဆိုင်ပါဘူး။ မင်းမပတ်သက်တော့တဲ့မို့ကို ဘာဖြစ်လို့ ငါ့နားက ခေါ်ထုတ်သွားရတာလဲ"

"သူ့ကို မင်းပိုင်တာမှမဟုတ်ဘဲ။ ပိုင်ဖို့နေနေသာသာ ဆိုင်ခွင့်တောင် ရလို့လား"

"ငါနဲ့မို့ကို လူကြီးတွေက ဟိုးအစောကြီးကတည်းက သဘောတူထားတာကွ"

"သွားစမ်းပါ! ပုံပြင်တွေ လာပြောမနေနဲ့။ သူသာ ခေါင်းညိတ်ခဲ့ရင် အခုဆို မင်းတို့မင်္ဂလာဆောင်ပြီးတာ ကြာရောပေါ့။ သူ့နှလုံးသားကို မလှုပ်ကိုင်နိုင်ဘဲ ဆက်ကြိုးစားမနေနဲ့ ထက်စည်သူအောင်။ မင်းအတွက် အချိန်ကုန်တာပဲ အဖတ်တင်လိမ့်မယ်"

"တောက်! "

ကားပေါ်တက်စက်နှိုးမောင်းခဲ့စဉ် ဒေါသက တအုံနွေးနွေး။ ပြိုင်ဘက်ဆိုတာ ပြိုင်လူမှ ရှိတာမျိုးမဟုတ်လား။ သူက သူမကို ပိုင်ဆိုင်ဖို့ ကြိုးစားနေမိလို့လား။ မဟုတ်သေးပါဘူး။ ကျောခိုင်းနောက်ဆုတ်ခဲ့တဲ့ခြေလှမ်းတွေကို ဘာဖြစ်လို့ ပြန်ရေတွက်ရမှာလဲ။





ကားကက်ဆက်ကို ထောက်ခနဲ နှိပ်မိစဉ် အဆိုတော်လေး၏ ဆွေးသျှလျှအသံက ညဥ့်ယံမှာ ပျံ့လွင့်လာလေသည်။

"ညလေးများ ××× မေ့ပျော်ဖို့ခက်နေ ××× အာရုံမှာ ××× အိပ်မက်များမှာလည်း မင်းမျက်နှာ ××× ငြိမ်သက်ပြီးစောင့် ကိုယ့် ရင်ကို ××× တစ်ခါပြန်လှုပ်ခတ်ဖို့ စွဲငင်တဲ့မင်းဟာ သိပ်ပြီးတန်ခိုးရှိတယ် ×××

မြေပြင်ကမ္ဘာ ××× အိုကောင်းကင်ကြီးထက်မှာ ××× နေရာတကာ ××× ကိုယ်ထင်ပြနိုင်တဲ့မင်းပေါ့ကွာ ××× ရှောင်လို့တိမ်းလို့ မလွတ်နိုင်ပါ ××× ကြုံဆုံတယ်မင်းနဲ့ဘဝ ××× ရှေ့ကို ဘယ်လိုများ ရင်ဆိုင်ရမှာ ×××

နောက်ဆုတ်ဖို့ကြိုးစားရင်း ရှေ့တိုးမိ ××× မေ့ပျောက်ဖို့ အားထုတ်မှ ပိုမိုကာ သတိရမိ ××× နောက်ဆုတ်ဖို့ကြိုးစားရင်း ကိုယ်ရှေ့တိုးမိ ××× မေ့ပျောက်ဖို့အားထုတ်မှ သတိက ရနေပြန်မိ ×××

မြေပြင်ကမ္ဘာ ××× အိုကောင်းကင်ကြီးထက်မှာ ××× နေရာတကာ ××× ကိုယ်ထင်ပြနိုင်တဲ့မင်းပေါ့ကွာ ××× ရှောင်လို့တိမ်းလို့မလွတ်နိုင်ပါ ××× ကြုံဆုံတယ်မင်းနဲ့ဘဝ ××× ရှေ့ကို ဘယ်လိုများ ရင်ဆိုင်ရမှာ ×××

နောက်ဆုတ်ဖို့ကြိုးစားရင်း ရှေ့တိုးမိ ××× မေ့ပျောက်ဖို့ အားထုတ်မှ ပိုမိုကာ သတိရမိ ××× နောက်ဆုတ်ဖို့ ကြိုးစားရင်း ကိုယ်ရှေ့တိုးမိ ××× မေ့ပျောက်ဖို့ အားထုတ်မှ သတိက ရနေပြန်မိ ×××



www.burmeseclassic.com

www.burmeseclassic.com



အားနည်းချက်တွေရှိလို့ ရှောင်ဖို့ကြိုးစားခဲ့သူမှာ ××× အသည်းနှလုံးရဲ့ခြေလှမ်းကို ××× အို တားလို့မရပါ ×××

နောက်ဆုတ်ဖို့ကြိုးစားရင်း ရှေ့တိုးမိ ××× မေ့ပျောက်ဖို့ အားထုတ်မှ ပိုမိုကာ သတိရမိ ××× နောက်ဆုတ်ဖို့ကြိုးစားရင်း ကိုယ်ရှေ့တိုးမိ ××× မေ့ပျောက်ဖို့အားထုတ်မှ သတိက ရနေပြန်မိ ×××

ကားကို လမ်းဘေးတစ်နေရာမှာ ထိုးရပ်လိုက်ရ၏။ စီရာတိုင်ပေါ် မျက်နှာကိုမှောက်ချလျက် ငြိမ်သက်နေမိစဉ် ပါးပြင်ထက် မျက်ရည်ပူတို့ စီးကျသွားလေသည်။ ဒါမျက်ရည်တွေလား။ သူခံစားနေရသမျှကိုမြင်ပြီး ရေးပေးလိုက်သလား တေးရေးဆရာရယ်။

မပြည့်စုံလို့ဝေးခဲ့ကြတာ တကယ်ပါ။ လောကမှာ ဘာအရေးကြီးဆုံးလဲဆိုပြီး သိမ်းကျုံးရှာဖွေခဲ့တာကငွေ။ ဒီငွေတွေရှိလာတော့ရော သူ့ဘဝကြီး ပြည့်စုံသွားရောလား။ ဟင့်အင်း. . . အမြဲတမ်းကွက်လပ်တွေ ရှိနေဆဲပါပဲ။ ဒီကွက်လပ်ကို ဘယ်သူကများ လာပြီးဖြည့်ဆည်းပေးနိုင်မှာတဲ့လဲ။

ဘာမှမရှိရာက ရှိလာတဲ့သူထက် ရှိနေ,နေရာက မဲ့သွားတဲ့သူမ။ ဒီကွာခြားမှုမှာ အဲဒီပြောင်းလဲမှုကို သူမဘယ်လိုရင်ဆိုင်ကျော်ဖြတ်ခဲ့ပါသလဲ။ တစ်ချိန်က ငယ်ရွယ်စိတ်နဲ့ လှုပ်ခတ်တဲ့အမူအရာ





တွေနေရာမှာ ရင့်ကျက်တည်ငြိမ်တဲ့အပြုအမူက အစားထိုးနေချေပြီ။ အရင်က မာနကြီးပြီး လျှောင်ပြုံးပြုံးလေ့ရှိတဲ့နှုတ်ခမ်းထက်မှာ နွမ်းလျလျအပြုံးတို့ ခိုသီနေလေပြီ။ ဒါဖြင့် အရင်တုန်းက ချစ်ခြင်းတွေကရော။

အားလုံးကို မေ့နိုင်ခဲ့ပြီလား။ ရိုက်ဖို့ရွယ်ခဲ့တဲ့လက်ဝါးပြင်နဲ့ မတွေ့ထိလိုက်ရတဲ့ပါးပြင်။ နူးညံ့တဲ့ထိတွေ့ခြင်းနဲ့ မေးဖျား။ ဒါဟာ အိပ်မက်တစ်ခုမှမဟုတ်ခဲ့ဘဲ။ မြီးကောင်ပေါက်မလေးရဲ့လှည့်စားမှုမျိုးနဲ့ သူ့ကိုလှည့်ပတ်ကစားခဲ့တာမျို မဟုတ်မှန်း အလိုလိုသိနေနိုင်ပါတယ်။

“ဘယ်တော့မှ အောင်မြင်မယ်ဆိုတာကို ကာလအတိအကျမသိနိုင်ပေမယ့် မို့စောင့်နိုင်ပါတယ်။ ငါးနှစ်လား။ ဒါမှမဟုတ် ဆယ်နှစ်လား။ ဘယ်လောက်ကြာကြာ မို့စောင့်နိုင်ပါတယ်။ မောင့်ကိုသစ္စာရှိရှိနဲ့ မို့စောင့်နေမှာပါ”

နားနားမှာ ကပ်ပြောလိုက်သံများလား။ တကယ်ပဲစောင့်နေခဲ့သလားကွယ်။ ဟင့်အင်း. . . မဖြစ်နိုင်ဘူး။ သူ့ကိုကြည့်လိုက်တဲ့အကြည့်တွေမှာ စိမ်းသက်ခြင်းတစ်ခုကလွဲပြီး မည်သည့်မျှော်လင့်စောင့်ဆိုင်းခြင်းတို့မှ ရှိမနေတာလေ။



www.burmeseclassic.com

www.burmeseclassic.com



"အစစအရာရာအတွက် မောင့်ကိုကျေးဇူးတင်ပါတယ်"

ပြီးဆုံးခဲ့ပြီလား။ ဖျတ်ခနဲအက်သွားခဲ့တဲ့နှလုံးသားနဲ့ထပ်ကူနှုတ်ဖျားမှ တိုးထွက်လာသည့်အသံက တစ်ခုတည်းသာ။ ပါးပြင်ထက်မှာတော့ မျက်ရည်တွေက စိုရွှဲလို့ပါလေ။

"မေ. . ."

❁ ❁ ❁



## အခန်း ( ၁၆ )

"ဘယ်သူများလဲလို့၊ ညကြီးရောက်လာရသလား. . . သားအောင်ရယ်"

"မို့အိပ်နေပြီလား အန်တီသက်"

"မအိပ်သေးပါဘူး။ ခုပဲ ရေချိုးထမင်းစားပြီးတာ။ လာလေသား"

အိမ်ရှေ့ခန်းမှတက်လာသံနှင့် စကားပြောသံသဲ့သဲ့ကြောင့် စာအုပ်ဖတ်နေရာမှ သူမ ထထွက်လာခဲ့၏။ ဧည့်ခန်းရှိ ဆက်တီခုံမှာ ထိုင်နေသည်က ကိုထက်ဖြစ်နေလေသည်။

"ညကြီးမိုးချုပ် ဘာကိစ္စရှိလို့လဲ ကိုထက်"



www.burmeseclassic.com

www.burmeseclassic.com



"ပြောစရာရှိလို့ပါ"

"အဲဒါ လင်းလင်းချင်းချင်းမလာဘဲနဲ့ သားရယ်"

"မို့က မိုးလင်းကနေ မိုးချုပ် အလုပ်သွားနေရတာလေ. . . အန်တီသက်ရဲ့။ ကျွန်တော် Hand Phone ဝယ်ပေးတာကိုလည်း ပြန်ပေးတော့ ဒီအချိန်ကြီး အိမ်ကိုလာရတော့တာပေါ့"

"မို့ပြောပြီးပြီလေ။ မို့ သူများပစ္စည်းကို အလကားယူမထားချင်ဘူးလို့"

"ကိုယ်က မို့နဲ့မရင်းနှီးတဲ့သူစိမ်းများဖြစ်နေလို့လား"

"ယယ်သူငယ်ချင်းဆိုတာ သူစိမ်းတွေပဲလေ ကိုထက်ရဲ့။ ထားပါတော့။ ဒါတွေတောင်ကြာခဲ့ပြီပဲ"

ကိုထက်ရှေ့ခုံမှာ မေမေနှင့်အတူဝင်ထိုင်လိုက်ပါ၏။ ကိုထက်မျက်နှာက မီးရောင်အောက်မှာ ပျက်လုလုဖြစ်နေတာပါလား။ ဘာတွေများဖြစ်လာခဲ့တာပါလိမ့်။

"ဘာပြောချင်လို့လဲသား"

"ကျွန်တော်. . . ကျွန်တော်၊ မို့ကိုလက်ထပ်ပါရစေ အန်တီသက်"

"ကိုထက်"





"နေဦး သမီး၊ သားဆက်ပြောပါစေ"

"မို့ကို. . . မို့ကို ကျွန်တော်ပိုင်ရမှဖြစ်မှာမို့ပါ။ ဘာကြောင့်လဲဆိုတော့ ကျွန်တော့်မှာ ပြိုင်ဘက်ရှိနေလို့ပါပဲ"

"မဖြစ်နိုင်ဘူး။ ကိုထက်မှာ သွယ်ရှိပြီးသားလေ။ သွယ်နဲ့ကိုထက်ကို မိဘတွေသဘောတူထားတာမဟုတ်လား။ ဘာလို့ ဒါတွေလာပြောနေရတာလဲ"

"ကိုယ်၊ သွယ့်ကိုခေါင်းခါလိုက်တာကြာပါပြီ"

"ကျွတ်! ခက်တာပဲ"

"ချယ်ရီ ဘာမှမပြောဘူးလားသား"

"စေ့စပ်ပွဲလုပ်ဖို့ပျက်သွားတုန်းကတော့ တော်တော်စိတ်ဆိုးသွားပါတယ်။ ဒါပေမဲ့ ဖေဖေက ကျွန်တော့်စိတ်ကိုနားလည်နိုင်တဲ့သူမို့ မေမေနဲ့အတိုက်အခံဖြစ်ပြီးမှ လက်သင့်ခံခဲ့တာပါ။ အခု မေမေက ကျွန်တော် အိမ်ပြန်လာတိုင်း ဘယ်တော့ မို့လိုက်လာမှာလဲလို့ အမြဲမေးနေတဲ့သူဖြစ်နေပါပြီ"

စကားဝိုင်းက ခဏမျှတိတ်ဆိတ်သွားခဲ့ပါ၏။

မျှော်နေတဲ့သူတဲ့လား။

မို့ရောက်သွားတုန်းက မဲ့ရွဲ့တဲ့မျက်နှာပေးနဲ့ ဆက်ဆံလိုက်တဲ့



www.burmeseclassic.com

www.burmeseclassic.com



အန်တီချယ်ရီ့ကို ဘယ်လိုအကြည့်မျိုးနဲ့ စကားပြောဆိုရပါ့မလဲ။ ပြည့်စုံတဲ့မိန်းကလေးကိုသာ ရွေးမတော်ချင်ပုံပါ။ မို့လိုဘာမှရှိမနေတဲ့မိန်းကလေးကို တစ်သက်လုံးနှိပ်ကွပ်ဆက်ဆံသွားတာမျိုး မို့အဖြစ်မခံပါရစေနဲ့။ ကိုထက်ကို အစ်ကိုလို သူငယ်ချင်းလိုထက် ပိုမချစ်နိုင်တဲ့မို့ကို နားလည်ပေးပါတော့လား။

"အန်တို့သဘောကရော ခင်ဗျာ"

"ဒီကိစ္စက သမီးဆုံးဖြတ်ရမယ့်ကိစ္စမို့ အန်တီမပါနိုင်ဘူးသား။ သမီးပဲပြောပါလိမ့်မယ်"

အန်တီသက်က သူမကိုလှည့်ကြည့်လိုက်ပါ၏။ ညဘက်မို့ဆံပင်တွေကိုတစ်ပတ်လျှိုရစ်ပတ်ထားသဖြင့် ကပိုကရိုလေးဖြစ်နေလေသည်။ သူမ မည်ကဲ့သို့ဆုံးဖြတ်ပေးမည်နည်း။

"ပြောပါမို့"

"မို့ငြင်းပါတယ် ကိုထက်"

"မိုးရယ်, မေမေ့ကို စိတ်ခုနေတုန်းမို့ ခုလိုပြောလိုက်တာလား။ ကိုယ်တောင်းပန်ပါတယ်"

"မဟုတ်ပါဘူး။ မိုး, ကိုထက်ကိုငြင်းတာ အခုမှမဟုတ်တာဘဲ။ ဒါကို ကိုထက်သိပါတယ်လေ"





"မို့စောင့်ဆိုရင် ဘယ်အချိန်ထိပဲဖြစ်ဖြစ် ကိုယ်စောင့်ပါ့မယ်ကွယ်"

"ဟင့်အင်း. . . ကိုထက်စောင့်ဖို့မလိုပါဘူး"

"ဒါဆိုရင် အဲဒီအလုပ်ကနေ ထွက်လိုက်ပါ. . . မို့အတွက်အန္တရာယ်ရှိတယ်"

"ဘယ်လို! သားဘာကိုဆိုလိုတာလဲ"

"အဲဒီမှာ ကျွန်တော့်ပြိုင်ဘက်က မို့ကိုအချိန်မရွေးဒုက္ခပေးနိုင်တာမို့ပါအန်တီ"

မေမေက ရင်ဘတ်ဖိလျက် ကြည့်လိုက်လေ၏။ ဘာကြောင့်ဒီလိုပြောရတာလဲကိုထက်ရယ်။ သူက ကိုထက်နဲ့ဘယ်တုန်းကမှ ပြိုင်ဘက်မဟုတ်ခဲ့ပါဘူး။ ဟိုးတုန်းကလည်း မို့ကိုရအောင်ယူခဲ့တဲ့သူမဟုတ်ခဲ့ဘူး။ ဒီလိုပဲ အခုလည်း မို့အနီးကိုလျှောက်လာတဲ့သူမှမဟုတ်ဘဲလေ။

"ကိုထက်,ထွက်စေချင်သလို မို့လွယ်လွယ်နဲ့ထွက်လို့မှမရဘဲ"

"ဘာဖြစ်လို့လဲ"

"မို့, ငါးနှစ် Bond ထိုးထားရတယ်။ မလျော်နိုင်ဘူး"

"ဘယ်လောက်မို့လဲ၊ ကိုယ်စိုက်လျော်ပေးမယ်လေ။ အဲဒီမှာ



www.burmeseclassic.com

www.burmeseclassic.com



နေရတာ မို့စိတ်မချမ်းသာဘူးမဟုတ်လား။ ဘာဖြစ်လို့ စိတ်ဆင်းရဲခံပြီး တွယ်ကပ်နေမှာလဲ"

"မို့လက်မခံပါရစေနဲ့။ ဒီငွေကိုစိုက်ပေးလို့ အကြွေးနဲ့အသိမ်းခံရတဲ့ဘဝမျိုးလည်း မို့အရောက်မခံနိုင်ပါဘူး။ ပြီးတော့ ကိုထက်ယူဆထားသလို သူက မို့ကိုပိုင်ဆိုင်ဖို့ကြိုးစားမယ့် ကိုထက်ရဲ့ပြိုင်ဘက်လည်းမဟုတ်ပါဘူး။ ဒါကြောင့် စိုးရိမ်မနေပါနဲ့"

"မို့ရယ်, နှစ်ရှည်လများစောင့်စားခဲ့တဲ့ကိုယ့်ကို နည်းနည်းမှ မငဲ့ညှာနိုင်ဘူးလား။ သူ့မှာ ကိုယ့်ထက်သာလွန်တာ ဘာများရှိလို့ အလေးသာနေရတာလဲ။ ပြောပါဦး"

သက်ပြင်းမောကိုချလိုက်မိပါ၏။ သူမနှင့်ပတ်သက်ပြီး ဘာကြောင့် ယောကျ်ားတွေ ဒေါသဆူဝေနေကြတာပါလိမ့်။ လှပနုငယ်ပျိုမျစ်ခြင်းတွေ၊ သွက်လက်မြူးကြွတဲ့ ဟန်ပန်အမူအရာတွေ၊ ချမ်းသာကြွယ်ဝမှုတွေ၊ ဘာတစ်ခုမှရှိမနေတော့ဘဲ သာမန်မိန်းကလေးတစ်ယောက်ပါ။ ဒါကို သိသိကြီးနဲ့ ဘာကြောင့်လိုချင်ရတာပါလိမ့်။

"ဘာဖြစ်လို့ ယှဉ်နေတာလဲ ကိုထက်။ မို့ပြောပြီးပါပြီ။ သူက ကိုထက်ရဲ့ပြိုင်ဘက်မဟုတ်ပါဘူးဆိုတာ ဘာကြောင့်မယုံတာလဲ"

"ပြိုင်ဘက်မဟုတ်ရင် ဘာလို့ နိုင်လိုတဲ့စိတ်နဲ့ ကိုယ့်ကိုစိမ်





ခေါ်သလဲ မို့ရဲ့။ ကိုယ့်ဘေးနားက မို့ကို ဘာကြောင့်ဆွဲယူသွားရတာလဲ"

"မို့အတွက်နဲ့ ဒီလောက်ထိ သွေးပူဖို့မလိုအပ်ပါဘူး ကိုထက်ရယ်။ ညဉ့်လည်းနက်နေပြီ။ ပြန်ပါတော့"

"ကိုယ်ပိုင်ဆိုင်ခွင့်မရရင်တောင်မှ မို့ကို သူအပိုင်သိမ်းလိုက်မှာကိုတော့ မလိုလားတာအမှန်ပဲ။ မို့ အဲဒီအလုပ်ကနေ အမြန်ဆုံးထွက်လိုက်ပါ။ ကိုယ်တောင်းပန်ပါတယ်"

"ကိုထက်ပြောသလိုပဲ မို့လည်း ဒီအလုပ်က ထွက်ချင်ပါတယ်။ ဒါပေမဲ့ မို့အာမခံထားတဲ့လက်မှတ်တစ်ခုကို ပြန်ယူဖို့ အများကြီးခက်ခဲနေလို့ပါ။ မို့စဉ်းစားနေပါတယ်။ အဲဒါအမှန်ပဲ"

"ကျေးဇူးတင်ပါတယ်မို့။ ကိုယ်ကတော့ မို့နားက လွယ်လွယ်နဲ့ စွန့်ခွာထွက်သွားမယ့်သူမဟုတ်ဘူးဆိုတာကို မို့သိထားပါ။ ကျွန်တော်ပြန်လိုက်ပါဦးမယ် အန်တီသက်"

"အေးကွယ်"

နှုတ်ဆက်ပြန်သွားသည့်ကိုထက်ကို ခြံဝထိ လိုက်ပို့ပေးလိုက်ပြီး အိမ်ပေါ်တက်ကာ တံခါးပိတ်စဉ် မေမေ့ထံမှ မေးခွန်းထွက်လာလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"သားအောင်ပြောတဲ့တစ်ယောက်က ဘယ်သူလဲသမီး"

"မသိချင်ပါနဲ့လားမေမေ။ ပြီးတာတွေပြီးခဲ့ပါပြီ"

"သားအောင်စိုးရိမ်သလို မေမေလည်းစိုးရိမ်နေမယ်ဆိုတာကို သမီးမသိဘူးလား"

အိပ်ခန်းဆီဦးတည်ရာမှ ခြေလှမ်းကိုရပ်ထားလိုက်ရ၏။ မေးနေပြီကော မောင်။ မေမေက မို့ကိုမေးနေပါပြီ။ ဘယ်လိုပြန်ဖြေရပါ့မလဲ။ မောင့်ဘေးကနေ ဝေးရာကိုပြေးထွက်ဖို့ လျော်ကြေးက ဆယ်သိန်းတောင်ပါ။ ဒီငွေကြေးကို ဘယ်နေရာက မို့ ရှာလို့ရမှာတဲ့လဲ။ ဒါကိုကြိုသိနေလို့ တမင်တကာ ဒီလို Bond မျိုးကို ရေးထိုးခဲ့စေတာများလားကွယ်။

"မို့အတွက် ဘာအန္တရာယ်မှ မရှိပါဘူးမေမေ။ စိတ်မပူပါနဲ့"

"မေမေမေးတာ သီးခြားမေးခွန်းပါသမီး"

"သူက. . . သူက, မို့လုပ်နေတဲ့ကုမ္ပဏီက Director ပါ မေမေ။ ဟိုတစ်ချိန်တုန်းကတော့ မို့နဲ့သိပ်ရင်းနှီးခဲ့ရတဲ့သူပါ။ ဒါပေမဲ့. . ."

"ဒါဆို သမီးရဲ့ချစ်သူ မင်းသူရမောင်ဆိုတာပေါ့"

"ဟုတ်ပါတယ်မေမေ။ ဒါပေမဲ့. . . ခုချိန်မှာ မို့နဲ့ဘာမှမပတ်





သက်တော့တာ မေမေယုံပါ။ ဆင်းရဲတဲ့ဘဝတုန်းကတောင် မို့ကိုလက်ထပ်ဖို့ ဝန်လေးခဲ့တဲ့လူတစ်ယောက်က အခုကုံလုံပြည့်စုံနေတော့လည်း မို့ကို ဥပေက္ခာပြုထားတဲ့သူစိမ်းဖြစ်နေတာမို့ပါပဲ"

"ဘုရားရေ! "

ဒေါ်သက်သက်မေ ရင်ဘတ်ဖိလျက် မျက်စိမျက်နှာပျက်သွားသော်ငြား သမီးက မမြင်ပါချေ။ ကျောခိုင်းနေလျက်သား ဖြစ်နေတာမို့ တော်ပါသေးရဲ့။

"စာချုပ်မှာ ငွေဘယ်လောက်လျော်ရမယ်လို့ရေးထားသလဲ"

"ဆယ်သိန်းပါမေမေ"

"ဟင်! များလှချည်လား"

"ငါးနှစ်ပြည့်မှ လျော်ကြေးလွတ်မှာပါ မေမေ။ မို့အိပ်တော့မယ်"

အိပ်ရာထက်လှဲချလိုက်ပြီး မျက်ဝန်းကို မှိတ်လိုက်စဉ် မျက်ရည်တို့က ပိုးပိုးပေါက်ပေါက်ကျလာလေ၏။ ဝုန်းခနဲ ရွာချလိုက်သည့်မိုးသံတွေအောက်မှာ သူမ၏ရှိုက်သံက ပျောက်ကွယ်သွားလေသည်။

မျှော်လင့်ခြင်းတွေ အကုန်ပျက်သုဉ်းခဲ့ပြီဆိုတာကို မို့သိနေ



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။ ဘာကြောင့် မျက်စိရှေ့မှာထားပြီး နှိပ်စက်ချင်နေရတာလဲကွယ်။

တစ်ချိန်တုန်းက ကြွေခဲ့တဲ့ကောင်မလေးကို ပညာသားပါပါနဲ့ သင်ခန်းစာပြန်ပေးနေတာလား။ ဒါဆိုရင် ဘယ်လိုရည်ရွယ်ချက်မျိုးနဲ့ လုပ်ရတာတဲ့လဲ။ လူတကာနဲ့အူတိုသလို အပြုအမူတွေကို မြင်ရလို့ မို့ရင်ခုန်ချင်သလိုဖြစ်ခဲ့ရပေမယ့် အခွင့်မရှိတော့ပါလားကွယ်။ ဟိုတုန်းကတည်းက မချစ်ခဲ့မိရင် ခုချိန်မှာ ဒီလိုမျိုးကြေကွဲဖွယ်ရာနောင်တတွေနဲ့ မို့ရှင်သန်နေရမှာမဟုတ်ပါဘူး။ ကံကြမ္မာက ဆုံဆည်းခွင့်မပေးခဲ့မှတော့ မို့ကို ဘာလို့များ မောင့်အနီးကိုခေါ်ထားရတာလဲကွယ်။

အိမ်ပေါ်သို့ ယိုင်ထိုး၍တက်လာသည့်သားကို ဒေါ်ထွေးမြ အပြေးကြိုလိုက်ရပါ၏။ တစ်ကိုယ်လုံး ရွှဲရွှဲစိုနေပါရောလား။

"ဘယ်လိုဖြစ်လာတာလဲ သားရယ်။ အရက်တွေသောက်လာတာများလား"





"ဟင့်အင်း. . . မသောက်ပါဘူးမေမေ"

"ဒါဖြင့် ဘာလို့"

စကားမဆုံးခင် ရင်ခွင်ထဲမှီချလိုက်သဖြင့် သူ့ခန္ဓာထွားထွားကြီးကို မေမေမနည်းထိန်းမတ်ပေးလိုက်မှန်း သိနေပါ၏။ ရှိုက်သံကနှုတ်ဖျားမှ သဲ့သဲ့မျှထွက်သွားလေသည်။

"သား. . . သားငိုလာတာလား"

ခေါင်းကိုညိတ်ပြလိုက်ပုံက အနိုင်နိုင်။ အရုပ်ကြိုးပြတ်သလို ကိုယ်ကိုတောင် မဟန်နိုင်တော့ပါလား။

"ဘာတွေဖြစ်လာလို့လဲသားရယ်"

"ကျွန်တော်. . . ကျွန်တော်, သူတို့ကိုနိုင်ချင်တယ်မေမေ။ ကျွန်တော် ဘာဆက်လုပ်ရမလဲ"

"ဘယ်သူ့ကိုလဲသား"

"မေမို့မို့လွင်နဲ့ ဒေါ်သက်သက်မေကိုပါ"

"ဘယ်လို"

"ကျွန်တော့်ရင်ကိုနှစ်ခြမ်းကွဲခဲ့တဲ့ ဒေါ်သက်သက်မေဆီမှာ သူ့သမီးကို သူသိပ်မက်တဲ့ငွေတွေပုံပေးပြီး တောင်းလို့ရနေပြီ။ ဒါပေမဲ့. . . ဒါပေမဲ့. . . ကျွန်တော် အဲဒီလိုမလုပ်ချင်ဘူးမေမေ"



www.burmeseclassic.com

www.burmeseclassic.com



"သူနဲ့ဘယ်မှာပြန်တွေ့နေလို့လဲသားရယ်"

"မေက ကျွန်တော့်လက်အောက်မှာ အလုပ်ဝင်နေပြီ မေမေ။ သူ. . . သူ အရင်တုန်းကလို ချမ်းချမ်းသာသာမဟုတ်တော့ဘူး။ အရမ်းကိုဆင်းရဲနေပါပြီ"

"ဖြစ်ရလေကွယ်။ လောကဓံရှစ်ပါးကို ပုထုဇဉ်တွေယှဉ်ပြိုင်လို့မရပါလား။ သားရယ်. . . သမီးလေးရဲ့အမေ ဘယ်လိုပဲမောက်မာခဲ့ပါစေ၊ အဲဒါ သမီးလေးနဲ့မဆိုင်ပါဘူး။ သားမြတ်နိုးတဲ့မိန်းကလေးကိုချစ်တဲ့စိတ်သက်သက်နဲ့ပဲ မေမေ့ဆီခေါ်လာပေးပါ။ ဘယ်လိုအမုန်း၊ ဘယ်လိုအာဃာတမျိုးမှ မမွေးပါနဲ့တော့။ အမုန်းဆိုတာထားသူရဲ့ရင်ကို လောင်ကျွမ်းစေတဲ့မီးကွယ့်"

ဟုတ်ပါတယ်မေ။ မောင်, မေ့ကိုမုန်းခဲ့တာမှမဟုတ်ဘဲ။ မေ့ရဲ့မေမေကို နာကြည်းပြီးကြိုးစားလို့ ကြီးပွားခဲ့ရတာပါ။ မင်းကတော့ ကိုယ့်ကိုမုန်းတီးနေပြီထင်ပါရဲ့။ အရင်လို မို့ဆိုတဲ့နာမ်စားနေရာမှာ ကျွန်မဆိုတဲ့ ခပ်မာမာအသုံးအနှုန်းကို ကြားရုံနဲ့သိသာစေသည်ပဲ။ မေ, ကိုယ့်ကိုမမုန်းလိုက်ပါနဲ့။ ကျေးဇူးပြုပြီး အတိတ်က ချစ်ခြင်းတွေကို တသအောင့်မေ့နေပါစေနော်။

❦ ❦ ❦



အခန်း ( ၁၇ )

"ရှင်! "

မေမေ့မျက်နှာကို အံ့ဩမှင်တက်စွာဖြင့် ငေးကြည့်နေမိ၏။ မေမေက ပန်းထက်မှ ပဝါပါးလေးဖြင့် မျက်ရည်တို့ကို တို့သုတ်လိုက်လေသည်။

"အားလုံးဟာ မေမေ့အမှားတွေပါ သမီးရယ်။ မေမေဂုဏ်မောက်ခဲ့လို့ မေမေ့သမီး, ချစ်သူနဲ့ဝေးကွာခဲ့ရတာပါ။ မေမေ့အပြစ်တွေချည်းပါပဲ"

"မေမေရယ်"

မို့ဝတ်နေကျ နားကပ်တစ်စုံရဲ့တန်ဖိုးနဲ့မှ မောင့်မာနကို သွား



www.burmeseclassic.com

www.burmeseclassic.com



ဆွဲခဲ့တာတဲ့လား။ ဘာကြောင့်များ ဒီလိုသွားလုပ်ခဲ့ရတာပါလိမ့်၊

"သမီးအပေါ်မှာ သူမေတ္တာရှိပုံမရမှတော့ ဒီအလုပ်က ထွက်လိုက်ပါတော့။ စိတ်ဆင်းရဲခံမနေပါနဲ့။ မေမေတို့ခြံကိုရောင်းရင် (၁၈) (၂၀) လောက်တော့ရမယ်ထင်ပါတယ်။ အဲဒါရောင်းပြီး သမီးရဲ့စာချုပ်ကိုလျော်လိုက်ပါ။ မေမေတို့မြေကွက်လေးရရင်ရ မရရင်လည်း အိမ်ငှားနေကြတာပေါ့ကွယ်နော်"

သူမခေါင်းကိုသာ ညိတ်ပြလိုက်ပါ၏။ မျက်ရည်ကိုသုတ်ကာ အလုပ်သွားရန် ထရပ်လိုက်ရသည်။ အလုပ်မထွက်ခင် ဆင်းရဦးမှာပါလေ။ ကုမ္ပဏီရောက်တော့ သူမရုံးခန်းမှာ ရဲရင့်နှင့်ထား အတူရှိနေ၍ အံ့သြသွားရလေ၏။

"ထားက ဘာလို့. . ."

"မမို့ အထဲမှာ ပြဿနာအကြီးအကျယ်တက်နေပြီ"

"ဘယ်လို"

"မရဲ့ကိုထက်နဲ့ အစ်ကိုတွေ့နေတာဗျ"

"ဟယ်! ဒုက္ခပါပဲ"

သူမ မှန်တံခါးကိုတွန်း၍ဝင်လိုက်ပါ၏။ သူတို့နှစ်ဦးက ထိုင်ခုံမှာ ငြိမ်သက်စွာထိုင်နေပေမယ့် မျက်ဝန်းမှဒေါသတို့ကိုတော့ မြင်





နေရသည်ပဲ။

"ဘယ်သူပဲရွေးရွေးပေါ့။ အဲဒီစာချုပ်က မို့လက်မှတ်ကို ပြန်ယူဖို့ အဓိကပဲမဟုတ်လား"

"ဒါမင်းနဲ့ဆိုင်တဲ့ကိစ္စမှမဟုတ်ဘဲ ထက်စည်သူအောင်"

"ဆိုင်တယ်။ ဆိုင်လို့ ငါလာရွေးတာပဲ မင်းသူရမောင်။ မို့ကိုဘာရည်ရွယ်ချက်နဲ့ မင်းချုပ်ကိုင်ထားတာလဲ။ တခြားဝန်ထမ်းတွေထက် အဆပေါင်းများတဲ့ ငွေ Amount ကို ရေးကတည်းက မင်းမှာ မကောင်းတဲ့အကြံအစည်ရှိကိုရှိရမယ်"

"ရှိတော့ရော မင်းဘာလုပ်လို့ရမှာလဲ။ ငါရေးတဲ့ဇာတ်ထဲမှာ မင်းကဏ္ဍ တစ်ခုမှမပါဘူး။ မင်းထွက်သွားပါ"

"မသွားနိုင်ဘူး! မို့ရဲ့စာချုပ်ကို ခုချက်ချင်းထုတ်ပေးပါ မင်းသူရမောင်။ ဘယ်လောက်ပဲဖြစ်ဖြစ် ငါရွေးမယ်"

"မပေးဘူး၊ ဒါပဲ။ မင်းသွားတော့လို့ ငါပြောနေတယ်နော်"

အခြေအနေက ပိုဆိုးလာပါရောလား။ သူမ သူတို့နှစ်ဦးအနားသို့ အမြန်ဆုံးရောက်သွားပါ၏။

"ကိုထက် ဘာတွေလျှောက်လုပ်နေတာလဲ"

"မို့. . . မို့ရဲ့စာချုပ်ကို ကိုယ်လာရွေးပေးတာပါ။ ပြီးရင် ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ပြန်လိုက်ခဲ့တော့"

ကိုထက်က Attache case ကို စားပွဲပေါ်သို့တင်လိုက်ပြီး သူမလက်တစ်ဖက်ကို ဆွဲကိုင်လိုက်လေ၏။ သူက ဝုန်းခနဲ ထရပ်လိုက်ပြီး သူမလက်မောင်းကို အားကုန်ဆွဲလိုက်သဖြင့် သူ့ဘက်သို့ ယိုင်ပြီး လဲကျသွားရလေသည်။

"အို! ဘာလုပ်ကြတာလဲ"

"မင်း, သူ့ကိုဘာမှထိစရာမလိုဘူးကွ"

"မင်းကမှ ထိခွင့်မရှိတာပါ"

"ရှင်တို့ ဘာတွေပြောနေလုပ်နေကြတာလဲ။ အဓိပ္ပာယ်မရှိတာတွေကို ဘာကြောင့်လျှောက်လုပ်နေတာလဲ။ စိတ်ရှုပ်လိုက်တာနော်။ ဖယ်! ကျွန်မကိုလွှတ်"

လက်မောင်းတစ်ဖက်ကို ကိုင်ထားသည့်သူ့လက်ထဲမှ ရုန်းလိုက်ပါသော်လည်း နာကျင်တာသာ ခံစားလိုက်ရပြီး ရုန်းမရပါချေ။ အလိုလေး! ဘယ်လိုဖြစ်ပြီး လူကို သားကောင်လုသလိုမျိုး လုနေကြတာပါလိမ့်။

"ဦးမင်းသူရမောင်"

"တိတ်တိတ်နေ! ဒီမှာ မင်းကိစ္စရှင်းနေတဲ့ဟာ၊ ခွင့်မတောင်း





ဘဲ ဘာလို့ဝင်လာတာလဲ"

"မဝင်လာလို့ရမလား။ ရှင်နဲ့ကိုထက်နဲ့ ပြဿနာတက်တော့မယ်ဆိုလို့ တားရအောင်လာရတာပေါ့"

"ငါနဲ့သူဘာဖြစ်ဖြစ် မင်းဝင်ဆွဲဖို့မလိုအပ်ဘူး မေမို့မို့လွင်"

"လိုတယ်။ ရှင်တို့ဖြစ်နေတာ ကျွန်မကြောင့်လေ။ ကျွန်မကြောင့် လူနှစ်ယောက်ခိုက်ရန်ဖြစ်မှာကို ကျွန်မက လက်ပိုက်ကြည့်နေရအောင် သွေးမအေးဘူးရှင့်"

"နေစမ်းပါဦး။ မင်းက ဘယ်ဘက်ကနာပြီး ခုလိုမျိုးစိုးရိမ်နေရတာလဲ မေမို့မို့လွင်။ ပြောစမ်းပါဦး. . . ငါတို့ထဲက ဘယ်သူပဲသေသေ, မင်းအပူမှမပါဘဲ"

သူမ ခေါင်းကိုခါယမ်းလိုက်ပါ၏။ ဒုက္ခပါပဲ။ ဘာမဟုတ်တဲ့ မိန်းမတစ်ယောက်အတွက်နဲ့ နှစ်ပြည်ထောင်စစ်ခင်းသလိုမျိုးများ ထင်နေပြီလား။ ကိုယ်လုပ်နေတဲ့အလုပ်ရဲ့ဦးတည်ချက်ကိုရော တွေးမိပါရဲ့လား။ ကိုယ်ပိုင်ဆိုင်ထားတဲ့နာမည်နဲ့ ဂုဏ်သိက္ခာကို နည်းနည်းမှထည့်မတွက်တော့ဘူးတဲ့လားလေ။

"ကျွန်မဝင်မပါလို့ မဖြစ်လို့ ပြောနေတားနေရတာပါ ဦးမင်းသူရမောင်။ ဘာမဟုတ်တဲ့မိန်းမတစ်ယောက်အတွက်နဲ့ ရှင်



www.burmeseclassic.com

www.burmeseclassic.com



တို့နှစ်ယောက်ပြဿနာဖြစ်နေတာ မရှက်ကြဘူးလား"

ဘာမဟုတ်တဲ့မိန်းမကဲ့လား။ သူတို့နှစ်ဦးအတွက် သူမဟာ ဘာမှအရာမဝင်တဲ့မိန်းကလေးဆိုတာဖြစ်နိုင်ပါ့မလား။

"ဘယ်လိုပြောလိုက်တာလဲမို့ရဲ့။ မို့က ကိုယ်အတွက် တန်ဖိုးအထားရဆုံးမိန်းကလေးပါ။ ဘာဖြစ်လို့ ဒီလိုနှိမ်ချပြီး ပြောလိုက်ရတာလဲ"

"မို့ကိုနားလည်ရင် ပြန်ပါတော့ကိုထက်ရယ်။ ယယ်သူငယ်ချင်းဆိုတဲ့အသိတစ်ခုနဲ့တင် ကျေနပ်လိုက်ပါ။ သူများပိုင်နက်ထဲမှာ ပုဒ်မတပ်လို့ရနိုင်မယ့်ပြဿနာမျိုး မဖန်တီးချင်ပါနဲ့တော့ရှင်"

"မို့မပါဘဲ ကိုယ်မပြန်ဘူး"

"မို့တောင်းပန်နေတာပါ ကိုထက်။ ခုချိန်မှာ မို့က ဒီကုမ္ပဏီက ဝန်ထမ်းတစ်ဦးပါ။ ကိုထက်ခေါ်ချင်တိုင်းလည်း မို့က လိုက်ခွင့်မရှိပါဘူး"

"မို့၊ ကိုယ်ချစ်တဲ့မို့ကို ဒီလူယုတ်မာရဲ့လက်ထဲတော့ အပ်မခံနိုင်ဘူး။ ဘာကြီးပဲဖြစ်နေဖြစ်နေ ကိုယ်နဲ့လိုက်ခဲ့ပါတော့"

ကိုထက်လက်က သူမကို ဆတ်ခနဲဆွဲခေါ်လိုက်စဉ် သူက သူမကိုလွှတ်ပေးလိုက်ပြီး ကိုထက်ဆီ ဖျတ်ခနဲရောက်သွားလေ၏။





"အမယ်လေး!"

ခွပ်ခနဲအသံနှင့်အတူ ကြမ်းပြင်ကော်ဇောထက်သို့ ကိုထက်ပုံလဲကျသွားလေ၏။ နှုတ်ခမ်းမှသွေးစကို လက်ခုံဖြင့်သုတ်ကာ ပြန်ထရပ်လိုက်ပါသည်။

"ပြောဦးလေ။ ငါ့ကိုလူယုတ်မာလို့ ထပ်ပြောလိုက်ဦး"

"မှန်တာပြောတာပဲလေ။ မင်းသာ ရိုးသားရင် မို့ကို ဒီလိုစာချုပ်နဲ့လှုပ်လို့မရအောင် ချုပ်ထားစရာမလိုဘူး။ ဒီငါးနှစ်လုံးလုံးအနီးကိုခေါ်ထားပြီး မို့စိတ်ဆင်းရဲအောင် တဖြည်းဖြည်းနဲ့ညှဉ်းဆဲတာ ပညာတတ်တွေရဲ့လုပ်ရပ်မှမဟုတ်တာ။ မို့အပေါ် တကယ့်မေတ္တာစစ်နဲ့မချစ်နိုင်ပါဘဲ. . ."

"မင်း. . ."

"မလုပ်ပါနဲ့"

ဒီတစ်ခါတော့ သူ့လက်ကိုပုတ်ထုတ်လိုက်ပြီး ကိုထက်လက်သီးက သူ့မေးစေ့ကိုရောက်သွားပါ၏။ ယိုင်ခနဲဖြစ်သွားသည့် သူ့ခန္ဓာကိုယ်က သူမပေါ် အိခနဲလဲကျသွားလေသည်။

"တော်ပါတော့၊ တော်ကြပါတော့။ မို့တောင်းပန်ပါတယ်။ ရှင်တို့ဒီလိုသာဆက်ဖြစ်နေကြရင် မို့ကိုယ်မို့ တစ်ခုခုလုပ်လိုက်တော့



www.burmeseclassic.com

www.burmeseclassic.com



မယ်နော်။ မလုပ်ဘူးမထင်နဲ့"

"မို့ . . . ကိုယ်"

"ကိုထက်ပြန်ပါတော့"

သူ့ကိုပွေ့ထားလျက် ပြောလိုက်တာမို့ ကိုထက်မျက်နှာ ကွက်ခနဲပျက်သွားချေပြီ။ နှင်ပြန်ပါရောလား။ ဘယ်တော့မှပိုင်ဆိုင်ခွင့်မရခဲ့တဲ့ချစ်သူကို ဘယ်သောအခါမှ လက်တွဲခွင့်မရနိုင်တော့ဘူးပေါ့နော်။ ရက်စက်လိုက်တာမို့ရယ်။ ကိုယ့်ဘက်က တစ်ရွေးသားမှ မလျော့တဲ့ချစ်ခြင်းတွေ စုပုံပေးနေပါလျက် ကရုဏာစိတ်လေးနဲ့တောင်မှ လက်သင့်မခံခဲ့တာပါလား။

"ကိုယ်. မို့ကိုသိပ်ချစ်တယ်"

"မို့က မချစ်ဘူး။ ကိုထက်ကို ပိုပြီးတောင်မုန်းမိသေးတယ်။ ကိုယ့်ဂုဏ်သိက္ခာ၊ ကိုယ့်အဆင့်အတန်းနဲ့ ဘာမှမနီးစပ်နိုင်တဲ့မိန်းမ ဟစ်ယောက်ဆီက ဘာမှမမျှော်လင့်နေပါနဲ့တော့။ ဒီဘဝရဲ့နောက်ဆုံးချိန်ထိ မို့ဆီက အချစ်ကို ကိုထက်ဘယ်တော့မှမရနိုင်ဘူးဆိုတာကို သိလိုက်ပါ"

လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ကာ လှည့်ထွက်သွားသည့် ကိုထက်ကျောပြင်က အမြင်မှာ မှုန်ဝါးသွားပါ၏။ ထိုင်လျက်





သားရှိနေသည့် သူမရှေ့မှာ သူကျုံးထလိုက်သဖြင့် ပါးပြင်ထက်မှ မျက်ရည်တို့ကိုအမြန်သုတ်လိုက်ရလေသည်။ ဒီမျက်ရည်တွေ သူမြင်သွားလို့မဖြစ်ဘူး။ နာကျင်စွာ ခံစားခဲ့ရသည့်လူတစ်ယောက်ရဲ့ နာကြည်းခြင်းတွေကို ဒူးထောက်အသနားခံဖို့ မလိုအပ်ပါဘူးနော်။ သူ့ရင်ထဲမှာ ခံပြင်းမှုကလွဲပြီး အချစ်ဆိုတာ မြူတစ်မှုန်စာလောက်တောင် ရှိမနေတော့ပြီပဲ။

"ကျေးဇူးတင်ပါတယ် မေမို့မို့လွင်"

"မလိုပါဘူး"

"မင်း ပြတ်ပြတ်သားသား ဆုံးဖြတ်ပေးလိုက်တာကိုပြောနေတာပါ"

မတ်တတ်ရပ်လိုက်ရင်း သူ့ကို ဆတ်ခနဲကြည့်လိုက်မိပါ၏။ မေးစေ့မှာ ညှိုမည်းသွားပေမယ့် သူ့မျက်နှာမှ ခနဲ့သည့်အပြုံးက မပျက်ပြယ်လေခဲ့။ ဟုတ်ပါတယ်။ ရှင်ပျော်နေမယ်ဆိုတာ ကျွန်မသိနေပါတယ်။ ကျွန်မဒီလိုခံစားပြီး စိတ်ဆင်းရဲတာကိုမှ ရှင်ကျေနပ်တာမဟုတ်လား ဦးမင်းသူရမောင်ရယ်။

"ကိုယ်လိုချင်တာ အဲဒါပဲ မေမို့မို့လွင်။ မင်းနားမှာ ဘယ်သူစိမ်းယောကျာ်းမှ ရှိမနေစေချင်လို့ ဒီကို ကိုယ်မရရအောင် ခေါ်



www.burmeseclassic.com

www.burmeseclassic.com



ထားခဲ့တာ။ ဘယ်သူတွေ ဘယ်လိုအရှိန်အဝါနဲ့ပဲ ချဉ်းကပ်လာပါစေ ကိုယ် မရရအောင်ရှင်းပစ်မှာပဲ"

အတ္တတွေကြီးလှချည်လား။ ရှင်မပိုင်ဆိုင်ချင်တော့လို့ စွန့်ပစ်ထားခဲ့တဲ့မိန်းမတစ်ယောက်ကို အခုလိုလုပ်နေတဲ့ရည်ရွယ်ချက်က ဘာများတဲ့လဲ။ ရှင်မုန်းလိုက်မေ့လိုက်ပြီဆိုတဲ့မိန်းမကို ဘာကြောင့်ထပ်ပြီးနှိပ်ပက်ချင်နေတာပါလိမ့်။

"ရှင်ရူးနေပြီ ဦးမင်းသူရမောင်"

"ဘာ! "

"ဘာအဓိပ္ပာယ်မှမရှိတဲ့လုပ်ရပ်ကို ရှင်လုပ်နေတာ သတိပြုမိရဲ့လား။ ဒီလိုလုပ်တော့ရော ရှင့်အတွက် ဘာများအကျိုးရှိမှာမို့လဲ"

"ရှိတာပေါ့ မေမို့မို့လွင်။ ကိုယ့်မျက်စိအောက်မှာ ကိုယ့်အရိပ်အောက်မှာ အချိန်ပြည့်နီးပါး မင်းရှိနေပြီပဲ"

သူမမဲ့ပြုံးတစ်ချက်ပြုံးလိုက်ပါ၏။ ငါးနှစ်ဆိုတဲ့စာချုပ်တစ်ခုနဲ့ ကျွန်မဘဝကို ဘောင်ခတ်ထားချင်တာ စိတ်ရင်းစေတနာနဲ့မှမဟုတ်ဘဲလေ။ ရှင့်မျက်လုံးမှာ အချစ်ဆိုတာကို တစ်စက်ကလေးမှမတွေ့ရဘဲ အတ္တတွေနဲ့အမှောင်တွေ ဖုံးနေတာပါလား။





"ငါးနှစ်လုံးလုံးရှိနေရမယ်ဆိုတဲ့သဘောလား"

"ဟုတ်တယ်"

"ဝေးပါသေးတယ် ဦးမင်းသူရမောင်။ မေမို့မို့လွင်ဆိုတာ အလွယ်တကူ လက်လျှော့အရှုံးပေးတတ်တဲ့ မိန်းမတစ်ယောက်မဟုတ်ဘူးဆိုတာကို ရှင်မမေ့လိုက်နဲ့။ သိပ်မကြာခင်မှာ ကျွန်မဒီအလုပ်က ထွက်တော့မှာ။ ရှင့်မျက်စိအောက်ကနေ၊ ရှင့်ရှေ့ကနေ မတွေ့နိုင်တဲ့နေရာကို အပြီးသွားတော့မှာ"

"ဘာ! "

သူက ရှေ့ကိုတစ်လှမ်းတိုးလာပြီး သူမလက်မောင်းနှစ်ဖက်ကို တင်းကျပ်စွာဆုပ်ကိုင်လိုက်ပါ၏။ သူမက မျက်နှာကိုတည်တင်းကာ သူ့ကိုမော့ကြည့်နေဆဲ။

"မင်းမသွားရဘူး"

"သွားမှာ. . . သွားကိုသွားမှာ။ ဒီတစ်သက် ဘယ်တော့မှပြန်ဆုံဖို့မလိုတဲ့ခရီးကို ရအောင်သွားမှာရှင့်"

"မေ"

သူမမျက်ဝန်းကို မှိတ်ချလိုက်စဉ် ပါးပြင်ထက်သို့ မျက်ရည်ပူတို့စီးကျသွားလေ၏။ 'မေ'တဲ့ 'မေ'တဲ့လား။ တစ်သက်လုံးကြား



www.burmeseclassic.com

www.burmeseclassic.com



ခွင့်မရနိုင်တော့ဘူးလို့ထင်ထားတဲ့နာမ်စားကို သူ့နှုတ်ဖျားက ထွက်လာသေးတယ်ပေါ့လေ။ ဟင့်အင်း. . . ကျွန်မစိတ်ပျော့သွားလို့မရဘူး။ မေမေပြောခဲ့တဲ့စကားတွေကို သူမမေ့နိုင်သေးရင် ကျွန်မကို ကောင်းကောင်းကြီးလက်စားချေပြမှာလေ။

တစ်ချိန်က ပိုင်ဆိုင်ခဲ့ဖူးတဲ့ ငွေကြေးတွေ၊ ရတနာတွေနဲ့ ကျွန်မကိုပစ်ပေါက်ပြီး သိမ်းပိုက်ခဲ့ရင်တောင်မှ အဲဒါဟာ သူ့ရင်ထဲက ချစ်ခြင်းနဲ့တော့ မဟုတ်နိုင်ပါဘူး။ သူကိုးကွယ်ခဲ့တဲ့အတ္တတွေကြောင့်ပဲဖြစ်မှာပါလေ။

"ကိုယ်. မေ့ကိုမခွဲနိုင်ဘူး"

သူမ ဟက်ခနဲရယ်ချလိုက်တာမို့ သူအံ့သြသွားရပါ၏။

ကြည့်စမ်း! မေ့မျက်နှာမှာ လွန်ခဲ့တဲ့ (၁၀)နှစ်တုန်းက အမှုအရာတွေပေါ်လွင်လာပါရောလား။ ဘာကြောင့်များပါလဲ။

"ဝမ်းနည်းပါတယ် ဦးမင်းသူရမောင်။ ရှင်ဖြစ်စေချင်သလို ဘာတစ်ခုမှဖြစ်လာမှာမဟုတ်ပါဘူး။ ကျွန်မ အဲဒီငွေဆယ်သိန်းကို ရအောင်ရှာပြီး ရှင့်လက်ထဲက ကျွန်မလက်မှတ်ကို လာပြန်ရွေးပါ့မယ်။ စိတ်ချပါ"

"ဘယ်လိုပြောလိုက်တာလဲ မေ။ ကိုယ့်ဘက်ကို နည်းနည်းမှ





လှည့်မကြည့်တော့ဘူးလား။ မင်းကိုချစ်ခဲ့တဲ့ မြတ်နိုးခဲ့တဲ့ချစ်သူတစ်ယောက်ကို ဒီလိုလွယ်လွယ်နဲ့ချန်ရစ်ဖို့ဆုံးဖြတ်ပြီး တွေးထားတာတဲ့လား"

ပြောရက်လိုက်တာ။ တကယ်တမ်းချန်ရစ်ခဲ့တာ၊ ကျန်ရစ်ခဲ့တာ ဘယ်သူများပါလဲ။ သူမနှုတ်ဖျားက အတန်တန်တောင်းပန်ခဲ့မိသည့်စကားလုံးတို့ကို ပြန်ကြားယောင်မိရင်း ကိုယ့်လိပ်ပြာ ကိုယ်ရှက်နေမိတော့၏။

ဟုတ်တယ်။ ဘယ်လောက်များရက်ဖို့ ကောင်းလိုက်ပါသလဲ။ သိက္ခာတွေ၊ သတိတရားတွေ၊ မာန်တွေ၊ အရှက်တရားတွေ ကင်းမဲ့စွာနဲ့ ရူးသွပ်ခဲ့မိတဲ့မိန်းကလေးဖြစ်ခဲ့တာလေ။

"အဲဒီစကားကို ကျွန်မက ပြောရမယ့်သူပါ။ လွန်ခဲ့တဲ့ (၁၀) နှစ်တုန်းက ဒီလိုစကားတွေကို ရှင့်ရှေ့မှာ ဒူးထောက်ပြီး ပြောခဲ့ရမှာလေ"

"မေ"

"ဒီမှာ ဦးမင်းသူရမောင်၊ ကျွန်မဟာ အရင်တုန်းက စိတ်စေရာနောက်လိုက်ပါခဲ့တဲ့ ရူးမိုက်တဲ့ မေမို့မို့လွင်မဟုတ်တော့ပါဘူး။ အရာရာကို ဝေဖန်ပိုင်ခြားနိုင်ပြီဖြစ်တဲ့ အရွယ်ရောက်မိန်းမတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ဖြစ်နေပါပြီ။ ဒီလိုမိန်းမကို ရှင်ယူဆထားသလို ရှင်ပိုင်ဆိုင်ထားတဲ့သက်မဲ့အရာတွေနဲ့ လဲလှယ်သိမ်းပိုက်ဖို့ ဘယ်တော့မှမစဉ်းစားလိုက်ပါနဲ့"

"မေ. . . မောင်က. . . မောင်က မေ့ကိုအသက်တမျှချစ်နေတဲ့ချစ်သူလေ။ မေ, မေ့သွားခဲ့ပြီလား"

"ကျွန်မ မမေ့ပါဘူး။ အမြဲတမ်းအမှတ်ရနေဆဲပါရှင်။ တိုးလျှိုးတောင်းပန်နေတဲ့ကြားက ချန်ရစ်ခဲ့တာ ဘယ်သူလဲ။ စွန့်ပစ်တဲ့ဒဏ်ရာနဲ့ ကျန်ရစ်ခဲ့တဲ့သူကရော ဘယ်သူများပါလဲရှင်"

"မေရယ်. . . မောင့်ကို နည်းနည်းလေးမှမချစ်နိုင်တော့ဘူးလားကွယ်"

သူမ လက်သီးကိုကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်မိပါ၏။ အချစ်တဲ့လား။ တစ်ချိန်က အရူးအမူးတောင့်တခဲ့ဖူးတဲ့ ချစ်ခြင်းတွေကို သူအစပြန်ဖော်နေပြီပဲ။

အားလုံးပြီးဆုံးခဲ့တာကြာခဲ့ပြီပဲ ဦးမင်းသူရမောင်ရယ်။

"အချစ်. . . ဟုတ်လား။ ရှင်လိုချင်တဲ့ချစ်ခြင်းတွေကို ကျွန်မပေးစရာမရှိတော့လို့ ခွင့်လွှတ်ပါရှင်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီချစ်ခြင်းတွေကို ဖြစ်တည်စေတဲ့နှလုံးသားက ကျွန်မဆီမှာ ရှိမနေလို့





ပါ။ အဲဒီ. . . အဲဒီနှလုံးသားကို လွန်ခဲ့တဲ့ (၁၀)နှစ်တုန်းက ကျွန်မသိပ်မြတ်နိုးရတဲ့ လူတစ်ယောက်ဆီမှာ အပြီးတိုင်ပေးအပ်ခဲ့ပြီးပြီမို့ပါရှင်။ ဒါပေမဲ့. . . ဒါပေမဲ့. . . အဲဒီလူက ကျွန်မဘဝထဲကနေ သေဆုံးပျောက်ကွယ်သွားခဲ့တာ ကြာခဲ့ပါပြီ။ ကျွန်မကမ္ဘာထဲမှာ သူရှိမနေတော့တာကြာခဲ့ပါပြီ"

"မေ. . . ကိုယ်"

"ကျွန်မကိုခွင့်လွှတ်ပါ။ နောက်ကို ဘယ်တော့မှမပတ်သက်ချင်ပါနဲ့တော့ ဦးမင်းသူရမောင်။ ဒီဘဝ ဒီမျှသာပါပဲရှင်။ ကျွန်မကို သွားခွင့်ပြုပါတော့"

"မေ. . ."

ခေါ်သံက နောက်ပါးမှာ လွင့်ကျန်ရစ်ခဲ့ပါ၏။

အပြေးထွက်လာမိသည့်ခြေလှမ်းတို့က မရပ်မနားရွာချလိုက်သည့် မိုးရေစက်တွေကြားမှာ မျက်ရည်တို့ ရောနှောပျော်ဝင်သွားရလေ၏။

ရွဲရွဲစိုသွားသည့် မိုးရေတွေကြားမှာ အသည်းဟက်တက်ကွဲနေသည့်မိန်းကလေးတစ်ယောက် လမ်းလျှောက်နေတာကို ဘယ်သူတွေ သိနိုင်မှာတဲ့လဲ။



www.burmeseclassic.com

www.burmeseclassic.com



မွတ်သိပ်စွာ တမ်းတမိသည့် သညာတစ်ခုက တစ်ခုတည်းသာ။

'မောင်'. . .

နွေးထွေးကြင်နာခဲ့တဲ့အပြုံး။ နူးညံ့သိမ်မွေ့တဲ့ချစ်ခြင်းတွေနဲ့ အေးဆေးတည်ငြိမ်လွန်းတဲ့ မို့ရဲ့ချစ်သူကို ဒီလောကကြီးမှာ ဘယ်တော့မှပြန်မတွေ့နိုင်ဘူးဆိုတာကို သိလိုက်ရစဉ်ခဏ ကလေးတစ်ယောက်လိုပင် လမ်းမထက်မှာ ချုံးပွဲချ ငိုကြွေးလိုက်မိလေ၏။

'မောင်' လွင့်ပစ်ခဲ့တဲ့ နှလုံးသားမဲ့ကောင်မလေးရဲ့ရှိက်သံကို မိုးမင်းကြီးတစ်ပါးသာ သိနိုင်တာပါလေ။

❀ ❀ ❀



# အခန်း ( ၁၈ )

"ဟယ်! ညှော်သည်ဆိုလို့ ဘယ်သူများမှတ်တယ်၊ မမို့ပါလား"

"ထားကို အကူအညီတစ်ခုလောက် တောင်းချင်လို့ပါ"

"အကူအညီဟုတ်လား။ လာလေ, အိမ်ထဲဝင်ပါဦး။ ကြည့်ရတာ မမို့နေမကောင်းဘူးထင်တယ်"

"ဟုတ်တယ်, မိုးမိပြီး ဖျားတာပါ။ နည်းနည်းပါးပါးပါကွယ်"

လက်ရှည်လေးဝတ်လာတာမို့ ထားသိနိုင်သည်ပဲ။ လက်တွဲခေါ်ရာဧည့်ခန်းဆီ လိုက်ပါလာခဲ့မိ၏။ လက်ထဲမှ သတင်းစာဖြင့် ထုပ်ထားသည့်အထုပ်ကို ဆက်တီစားပွဲထက်မှာတင်၍ ခုံမှာအသာဝင်ထိုင်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြောလေ မမို့"

"ဒီငွေနဲ့ မို့ရဲ့စာချုပ်ကို လဲပေးဖို့ပါ"

"အို! မဟုတ်တာ, မမို့ကလည်း၊ အစ်ကိုက ဒီလိုတရားဝင်ကြီးတောင်းဖို့ အကြံအစည်မရှိပါဘူး။ မမို့ အလွယ်တကူအလုပ်ထွက်မသွားရအောင်လို့"

"မို့တောင်းပန်ပါတယ်ထားရယ်။ သူနဲ့ ဘယ်လိုမှမျက်နှာချင်းမဆိုင်ချင်တော့လို့ ထားဆီမှာ အကူအညီလာပြီးတောင်းရတာပါ။ မင်းမှာသစ္စာ၊ လူမှာကတိတဲ့ထားရဲ့။ ကတိဝန်ခံချက်ထိုးထားတဲ့လက်မှတ်တစ်ခုကို သူ့တန်ကြေးနဲ့ပဲ ပြန်လဲလှယ်ရမှာပေါ့"

"ဒီငွေတွေ မမို့ဘယ်ကရသလဲဟင်"

"မသိချင်ပါနဲ့လား ထားရယ်"

"ကိုထက်. . . ကိုထက်ဆီကများ"

"ဟင့်အင်း. . . မို့ ဘယ်သူ့စိမ်းတစ်ယောက်ဆီကမှ ငွေကြေးအကူအညီမယူခဲ့ပါဘူး"

"ဒါဖြင့်. . . ဒါဖြင့် မမို့တို့အိမ်ကိုများ"

"ဟုတ်တယ်"

"အို! ဒါဆို ခုဘယ်ပြောင်းနေကြမှာလဲ။ ဒီပျဉ်ထောင်အိမ်





လေးကနေ ဘယ်အဆင့်ကိုပြောင်းနေဖို့များ လုပ်ခဲ့ရလဲ မမို့ရယ်၊ အစ်ကိုသိရင်တော့. . ."

"သူမသိပါစေနဲ့။ ထားမပြောရင် သူသိမှာမဟုတ်ပါဘူး"

"မဟုတ်သေးပါဘူး။ ထားတို့နဲ့ဘာမှမတိုင်ပင်ဘဲ လုပ်လိုက်ရတယ်လို့။ ဖြစ်မှဖြစ်ရလေမမို့ရယ်။ ထားစိတ်မကောင်းလိုက်တာ"

"မို့မေမေနဲ့တိုင်ပင်ပြီးမှ လုပ်ခဲ့တာပါ"

"ဟင်! အန်တီသိတယ်ပေါ့"

သူမ ခေါင်းကိုညိတ်ပြလိုက်ပါ၏။ ထားက သူမ၏အေးစက်စက်လက်ဖျားလေးကို ခပ်တင်းတင်းလေး ဆုပ်ကိုင်ထားလေသည်၊

"မေမေ အားလုံးကိုသိပါတယ်"

"ဒါဖြင့် ခုချိန်ထိ အစ်ကိုနဲ့သဘောမတူတဲ့သဘောပေါ့နော်"

သဘောမတူဘူးတဲ့လား. . .

ဟိုးတစ်ချိန်တုန်းကတော့ ဟုတ်ခဲ့ပါတယ်။ ခုချိန်မှာတော့ သူမအတွက် အားကိုးဖော်တစ်စုံတစ်ယောက်ကို သူမကိုယ်စား မေမေမျှော်လင့်နေမှန်း ရိပ်မိနေပါတယ်လေ။

စိုးရိမ်တယ်တဲ့။ အရင်ကအချစ်တွေ ပျောက်ဆုံးပြီး နာကြည်းမှုတွေနဲ့ သူမကိုနှိပ်စက်ညှဉ်းပန်းမှာကို စိုးထိတ်နေပါသတဲ့လေ၊



www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်ချိန်မှာ သူမကို မေမေသိပ်မက်မောလှတဲ့ ဒီလိုငွေတွေနဲ့ လာပစ်ပေါက်ပြီး တောင်းယူမလဲဆိုတာကို အကြောက်ကြီးကြောက်နေရှာတာပါ။ တစ်ချိန်က မုန်းမီးပျိုးခဲ့တဲ့အာဃာတတွေနဲ့ ဘယ်နေ့လာပြီး တန်ပြန်မလဲဆိုတာကို နေ့စဉ်နဲ့အမျှ ကြောင့်ကြနေရတာ ကြာခဲ့ပါပြီတဲ့လေ။ အဲဒီနေ့ကို မေမေ မကြုံပါရစေနဲ့လို့ ပြောခဲ့တာပါကွယ်။

"အစ်ကိုက မမို့ကိုသိပ်ချစ်ခဲ့ရှာတာပါ။ သူ့ဘဝတစ်ခုလုံးကို နှစ်ပြီး စီးပွားတွေကျူးရှာခဲ့တာ မမို့အမြင်ပဲ။ အဲဒါတွေဟာ မမို့နဲ့နီးစပ်ချင်တဲ့ခွန်အားနဲ့ ကျားကုတ်ကျားခဲကြိုးစားခဲ့တာပါ"

"မို့နဲ့သူက ကျောခိုင်းထားတဲ့သုံးနှုန်းလေးလို ဘာမှမသက်ဆိုင်တော့ပါဘူး ထားရယ်"

"မမို့ရယ်. . . မမို့တို့နှစ်ယောက်က သိပ်ချစ်ခဲ့ကြတဲ့ချစ်သူတွေမဟုတ်ဘူးလား။ အစ်ကို့ဘက်ကိုလည်း ငဲ့ကြည့်ပါဦး"

"မလိုတော့ပါဘူး။ မလိုအပ်တော့လို့ပါထားရယ်။ မို့တို့ချစ်သူသက်တမ်း တစ်နှစ်ပဲခံခဲ့တာပါ။ အဲဒီတစ်နှစ်တာတုန်းက အသက်တမျှချစ်ခဲ့တဲ့ မို့ရဲ့ချစ်သူက မို့ကမ္ဘာမှာ ရှိမနေတော့ပါဘူး။ သူပျောက်ဆုံးသွားခဲ့တာ ကြာခဲ့ပါပြီ"





"မမို့. . ."

"မို့ရဲ့ချစ်သူကို မို့သိပ်ကိုချစ်ခဲ့တာပါ။ ဒီလိုပဲ, သူကလည်း မို့ကိုသိပ်ချစ်ခဲ့မှန်း မို့သိခဲ့ပါတယ်။ မို့ကိုကြင်နာတယ်၊ ယုယတယ်။ နူးညံ့သိမ့်မွေ့တဲ့ချစ်ခြင်းတွေနဲ့ အေးဆေးတည်ငြိမ်လွန်းခဲ့တဲ့မို့ရဲ့ချစ်သူကို ဘယ်တော့မှပြန်တွေ့ခွင့်မရတော့ဘူးဆိုတာ သိနေပါတယ်ကွယ်။ မို့ချစ်ခဲ့တာ မောင့်ကိုပါ။ မို့ရင်ထဲက လိုက်လှိုက်လှဲလှဲနဲ့ နှင့်နေအောင် ချစ်ရတဲ့မောင့်ကိုပါကွယ်။ မာနကိုရှေ့တန်းတင်ပြီး အတ္တတွေနဲ့ဦးဆောင်နေတဲ့ ဦးမင်းသူရမောင်ကိုမဟုတ်ပါဘူး။ မို့ကို. . . မို့ကိုနာကျင်အောင် ထိုးနှက်တိုက်ခိုက်ဖို့ မကျေမနပ်နဲ့ ဒေါသတွေဖြစ်တည်ဖို့ သောကတွေနဲ့စိတ်ပူလောင်ဖို့ အချိန်ပြည့်စောင့်ကြည့်နေတဲ့ ဦးမင်းသူရမောင်ကို မဟုတ်ပါဘူး ထား. . .။ ဒီဘဝမှာ မို့ချစ်သူနဲ့ပေါင်းခွင့်မရမှာစိုးပြီး ပိဘကိုအတိုက်အခံလုပ်ခဲ့တဲ့ ငယ်ဘူငယ်ချင်းရဲ့မျက်နှာကို ငဲ့ညှာထောက်ထားစိတ်မဲ့ခဲ့တဲ့သူ. . . ချစ်သူကိုအရှုံးအမှုးတမ်းတမျှော်လင့်ခဲ့တဲ့ ကောင်မလေးငဲ့ အိပ်မက်တွေဟာ လေနဲ့အတူ ပျောက်ကွယ်ခဲ့တာကြာခဲ့ပါပြီလေ"

မျက်ရည်လေးဝဲလျက် ပြောနေသည့်သူမကို တင်းကျပ်စွာ ထွေးဖက်လျက် ထား ငိုချလိုက်မိပါ၏။ သိပ်ချစ်ခဲ့ကြတဲ့ချစ်သူခင်



www.burmeseclassic.com

ယောက်ကို အဝေးဆုံးသို့ရောက်သွားအောင် တွန်းပို့ပစ်ခဲ့တဲ့အရာဟာ ဘာများပါလိမ့်။ တစ်ဦးကိုတစ်ဦး အသက်တမျှချစ်ရှာတဲ့ ချစ်ခြင်းတွေကို ပျက်ပြယ်စေခဲ့တဲ့တရားခံကရော ဘယ်သူများပါလဲကွယ်။

- "သူ့ကိုပြောပေးပါ။ မို့က ကျေးဇူးတင်ပါတယ်လို့၊ ပြီးတော့ မေမေပြောခဲ့ဖူးတဲ့စကားတွေကို အာယာတထားပြီး စိတ်ထဲမှတ်မထားဘဲ မေ့လိုက်ဖို့မှာလိုက်ကြောင်း ပြောပေးပါနော်"

ထားက ခေါင်းကိုအသာညိတ်ပြလိုက်ပါ၏။ သူမက ပြန်ရန်ထိုင်ခုံမှာ အသာထရပ်လိုက်လေသည်။

"နောက်ကြုံမှပဲ ထားဆီမှာ မို့ရဲ့စာချုပ်ကိုလာယူမှာမို့ သိမ်းထားပေးပါဦး"

"ဟုတ်ကဲ့"

"သူသိပ်ချစ်ခဲ့တဲ့ 'မေ' ဆိုတဲ့မိန်းကလေးကို တစ်နေ့နေ့တော့ မေ့သွားမှာပါ ထားရယ်။ မို့သွားတော့မယ်. . . ခွင့်ပြုပါဦး"

အိမ်အပြန်လမ်းတစ်လျှောက် သဲကြီးမဲကြီးဖြင့် အငြိုးတကြီးရွာချလိုက်သည့်မိုးရေတွေကြားမှာ သူမ ဆက်လျှောက်လာခဲ့၏။ အရင်တုန်းကတော့ မိုးရေတောထဲမှာ ထီးမပါဘဲ ပြေးလွှားပျော်ခဲ့





ဖူးပေမယ့် တစ်ခါမှဖျားနာခြင်းအလျှဉ်းမရှိခဲ့။ ခုတော့ မိုးနည်းနည်းမိတာနဲ့ အအေးမိပြီး ဖျားတော့တာပါလား။ အင်းပေါ့လေ၊ ရင်ထဲမှာ ဝေဒနာတွေဗလပွဖြစ်နေမှတော့ အပြင်က အအေးဒဏ်ကိုမခံနိုင်တော့တာ ဘယ်ဆန်းပါတော့မလဲ။

မောင်. . . ဒီလိုမိုးသံတွေအောက်မှာ မို့လက်ကိုတွဲပြီး ပျော်ရွှင်ကြည်နူးခဲ့တာတွေကို မှတ်မိပါသေးရဲ့လား။ ဒီလိုမိုးရေထဲမှာပဲ နှစ်ယောက်အတူနေဖို့ကတိတွေ အပြန်အလှန်ပေးခဲ့ကြတာကိုရော သတိရပါသေးရဲ့လား။ ပြီးတော့. . . ပြီးတော့. . . ဒီလို မိုးရေဖွဲဖွဲအောက်မှာပဲ မေ့လိုက်ဖို့ လမ်းခွဲစကားပြောခဲ့တာတွေကိုရော မေ့နိုင်ခဲ့ပြီလားကွယ်။

အရင်တုန်းကတော့ မိုးရေတွေထဲမှာ မို့ပြုံးတဲ့အပြုံးတွေ ပျော်ဝင်ခဲ့တာပေါ့။ မို့ရဲ့ရယ်မောသံတွေ လွင့်ပါဖူးခဲ့တာပေါ့၊

ခုတော့. . . ခုတော့. . . မို့ရဲ့မျက်ရည်တွေသာ မျောပါခဲ့ပါပြီလေ။ မိုးခြိမ်းသံလား၊ လျှပ်စီးလက်သံလေလား၊ ဒါမှမဟုတ် မို့ရဲ့ရှိုက်သံလားဆိုတာကိုတော့ မိုးစက်တွေကပဲ နားလည်ပေးနိုင်ကြမှာပါလေ။

"အဲဒါပါပဲ။ ဒီစကားတွေကို မျက်ရည်မကျအောင် အားတင်း



www.burmeseclassic.com

www.burmeseclassic.com



ပြီး သူပြောသွားနိုင်ပေမယ့် ထားကတော့ မခံစားနိုင်လို့ ငိုချလိုက်တာပဲ”

“သူတို့ဘယ်ပြောင်းသွားလဲ”

“မသိဘူး။ ထားကိုပြောမှမပြောသွားတာ”

“သေချာမေးမကြည့်လိုက်ဘူးလား ထားရယ်”

“မေးတယ်. . . ထားမေးပါတယ်အစ်ကိုရဲ့။ သူကိုယ်တိုင်က မပြောချင်လို့ ပြောမသွားတာပါ”

ဒီဘဝအတွက် မျက်နှာချင်း မဆိုင်ချင်တော့ဘူးတဲ့လား။ ကျောခိုင်းနှုတ်ဆက်ခဲ့တာ တစ်သက်လုံးအတွက်လို့ပဲ ယူဆသတ်မှတ်ခဲ့သလား ‘မေ’။ မောင့်ကိုစောင့်နိုင်ပါတယ်ဆို။ ငါးနှစ်မကလို့ ဆယ်နှစ်ပဲဖြစ်နေပါစေ။ သစ္စာရှိရှိနဲ့စောင့်နေပါ့မယ်ဆို။ ဒီစကားတွေကို ‘မေ’ပဲပြောခဲ့တာမဟုတ်လား။

“ဒီတစ်သက် ‘မေ့’ချစ်ခြင်းတွေကို ဘယ်တော့မှပြန်မရနိုင်တော့ဘူးတဲ့လား”

သူ ညည်းသလိုပြောမိစဉ် မေမေက အတွင်းခန်းထဲမှထွက်လာလေ၏။ မောင်နဲ့အဝေးဆုံးကိုထွက်သွားဖို့ နေစရာအသိုက်ကိုတောင် ဖျက်ဝံ့သလား ‘မေ’ရယ်။ မောင့်မှာ ဘာအပြစ်တွေများရှိခဲ့





လို့လဲ။ ရှိခဲ့ရင်တောင် အဲဒီအပြစ်ဟာ မောင့်စိတ်ကူး၊ မောင့်နှလုံးသားနဲ့ လုပ်ဆောင်ခဲ့တာမှမဟုတ်တာလေ။

မာနတွေ ကြီးနေဆဲပါပဲလား။ တည်ငြိမ်လွန်းနေပြီဖြစ်တဲ့ အလှတရားတို့ကို ဘယ်သူ့လက်ထဲမှ ထည့်မပေးချင်တောင် နှမြောတွန့်တိုတတ်နေပြီပေါ့နော်။ ‘မေ့’မျက်နှာ၊ ‘မေ့’ပါးပြင်။ ‘မေ့’ ဆံစ၊ ‘မေ့’လည်တိုင်ကို မောင်တစ်ယောက်ပဲ နမ်းရှိုက်ခွင့်ရခဲ့တာပါ။ မောင်ပဲ ‘မေ့’ ကိုထွေးဖက်ခွင့်ရှိခဲ့တာမို့ ‘မေ့’ကိုပိုင်ဆိုင်ခွင့်ကို မောင်ပဲ ရသင့်တာမဟုတ်လား။

‘မေ’ရယ်. . . ရင်နင့်အောင်လွမ်းခဲ့တဲ့ ဒီရင်ကိုခွဲကြည့်ရင် ‘မေ့’ကိုချစ်ခဲ့တဲ့ချစ်ခြင်းတွေက ပြည့်နှက် သိပ်သည်းစွာရှိနေတာကို မြင်ကြည့်ပါတော့လား။ ‘မေ့’နှုတ်က ‘အမုန်း’ဆိုတာကို တစ်ခွန်းမှမကြားခဲ့ရပါဘဲ ချန်ထားရစ်ခဲ့တဲ့အလွမ်းသင့်ဒဏ်ကို မောင်မခံစားပါရစေနဲ့။ ‘မေ့’ကို မောင်ထားရစ်ခဲ့သလို မောင့်ကို. . . မောင့်ကို တကယ်ပဲ မရက်စက်လိုက်ပါနဲ့လားကွယ်။ မေတ္တာစစ်နဲ့ချစ်ခဲ့ရိုးမှန်ရင် သနားသဖြင့် မောင့်ချစ်ခြင်းတွေကို ပြန်လက်ခံပေးလှည့်ပါလား‘မေ’။

“ပြောင်းတယ်ဆိုရင်တောင် သားအမိနှစ်ယောက်တည်းမို့

www.burmeseclassic.com



သိမ်းရဆည်းရနဲ့ ချက်ချင်းကြီး မပြောင်းနိုင်လောက်သေးပါဘူး သားရယ်။ ရှိချင်ရှိဦးမှာပါ. . . လိုက်သွားကြည့်လိုက်ပါလား"

မေမေက သူ့ပန်းကိုကိုင်၍ တိုက်တွန်းလေ၏။ ထားက တစ်ချက်ရှိုက်လိုက်ပြီးမှ သတိဝင်ကာ ထပြောလိုက်ပါသည်။

"ဟုတ်တယ်။ သူတို့ပြောင်းကြဦးမယ်မထင်ဘူး။ မမိုက ဖျားနေတာအစ်ကိုရဲ့"

"ဟဲ့! သား. . . ကားကိုဖြည်းဖြည်းမောင်းဦးနော်"

သူအိမ်ပေါ်မှအပြေးဆင်းခဲ့စဉ် မေမေ့မှာသံက နောက်ပါးမှာ ကျန်ရစ်ခဲ့လေ၏။ ကားစက်ကိုနှိုးမိစဉ် တောင်းမိသည့်ဆုက တစ်ခုတည်း. . .

မောင်ကံကောင်းပါရစေလား'မေ'. . .

❀ ❀ ❀



## အခန်း ( ၁၉ )

အိမ်ရှေ့ထိုးရပ်လိုက်သည့် နောက်ဆုံးပေါ်ကားတစ်စီးကို ဝရန်တာမှာ အဝတ်ထုတ်လှန်းရင်း မြင်လိုက်ရပါ၏။ ကားပေါ်မှ လူတစ်ယောက်ဆင်းလာပြီး ခြံစည်းရိုးတံခါးလေးကိုဖွင့်ကာ ဝင်လာသဖြင့် ကြည့်နေမိသည်။ ဘယ်ကဧည့်သည်များပါလိမ့်။

ဖိနပ်ချွတ်ဝရန်တာအောက်ဘက်ရှိ သစ်သားလှေကားသုံးဆင့်ရှေ့မှာ ခြေစုံရပ်လိုက်သည့် အသက် (၃၀)ခန့်လူငယ်ကိုတွေ့လိုက်ရစဉ် ဒေါ်သက်သက်မေ အံ့ဩမှင်တက်သွားရလေသည်။

ဘုရားရေ! ဒီကောင်လေးတော့ တကယ်ပဲ ပေါက်ချလာပါရောလား။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် မင်းသူရမောင်ပါအန်တီ။ မှတ်မိမယ်လို့ထင်ပါတယ်"

"မှတ်မိပါတယ်ကွယ်။ ဘာကိစ္စများရှိလို့ပါလဲ"

"မေနဲ့တွေ့ချင်လို့လာခဲ့တာပါခင်ဗျာ"

"ဪ"

"ကျွန်တော့်ကို အိမ်ထဲဝင်ခွင့်ပြုပါလို့ တောင်းပန်ပါတယ်"

"ဝင်ပါကွယ်. . . ဝင်ပါ"

ဆေးရှိန်ဖြင့်မှေးနေရာမှ ဆတ်ခနဲလန့်နိုးသွားရပါ၏။ လှေကားမှတက်လာသည့် ရှူးဖိနပ်သံ၊ ပြီးနောက်. . . ဖိနပ်ချွတ်သံသဲ့သဲ့။ ထို့နောက် ဧည့်ခန်းဆက်တီမှာ ဝင်ထိုင်လိုက်သံက ညင်ညင်သာသာ။

ဘယ်သူများပါလိမ့်. . .

နားစွင့်ထားပေမယ့် မည်သည့်အသံမျှထွက်မလာခဲ့။

လက်ထဲမှာ ဆုပ်ကိုင်လာသည့် Aluminium ဘူးလေးကိုဖွင့်လျက် စားပွဲထက် အသာလှမ်းတင်လိုက်စဉ် ဒေါ်သက်သက်မေမျက်နှာအကြီးအကျယ်ပျက်ရချေပြီ။ အင်မတန်ကြောက်ရွံ့ခဲ့တဲ့အိပ်မက်ဆိုးက ရှေ့တည့်တည့်မှာ ရောက်လာခဲ့ပြီပဲ။





"ကျွန်တော့်ကို မေနဲ့လက်ထပ်ခွင့်ပြုပါလို့ တောင်းဆိုပါရစေ"

"ဟင်! "

လှဲနေရာမှ ဆတ်ခနဲထထိုင်လိုက်မိ၏။

ဘုရားရေ. . . သူ. . . သူ ဘယ်လိုများရောက်လာခဲ့တာပါလိမ့်။ ပြီးပြတ်ခဲ့ပြီဟုသည့်ဇာတ်လမ်းကို ဘာကြောင့်များ ဆက်ရေးချင်နေရတာဖါလဲ။

"ဒါ. . . မေ့အတွက် မွေးနေ့လက်ဆောင်ပါ အန်တီ။ လက်ထပ်ဖို့တင်တောင်းတာ မဟုတ်သေးပါဘူး။ ဒီအခြေအနေမျိုးနဲ့ဆိုရင်တော့ အန်တီ့သမီးနဲ့ ကျွန်တော့်ကို သဘောတူနိုင်လိမ့်မယ်လို့ယူဆပါတယ်"

ရှိုက်သံသဲ့သဲ့မျှ ထွက်လာလေ၏။ မေမေငိုနေပြီထင်ပါရဲ့။ အပြိုးကြီးလှချည်လားရှင်ရယ်။ မေမေပြောခဲ့ဖူးသလို မေမေသိပ်မက်မောတဲ့ရတနာတွေနဲ့ ကျွန်မကို လာပြီးလဲလှယ်တာတဲ့လား။ မေမေ့ကို ကလဲ့စားပြန်ချေပြလိုက်တာလားဟင်. . .

"မေ. . . နေမကောင်းဖြစ်နေတယ်လို့ ကျွန်တော်ကြားလို့လာခဲ့တာပါ။ အန်တီတို့ဆီကအဖြေကို ကျွန်တော်စိတ်ရှည်ရှည်နဲ့



www.burmeseclassic.com

www.burmeseclassic.com



စောင့်နိုင်ပါတယ်”

“တစ်နေ့နေ့ ဒီလိုအခြေအနေမျိုးနဲ့ မောင်ရင်ရောက်လာမယ်ဆိုတာကို အန်တီမျှော်လင့်ထားပြီးသားပါကွယ်။ တစ်ခုပါပဲ။ အဲဒါကတော့ ဟိုးအရင်ကတည်းက အန်တီ့သမီးရဲ့အနာဂတ်ကို အန်တီစိတ်တိုင်းကျ ပုံဖော်ခွင့်မရခဲ့တာပါ။ အခုလည်း ဒီအတိုင်းပါပဲ။ မောင်ရင်လိုချင်တဲ့အဖြေကို သမီးကိုယ်တိုင်ပဲ ပေးနိုင်မှာပါ”

အိပ်ခန်းထဲမှ ကြိုးစား၍ထွက်ခဲ့စဉ် ခေါင်းထဲမှာ မိုက်ခနဲဖြစ်သွားရပါ၏။ ဖျားနေတာဆိုတော့ အားနည်းလို့ပဲထင်ပါရဲ့။ ဧည့်ခန်းဆီ ခပ်ဖွဖွလှမ်းခဲ့စဉ် မျက်နှာချင်းဆိုင်ထိုင်နေသည့်သူနှင့် မေမေက ဘာစကားမှမပြောဘဲ တိတ်ဆိတ်နေလေ၏။

“ရှင့်ပစ္စည်းတွေကို ပြန်ယူသွားပါ ဦးမင်းသူရမောင်”

“ဟင်! မေ. . .”

“အဲဒါ ကျွန်မရဲ့အဖြေပါပဲ”

“မေ. . . မောင်ရှင်းပြပါရစေ။ မောင် ဘာသဘောမျိုးနဲ့မှ ဒီကိုရောက်လာတာ မဟုတ်ရပါဘူး။ မောင်. . .”

“ရှင်ပြန်ပါတော့, ကျွန်မကိုဘာမှရှင်းပြမနေပါနဲ့။ ကျွန်မကြိုသိထားပြီးသားပါ။ ရှင် တစ်ချိန်မှာ ဒီလိုပုံစံနဲ့ရောက်လာမယ်





ဆိုတာလေ။ ရှင့်ကို ကျွန်မပြောလိုက်မယ်။ ရှင်ပိုင်ဆိုင်တဲ့အရာတွေနဲ့ လူတစ်ယောက်ရဲ့နှလုံးသားကို လဲလှယ်ဖို့ ဝယ်ယူလို့မရနိုင်ဘူးဆိုတာကို ရှင်သိထားဖို့ပါပဲ”

“မေ. . .”

BURMESE CLASSIC .com

သူက သူမရှေ့သို့ ဝုန်းခနဲရောက်လာလေ၏။ စားပွဲထက်ရှိ ရတနာဘူးလေးထဲမှာတော့ ရောင်စုံနားကပ်အကြီးနှင့်အသေးများက သူမနှင့်မေမေ့ကို လှောင်ပြောင်နေသည့်နှယ်။

“ရှင်သိပ်တော်ပါတယ်. . . ဦးမင်းသူရမောင်။ (၁၇) နှစ်အရွယ်ကောင်မလေးတစ်ယောက်ကိုလည်း ပြစ်ချက်မဲ့ စွန့်ပစ်ခဲ့တယ်။ အခု အသက်(၂၇)နှစ်အရွယ် မိန်းမတစ်ယောက်ကိုလည်း လှလှပပကြီး လက်စားချေတတ်ခဲ့ပါတယ်။ ရှင်ကျေနပ်ပါတော့”

“မေ. . . မေ, အထင်မှားနေပြီ။ မဟုတ်ပါဘူး. . . မဟုတ်ရပါဘူး။ မေထင်ထားသလို မေ့ကို ဒီသက်မဲ့အရာတွေနဲ့ လဲယူဖို့ မောင်ရောက်လာခဲ့တာ မဟုတ်ရပါဘူးမေရယ်။ မောင်. . . မောင်, မောင့်ရင်ထဲက နှလုံးသားနဲ့ လာလဲယူချင်တာပါ”

သူမ ငိုမဲ့မဲ့လေးဖြင့် သူ့ကိုပြုံးပြလိုက်မိပါ၏။ မေမေက ခုံမှထကာ အိပ်ခန်းထဲသို့ရှောင်ထွက်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမကိစ္စကို သူမကိုယ်တိုင်ပဲ ဖြတ်ရမှာမဟုတ်ပါလား။

"ဘယ်လို. . . နလုံးသားနဲ့လဲဖို့ ဟုတ်လား။ ရှင်လာလဲလို့လည်း ရှင့်ကိုပြန်ပေးဖို့ ကျွန်မမှာ ဘာနှလုံးသားမှရှိမနေတော့ဘဲ"

"မေ. . ."

သူက သူမပခုံးကိုဆွဲကိုင်လှုပ်ယမ်း၍ မခံချိမခံသာဖြင့် အော်လိုက်လေ၏။ ယိုင်နဲ့နဲ့ကိုယ်ခန္ဓာက သူလှုပ်ရပ်ကြောင့် ပြိုလဲချင်ချင်။ တောင်းပန်ပါတယ်. . . ကျွန်မက ဖျားနေတဲ့ အားပျော့ပျော့လူမမာတစ်ယောက်ပါရှင်။

"ကျွန်မကို ဒီလိုမကြမ်းပါနဲ့ဦးမင်းသူရမောင်။ ကျွန်မမကြိုက်ဘူး။ ရှင်သိပ်လိုချင်တဲ့နှလုံးသားကို လွန်ခဲ့တဲ့ (၁၀)နှစ်က ကျွန်မသိပ်ချစ်ခဲ့တဲ့လူတစ်ယောက်ဆီမှာ အပြီးတိုင်ပေးပြီးခဲ့ပြီမို့ ရင်ထဲမှာ ဘာမှမရှိတော့ဘူးလေ။ ကျွန်မကိုခွင့်လွှတ်ပါ"

"မေရယ်. . . မေသိပ်ချစ်ခဲ့တဲ့မောင်တစ်ယောက်လုံး မေ့ရှေ့မှာရှိနေပါလျက်နဲ့ မောင်ခံစားရအောင်လို့ ဘာကြောင့်များ ဒီလိုတွေပြောနေရတာလဲ။ မောင့်ကို. . . မောင့်ကိုနားလည်ပေးလှည့်ပါ"

စကားအဆုံးမှာ သူ့ရင်ခွင်ထဲသို့ သူမရောက်သွားရပါ၏။





ရဲတင်းလှချည်လား။ မောင်ဆိုရင် ကျွန်မကို ညင်ညင်သာသာလေးနဲ့ တယုတယဆက်ဆံတာလေ။

"ရှင်က ကျွန်မရဲ့မောင်မှမဟုတ်ဘဲ ဦးမင်းသူရမောင်ရဲ့"

"မေ. . ."

"မောင်က ကျွန်မကို ဒီလိုကြမ်းကြမ်းတမ်းတမ်းမဆက်ဆံတတ်ဘူး။ ရှင့်လို အကြောင်းမဲ့ အပြစ်ရှာပြီး မအော်ငေါက်ဘူး။ သံသယမျက်လုံးတွေနဲ့ ကျွန်မကို ဒေါက်ထောက်ပြီး မကြည့်တတ်ဘူးရှင့်. . . လွှတ်ပါ"

"မေရယ်. . . မောင်အနူးအညွတ်တောင်းပန်ပါတယ်"

"ရှင့်ဆီမှာ မောင်နဲ့တူတာဆိုလို့ ဘာတစ်ခုမှရှိမနေပါဘူး ဦးမင်းသူရမောင်။ ကျွန်မ မောင့်ကိုပဲချစ်တယ်။ ကျွန်မအပေါ်မှာ ဘာမှာန၊ ဘာအတ္တမှမရှိဘဲ ချစ်ခဲ့တဲ့မောင့်ကိုပဲချစ်တာပါ။ ကျွန်မကို နူးညံ့သိမ်မွေ့စွာကြည့်တတ်တဲ့၊ ညင်သာစွာဆက်ဆံတဲ့၊ စိတ်ရှည်သည်းခံတတ်တဲ့မောင့်ကိုပဲချစ်တာပါ။ ရှင့်ကိုမဟုတ်ဘူး"

"မေရယ်၊ မောင် ဘယ်နည်းနဲ့တောင်းပန်မှ ကျေအေးပေးနိုင်မှာလဲ။ ပြောပါဦး. . . မောင်ထားရစ်ခဲ့တာ မေ့ကိုမချစ်လို့မှမဟုတ်ဘဲ။ ဝေးကွာခဲ့တဲ့ဆယ်နှစ်တာကာလမှာ မောင်သိပ်ချစ်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



တဲ့မေ့ရဲ့ခြေရာတွေကို အရူးတစ်ယောက်လို နေရာအနှံ့ရှာနေခဲ့တာပါကွယ်"

"ကြိုးတစ်ချောင်းပြတ်ခဲ့ရင် ပြန်ဆက်လို့ရတယ်ဆိုပေမယ့် ဆက်ထုံးတစ်ခုတော့ ရှိစမြဲပါ ဦးမင်းသူရမောင်။ အဲဒါကို ရှင်သိထားရင် နောက်ဆုတ်ဖို့ပြင်ပါတော့"

"မေ. . ."

သူက သူမကိုလွှတ်ပေးလိုက်ပြီး ရှေ့မှာပင် ဒူးထောက်ထိုင်ချလိုက်ပါ၏။

ဘုရားရေ! သူမအတွက်နဲ့ ဒီလိုလူတစ်ယောက်က မျက်ရည်ကျရသတဲ့လား။ သူမ တွေတွေငေးငေးလေး ရပ်ကြည့်နေမိသည်မှာ အကြာကြီးပင်။

"မောင် ဘာဆက်လုပ်ရမလဲ၊ ဘာများလုပ်လို့ရတော့မှာလဲ၊ မောင်တို့နှစ်ယောက်ကို အဝေးဆုံးရောက်အောင် တွန်းပို့လိုက်တဲ့ ငွေဆိုတဲ့အရာကို ဘဝနှစ်ပြီး ရှာတွေ့ခဲ့ပြန်တော့လည်း 'မေ့' ကိုပိုင်ဆိုင်ခွင့်မရပြန်ဘူး။ မောင်ကြိုးစားခဲ့သမျှ အလကား အရာမထင်ဖြစ်ခဲ့ရတာ ဘာကြောင့်လဲ။ မျှော်လင့်တကြီးနဲ့ ချန်ရစ်ခဲ့တဲ့ချစ်သူကို ဘယ်လိုနည်းနဲ့မှ ပြန်မရနိုင်တော့ဘူးလား။ မောင်သိပ်ချစ်ခဲ့





တဲ့ချစ်သူကို ဘယ်နေရာမှာရှာမှတွေ့မှာတဲ့လဲ"

". . . ."

"တောင်းပန်ပါတယ်။ မောင်အနူးအညွတ်တောင်းပန်ပါတယ်ကွယ်။ မောင့်နှလုံးသားကိုအပိုင်စားရခဲ့တဲ့ ကောင်မလေးကို မောင့်ဆီပြန်ပေးပါ။ သူနဲ့. . . သူနဲ့လမ်းခွဲခဲ့စဉ်ကတည်းက ငိုကြွေးခဲ့ရတဲ့မျက်ရည်တွေဟာ ဒီနေ့ဒီအချိန်ထိ မကုန်ခန်းသေးဘူးဆိုတာကို သူသိအောင်ပြောပြပါရစေ။ ပြီးတော့. . . ပြီးတော့, မောင်အိမ်ပြန်လာတိုင်း မောင်နဲ့အတူပါလာမယ့်လက်ကလေးတစ်စုံကို မျှော်လင့်တကြီးစောင့်နေတတ်တဲ့ မေမေ့ရဲ့ဆန္ဒလေးကိုလည်း ဖြည့်ဆည်းပေးပါရစေ။ မေမေက. . . မေမေက, သူချက်ကျွေးခဲ့တဲ့ချဉ်ပေါင်ဟင်းချိုလေးနဲ့ ငါးကလေးဟင်းကို မြိန်ယှက်စွာစားခဲ့တဲ့သမီးလေးကို နေ့စဉ်နဲ့အမျှ. . ."

"တော်ပါတော့. . . တော်ပါတော့ရှင်. . . ဆက်မပြောပါနဲ့တော့။ မို့ရင်ကွဲရပါတော့မယ်"

ခြေမခိုင်တော့ဘဲ ပုံခနဲလဲကျသွားသည့် သူမခန္ဓာကိုယ်လေးကို သူဆီးကြိုဖမ်းလိုက်ပါ၏။ သူ့ရင်ခွင်ထဲသို့ မရည်ရွယ်ပါဘဲ ရောက်သွားသည်က သူမရယ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



နေချင်ခဲ့တာပါ. . .

ဒီရင်ခွင်ထဲမှာ တစ်ဘက်တာခိုဝင်ပြီး နေချင်ခဲ့တာကိုဝန်ခံပါရစေ။

မောင့်ကိုသက်ဆုံးတိုင်ချစ်ခဲ့တဲ့ တောင်မလေးတစ်ယောက်ရဲ့ချစ်ခြင်းတွေကို ဖွင့်ဟမပြောသော်ငြား နှလုံးသားနဲ့ မောင်နားလည်နိုင်ပါစေ။ မောင့်လက်ဖဝါးထဲမှာ ထည့်ပေးခဲ့တဲ့ မို့နှလုံးသားလေးကိုလည်း မောင်မြင်တတ်ပါစေကွယ်။

"မေ. . . မေ. . ."

မျက်ဝန်းကိုဖွင့်မိစဉ် စိုးရိမ်တကြီးငုံ့ကြည့်နေသည့်သူ့မျက်ဝန်းတို့နှင့်ဆုံလေ၏။

ထို့နောက်မှ နူးညံ့သိမ်မွေ့သည့်အပြုံးနုနုး. . .

ပြီးတော့. . . သူမနဖူးပြင်ကို ငုံ့မွေးလိုက်ပါသည့် အနမ်းချိုချို. . .

အို. . . မောင်ရယ်၊ ဒါဟာ ကျွန်မအတွက် အိပ်မက်တစ်ခုတော့ မဟုတ်လောက်ပါဘူးနော်။

"မောင့်မေမေဆီသွားကြရအောင်နော်။ မေ့မေမေဆီမှာ ခွင့်တောင်းကြစို့"

ရွှေပဒေသာစာပေ

BURMESE CLASSIC .com



နားနားသို့ကပ်ပြောလိုက်သံအဆုံးမှာ သူမခေါင်းကို အသာညိတ်ပြလိုက်မိ၏။

သူက သူမကို ဆတ်ခနဲပွေ့ချီမ,လိုက်လေသည်။ အဲဒီနောက်မှာတော့ ဧည့်ခန်းထဲမှာ ရယ်သံသဲ့သဲ့သာ ကျန်ရစ်ခဲ့လေ၏။ ။

www.burmeseclassic.com

www.burmeseclassic.com

လေးစားလျက်...

မမသဒ္ဒါမောင်
22nd Oct 2004
PM (1:50)

[ 'အစိမ်းသက်သက်' ကဗျာကို ရေးသားပေးပို့ခဲ့သည့် စစ်ကိုင်းတိုင်း၊ အလုံ၊ တောင်ပြင်ရပ်မှ မတင်နီလာမွန် (ခေါ်) မွန်လေးအား ကျေးဇူးအထူးတင်ရှိပါသည်. . . ]

# မမသဒ္ဒါမောင်

## ထွက်ပြီးစာအုပ်များ

- ရင်ကိုပစ်ခွင်းခဲ့သော်လည်း
- တံလျှပ်ကိုမှရေထင်
- အသက်လို
- သဲမြည္ဘာ
- တိတ်တဆိတ်လေး
- မြူးသူ့ရင်မှာ
- ရှန်းထွက်ခွင့်
- ရွှေရင်ခုန်တအုံနွေးနွေး
- အနားသတ်မညီသော
- ရော့ယူပါ . . .၁၅၀၀
- နှလုံးသားရဲ့ကွန်းခိုရာ
- မောင့်ရင်ထဲက နှင်းပန်းခိုင်
- မြားနှစ်စင်း၏ဆုံမှတ်တစ်နေရာ
- ရှင့်ကိုမုန်းတယ်
- ပိုင်ဆိုင်တာအားလုံးပုံပေးပါရစေ

www.burmeseclassic.com